သမိဒ္ဓေါဒယ ဆရာကြီး

# ဒေါ်မာလာရီ

## နှစ်ကိုးဆယ်ကျော် ဘဝခရီး

https://thitsarparami.org

THITSARPARAMI 2009


ပဉ္စဂံစာအုပ်တိုက်

အမှတ် ၁၆၇ (A)၊ ၃၅လမ်း (လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁ ၈၃၇၇၇၀၆၁

pyinsagam@gmail.com

www.pyinsagam.com



ကျမ်းပြုဆရာတော်
ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ
(ယခု ပါမောက္ခချုပ် ဆရာတော်)

# သမိဒ္ဓေါဒယ ဆရာကြီး
# ဒေါ်မာလာရီ
# နှစ်ကိုးဆယ်ကျော် ဘဝခရီး



ဆရာတော်ကြီး ဦးနန္ဒမာလာဘိဝံသ
ဤကျမ်းပြုစုခဲ့သည့် ပိဋကတ်တိုက်
သုဗောဓာရုံကျောင်းတိုက် (စစ်ကိုင်းတောင်ရိုး)

**ပထမအကြိမ်ပုံနှိပ်ခြင်း**

၁၉၇၅၊ ဒီဇင်ဘာ (ဒေါ်မေစာရီ၊ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်း၊ ကြည့်မြင်တိုင်)

**ဒုတိယအကြိမ်ပုံနှိပ်ခြင်း**

၂၀၁၀၊ ဇန်နဝါရီ (လှိုင်ကြည်ဖြူ ဓမ္မဝီရစာပေ - မြန်မာ-အင်္ဂလိပ် နှစ်ဘာသာ)

**တတိယအကြိမ်ပုံနှိပ်ခြင်း**

၂၀၁၅ - ခုနှစ်၊ မတ်လ၊ အုပ်ရေ - ၁၀၀၀

**စတုတ္ထအကြိမ်ပုံနှိပ်ခြင်း**

၂၀၂၃ ခုနှစ်၊ ဧပြီလ၊ အုပ်ရေ - ၁၀၀၀




ပထမအကြိမ် မျက်နှာဖုံး




ဒုတိယအကြိမ် မျက်နှာဖုံး

**မျက်နှာဖုံးဒီဇိုင်း**

ပန်းချီတင်ထွဏ်း

**စာစီ**

လှူမော်

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးကျော်မိုးစိန် (အောင်သာပုံနှိပ်တိုက်-၀၀၆၉၀)

အမှတ် ၃၆၂၊ ရွှေနှင်းဆီလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**

ဦးဆန်းအောင်သူ (ပဋ္ဌာန်းစာအုပ်တိုက်-၀၀၀၆၇)

အမှတ် ၁၆၇၊ ၃၅လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး - ၆၀၀၀ ကျပ်

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကျေးဇူးစကား | ၇ |
| အမှာစကား | ၉ |
| စာဖတ်သူသို့ | ၁၃ |
| စာအုပ်တိုက်၏ အမှာစကား | ၁၆ |
| **အခန်း (၁) ငယ်စဉ်ဘဝ** | |
| ပန်းလှိုင်မြစ်အနီးမှ ရွာကြီးတစ်ရွာ | ၂၉ |
| ငွေမှုတ်ပွဲစား | ၃၀ |
| ဖားဂရစ်ဘုရား | ၃၀ |
| ခတ္တိယသူကြီး ဦးရွှေမှုံ | ၃၂ |
| ဇရပ်ကြီးနှစ်ဆောင် | ၃၂ |
| ခတ္တိယမှ အိမ်ကြီးနှစ်အိမ် | ၃၃ |
| ရခဲသော လူ့ဘဝ | ၃၄ |
| ကျောင်းလိုက်စ အရွယ် | ၃၅ |
| သည်ညီအစ်မ | ၃၆ |
| သီလရှင်စကား မပြောနဲ့ | ၃၇ |
| မန္တလေးသို့ | ၃၉ |
| စစ်ကိုင်းသို့ ဘုရားဖူးတစ်ခေါက် | ၄၁ |
| ခတ္တိယမှ သမိန်ထောသို့ | ၄၄ |
| သီလရှင်ဆိုတာ | ၄၇ |
| စစ်ကိုင်းတောင် ကြည့်၍ ငိုသူ | ၅၀ |
| ပါရမီရှင်မလေး | ၅၃ |
| အဘိဓမ္မာသင်စ | ၅၄ |
| **အခန်း (၂) သီလရှင် ပညာသင် ဘဝ** | |
| ဆရာလေး မမာလာရီ | ၅၈ |
| စိန်ဇနိ | ၆၁ |
| သမီးလိမ္မာ | ၆၇ |
| ညောင်တုန်းသို့ | ၆၈ |
| သမိန်ထော ဘုန်းကြီးပျံ | ၇၂ |
| သရိုင်ရွာသို့ | ၇၄ |
| ကြောက်စာ ၄ ချပ် အမြဲဖတ် | ၇၉ |

မိခင်ကြီး ကွယ်လွန်ခြင်း ၈၁
စစ်ကိုင်းတောင်ရိုးသို့ ၈၃

## အခန်း (၃) သီလရှင်ချောင် ဆရာဘဝ

သမိဒ္ဓေါဒယချောင် တည်ခြင်း ၈၇
ကျေးဇူးရှင် ဆရာတော်များ ၉၁
သီလရှင်ဥပဒေ ၉၇
သမိဒ္ဓေါဒယချောင် အုပ်ချုပ်ရေး ၁၀၃
ဦးစက်ဖော်၏ နောက်ဆုံးနေ့ ၁၀၇
သီဟိုဠ်နှင့် အိန္ဒိယသို့ ၁၁၄
ထရံကာဆရာကြီး၏ နောက်ဆုံးနေ့ ၁၁၇
ပရိယတ္တိသာသနာပြုပုံ ၁၂၀
ပဋိပတ္တိသာသနာပြုပုံ ၁၃၅
ဒေါ်သုဓမ္မစာရီ၏ နောက်ဆုံးနေ့ ၁၄၈
ဘုရားကြည်ညိုပုံ ၁၅၄
ကိုယ်ကျင့်တရား လေးစားပုံ ၁၅၇
သာသနာရေး အားပေးပုံ ၁၆၀
တပည့်များအား ချီးမြှောက်ပုံ ၁၆၁
ဒကာ ဒကာမများနှင့် ဆက်ဆံပုံ ၁၆၂

## အခန်း (၄) သီလရှင်ဖွားဘုရားကြီးဘဝ

တာဝန်တွေထမ်းဆဲ ၁၆၆
ဆရာကြီး၏ ကျန်းမာရေး ၁၆၈
ကြိုတင်ပြင်ဆင်မှု ၁၆၉
မွေးနေ့ကုသိုလ် ၁၇၀
ရွှေကျင်မယ်သီလ ၁၇၁
ဘုရားမပြင်ပါ ၁၇၂
သန္ဒိဋ္ဌိကောနဲ့ လွဲနေပြီ ၁၇၂
အချစ်ဆုံးတပည့် ၁၇၃
လူအိုကို သည်းခံနိုင်ခဲ့တယ် ၁၇၄
သံသရာခရီး တိုမှကောင်းတယ် ၁၇၅
သံသရာ မကြောက်သူ ၁၇၆
ဝိပဿနာ ပွဲပိုက်သေမယ် ၁၇၇
ဆရာကြီး၏လက်သို့ ၁၇၉
နောက်ဆက်တွဲ ၁၈၁

## ၁၉၇၅ ခု၊ ဒီဇင်ဘာလ
## ပထမအကြိမ်ရိုက်က ကျေးဇူးစကား*

စာတစ်စောင် ပေတစ်ဖွဲ့ ဖြစ်လာအောင် ရေးသားပြုစုရာ၌ တစ်ဦး တစ်ယောက်တည်း၏ စွမ်းဆောင်ချက်ဖြင့် မပြည့်စုံနိုင်ပါ။ ပတ်ဝန်းကျင် ပုဂ္ဂိုလ်များ၏ အကူအညီကို ရယူကြရပါသည်။ ဤအတ္ထုပ္ပတ္တိကို ပြုစုရာ၌လည်း အကူအညီ အမျိုးမျိုးကို ယူခဲ့ရပါသည်။

နှောင်တော်ဖြစ်သူ မဟာသုဗောဓာရုံတိုက် တိုက်ကြပ်ဘုန်းကြီး အရှင်ဥတ္တရက စာမူကြမ်းကို ဖတ်ရှုပြင်ဆင်ပေးပါသည်။ အရင်းနှီးဆုံး မိတ်ဆွေဖြစ်သူ ဝေဇယန္တာ အရှင် မဟာ သပေဏ္ဍိတက စာမူများကို ဖတ်ရှုပြင်ဆင်ပေးသည့်အပြင် အမှာစာနှင့် နောက်ဆက်တွဲ သီလရှင်ဆရာကြီးများ၏ အတ္ထုပ္ပတ္တိတို့ကို ရေးသားပေးပါသည်။ မဟာသုဗောဓာရုံတိုက်မှ အရှင်ဇနသာမိ၊ အရှင်ခေမာသီရိ၊ ရှင်ဝိသဝတို့ကလည်းကောင်း၊ ဝါးချက်ရွာကျောင်းသား မောင်မျိုးမြင့် (တက္ကသိုလ်ဝင်)က လည်းကောင်း၊ စာမူဖြစ်အောင် လက်နှိပ်စက် ရိုက်ကူးပေးကြပါသည်။ သမိဒ္ဓေါဒယချောင်မှ သီလရှင်ဆရာကြီး ဆရာလေးများက လိုအပ်သော အကူအညီ အမျိုးမျိုးကို ပေးကြပါသည်။

ထို့ပြင် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အရှင်ကေလာသ၊ ဆုထူးပန် စာသင်တိုက် တိုက်အုပ်ဆရာတော် အရှင်ပဏ္ဍိတ၊ ရန်ကုန်မြို့ ဟံသာဝတီ

---

* ဒီဇင်ဘာ၊ ၁၉၇၅ ခု၊ ပထမအကြိမ်ရိုက်ခြင်း စာအုပ်က ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်သည်။

မြန်အောင်ကျောင်းတိုက်မှ သီလရှင်ဆရာကြီး ဆရာလေးများ၊ ရန်ကုန်မြို့ ၁၄၄ လမ်း ဦးလှမောင်မိသားစု၊ သင်္ဂဟလမ်း ဦးခင်မောင်မိသားစု၊ နတ်မောက် ရိပ်သာလမ်း၊ ဗိုလ်မှူးဟောင်း သန်းမောင်မိသားစု၊ အမျိုးသားစာပေဆုရ စာရေးဆရာ ရန်ကုန်မျိုးသန့်၊ မျိုးသန့်ပုံနှိပ်တိုက်မှ ဒေါ်ညွန့်ညွန့်နှင့် ကာယဉာဏ လုပ်သားများ၊ ဓမ္မဒါန ကုသိုလ်ရှင်များကလည်း အကူအညီ အမျိုးမျိုး ပေးကြပါသည်။ ဤပုဂ္ဂိုလ် အားလုံးတို့အား အထူးကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

အရှင် နန္ဒမာလာဘိဝံသ
(ယခု ပါမောက္ခချုပ် ဆရာတော်)

## အမှာစကား

**"သမိဒ္ဓေါဒယ ဆရာကြီး**
**ဒေါ်မာလာရီ**
**နှစ်ကိုးဆယ်ကျော် ဘဝခရီး"**

စာမူကြီးတစ်ခု ရောက်ရှိလာ၏။ ချစ်ကျွမ်း ခင်မင်ရသော သူငယ်ချင်းက ကြည့်ရှုပြင်ဆင်ပေးရန် ပေးပို့လိုက်ခြင်းဖြစ်၏။ ဤစာအုပ်အတွက် အမှာစာရေးပေးပါရန်လည်း ပန်ကြားလိုက်သေးသည်။ ခက်ချေပြီ၊ အမှာစာလည်း မည်သည့်စာအုပ်တွင်မျှ မရေးဖူးပါချေ။ သို့အတွက် အမှာစာရေးဖို့ အသာထား၍ 'နှစ်ကိုးဆယ်ကျော် ဘဝခရီး' ကို ဖတ်ရှုကြည့်မိသည်။ အစမ်းမြည်းကြည့်လိုက်ရုံနှင့်ပင် လက်မှ မချနိုင်တော့ပေ။ ပြင်းထန်သော ဆွဲအားဖြင့် စာရေးသူ၏စိတ်ကို ဖမ်းစားထားလိုက်ပေပြီ။

'သမိဒ္ဓေါချောင် ဆရာကြီး၏ဘဝ' ကို အခန်းလေးပိုင်းခွဲလျက် တင်ပြထားသည်။

၁။ ငယ်စဉ်ဘဝ
၂။ သီလရှင် ပညာသင်ဘဝ
၃။ သီလရှင်ချောင် ဆရာဘဝ
၄။ သီလရှင် ဖွားဘုရားကြီးဘဝ။

အခန်းတိုင်းမှာပင် သိဖွယ် မှတ်ဖွယ်တို့ တနင့်တပိုးကြီး ပါရှိနေပေသည်။ ဆရာကြီး၏ ဘဝကို ပုံဖော်ရာတွင် စုတ်ချက်နိုင်သော ပန်းချီဆရာ

တစ်ယောက်ကဲ့သို့ပင် ပီပီပြင်ပြင် ရှိလှတော့သည်။ ညီမဖြစ်သူ ဒေါ်သုမင်္ဂလာရီ၏ ဘဝ၊ အစ်ကိုဖြစ်သူ စိန်ဇနီ၏ဘဝ၊ ဖခင်ကြီး ဦးစက်ဖော်၏ဘဝ၊ ထရံကာဆရာကြီး၏ဘဝနှင့် မြန်မာပြည်တွင် ပရိယတ္တိသာသနာဘက်မှ စံထားလောက်သော ဆရာတော်ကြီးများ၏ ဘဝအစိတ်အပိုင်းလေးများကို သူ့နေရာနှင့်သူ ထည့်သွင်း၍ 'ချောင်ဆရာကြီး၏ ဘဝခရီး' ကို တင်ပြထားသည်မှာ နောက်ခံရှုခင်း၊ အလင်း-အမှောင် အယူအဆ၊ အထားအသို ကွက်တိကျသော ပန်းချီကားချပ်ကြီးတစ်ခု ကဲ့သို့ပင် ရှုမငြီးဖွယ် ဖြစ်နေပါ၏။

သမိဒ္ဓေါချောင် ဆရာကြီးကား ပရိယတ္တိ ပဋိပတ္တိ စွယ်စုံအလုပ်ပိုင်ရှင် ဆရာကြီးတစ်ဦးဖြစ်သည်။ ဆရာကောင်း သမားကောင်း၊ ပညာရှိသူတော်ကောင်း တို့ထံ နည်းခံ၍ ကိုယ်တိုင် 'တပည့်ကောင်း'အဖြစ် ခံယူခဲ့သဖြင့် 'ဆရာကောင်း' လုပ်တတ်သူဖြစ်သည်။ ပရိယတ္တိ ပဋိပတ္တိ အလုပ်တို့ကို ကိုယ်တိုင်ပင် စူးစူးအားသွန် လုံ့လမွန်ဖြင့် အမှန်ကြိုးစားခဲ့၍ တစ်ပါးသူတို့ကိုလည်း သာယာညင်းပျောင်းစွာ သိမ်းသွင်း ဟောကြားနိုင်သည်။ ထို့ကြောင့်ပင် 'သမိဒ္ဓေါ၏မိခင်ကြီး' 'အမျိုးသမီး သာသနာ၏ မီးရှူးတန်ဆောင်ကြီး' အဖြစ် ဝံ့ဝံ့ကြွားကြွား မြင့်မြင့်မားမား ရပ်တည်နေခြင်း ဖြစ်သည်။

"ပညာအမြိုက်၊ ဘဏ္ဍာတိုက်မှ
သိုက်သိုက်ဖွင့်လှစ်၊ သာရနှစ်ကို
သစ်သစ်ငှဝေ၊ ဖြန့်ဖြူးပေသည်၊
သင်စေရာလို မရွေးတည်း။"

ဟု ဆိုရလောက်အောင်ပင် အမျိုးသမီး စာသင်သားတို့အား ပရိယတ္တိစာပေများ သင်ကြားပို့ချခဲ့သည်။ ပရိယတ္တိသာသနာကို ထူထောင်ခဲ့သည်။ ယနေ့ သမိဒ္ဓေါ ချောင်တွင် အမျိုးသမီး စာသင်ယံတို့ ၁၀၀ ကျော်မျှ ရှိနေခြင်းကပင် ပရိယတ္တိ အရာ၌ အခြေခံ ခိုင်မာ၍ စနစ်တကျရှိကြောင်း၊ ထင်ရှားနေစေသော အချက် ဖြစ်သည်။

သမိဒ္ဓေါချောင် ဆရာကြီးသည် ဝိပဿနာအလုပ်ကိုလည်း လက်လွှတ် မထားခဲ့ပေ။ နည်းကောင်း စနစ်ကောင်းများဖြင့် ကြိုးစား အားထုတ်ခဲ့သည်၊ အားထုတ်နေဆဲဖြစ်သည်။ ဉာဏ်စဉ်တရားများကို ထိမိပိုင်နိုင်စွာပင် ပြောပြ ဟောပြနိုင်သည်။ တရားကို အသက်ပေး၍ ချစ်မြတ်နိုးခြင်း၊ ပြောဆိုနေထိုင်ပုံ

ယဉ်ကျေးဖွယ်ရာခြင်းသည် ဆရာကြီး၏ ထူးခြားသော ဂုဏ်ပုဒ်တစ်ခုဖြစ်သည်။ "တရားရှင်"အဖြစ် ထုတ်ဖော်မပြောရဘဲနှင့် သိနိုင်သော အချက်ဖြစ်သည်။

"ယုတ်မြတ်ဟူကြ၊ ဤလောက၌၊ မိန်းမ-ယောကျ်ား၊ သဘောအားဖြင့် ခြားနားမရှိ" ဟူသော အချက်ကိုလည်းကောင်း၊ "ပညာမည်ငြား ဤတရားလည်း၊ ယောကျ်ား၌သာ၊ မဟူရာဘူး" ဟူ သော အချက်ကိုလည်းကောင်း ဆရာကြီး၏ဘဝက အားဖြည့်ထောက်ခံပေးလျက် ရှိနေပါသည်။

"သမိဒ္ဓေါဒယ ဆရာကြီး ဒေါ်မာလာရီ နှစ်ကိုးဆယ်ကျော် ဘဝခရီး" ဟူသော အမည်သည် စာလုံးလေးပေါင်း ၂၀ ကို စုစည်း၍ထားသလိုပင် ဤစာအုပ်ကို ပြုစုသူ အရှင်နန္ဒမာလာဘိဝံသ သည်လည်း ဆရာကြီး၏ ဘဝအစိတ်အပိုင်းလေးများကို တစ်စစီ တစ်ခုစီ ဖြစ်နေရာမှ စုစည်း၍ သီကုံးပြထားခြင်းဖြစ်သည်။ ခရေပွင့်၊ စံပယ်ပွင့်လေးများကို ရွေးကာ ကောက်ကာ သီကုံးလိုက်လျှင် လှပသော ပန်းကုံးလေးများ ဖြစ်လာသကဲ့သို့ပင် ဤ စာပန်းကုံး ပုလဲလုံးကို ရေးဖွင့် သီကုံးခဲ့သည်။

မှန်ပါသည်၊ အရှင်နန္ဒမာလာဘိဝံသ သည် ဆရာကြီး၏ "နှစ်ကိုးဆယ်ကျော် ဘဝခရီး" ကို ရေးသားပြုစုခဲ့ရာ၌ သိလိုသည့် အချက်ကလေးများကို ချောင်ဆရာကြီးထံ အကြိမ်ပေါင်း ၃၀ ကျော်မျှ သွားရောက်မေးမြန်းခဲ့သည်။ တေးမှတ်ယူခဲ့သမျှကို ပြန်လည်ရေးသားသည်။ ဤသို့ ဆရာကြီးထံမှ သိရှိသမျှ အချက်ကလေးများကို နေသားတကျ တင်ပြသွားသည်မှာ ဤစာအုပ်ပြုစုသူ အရှင်နန္ဒမာလာဘိဝံသ၏ ကြိုးပမ်းမှုနှင့် ကျွမ်းကျင်နိုင်နင်းမှုကို ဖော်ပြနေသလို ရှိပါတော့သည်။

မည်သို့ဆိုစေ "သမိဒ္ဓေါဒယ ဆရာကြီး၏ နှစ်ကိုးဆယ်ကျော် ဘဝခရီး" ကို စာရှုသူတို့ထံမှောက်သို့ အရောက်ပေးပို့လိုက်ပါပြီ။ ဤစာအုပ်မှ သင့်နိုးရာရာ အသိအလိမ္မာနှင့် ဘဝသင်ခန်းစာတို့ကို ရရှိသွားကြသည်ဟု ဆိုလျှင်ကား အရှင်နန္ဒမာလာဘိဝံသအဖို့ ဤစာအုပ် ပြုစုရကျိုး၊ အပင်ပန်းခံရကျိုးနပ်ပေပြီဟု မှတ်ချက်ထိုးရပေတော့မည်။

စာရေးသူအနေဖြင့်ကား ဤအတ္ထုပ္ပတ္တိရှင် "သမိဒ္ဓေါ၏မိခင်ကြီး" သည် ...

"အနှစ်တရာ၊ အခါလေးမြင့်၊
အကျင့်သီတင်း၊ သန့်ရှင်းလေလေ၊

တက်နေပမာ၊ သာသနာ၌၊
ယထာရုစိ၊ ဣစ္ဆိတဗ္ဗပြည့်စုံလှ၍၊
တေဇခွန်အား၊ သစ်စေသောဝ်” ...

ဟူ၍သာ ပတ္ထနာမူလိုက်ရပါသတည်း။

အရှင်မဟောသဓပဏ္ဍိတ
ဝေဇယန္တာချောင်
စစ်ကိုင်းတောင်ရိုး
၁၃၃၇ ခု
တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်

THITSARPARAMI
2009

https://thitsarparami.org

## စာဖတ်သူသို့

လွန်ခဲ့သည့်နှစ် ပြာသိုလပြည့်ကျော် ၈ ရက်နေ့တွင်ဖြစ်သည်။

စာရေးသူသည် ဆေးရုံမှဆင်းလာစ ကျန်းမာရေးအတွက် အနားယူလျက်ရှိသည်။ ထိုစဉ် ရွှေဟသံာဆရာတော်သည် စာရေးသူ၏ ကျန်းမာရေးအခြေအနေကို မေးမြန်းရန် ညနေချိန်တွင် ကြွလာပါသည်။ ဆရာတော်သည် ကျန်းမာရေး အခြေအနေကို မေးမြန်းပြီး ပြန်ကြွခါနီးတွင် ဤသို့ အမိန့်ရှိသွားပါသည်။

"စာမချသေးဘဲ ကျန်းမာရေးအတွက် အနားယူနေတုန်းမှာ စာအုပ်လေး တစ်အုပ်ရေးဖို့ ကောင်းတယ်၊ ခု သမိဒ္ဓေါချောင်ဆရာကြီး အသက်ကိုးဆယ်ကျော်သွားပြီ၊ ချောင်ဆရာကြီးရဲ့ အတ္ထုပ္ပတ္တိလေးတစ်ခု ရှိသင့်တယ်၊ အတ္ထုပ္ပတ္တိဆိုတာ အသက်ရှိတုန်းရေးရမှ အချက်အလက်ပြည့်စုံပြီး မှန်ကန်တိကျမှု ရှိနိုင်တယ်၊ အဲဒါ ဦးနန္ဒမာလာ ကြိုးစားရင် ဖြစ်နိုင်ပါတယ်"

ရွှေဟသံာဆရာတော်သည် ကျမ်းပေါင်းများစွာကို ရေးသားပြုစုခဲ့သော ပြုစုလျက်ရှိသော ဆရာတော်တစ်ပါးဖြစ်ကြောင်း အများသိပြီးဖြစ်သည်။ ဆရာတော်၏ ကျမ်းစာများတွင် ရွှေဟသံာတောရသမိုင်း၊ ထွင့်ခေါင်ဆရာတော်အတ္ထုပ္ပတ္တိ၊ ရွှေကျင်-နိကာယသာသနာဝင် စသော အတ္ထုပ္ပတ္တိ စာပေများစွာပါဝင်ပါသည်။ ထိုအတ္ထုပ္ပတ္တိ စာပေများကို ပြုစုခဲ့စဉ်က အတွေ့အကြုံအရ ဆရာတော်၏ သတိပေးချက်မှာ မှန်ကန်သည့်အပြင် များစွာပင် အဖိုးတန်လှပါသည်။

"တပည့် အတတ်နိုင်ဆုံး ကြိုးစားပါမည်"

ဟု ဆရာတော်အား ဝန်ခံလိုက်ပါသည်။

တပို့တွဲလဆန်းစတွင် အလုပ်စပါသည်။ ထိုအချိန်က အတ္ထုပ္ပတ္တိရှင်ဖြစ်သည့် သမိဒ္ဓေါချောင်ဆရာကြီးနှင့် သိကျွမ်းရင်းနှီးခြင်း မရှိသေးပါ။ သို့ဖြစ်၍ သိကျွမ်းရင်းနှီးပြီးဖြစ်သော သမိဒ္ဓေါချောင်ဆရာကြီး ဒေါ်ကဥ္စနာနှင့် ဦးစွာ ဆက်သွယ်ရပါသည်။ ၎င်းမှတစ်ဆင့် ချောင်ဆရာကြီးထံ သွားရောက်တွေ့ဆုံပါသည်။

ချောင်ဆရာကြီးနှင့် တွေ့ဆုံ၍ စကားပြောမိသောအခါ ချောင်ဆရာကြီး၏ ယဉ်ကျေးဖွယ်ရာသော ပြောဟန်ဆိုဟန်မှတစ်ဆင့် အတွင်းစိတ်ဓာတ်ကိုပါ အကဲခတ်ခွင့် ရခဲ့ပါသည်။ သူတော်စင်ပီသမှု၊ မေတ္တာကရုဏာ ကြီးမားမှုတို့မှာ အရှင်းသား ပေါ်လာပါသည်။ ထိုအချက်များက အတ္ထုပ္ပတ္တိပြုစုရန် တိုက်တွန်းနေသလို ရှိပြန်ပါသည်။

ချောင်ဆရာကြီးသည် အမှန်အားဖြင့် သူ၏အတ္ထုပ္ပတ္တိကို မရေးစေချင်ပါ။ ဂုဏ်ပကာသနအလုပ်ဟု ယူဆပြီး ငြင်းဆန်နေပါသည်။ သို့ရာတွင် "ဤအတ္ထုပ္ပတ္တိသည် ဆရာကြီး၏ ဂုဏ်ပကာသနအတွက် မဟုတ်ပါ၊ ဆရာကြီး၏ကျင့်စဉ်ကို သိရှိကြည်ညိုပြီး လိုက်နာသူများမှာ ဆရာကြီးနည်းတူ ကုသိုလ်တရားပွားများနိုင်ရန်အတွက်ပါ"ဟု ရှင်းပြသောအခါမှသာ အလွယ်တကူ လက်ခံပါသည်။

ထို့နောက် အတ္ထုပ္ပတ္တိလုပ်ငန်းကို စခဲ့ပါသည်။ သိလိုသော အချက်အလက်တို့ကို အပိုင်းများစွာခွဲ၍ မေးမြန်းပါသည်။ ချောင်ဆရာကြီးသည် အလွန်မှတ်ဉာဏ်ကောင်းသည်။ အချို့ အကြောင်းအရာများကို ရက်စွဲအတိအကျဖြင့် ပြောနိုင်သည်ကို တွေ့ရပါသည်။ စာရေးသူသည် ချောင်ဆရာကြီးနှင့် အကြိမ်ပေါင်း ၃၀ ကျော် သွားရောက်တွေ့ဆုံ မေးမြန်းခဲ့သည်။

မေးမြန်းသဖြင့် ချောင်ဆရာကြီးက ပြောပြသောအခါ စပ်မိစပ်ရာ ပြောရင်း ပါဝင်လာသော အချက်အလက်များ ဆပ်နွှယ်ရာ စာအုပ်စာတမ်းများမှ ထုတ်နုတ်ယူရသော အချက်အလက်များကို စုပေါင်းပြီး ဤအတ္ထုပ္ပတ္တိကျမ်းကို ပြုစုပါသည်။

ဤအတ္ထုပ္ပတ္တိကို ပြုစုရာ၌ ချောင်ဆရာကြီးနှင့် စာရေးသူတို့ အပေးအယူလုပ်ကြရပါသည်။ ချောင်ဆရာကြီးက ကုန်ကြမ်းပေး၍ စာရေးသူက

ကုန်ချောထုတ်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ ဤအတ္ထုပ္ပတ္တိကို ပြုစုရာတွင် ချောင်ဆရာကြီးကိုယ်တိုင် ပါဝင်နေသည့်အတွက် ဤအတ္ထုပ္ပတ္တိသည် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိသဖွယ်ပင် ဖြစ်ပါသည်။

ဤ အတ္ထုပ္ပတ္တိပိုင်ရှင် ချောင်ဆရာကြီးကို သီပေါမင်း မပါမီ ၅ နှစ်အလိုတွင် အင်္ဂလိပ်တို့ အုပ်စိုးရာ အောက်မြန်မာနိုင်ငံ၌ ဖွားမြင်ခဲ့ပါသည်။ ချောင်ဆရာကြီးသည် ခေတ်အမျိုးမျိုးကို ဖြတ်ကျော်လာခဲ့ရသည်။ ရှည်လျားသောနှစ်ကိုးဆယ်ကျော် ဘဝခရီးကို လျှောက်ခဲ့ရသည်။ ဘဝခရီးဝယ် လူတိုင်း တွေ့ကြုံကြရသော အမှောင်အလင်းတို့ကို မရှောင်ကွင်းနိုင်ခဲ့ပါချေ။ အနိမ့်အမြင့်အဆင်းအတက် ခလုတ်ကန်သင်းတို့နှင့်လည်း ကြုံတွေ့ရသည်သာ ဖြစ်ပါသည်။ သို့ရာတွင် ချောင်ဆရာကြီး၏ ဘဝခရီးကား ရှည်လျားသလောက် အကွေ့အကောက် နည်းပါးလှပါသည်။

အတ္ထုပ္ပတ္တိရှင်မှာ သူတော်စင် သီလရှင်ဆရာကြီးတစ်ဦးဖြစ်၍ ဤအတ္ထုပ္ပတ္တိကို သူတော်စင်ရှုထောင့်မှ တင်ပြထားပါသည်။ ထိုသို့တင်ပြရာ၌ အတ္ထုပ္ပတ္တိစာပေ၏ အသက်ဖြစ်သည့် အချက်အလက် မှန်ကန်တိကျမှုကို ဦးစားပေးထားပါသည်။ ဂုဏ်မြောက်အောင် တမင် ချဲ့ထွင်ရေးသားခြင်းမျိုး၊ တစ်ဖက်ကို နှိမ့်ချခြင်းမျိုးတို့ကို အတတ်နိုင်ဆုံး ရှောင်ရှားထားပါသည်။ ချောင်ဆရာကြီး၏ စွမ်းဆောင်ချက်များကို တင်ပြသကဲ့သို့ပင် ပျော့ကွက် ဟာကွက် အားနည်းချက်တို့ကိုလည်း မတိမ်မဝှက် တင်ဆက်ထားပါသည်။


"အတ္ထုပ္ပတ္တိစာပေသည် ဖတ်ရှုစရာ စာပေများတွင် ဖတ်ပျော်ဖွယ်အရှိဆုံးနှင့် အကျိုးအမြတ်အရှိဆုံး ဖြစ်သည်" ဟု ကာလိုင်း (Carlyle) က ဆိုပါသည်။ ဤအတ္ထုပ္ပတ္တိကို ဖတ်ရှုရာ၌ ကာလိုင်း (Carlyle) ၏ အဆိုအတိုင်း ဖတ်ပျော်ဖွယ်နှင့် အကျိုးအမြတ် ရှိ မရှိကား စာဖတ်သူများ၏ အဆုံးအဖြတ်အတိုင်းသာ ဖြစ်ပါလိမ့်မည်။

အရှင်နန္ဒမာလာဘိဝံသ<br>
**မဟာသုဓောဓာရုံတိုက်**<br>
**စစ်ကိုင်းမြို့**<br>
**၁၃၃၇ ခု**<br>
**တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်**

## စာအုပ်တိုက်၏ အမှာစကား

ဤစာအုပ်ထုတ်ဝေခွင့်ပြုခဲ့သော ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ၊ မန္တလေးက ကိုရဲလွင်စိုး၊ ကိုမန်းတင်နှင့် ဓာတ်ပုံများကို စိတ်ရှည်လက်ရှည် လိုက်လံ ရိုက်ကူးပေးခဲ့သော ကိုမောင်ကု တို့အား အထူးပင် ကျေးဇူးတင်ပါသည်။


သီလရှင် ဆရာကြီးသည် အသက်တစ်ရာ စွန်းစွန်းအထိ နေထိုင်သွားခဲ့သော အကြောင်းအရာများကို ဖြည့်စွက်လိုသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖြည့်စွက်နိုင်မှု မရှိခဲ့ပါ။ နောင် အလျှင်းသင့်ပါက ဖြည့်စွက်၍ ထပ်မံပုံနှိပ်ထုတ်ဝေပါမည်ဟု ကတိပြုပါသည်။




နိုင်ငံတော်အစိုးရက လှူဒါန်းခဲ့သော
အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့လက်မှတ်




ဆရာကြီး၏ပုံတူ ပန်းချီလက်ရာ




ဆရာကြီး၏ ပုံတူ ပန်းချီလက်ရာ





ဆရာကြီး၏ဓာတ်ပုံ



ဆရာကြီး၏ပုံတူပန်းချီလက်ရာ




**ကွယ်လွန်အနိစ္စရောက်ပြီးနောက်**
**ဘာသာ (၃) မျိုးဖြင့် ရေးထိုးထားသော**
**အထိမ်းအမှတ် ကျောက်တိုင်**
(စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓေါဒယချောင်)




**ဆရာကြီး ဒေါ်မာလာရီ၏**

**အထုပ္ပတ္တိကျောက်စာ (၁)**

(စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်)

✱ ဆရာကြီး ဒေါ်မာလာရီ၏ အထုပ္ပတ္တိအကျဉ်း - ၂

ဗြမကျော်ကွာစရိုယ ခွဲ ရ တစည့်ဆိုလာရှင်များ ထွက်ပေါ်လာကာ အနုပညာ အရိုင်ရိုက်စွဲ သမိဒ္ဓေါ်ဒယတိုက်ခဲ့များ တည်ထောင်ပြီး သာသနာပြုလျက်ရှိသည်။ သမိဒ္ဓေါ်ဒယကျောင်း၌ သီလရှင် တရားကျော် အမြဲနေထိုင်လျက်ရှိ၏။


ဆရာကြီးသည် သမိဒ္ဓေါ်ဒယကျောင်း၌ တပည့်သီလရှင်များအား တစေပဓိ ပြဓါနစေ ဝေယျာဝစ္စ တောရဆရာတော် ဦးချွန်း ဆရာတော်၊ ပေတဝေည ဆရာတော်များ၏ ဝတ်ပတ္တိ တရားကိုလည်း ကြိုးစားသင်ကြားပေးခဲ့သည်

ဆရာကြီးသည် ဗုဒ္ဓဘာသာ သာသနာတော်ပြုမှု ကြည်ညိုလေးစားထိုက်သည် မေတ္တာကရုဏာကြီးမားခြင်း၊ သီလစင်ကြယ်ခြင်း၊ စိတ်ထားမြင့်မြတ်ခြင်းကြောင့် ရှင်လူအများတို့ ကြည်ညိုလေးစားခြင်းကိုခံရသည်

ဆရာကြီးသည် ၁၃၅၁ ခုနှစ်တွင် အသက်တရာပြည့်ခဲ့လေသည်။ အသက်တရာပြည့်သည့်တိုင် အောင် သွားကျိုးခြင်း၊ မျက်စိမှုန်ခြင်း၊ နားထိုင်းခြင်း မရှိ၊ ဆံပင်ဖြူ၊ ရုပ်ရောစိတ်ပါ ကြည်လင်နေသည် ထိုရာတွင် ဂုဏ်ရာ ဇာတိ ဇရာ ယဘောကို မလွန်ဆန်နိုင်သဖြင့် ၁၃၅၂ ခုနှစ် လဆန်း ၆ ရက်နေ့ ၂ နာရီ ၃၀ မိနစ် အချိန်တွင် အသက် ၁၀၀ နှင့် ... သမိဒ္ဓေါ်ဒယကျောင်း၌ ကွယ်လွန်အနိစ္စရောက်ခဲ့လေသည်။ ... လဆန်း ၁၀ ရက်နေ့တွင် ဆရာကြီး၏ရုပ်ကလာပ်ကို ... ဂူသွင်းသင်္ဂြိုဟ်သည်။

သမိဒ္ဓေါ်ဒယကျောင်း အဖွဲ့ ... ကောင်းမှု


**ဆရာကြီး ဒေါ်မာလာရီ၏**
**အထုပ္ပတ္တိကျောက်စာ (၂)**
(စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓေါ်ဒယချောင်)



* မိန်းမများမှာယောကျာ်းများထက် အာဝေဏိကဒုက္ခ ၅ ပါးပိုရှိ၏။ ကိုယ်ဝန်ဆောင်ရသောဒုက္ခ သားဖွားရသောဒုက္ခစသည်ဖြင့် ဘလွန်စကြောက်မွယ်ကောင်းသည်၊ သီလရှင်များမှာ အာဝေဏိကဒုက္ခကြီးများမှလွတ်မြောက်ခွင့်ရကြသဖြင့် လွန်စွာပင်ဝမ်းမြောက်မွယ်ကောင်းလှပေသည်။

* ဆရာကောင်းနှင့်ကင်း၍မည်သူမှမကြီးပွါးနိုင်၊သီလရှင်များမှာပို၍ဆရာကောင်းလို၏၊ဆရာကောင်းကပင်မိမှအရာရာကြီးပွါးနိုင်သည်၊ကြီးပွါးလိုသူတိုင်း ဆရာသမား၏ဆုံးမဩဝါဒကိုမှားသည့်မှန်သည်ဝေဘန်မနေပဲလေးစားစွာလိုက်နာသင့်၏၊အချို့ကကိုယ်လုပ်ချင်တာ မလုပ်ရလျှင် ဆရာကိုပင်ရန်သူကြီးထင်တတ်ကြ၏၊ဆရာကိုပင်ပြိုင်ချင်ကြ၏၊ ဆရာကိုပြိုင်ရန် ရည်သန်ကြလျှင် အစီစီ ငုံ့ကြည့်နေသည်နှင့်တူ၏။

* သူတော်အောင့်ကိုယ်ကကောင်းမှ သူတော်ကောင်းဖြစ်သည်၊သူတော်မှ ငါကောင်းမည်၊သူကချူးဖြင့်ပေါက်လျှင်ငါကဆောက်ဖြင့်ထွင်းမည်ဟု စိတ်ရှိနေကြလျှင်ကား သူတော်ကောင်းမဟုတ်။



**အမှတ်တရ ရုပ်ပုံ**

(စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓေါဒယချောင်)

## သီလရှင်၏တန်ဖိုး

သီလရှင်၏ တန်ဖိုးသည်
မိမိသီလကို
စင်ကြယ်အောင် ထားခြင်းပင်တည်း။
နေရေးကို မကြည့်နှင့်။
သေရေးကို စိစိတွေးပြီး
အပျော်မကြိုက်ကြနှင့်။
ဘဝကူးကောင်းရန် အားထုတ်ကြ၊
ယခုဘဝ မဂ်ဖိုလ်ရအောင် ကြိုးစားကြ။

**(သမိဒ္ဓေါဒယဆရာကြီး၏ ဩဝါဒ)**

## စာဆိုတာ

"စာဆိုတာ
ငယ်ငယ်က သင်ရမှ အခြေဖြစ်တယ်။
အခြေခံစာတွေ ကြေစေရတယ်။
စာအခြေရမှ အထက်တန်း တက်နိုင်တာ၊
ညီးတို့ ငယ်တုန်း ကြိုးစားကြ"

## တွင်ကျယ်မည့်သူ မြှောက်စား

"တွင်ကျယ်မည့်ပုဂ္ဂိုလ်ကို မြှောက်စားမှ
သီလရှင်သာသနာ ကြီးပွားနိုင်မည်။
တွင်ကျယ်မည့် သူကို နှိမ်လျှင်
ဘယ်အခါမှ မကြီးပွားနိုင်"

## မျိုးရိုးနှင့် မဆိုင်

"သူတော်ကောင်းတရား အားထုတ်တယ်ဆိုတာ
မျိုးရိုးနှင့် မဆိုင်ပါဘူး။
ဘယ်သူပဲဖြစ်ဖြစ် အားထုတ်ကောင်းပါတယ်။
သီလရှင် ဝတ်တယ်ဆိုတာ
သူတော်ကောင်းတရား အားထုတ်ခွင့်ရအောင်
ဝတ်ရတာပါ။"

**(သမိဒ္ဓေါဒယ ဆရာကြီး၏ ဩဝါဒအချို့)**

SARPARAJ 2009

https://thitsarparami.org

အခန်း (၁)

# ငယ်စဉ်ဘဝ

## ပန်းလှိုင်မြစ်အနီးမှ ရွာကြီးတစ်ရွာ

ညောင်တုန်းမှ ရန်ကုန်သို့ ပန်းလှိုင်မြစ်ကြောင်းဖြင့် ခရီးသွားလျှင် ခတ္တိယမည်သော ရွာကြီးတစ်ရွာကို တွေ့ရပေမည်။ ထိုခတ္တိယရွာကြီး၌ နောင်အခါတွင် သမိဒ္ဓေါဒယ ချောင်ဆရာကြီး ဒေါ်မာလာရီဖြစ်လာမည့် အမျိုးသမီးလေးတစ်ဦးကို မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်။

ခတ္တိယရွာသည် စတုရန်းမိုင် ၃၃၁ မိုင် ကျယ်ဝန်းသော ညောင်တုန်းမြို့နယ်တွင် အပါအဝင် ဖြစ်လေသည်။ ညောင်တုန်းမြို့သည် အင်္ဂလိပ်-မြန်မာ ပထမစစ်ပွဲ ဆင်နွှဲချိန်၌ အိမ်ခြေတစ်ရာခန့်သာရှိသော သာမန်ရွာကလေးတစ်ရွာမျှသာဖြစ်သည်။ အင်္ဂလိပ်လက်ထက် ဧရာဝတီသဘော်ဆိပ်ဖြစ်လာသော အခါတွင် တဖြည်းဖြည်း စည်ကားလာခဲ့သည်။

ညောင်တုန်းမြို့မှ တစ်ဖက်ကမ်းဖြစ်သော ရန်ကင်းစံရာ ရွာသည် ညောင်တုန်းမြို့မစည်ကားမီ ဧရာဝတီသဘော်ဆိပ် ဖြစ်ခဲ့ပေသည်။ ရန်ကင်းစံရာ ရွာသည် မြန်မာ့သမိုင်းတွင် ကုန်းဘောင်ခေတ်ဦးကပင် ထင်ရှားပေါ်လွင်ခဲ့ပေသည်။ ၁၁၁၆ ခုနှစ်တွင် အလောင်းဘုရား ဟံသာဝတီသို့ ချီသောအခါ မွန်တို့သည် ရန်ကင်းစံရာကို သံလျက်ကင်းဟုသာ ခေါ်သည်။ ရန်ကင်းစံရာဟု မခေါ်တွင်သေးပေ။ အလောင်းဘုရားသည် မွန်တို့ကို အောင်မြင်၍ ရန်ကုန်မှ ရတနာ

သိယ်သို့ ပြန်လည်ချီသောအခါ သံလျင်ကင်းတွင် စခန်းချ၍ "သံလျင်ကင်းကို လည်း ရန်ကင်းစံရာ သမုတ်တော်မူသည်"။

ညောင်တုန်းမြို့သည် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်ဆုံတွင် တည်ရှိသည်။ ပန်းလှိုင်မြစ်သည် ဧရာဝတီမြစ်နှင့် လှိုင်မြစ်တို့ကို ပေါင်းကူးဆက်သွယ်ထားသော မြစ်ကလေးတစ်မြစ် ဖြစ်သည်။ ရှေးက ပန်းလှိုင်ချောင်းဟု ခေါ်သည်။ မွန်တို့သည် အလောင်းဘုရား တပ်များကို ပန်းလှိုင်ချောင်းဝမှ စောင့်ကြို တိုက်ခိုက်ခဲ့ကြလေသည်။ အလောင်းဘုရားသည် ပန်းလှိုင်ချောင်းရှိ "ဆားမလောက်ကျွန်းကို အောင်ထွန်းတပ်တော် သမုတ်တော်မူ၍ စခန်းစံတော်မူသည်"။

ညောင်တုန်း-ရန်ကုန် ရေကြောင်းခရီးတွင် ပန်းလှိုင်မြစ်သည် အလွန်အရေးပါလှပေသည်။ ပန်းလှိုင် မြစ်လမ်းသည် ဧရာဝတီ မြစ်မလမ်းထက် ခရီးပိုပြီး တိုသဖြင့် ၂ နာရီခန့် သက်သာသည်။ ညောင်တုန်း-ရန်ကုန် ရေကြောင်းလမ်းနှစ်သွယ်ရှိရာ ပန်းလှိုင် မြစ်လမ်းကို အတွင်းလမ်း ဧရာဝတီ မြစ်မလမ်းကို အပြင်လမ်းဟု ခေါ်ဝေါ်လေ့ရှိသည်။

## ငွေမှုတ်ပွဲစား

ခတ္တိယရွာသည် ပန်းလှိုင်မြစ်အနီးတွင် တည်ရှိသဖြင့် သွားရေးလာရေး လွယ်ကူသည်။ အသွားအလာ လွယ်ကူသောကြောင့် အရောင်းအဝယ်လည်း ကောင်းသည်။ မြန်မာမင်းလက်ထက်ကပင် ခတ္တိယရွာ၌ အရောင်းအဝယ် ဖြစ်ထွန်းဟန်ရှိပေသည်။ ထိုစဉ်က ငွေမှုတ် (ငွေခွက်) ကလေးများကို ဖြတ်တောက်ချိန်တွယ်ပေးသော သူများကို ငွေမှုတ်ပွဲစားခေါ်ကြောင်း၊ ခတ္တိယရွာမှ ရှေးလူကြီးများ အဆင့်ဆင့် ပြောကြားခဲ့သော ပြောရိုးစကားရှိသည်။

"ငယ်စဉ်က လူကြီးတွေပြောတာ ကြားဖူးတယ်၊ ရှေးက ခတ္တိယမှာ ငွေမှုတ်ပွဲစား ၁၅ ဦးလောက် ရှိသတဲ့၊ အရောင်းအဝယ်လုပ်တဲ့ အခါမယ် သူတို့ဆီသွားပြီး ငွေမှုတ်ကလေးတွေ အဖြတ်ခိုင်းရသတဲ့"

ဟု ဆရာကြီး ဒေါ်မာလာရီက ပြောပြသည်။

## ဖားဂရစ်ဘုရား

"ကျွန်းဦးခတ္တိ၊ မယ်တို့ရွာ၊ ရွာသာဆိုလဲ၊ မြို့နဲ့မလဲ"

လွန်ခဲ့သည့် အနှစ် ၉၀ ကျော်လောက်က ခတ္တိယရွာသူ လုပျိုဖြူများ၏

'ကျေးလက်တေး' တစ်ပုဒ်ကို ဒေါ်မာလာရီသည် မှတ်မိနေပေသေးသည်။

ခတ္တိယရွာသည် ပန်းလှိုင်မြစ်၏ တစ်ခုသော ကျွန်းဦး ကျွန်းထိပ်၌ တည်ရှိသည်။ ဘုရားကျောင်းကန်တို့ဖြင့် သာသာယာယာရှိသည်။ ရွာနှင့် မနီးမဝေးဖြစ်သော ဘောဟိယ ကုန်းတော်၌ "ဖားဂရစ်ဘုရား" ရှိသည်။ ဖားဂရစ်ဘုရားသည် ခတ္တိယ ရွာသူရွာသားတို့၏ ရှိခိုးဦးခိုက် ပူဇော်ရာ ဆုထူးဆုမြတ် ပန်ဆင်ရာဖြစ်သည်။ ဒေါ်မာလာရီတို့ ငယ်စဉ်က ဘုရားပွဲတော်ကို နှစ်စဉ်တော်သလင်းလ၌ ခမ်းနားသိုက်မြိုက်စွာ ကျင်းပလေ့ရှိ၏။ နောက်တွင် ဘုရားပွဲတော်ကို တပေါင်းလသို့ ရွှေ့ပြောင်း ကျင်းပခဲ့လေသည်။

ဒေါ်မာလာရီ ငယ်စဉ်က ခတ္တိယရွာ၌ ကျက်သရေဆောင် ဘုန်းတော်ကြီးကျောင်း ၄ ကျောင်းရှိသည်။ ရွာလယ်ကျောင်း၊ မင်းကျောင်း၊ သွေးဆေးကန်ကျောင်းနှင့် တောရကျောင်းတို့ ဖြစ်သည်။ ထိုစဉ်က မင်းကျောင်းဘုန်းတော်ကြီးမှာ ဦးဆိတ်စ ဖြစ်သည်။ ရန်ကုန်မြို့ အလယ်တောရ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးကောသလ္လသည် ဦးဆိတ်စ၏ တပည့်ဖြစ်သည်။ သွေးဆေးကန်ကျောင်းဘုန်းတော်ကြီးက ဦးလင်း၊ တောရကျောင်း ဘုန်းတော်ကြီးက ဦးသီရိဖြစ်သည်။ ဦးသီရိသည် ရွှေကျင်ဆရာတော်ကြီး၏ တပည့်ဖြစ်သည်။ ဘုန်းတော်ကြီးများ၏ သွန်သင်ပြသမှုကြောင့် ခတ္တိယ ရွာသူရွာသားတို့သည် အထိုက်အလျောက် စာပေရေးတတ်ကြသည်။ ဂဏန်း တွက်တတ် ချက်တတ်သည်။ အကျင့်စာရိတ္တ ကောင်းမွန်၍ လူကျင့်ဝတ်ကို လေးစား လိုက်နာတတ်ကြသည်။

အင်္ဂလိပ်အုပ်စိုးစဉ်က ခတ္တိယရွာ၌ အိမ်ခြေငါးရာခန့် ရှိသည်။ တောင်သူလယ်သမား နည်းပါး၍ အရောင်းအဝယ်သမား များသည်။ အရောင်းအဝယ်ဖြစ်ထွန်းသဖြင့် ပျဉ်ထောင်ကာ သွပ်မိုးဖြင့် အိမ်ကြီးအိမ်ကောင်းတွေ ပေါ်များသည်။ ပန်းလှိုင်မြစ်တွင် ဒီရေ အတက်အကျရှိ၍ ရေတက်ချိန်၌ ပို၍ ရှုခင်းသာသည်။ မိုးရာသီ ရေများချိန်၌ ရန်ကုန်-ညောင်တုန်းသွား ဧရာဝတီ နှစ်ထပ်သင်္ဘောများ ဆိုက်ကပ်သဖြင့် ခတ္တိယရွာသည် အလွန်စည်ကားလှပေသည်။ ပတ်ဝန်းကျင်မှ ချောင်းမြောင်း အင်းအိုင်တို့ဖြင့်လည်းကောင်း၊ နာမည်ကျော် မလက်တို အင်းကြီးဖြင့်လည်းကောင်း ရှုခင်း သာယာလှပေသည်။ သို့ဖြစ်၍ "ရွာဆိုပေမယ့် မြို့နဲ့မလဲနိုင်ပေါင်" ဟု ခတ္တိယရွာသူ လုပ်ျိုဖြူများက ဆိုကြဟန်တူပေသည်။

## ခတ္တိယ သူကြီး ဦးရွှေမှုံ

မြန်မာနိုင်ငံအောက်ပိုင်းကို အင်္ဂလိပ် အုပ်စိုးစဉ်အခါက အိမ်ခြေ ငါးရာခန့်ရှိသော ခတ္တိယရွာ၌ အစိုးရ စာသင်ကျောင်းနှင့် ဂတ်တဲ (ရဲဌာန) တစ်ခုရှိသည်။ ညောင်တုန်းနယ်ပိုင်၏ အုပ်ချုပ်မှုအောက်တွင် ရှိသည်။

ထိုစဉ်က ခတ္တိယ သူကြီးမှာ ဦးရွှေမှုံဖြစ်သည်။ ရုံးတစ်ရုံး ဓားတစ်စင်းပိုင် အထူးအာဏာရ သူကြီးဖြစ်၍ ဩဇာအာဏာရှိသည်။ သူကြီး ဦးရွှေမှုံသည် ဒေါ်မာလာရီ၏ ဖခင်ဘက်မှ တော်စပ်သော အဘိုးအရင်းဖြစ်ပေသည်။ သူကြီးကတော်မှာ ဒေါ်သိုက်ဖြစ်၍ သားသမီး ၅ ယောက် ထွန်းကားသည်။ မောင်ဖြူဝင်း၊ မောင်ပြား၊ မောင်ဆိမ့်၊ မောင်စက်ဖော်၊ မသီ။ ယနေ့ခေတ်၌ ခတ္တိယရွာသည် အိမ်ခြေသုံးရာခန့်သာရှိ၍ ရှေးကလောက် မစည်ကားတော့ချေ။ ၁၉၄၉ ခုနှစ်တွင် ကေအင်ဒီအို သူပုန်များကြောင့် ခတ္တိယရွာကြီး မီးလောင်ပြာကျခဲ့ရသည်။ ဘုန်းတော်ကြီးကျောင်းများလည်း ပျက်စီးခဲ့ရသည်။ ယခုအခါ၌ မင်းကျောင်း၊ ရွာလည်ကျောင်း၊ တောရကျောင်းဟု ဘုန်းတော်ကြီး ၃ ကျောင်းသာ ရှိသည်။ ရွာသူရွာသားများသည် လယ်ယာလုပ်ငန်းနှင့် အင်းလုပ်ငန်းများကို လုပ်ကိုင်စားသောက်ကြသည်။

## ဇရပ်ကြီး နှစ်ဆောင်

အင်္ဂလိပ်လက်ထက်က ခတ္တိယရွာတွင် ထင်ရှားသော ဇရပ်ကြီးနှစ်ဆောင်ရှိသည်။ ဖားဂရစ် ဘုရားအနီးတွင် တစ်ဆောင်နှင့် မင်းကျောင်းအနီးတွင် တစ်ဆောင်ဖြစ်၏။

ဖားဂရစ် ဘုရားအနီးရှိ ဇရပ်ကြီးသည် လမ်းသွားလမ်းလာနှင့် ဘုရားဖူးများ တည်းခိုနားနေရာ ဇည့်ရိပ်သာကြီးသဖွယ် ဖြစ်သည်။ နှစ်စဉ် ဘုရားပွဲတော်ချိန်၌ ဇရပ်ကြီးပေါ်တွင် လူသူပြည့်လျက် ရှိသည်။ ထိုဇရပ်ကြီးကို ခတ္တိယရွာမှ ဦးကံ၊ ဒေါ်ရှမ်းတို့က ဆောက်လုပ် လှူဒါန်းထားကြပေသည်။

မင်းကျောင်းအနီးရှိ ဇရပ်ကြီးသည် ဥပုသ်သည်များ၏ ဥပုသ်စောင့်သုံးရာ အေးရိပ်သာကြီးဖြစ်သည်။ ကုသိုလ်ရှင်မှာ ဒေါ်ရှမ်း၏ မောင်အရင်းဖြစ်သူ ခတ္တိယရွာ ပန်းတိမ်ဖိုဆရာကြီး ဦးခူ ဖြစ်သည်။ ဦးခူသည် လူပျိုကြီးဖြစ်သည်။ ပစ္စည်း ချမ်းသာသည်။

ဦးကံ၊ ဒေါ်ရှမ်းတို့သည် အရောင်းအဝယ်ဖြင့် အသက်မွေးကြသည်။ ပစ္စည်းဥစ္စာ အသင့်အတင့် ရှိကြသည်။ သဒ္ဓါတရား ကောင်း၍ ဘာသာရေးကို လေးစားကြသည်။ အလှူအတန်း ဝါသနာပါကြသည်။ ပန်းတိမ်ဖိုဆရာကြီး ဦးခူနှင့် ဦးကံ၊ ဒေါ်ရှမ်းတို့သည် ဒေါ်မာလာရီ၏ မိခင်ဘက်မှ တော်စပ်သော အဘိုးရင်း အဘွားရင်းများ ဖြစ်ကြပေသည်။ ဦးကံသည် ဒေါ်မာလာရီ လူမဖြစ်မီ ဆုံးသွားရှာသည်။ ဦးကံ၊ ဒေါ်ရှမ်းတို့မှာ သားသမီး ၃ ယောက် ထွန်းကားခဲ့ပေသည်။ မအိုင်၊ မချစ်၊ မောင်ကြာလန်း။

## ခတ္တိယမှ အိမ်ကြီးတစ်အိမ်

ခတ္တိယရွာ၌ ပျဉ်ထောင်ကာ သွပ်မိုး အိမ်ကြီးတစ်အိမ်ရှိသည်။ ပန်းတိမ်ဖိုဆရာကြီး ဦးခူနှင့် အစ်မဖြစ်သူ ဒေါ်ရှမ်းတို့ မိသားစု နေထိုင်ရာ အိမ်ကြီးဖြစ်၏။ ထိုအိမ်ကြီးသို့ တောရကျောင်း ဘုန်းတော်ကြီးသည် နေ့စဉ် ဆွမ်းခံကြွလာလေ့ရှိသည်။ ထိုအိမ်မှ ဟင်း ၄ ခွက် အမြဲ လောင်းလှူသည်။

ဒေါ်ရှမ်း၏သမီးကြီး မအိုင်သည် သူကြီး ဦးရွှေမှုံ၊ ဒေါ်သိုက်တို့၏ သားထွေး မောင်စက်ဖော်နှင့် အကြောင်းပါသည်။ မောင်စက်ဖော်သည် ၁၂၃၆ ခုဖွား ဖြစ်သည်။ အရုပ်အမောင်း ကောင်း၍ စိတ်နေ ပျော့ပျောင်းသည်။ မအိုင်သည် ၁၂၃၃ ခုဖွား ဖြစ်၍ မောင်စက်ဖော်ထက် ၃ နှစ် ကြီးသည်။ အရုပ်အမောင်းမှာ ပုပုပြတ်ပြတ် ဖြစ်သည်။

မောင်စက်ဖော်၊ မအိုင်တို့သည် ဦးခူ၊ ဒေါ်ရှမ်းတို့နှင့် အတူနေထိုင်ကြ၍ အရောင်းအဝယ်ဖြင့် အသက်မွေးကြသည်။ ပန်းလှိုင်မြစ်ကြောင်းမှ လှေလောင်းကြီးတစ်စင်းဖြင့် ဖျာပုံမြို့နယ်ဘက်သို့ အရောင်းအဝယ်ထွက်လေ့ရှိသည်။ စပါးပေါ်ချိန်တွင် ရန်ကုန်မှ ကုန်မျိုးစုံ ဝယ်ယူခဲ့၍ ဖျာပုံမြို့နယ် သမိန်ထောရွာသို့ သွားရောက် ရောင်းချလေ့ရှိသည်။ သမိန်ထောရွာ၌ ကုန်တဲကြီးထိုး၍ လေးငါးလခန့် တည်းခိုနေထိုင်ကာ ဈေးရောင်းကြသည်။ ကဆုန်၊ နယုန် ရာသီသို့ ရောက်သော အခါမှ ခတ္တိယသို့ ပြန်လာခဲ့ကြသည်။ ဝါတွင်းအချိန်၌မူ အရောင်းအဝယ် မထွက်ဘဲ အိမ်တံခါးပိတ်၍ တစ်အိမ်လုံး ဥပုသ်ဇရပ်သို့ သွားရောက်နေထိုင်ကြပြီး တစ်ဝါတွင်းလုံး ဥပုသ်စောင့်နေလေ့ ရှိကြသည်။

## ရခဲသော လူ့ဘဝ

၁၂၄၂ ခုနှစ် ဖြစ်သည်။

မြန်မာနိုင်ငံအထက်ပိုင်း၌ သီပေါမင်းတရား ထီးနန်းစိုးစံလျက်ရှိသည်။ ထိုနှစ်၌ သီပေါမင်းသည် ဘုန်းတော်ကျက်သရေတော် တိုးတက်ခြင်း၏ အကြောင်းဖြစ်သော ထီးဆောင်းမင်္ဂလာ မဟာဥကသ် ဖွင့်တော်မူ၍ ဘိသိက်သွန်းခံတော်မူသည်။

ထိုနှစ်၌ပင် ကြည်းတပ်၊ ရေတပ်များကို ပြင်ဆင်ဖွဲ့စည်း၍ စစ်အတတ်ပညာများကို အီတာလျံ ကျွန်တော်မျိုး ဘာရဘေရီကို ကြီးကြပ်ပြသ သင်ကြားထမ်းရွက်စေသည်။ ရေတပ်အတွက် အီတာလျံ ကျွန်တော်မျိုး ရေကြောင်းမိုလ်ကောင်မိုတို၊ ပြင်သစ် ကျွန်တော်မျိုး ဘန်တပ်ပေါ တို့ကို ကြီးကြပ်စေ၍ စစ်အတတ်ပညာတို့ကို သင်ကြားထမ်းရွက်စေသည်။

မြန်မာနိုင်ငံအောက်ပိုင်း၌ မဟာဝန်ရှင်တော်မင်းကြီး 'ဆာအေရေးဗားသွန်မဆင်'က အုပ်ချုပ်လျက်ရှိသည်။ ထိုနှစ်၌ပင် 'ဆာ ချားလ်စ်ဘားနဒ်'သည် မဟာဝန်ရှင်တော်မင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည်။

ထိုသို့ မြန်မာနိုင်ငံကို အထက်ပိုင်း၊ အောက်ပိုင်း နှစ်ပိုင်းခွဲခြားလျက် အုပ်စိုးကြစဉ် မြန်မာနိုင်ငံ အောက်ပိုင်း အပါအဝင် မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ခတ္တိယရွာကြီး၌ ဦးစက်ဖော်၊ ဒေါ်အိုင်တို့မှ ၁၂၄၂ ခု နတ်တော်လပြည့်ကျော် ၁၄ ရက် ကြာသပတေးနေ့ နံနက် ၄ နာရီအချိန်တွင် သမီးကလေးတစ်ဦးကို မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်။

ထိုနှစ်၌ပင် မြန်မာနိုင်ငံအထက်ပိုင်း ရတနာပုံ ရွှေမြို့တော်၌ သီပေါမင်း၏ မိဖုရား စုဖုရားလတ်မှ သမီးတော်တစ်ပါး ဖွားမြင်ခဲ့သည်။

ထိုနှစ်၌ပင် အင်္ဂလိပ်တို့နှင့် မဟာမိတ် စာချုပ်ချုပ်ရန် ဝန်ထောက်မြောင်လှမြို့စား မင်းကြီး 'သီရိမဟာဇေယျသူ' ခေါင်းဆောင်သော သံတမန်အဖွဲ့ကို မြန်မာနိုင်ငံ အောက်ပိုင်းသို့ စေလွှတ်ခဲ့သည်။

ဦးစက်ဖော်၊ ဒေါ်အိုင်တို့သည် ချစ်မဝသော သမီးဦးကလေးကို အမည်ပေးကြရာ၌ မြန်မာ့ထုံးစံနှင့်အညီ ကြာသပတေးသမီးဖြစ်၍ ကြာသပတေးနံကို အစခံလျက် 'မဖွားကြင်'ဟု ရိုးရိုးယဉ်ယဉ်ပင် မှည့်လိုက်ပေသည်။

မဖွားကြင်ကလေး နှစ်ခါလည်ရှိသောအခါ ညီမလေးတစ်ဦး ရပြန်သည်။ ညီမကလေးကို နာမည်မှည့်ရာ၌မူ ကာရန်ကို နှစ်သက်တတ်သော မြန်မာ

လူမျိုးပီပီ မဖွားကြင်အလိုက် 'မဖွားရှင်'ဟု မှည့်ခေါ်ကြသည်။ မဖွားရှင်ကား ၁၂၄၄ ခု တန်ခူးလပြည့်ကျော် ၁ ရက် သောကြာနေ့ဖွားဖြစ်သည်။

မဖွားကြင်တို့ ညီအစ်မသည် ရခဲသော လူ့ဘဝကို ပီပီပြင်ပြင် ရရှိခဲ့ကြလေပြီ။ ဖြဟ္မာ့ပြည်မှ ချလိုက်သော အပ်တစ်စင်းနှင့် လူ့ပြည်မှ အပ်တစ်စင်းတို့ အပ်ဖျားချင်း ထိကြခြင်းပင်ဖြစ်သည်။

## ကျောင်းလိုက်စ အရွယ်

၁၂၄၇ ခုနှစ် ဖြစ်သည်။

ဒေါ်အိုင်သည် ကျောင်းဖွင့်သည့်နေ့၌ သမီးကို ကျောင်းလိုက်အပ်သည်။ ကျောင်းဆရာကြီး ဦးကြာပွင့်၏ဇနီး ဆရာကတော်ကြီးက မဖွားကြင်ကလေးကို ကြည့်ပြီး ငယ်လွန်းနေသဖြင့် "ဟဲ့ နင်တို့အိမ်က ပုခက်ပါယူခဲ့ဟဲ့"ဟု ကျီစားသည်။ မဖွားကြင်ကလေးမှာ ကျောင်းသားကျောင်းသူများတွင် အငယ်ဆုံး ဖြစ်သည်။

ကျောင်းမအပ်မီကပင် မဖွားကြင်ကလေးကို ဖခင်ကြီးက 'ကကြီး ခခွေး' သင်ပေးထားနှင့်သည်။ ကျောင်းရောက်သောအခါ 'ကကြီး ခခွေး သင်ပုန်းကြီး' ရှေ့တွင် မဖွားကြင်ကလေးသည် အထစ်အငေါ့မရှိ ကကြီး ခခွေးကို ဆိုပြနိုင်သည်။ ထိုအခါ ကျောင်းဆရာကြီး ဦးကြာပွင့်က "ဒီကလေးလို ကကြီး ခခွေး ရခဲ့တဲ့ကလေး မတွေ့ဖူးသေးဘူးဟေ့" ဟု ချီးကျူးစကား ပြောကြားသည်။

ဆရာကြီး ဦးကြာပွင့်အပြင် ကျောင်းဆရာကလေး ကိုစိန် ဆိုသူလည်း ရှိသေး၏။ ထိုစဉ်က ကျောင်းဆရာ လခမှာ သုံးဆယ်ကျပ်မျှသာ ဖြစ်သည်။ ခတ္တိယကျောင်းတွင် ယောကျာ်းကလေးများနှင့် မိန်းကလေးများ အတူ စာသင်ကြရသည်။

"ခတ္တိယကျောင်းမှာ မင်္ဂလသုတ်ရောက်မှ ကျောက်သင်ပုန်း ကိုင်ရတယ်၊ မင်္ဂလသုတ် မရောက်သေးရင် သစ်သားသင်ပုန်းပဲ ကိုင်ရတယ်"ဟု ဒေါ်မာလာရီက ပြောပြသည်။

သစ်သားသင်ပုန်းကို ပြုလုပ်ရာ၌ အရှည် ၂ တောင်ခန့်ရှိသော ပျဉ်ပြား ပြန့်ပြန့်တွင် မီးသွေးခဲပွပွကို ထမင်းရည်ဖြင့် ပွတ်ခြေ၍ ခြောက်အောင် ထားရသည်။ ခြောက်သောအခါ ကန့်ကူဆံဖြင့် ရေးရလေသည်။ မဖွားကြင်ကလေးသည် ကျောင်းလိုက်စတွင် သင်ပုန်းမချေတတ်၍ အခက်တွေ့နေသည်။ အခြား

ကလေးများကို အကူအညီတောင်းသောအခါ "ညည်းတို့အိမ်သွားပြီး အချေခိုင်း ပါ့လားအေ့" ဟု ပြောပြီး အကူအညီမပေးဘဲ နေကြသည်။ ထိုအခါ ဆရာကြီး ဦးကြာပွင့်က ကြား၍ "ဟဲ့ လာ လာ ဆရာ ပြပေးမယ်" ဟုဆိုကာ သင်ပုန်းချေ နည်းကို စိတ်ရှည်လက်ရှည် ပြပေးလေသည်။

သင်ပုန်းချေပြီးသောအခါ ကကြီး ခခွေး ရေးသည်။ မဖွားကြင်ကလေး သည် ဒုရင်ကောက် မရေးတတ်၍ ငိုမဲ့မဲ့ ဖြစ်နေသည်။ ထိုအခါ ဆရာကြီးက "ဟော ဆရာ ရေးတာကြည့်"ဟု ရေးပြသည်။ ဆရာကြီး ရေးပြသည်ကို လိုက် ထပ်ရသည်။ မဖွားကြင်ကလေးသည် ကကြီး ခခွေး အားလုံး ရေးတတ်လေပြီ။ ထိုနှစ်၌ပင် အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံ အထက်ပိုင်းကို သိမ်းယူ အုပ်စိုးလိုက် သည်။ မြန်မာတစ်နိုင်ငံလုံးသည် အင်္ဂလိပ်လက်အောက် ရောက်သွားခဲ့လေပြီ။

အချိန်သည် မရပ်မနား တရွေ့ရွေ့သွားနေလေသည်။ မဖွားကြင်ကလေး သည် တစ်နှစ်ပြီးတစ်နှစ် ကျောင်းမှန်မှန်တက်လျက် ရှိသည်။ ညီမလေး မဖွားရှင် လည်း ကျောင်းလိုက်နေပေပြီ။ စာအတော်ဖတ်တတ်၍ ဆရာကလေး ကိုစိန်ထံ ဂဏန်းသင်ရသည်။ နေ့ပိုင်းတွင် အလီကျက်၍ ဂဏန်းတွက်ရသည်။ နံနက်ပိုင်း ၌ မင်္ဂလသုတ် ကျက်ရသည်။ ကျောင်းဖွင့်စ နံနက်ပိုင်းတွင် မဖွားကြင်တို့၏ ယံမင်္ဂလံ ကျက်သံသည် ညံလျက်ရှိသည်။ ကျောင်းဆင်း၍ အိမ်ပြန်ရောက်သော အခါ "အမေ သမီးတို့ ယံမင်္ဂလံတက်ရပြီ"ဟု ဝမ်းသာအားရ ပြောကြသည်။ ထိုအခါတို့၌ သမီးများကိုကြည့်၍ မိဘတိုးဘွားတို့မှာ ကြည်နူး၍ မဆုံးနိုင်ကြပေ။

"ဆိုပြစမ်းပါဦး ငါ့သမီး"

"ဆိုပြစမ်းပါဦး ငါ့မြေး"

## သည့်ညီအစ်မ

မဖွားကြင်တို့ ညီအစ်မသည် သာယာချမ်းမြေ့သော မိဘရင်ခွင်တွင် ခိုလှုံရင်း ဘဝအတွေ့အကြုံများကို တစ်စတစ်စ ရရှိလာခဲ့ကြသည်။ မိဘများက ပြသသော ဤလောကကို မြင်တွေ့ကြရပြီ။ ဘဝ၏ ကဏ္ဍသစ်များ ဖွင့်လှစ်ရန် အားယူစပြုနေကြလေပြီ။ သို့ရာတွင် သည့်ညီအစ်မ စိတ်ထားချင်းကား မတူကြ ပေ။ မဖွားကြင်သည် သဘောကောင်း၍ စိတ်ထား ပျော့ပျောင်းသည်၊ သိမ်မွေ့ သည်၊ တစ်ဖက်သားကို သနားကြင်နာတတ်သည်။ မဖွားရှင်ကား ထိုသို့မဟုတ်

ပေ။ စိတ်ထက်သည်။ အရာရာတွင် ဆိုးဆိုးဆတ်ဆတ် နိုင်လှသည်။ မဟုတ်မခံ ဆတ်ဆတ်ကြဲ။

တစ်ခါက သီလရှင်ကြီးတစ်ပါး ခတ္တိယရွာသို့ ဆွမ်းဆန်ခံ ရောက်လာဖူးသည်။ လမ်းတွင် ဒေါ်အိုင်နှင့်တွေ့သဖြင့် အိမ်တွင် တည်းခိုရန် ပင့်ခေါ်လာခဲ့သည်။ မဖွားကြင်သည် သီလရှင်ကြီးကို မြင်လျှင်မြင်ချင်း ခင်မင်သည်၊ ကြည်ညိုသည်။ မဖွားရှင်ကမူ သီလရှင်ကြီးလာသည်ကို မကြိုက်၊ ကလေးပီပီ မကြိုက်သည်ကို အောင့်၍မထားတတ်၊ ဆိုးဆိုးဆတ်ဆတ် ပြောချလိုက်သည်။

"သီလရှင်ကြီး တို့အိမ်မလာနဲ့ သွား သွား..."

မပြန်မချင်း နှင်လွှတ်သည်။ သီလရှင်ကြီးသည် ကလေးဖြစ်နေ၍ ပြောရအခက်၊ နေရအခက် နောက်ဆုံးတွင် နားပူလှသဖြင့် ဗန်းကုံးလေး ကောက်ရွက်ပြီး ထပြန်သွားရရှာလေ၏။

"ဟောတော် ... သီလရှင်ကြီး ပြန်သွားရှာပြီ၊ သနားပါတယ်ဟယ်၊ ညည်းကလဲအေ၊ တည်းပါစေ ဟဲ့၊ ဘာလို့ နှင်လွှတ်လိုက်ရတာလဲ"

မဖွားကြင်က ပြောသောအခါ မဖွားရှင်က ဆိုးဆိုးဆတ်ဆတ် ပြန်ပြောသည်။

"ညည်းက ဘာသိလို့တုံး၊ ဘယ်ကဟာမှန်းမသိ၊ ဘာလို့တည်းရမှာတုံး"

ထိုအခါ မဖွားကြင်က မိခင်ကြီးကို တိုင်သည်။

"အမေ ... အမေ ... အမေ့သမီးလေး သိပ်ဆိုးတာပဲ၊ ဟိုမှာ သီလရှင်ကြီးကို နှင်လွှတ်လိုက်တာ၊ သူတော့ ငရဲကြီးတော့မှာ"

ဒေါ်အိုင်သည် မဖွားရှင်ကို မျက်နှာထားတင်းတင်းဖြင့် လှမ်းကြည့်လိုက်ပြီး အံကြိတ်လိုက်၏။

"တယ် ... ဒီကောင်မလေး သိပ်ဆိုးတဲ့ ကောင်မလေး"

## သီလရှင်စကား မပြောနဲ့

၁၂၄၉ ခုနှစ် ဖြစ်သည်။

ပုန်းညက်ပန်းတို့ ပွင့်လန်းရာ ဝါဆိုလ အခါပေတည်း။ မိချောင်းဖွေးဖွေး မိုးအေးအေးဖြစ်သည်၊ ပန်းလှိုင်မြစ်တွင် ဝါဆိုဝါခေါင် ရေဖောင်ဖောင် တက်လျက်

ရှိသည်။ ဦးစက်ဖော်၊ ဒေါ်အိုင်တို့သည် အိမ်တံခါးပိတ်၍ ဥပုသ်ဇရပ်သို့ သွားကြသည်။ တစ်ဝါတွင်းလုံး ဥပုသ်ဇရပ်မှာပင်နေ၍ ဥပုသ်စောင့်ကြမည်။ ဥပုသ်ဇရပ်၌ပင် ဆွမ်းဟင်းများ ချက်ပြုတ် လောင်းကြသည်။ တောရကျောင်းဘုန်းကြီးသည် ဥပုသ်ဇရပ်သို့ ဆွမ်းခံကြွလာသည်။

သီတင်းနေ့များ၌ အခြားဥပုသ်သည်များလည်း ဇရပ်သို့ ရောက်လာလေ့ရှိသည်။ ဥပုသ်ဇရပ်သည် လူစုံသည်၊ အစားစုံသည်၊ စကားလည်းစုံသည်။ ဘုရားတရားအပြင် အခြားအကြောင်းများလည်း ပါသည်။ ဒေါ်အိုင်သည် စပ်မိစပ်ရာပြောရင်း သီလရှင်များအကြောင်း ရောက်သွားသည်။

"ကျွန်မ သီလရှင်ဝတ်မယ် စိတ်ကူးပြီး တွံတေးသွားဖူးတယ်၊ အမေ့ငဲ့လို့ မဝတ်ဖြစ်ဘူး။ တွံတေးမှာ ဆရာခင်တို့ ဆရာဆန်းတို့ဆိုတာ သိပ်တော်တာပဲ၊ အကျင့်သီလနဲ့လည်း သိပ်ပြည့်စုံတာပဲ"

"ဟုတ်မှာပဲအေ့၊ တချို့ တွံတေး သီလရှင်ကျောင်းက ပြန်လာရင် သီလရှင် ဝတ်ချင်စိတ် ပေါက်လာတတ်ကြတယ်" ဟု အခြား ဥပုသ်သည် အဒေါ်ကြီးက ပြောသည်။

"သီလရှင်များမှာတော့ အကျင့်နဲ့ သီလနဲ့ ဘာမှ ပူစရာ ပင်စရာ မရှိဘူး၊ လူတွေမှာတော့ သားပူ သမီးပူ အပူတွေ ဝိုင်းနေတာပဲနော်" ဟု အခြား ဥပုသ်သည်တစ်ယောက်က ပြောပြသည်။

"ဒါကြောင့်မို့ ဝတ်ကြောင်ပုဆိုး ကောင်းကျိုးမပေးလို့ ဆိုတာနေမှာအေ့" ဟု တစ်ယောက်က ထောက်ခံသည်။

ဒေါ်အိုင်သည် ဥပုသ်သည်များနှင့် စပ်မိစပ်ရာပြောရင်း စကားကောင်းနေသည်။ မဖွားကြင်ကလေးသည် မိခင်ကြီးအနီး ပူးကပ်ထိုင်နေရင်း ဥပုသ်သည်တွေ စကားပြောနေကြသည်ကို ငေး၍ နားထောင်နေသည်။ သီလရှင်များအကြောင်း ကြားရသောအခါ ဝမ်းပါးလာသည်။ သီလရှင်ဝတ်ချင်စိတ် တဖွားဖွား ဖြစ်ပေါ်လာ၏။ ဖြစ်ပေါ်လာသည့်အတိုင်း မိခင်ကြီးကို ပြောကြည့်မည်ကြံသည်။ သို့ရာတွင် မိခင်ကြီးက မျက်နှာထားတင်းတင်း နေတတ်သဖြင့် မပြောဝံ့ပေ။ နောက်တွင် ဖခင်ကြီးကို တွယ်ကပ်ပြီး တိုးတိုးပြောကြည့်သည်။

"အဖေ ... အဖေ၊ ကျွန်မ သီလရှင်ဝတ်ချင်တယ်"

“ဟဲ့ သီလရှင်ဝတ်တယ်ဆိုတာ လွယ်တယ်မှား မှတ်မနေနဲ့ ငါ့သမီး၊ ဟော ... သီလရှင်ဆိုတာ ထမင်းကို ဟင်းနဲ့ဘာနဲ့ စားရတာ မဟုတ်ဘူးဗျား၊ ဆီဆမ်း ဆားဖြူး စားရတာ၊ ငါ့သမီး စားနိုင်မှာလား”

“အို ... စားနိုင်တာပေါ့”

“အေး ကောင်းပြီဗျာ၊ ကောင်းပြီဗျာ ... နက်ဖြန်ကျမှ ငါကျွေးရဦးမယ်”

နောက်တစ်ရက် ထမင်းစားချိန်တွင် မဖွားကြင်ကလေးအား ဆီဆမ်း ဆားဖြူး၍ ထမင်းကျွေးသည်။

“ကဲ ရော့ ... စားစမ်းဗျာ”

မဖွားကြင်ကလေးသည် ဆီဆမ်း ဆားဖြူးထားသော ထမင်းကို စားကြည့်၏။ စားနေကျမဟုတ်၍ မစားတတ်။ ပင်ကိုကပင် အစားအသောက်နှင့် ပတ်သက်၍ အနည်းငယ် ဇီဇာကြောင်သည်။ အိမ်မှာ ဟင်းမကောင်းလျှင် အဒေါ်အိမ်၊ ဦးကြီးအိမ် စသည် သွားရောက် စားလေ့ရှိသည်။ သို့ဖြစ်၍ ဆီဆမ်း ဆားဖြူး ထမင်းမှာ မျို၍မကျနိုင်ဘဲရှိသည်။ တစ်လုတ်နှစ်လုတ်သာ စား၍ အိပ်ရာထဲသွားပြီး ခွေနေလိုက်၏။ ကိုယ့်အတတ်နှင့်ကိုယ်မို့ ကြိတ်မှိတ်နေရသည်။ “ဒီလိုဆို သီလရှင်ဘဝ မလွယ်ပါလား” ဟု တွေးရင်း ဝမ်းနည်းသလိုလို ဖြစ်လာသည်။ ဖခင်ကြီးက အခြေအနေကို အကဲခတ်ပြီး မေးလိုက်သည်။

“ဘယ့်နဲ့လဲဟေ့၊ သီလရှင်ဝတ်ချင်တဲ့ မိန်းကလေး၊ စားလို့ဖြစ်ရဲ့လား”

“ဖြစ်ဘူး အဖေ”

မဖွားကြင်က တုန့်တုန့်ယင်ယင်နှင့် ဖြေသည်။

“အေး မဖြစ်ရင်၊ နောက် သီလရှင်စကား မပြောနဲ့”

## မန္တလေးသို့

၁၂၅၂ ခုနှစ် ဖြစ်သည်။

ဝါကျွတ်လေပြီ။ သံဃာတော် အရှင်မြတ်တွေ ပဝါရဏာပြုတော်မူကြပြီ။ သီတင်းကျွတ်လသည် မီးမြင်းမိုရ်ထိန် ကြာပွင့်ချိန်ဖြစ်၍ လှပသည်။ သာတောင့်သာယာ ရှိပေသည်။ ပလ္လင်ဆေးမိုး ရွာသွန်းဖြိုးရာ အခါဖြစ်၍ တစ်မျိုး လွမ်းဆွတ်ဖွယ် ရှိပေသည်။

ဦးစက်ဖော်၊ ဒေါ်အိုင်တို့ မိသားစုနှင့် ဆွေမျိုးတစ်စုသည် ဘုရားဖူးရင်း သက်န်းလှူရင်း အညာတစ်ခေါက်သွားရန် စီစဉ်ကြသည်။ ပဒုမ္မာပိတ် ၄ စုံစာ

ဝယ်ယူချုပ်ခိုင်းပြီးလျှင် ခတ္တိယရွာ ဘုန်းတော်ကြီးများအား သင်္ကန်းတစ်စုံစီ လှူဒါန်းကြသည်။ ဒွိစုံတစ်စုံနှင့် ချုပ်ရိုးတစ်ထောင် သင်္ကန်းကြီးကို ဦးဇနိတ (စိန်ဇနိ) အား လှူရန် ရည်မှန်းထားကြသည်။

ထိုစဉ်က ဦးဇနိတသည် မန္တလေးမြို့အရှေ့ဝိသုဒ္ဓါရုံတိုက်၌ သီတင်းသုံး လျက်ရှိသည်။ ဦးဇနိတသည် ဦးစက်ဖော်၏ တူအရင်းဖြစ်သည်။ အစ်ကိုဖြစ်သူ ဦးပြားကြီး၊ (ဒေါ်သဲ) တို့၏ သားဖြစ်သည်။ (ဦးဇနိတအကြောင်းကို "စိန်ဇနိ" အခန်းတွင် သီးခြားရေးပါမည်)

ဦးစက်ဖော်တို့ မိသားစုသည် သီတင်းကျွတ်လကုန်ခါနီး ခတ္တိယမှ သင်္ဘောစီး၍ ရန်ကုန်သို့ ထွက်ခဲ့ကြသည်။ ရန်ကုန်မှ မန္တလေးသို့ မီးရထားဖြင့် လိုက်ပါခဲ့ကြသည်။ ထိုအချိန်၌ ရန်ကုန်-မန္တလေးလမ်း မီးရထား ခုတ်မောင်း သည်မှာ ၂ နှစ်ခန့်သာ ရှိသေးသည်။ (၁၈၈၅ ခုနှစ်၌ ရန်ကုန်မှ တောင်ငူအထိ၊ ၁၈၈၉ ခုနှစ်၌ မန္တလေးအထိ ရထားပေါက်သည်)

ဦးစက်ဖော်တို့ မန္တလေးရောက်သောအခါ ယွန်းတန်းဒေါ်ပု၏အိမ်တွင် တည်းခိုကြသည်။ ဒေါ်ပုသည် ဦးစက်ဖော်တို့နှင့် ဆွေမျိုးနီးစပ်တော်သည်။ ဈေးချို တွင် သနပ်ဖက် ရောင်းချသည်။ စစ်ကိုင်းတောင်ရိုး ဓမ္မိကချောင် ကျောင်းအစ်မ ကြီးဖြစ်သည်။

ဦးစက်ဖော်တို့သည် အရှေ့ဝိသုဒ္ဓါရုံတိုက်သို့ သွားရောက်ကြပြီး ဦးဇနိတ နှင့် တွေ့ဆုံကြသည်။ တိစီဝရိတ်နှင့် လှူဖွယ်ဝတ္ထုများကို လှူဒါန်းကြသည်။ ထိုအခါ ဦးဇနိတ က "ဒကာကြီး ဦးပဥ္စင်းကို မလှူနဲ့၊ ဆရာတော်ကြီးရှိတယ်၊ ဒကာကြီးတို့လဲ ဆရာတော်ကြီးကို မဖူးဘူးသေးဘူး၊ ဆရာတော်ကြီးကို သင်္ကန်းနဲ့ ကန်တော့ရအောင်"ဟု အကြံပေးရာ "ကောင်းသားပဲဘုရား"ဟု ဦးစက်ဖော် တို့က သဘောတူကြ၏။

ဦးဇနိတသည် ဦးစက်ဖော်၊ ဒေါ်အိုင်တို့ကို လှူဖွယ်ဝတ္ထုများ ယူဆောင် စေ၍ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးထံ လိုက်ပို့လေသည်။ "ခတ္တိယမှ တပည့်တော် ရဲ့ ဦးလေးများပါဘုရား"ဟု လျှောက်ထားပြီးလျှင် သင်္ကန်းများကို ကပ်လှူစေ သည်။ ထိုအခါ ဆရာတော်ကြီးသည် လက်တော်ရောက် ဆက်ကပ်ထားသော ချုပ်ရိုးတစ်ထောင် သင်္ကန်းကြီးကို ကြည့်ရှုရင်း "တို့ အရင်က ဒီသင်္ကန်းမျိုး မရဖူးသေးဘူး"ဟု မိန့်တော်မူရာ ဦးစက်ဖော်၊ ဒေါ်အိုင်တို့သည် အတိုင်းထက် အလွန် ပီတိဖြစ်ကြလေသည်။

"အိမ်း သင်္ကန်းလှူပြီး ဘာဆုတောင်းသလဲ"

"ပကတိ သာဝကဆု တောင်းပါတယ်ဘုရား"

"အင်း ပကတိသာဝကဆု ဒီဘဝ မရလည်း ဒုတိယဘဝပေါ့"

ဝိသုဒ္ဓါရုံဆရာတော်ကြီးသည် ကိုယ်တော်တိုင် သင်္ကန်းရေစက် ချတော်မူ၍ ဒုတိယဘဝ ပကတိသာဝက ဆုတောင်းကို လိုက်ပြီးဆိုစေသည်။

"အဲဒီတုန်းက တပည့်တော်တို့ညီအစ်မ ကျောင်းအောက်မှာ ပန်းကောက်နေရစ်ခဲ့ကြတာ၊ ဆရာက (ဦးဇနိတက) 'ဟော့ ဟော့ လာကြ၊ သင်္ကန်း ရေစက်ချတော့မယ်' လှမ်းခေါ်မှ တက်လာခဲ့ကြတယ်၊ တပည့်တော်တို့ ရောက်သွားတော့ ဝိသုဒ္ဓါရုံဆရာတော်ဘုရားက ချုပ်ရိုးတစ်ထောင် သင်္ကန်းကြီးကို ကိုင်ဖြန့်ရင်း 'တို့အရင်က ဒီသင်္ကန်းမျိုး မရဖူးသေးဘူး' လို့ မိန့်တော်မူတယ်" ဟု ဒေါ်မာလာရီက အမှတ်တရ ပြန်လည်ပြောပြသည်။

ဦးစက်ဖော်တို့ မိသားစုနှင့် ဆွေမျိုးတစ်စုသည် မန္တလေးမြို့၌ ၅ ရက်ခန့် နေထိုင်၍ ဘုရားများကို လှည့်လည် ဖူးမြော်ကြ၏။ ထိုစဉ်က မြင်းလှည်းများ၊ ကားများ မရှိသေးသဖြင့် ဗီရိုလှည်းကြီး ၃ စီး ငှား၍ မန္တလေးတောင်သို့ သွားကြသည်။ နန်းတော်တွင်းသို့လည်း ဝင်ရောက် ကြည့်ရှုခဲ့ကြသည်။ မန္တလေးတောင်ပေါ်နှင့် ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်၊ စန္ဒာမုနိဘုရားများကို လှည့်လည်ဖူးမြော်ခဲ့ကြသည်။ အတုမရှိ ကျောင်းတော်ကြီးကိုလည်း အကောင်းပကတိအတိုင်း ကြည့်ရှု တွေ့မြင်ခဲ့ကြရသည်။

## စစ်ကိုင်းသို့ ဘုရားဖူးတစ်ခေါက်

ဦးစက်ဖော်တို့သည် မန္တလေးဘုရားများကို လှည့်လည်ဖူးမြော်ခဲ့ကြပြီးနောက် စစ်ကိုင်းဘက်သို့လည်း ဘုရားဖူးသွားရန် စီစဉ်ကြသည်။ ဦးဇနိတသည် အရှေ့ဝိသုဒ္ဓါရုံတိုက်၌ နေခဲ့သည်မှာ ၄ နှစ်ကြာပြီဖြစ်သော်လည်း စစ်ကိုင်းတောင်ရိုးသို့ တစ်ခေါက်မျှ မရောက်ဘူးသေးပေ။ သို့အတွက် အဖော်ရဟန်း ၃ ပါးနှင့်အတူ ဦးဇနိတကိုလည်း စစ်ကိုင်းသို့ ပင့်ခဲ့ကြသည်။ မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ လှေကြီးတစ်စီးငှား၍ အာလောင်ရွာသို့ ကူးခဲ့ကြသည်။ အာလောင်ရွာမှ လှည်းငှား၍ ဓမ္မိကချောင်သို့ သွားရောက်ကြသည်။ ဓမ္မိကချောင် ကျောင်းအစ်မကြီး ဒေါ်ပုကိုယ်တိုင် လိုက်ပို့၍ ဓမ္မိကချောင်၌ တည်းခိုပြီးလျှင် စစ်ကိုင်းတောင်ရိုးဘုရားများကို လှည့်လည်ဖူးမြော်ကြသည်။

ထိုစဉ်က စစ်ကိုင်းတောင်ရိုးသည် ရှင်လူ အနေ မများသေးသဖြင့် မစည်ကားလှသေးချေ။ ချောင်များလည်း ယခုကဲ့သို့ မများလှပေ။ တစ်ချောင်လျှင် တစ်ပါးစ နှစ်ပါးစ ဇကစာရီ ဒွိကစာရီ တောရမှီလျက် တရားအားထုတ်နေကြသော ဆရာတော်ကြီးများသာ ရှိသည်။ သီလရှင်များလည်း ဂူတစ်လုံးချောင်၌သာ ၁၅ ယောက်ခန့် ရှိသည်ဆို၏။

ဦးစက်ဖော်တို့သည် ဂူတစ်လုံးချောင်သို့လည်း သွားရောက်ခဲ့ကြသည်။ ဂူတစ်လုံးချောင် ဆရာကြီး ဒေါ်ဝိမလာနှင့် တွေ့သောအခါ ဒေါ်ပုက "ဆရာကြီး တပည့်တော် တူမလေးက သီလရှင်ဝတ်ချင်လို့တဲ့တုရား"ဟု မဖွားကြင် အကြောင်းကို ပြောရာ "ဩော် ဖြစ်မှာပါ၊ ဖြစ်မှာပါ၊ ရုပ်ကလေးကိုက သီလရှင်ဖြစ်မယ့် ရုပ်ပဲ" ဟု ဒေါ်ဝိမာလာက ပြောသည်။ မဖွားကြင်သည် ထိုသို့ပြောသည်ကိုပင် နှစ်သက်ကျေနပ်လျက် ပျော်ရွှင်နေလေသည်။

စစ်ကိုင်းတောင်ရိုးသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ တောင်လေ ဖြူးဖြူး တိုက်ခတ်သောအခါ မြင့်မားသော တောင်ထိပ်များမှ စေတီတော်များ၏ ဆည်းလည်းသံကို မှန်မှန်ကြားနေရတတ်ပေသည်။ တစ်ယောက်သာ သွားသာသော လှိုုမြောင်လမ်းကြားကလေးများဖြင့် တစ်တောင်မှ တစ်တောင်သို့ ဘုရားဖူး တက်ကြရသည်။ သန်း၊ ဒဟတ် စသော သစ်ပင်ကြီးများသည် ခုတ်ထစ်သူ နည်းပါးသဖြင့် ကိုင်းခက်ဝေဆာ လှပနေကြပေသည်။ ချုံပိတ်ပေါင်းများလည်း တစ်ပင့်တစ်ပင် ယှက်တင်ကာ အုပ်ဖုံးလျက် ရှိနေကြသည်။ နေ့အခါ၌ 'တက် တက်တူး ခါးခါး"ဟူသော ခါကလေးများ၏ တွန်သံသည် လွမ်းဆွတ်ဖွယ် ဖန်နေ သကဲ့သို့ နေဝင်ရီတရော မှောင်စပျိုးချိန်တွင် ကျားသစ်များ၏ မြူးထူးဟိန်း ဟောက်သံသည် စိတ်ငယ်သူများကို ကြောက်အားပိုစေလျက် ရှိပေသည်။

မဖွားကြင်တို့ ညီအစ်မသည် တစ်တောင်ဆင်း တစ်တောင်တက် ပျော်ရွှင်လျက်ရှိသည်။ လမ်းသွားရင်း တရုတ်စံကားပွင့်ကလေးတွေ အလုအယက် ကောက်ယူကြသည်။ ကလေးပီပီ ရှဉ့်ကလေးတွေ တစ်ပင့်တစ်ပင် ခုန်ကူးသည် ကိုပင် အမောတကော လိုက်ကြည့်မိကြသည်။

ဦးစက်ဖော်တို့သည် ဥမင်သုံးဆယ်ဘုရားကို ဖူးမြော်ခဲ့ကြ၍ ပုညရှင် ဘုရားဘက်သို့ လျှောက်လာခဲ့ကြသည်။ ပုညရှင်ဘုရားသို့ ရောက်သောအခါ တောင်ဘက်မုခ်ရှိ ဆင်းတုတော်ရှေ့တွင် ဘုရားရှိခိုးကြ၏။ (ထိုစဉ်က အရှေ့ဘက်၊

မြောက်ဘက်တို့မှ အာရုံခံနှင့် ဆင်းတုတော်များ မတည်ရသေးဟု ဒေါ်မာလာရီက ပြောသည်) ဘုရားရှိခိုးပြီးနောက် အရှေ့ဘက်မှ ဧရာဝတီမြစ်နှင့် အမရပူရ မန္တလေး ရှုခင်းများ၊ တောင်ဘက်မှ စစ်ကိုင်း-အင်းဝ ရှုခင်းများ၊ အနောက်မြောက်ဆီမှ ကောင်းမှုတော်ဘုရား စသော ရှုခင်းများကို လှမ်းမျှော်ကြည့်ရှုပြီး ဓမ္မိကချောင် သို့ ပြန်ခဲ့ကြသည်။

ဦးစက်ဖော်တို့သည် စစ်ကိုင်းတောင်ရိုး ဘုရားများကို လှည့်လည် ဖူးမြော်ကြပြီးနောက် ကောင်းမှုတော်ဘုရားကြီးသို့ သွားရောက်ဖူးမြော်ရန် စီစဉ် ကြသည်။ လှည်းငှား၍ ကောင်းမှုတော်ဘုရားသို့ ထွက်ခဲ့ကြသည်။ ထိုနေ့ကား တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့ဖြစ်သဖြင့် ပွဲတော်ရက်နှင့် ကြုံလျက်ရှိသည်။ ကောင်းမှုတော်ဘုရားကြီး၏ ရင်ပြင်နှင့် ပတ်ဝန်းကျင်တွင် ဘုရားပွဲလာများ ပျားပန်းခပ်မျှ ပြည့်ညပ် စည်ကားလျက်ရှိသည်။ ဘုရားတံတိုင်း၏ အပြင်ဘက် တွင် ချွတ်ထားသော လှည်းတန်းကို ခပ်လှမ်းလှမ်းကပင် မြင်နေကြရသည်။

ဦးစက်ဖော်တို့ ဘုရားရောက်သောအခါ ဘုရားရင်ပြင်ပေါ်တွင် အတီး အမှုတ် အကအခုန်များဖြင့် ပဒေသာပင် လှည့်နေသည်ကို ကြုံတွေ့ကြရသည်။ ပဒေသာပင်လှည့်နေသော အိုးစည်အဖွဲ့သားများသည် ဘုရားဖူးလာကြသော လုပျိုဖြူများကို ကြည့်၍ အလွန်ယဉ်ကျေးစွာ သံချပ်ထိုးကြသည်။

“ပန်းကုံးကြီးနဲ့ အမိရေ၊

ကိုယ်တို့မွေးမေ မာပါလေစ”

မြူးကြွသော သံချပ်သံ အတိုင်အဖောက်ကလည်း ညီလှပေသည်။ လက်ခုပ်သံ တဖြောင်းဖြောင်းကလည်း မြည်လှပေသည်။

မဖွားကြင်တို့ ညီအစ်မသည် ပဒေသာပင်လှည့်သည်ကို ငေးကြည့်နေ မိကြသည်။ လုပ်ခုပ်သံမြည်မြည် သံချပ်သံညီညီကိုလည်း နားထောင်နေမိကြ သည်။ ထိုအခါ မဖွားကြင်လေး၏ မျက်နှာတွင် ရုတ်တရက် ဒေါသရောင်သမ်း၍ နီမြန်းလာသည်။ မိခင်ကြီးကို ဒေါနဲ့ မောနဲ့ တိုင်တောလိုက်သည်။

“အမေ ... အမေ အညာသားတွေ မကောင်းဘူး၊ သိပ်ဆိုးတာပဲ၊ သီလ ရှင်ကိုစပြီး သံချပ်ထိုးနေကြတာ”

“ဟဲ့ ဟုတ်မယ် မထင်ပါဘူး”

“ဟုတ်တယ် အမေ၊ ဇန်းကုံးကြီးနဲ့ အမိရေတဲ့၊ အဲဒါ သီလရှင်တွေကို စတာပဲ”

သီလရှင်များကို စခြင်း၊ နောက်ပြောင်ခြင်းသည် သူ့ကို စခြင်း၊ နောက်ပြောင်ခြင်းကဲ့သို့ပင်ဖြစ်၍ မဖွားကြင်ကလေးသည် မခံမရပ်နိုင် ဖြစ်နေသည်။ ဆွေ့ဆွေ့ခုန် ဖြစ်နေသည်။

မဖွားကြင်ကလေး စိတ်ဆိုးမာန်ဆိုးနဲ့ တိုင်တောနေစဉ် ပဒေသာပင်လှည့်သော အဖွဲ့သည် တစ်ဖက်သို့ ရောက်သွား၏။ အတန်ကြာသောအခါ မဖွားကြင်ကလေးတို့ ရှိသည့်ဘက်သို့ တစ်ပတ်ကျော့လာပြန်သည်။ လက်ခုပ်သံမြည်မြည် သံချပ်သံညီညီကို ကြားရပြန်သည်။

"ပန်းကုံးကြီးနဲ့ အမိရေ၊

ကိုယ်တို့မွေးမေ မာပါလေစ"

သည်အကြိမ်၌ ဒေါ်အိုင်သည် သံချပ်သံကို သေချာစွာ နားထောင်၍ ပြုံးသည်။ ဆွေ့ဆွေ့ခုန်ဖြစ်နေသော သမီးကို ပြောပြသည်။

"ပန်းကုံးကြီးနဲ့အမိရေ ဆိုတာပါ ငါ့သမီးရယ်၊ သီလရှင် စတာ မဟုတ်ပါဘူး"

ထိုအခါ မဖွားကြင်ကလေးသည် မိခင်ကြီးကို တွယ်ကပ်ရင်း ရှင်ပြုံးကျေနပ်သွားကြလေသည်။ 'ပန်းကုံးကြီးနဲ့ အမိရေ' ဆိုသည်ကို 'ဖန်းကုံးကြီးနဲ့ အမိရေ' ဟု နားကြားလွဲ၍ သီလရှင် စသည် ထင်မှတ်ကာ မခံမရပ်နိုင် ဖြစ်ခဲ့မိသည်ကိုလည်း ရှက်အားပိုနေလေသည်။

## ခတ္တိယမှ သမိန်ထောသို့

၁၂၅၂ ခုနှစ် ဖြစ်သည်။

ဦးစက်ဖော်တို့ မိသားစုသည် ခတ္တိယရွာမှ ဖျာပုံမြို့နယ် သမိန်ထောရွာသို့ ရွှေ့ပြောင်းနေထိုင်ကြလေသည်။ ထိုစဉ်က သမိန်ထောရွာ၌ အိမ်ခြေငါးရာခန့်ရှိသည်။ အရောင်းအဝယ်လုပ်သူ နည်းပါး၍ လယ်လုပ်သူက များလေသည်။ ပတ်ဝန်းကျင်တွင် လယ်မြေဧကပေါင်း များစွာရှိသဖြင့် စပါးနံ့သင်း၍ ရှုခင်းသာသည့် ရွာကြီးဖြစ်သည်။

ဦးစက်ဖော်တို့သည် ယခင် တစ်နှစ်တစ်ခေါက် ရောက်စဉ်ကပင် သမိန်ထောရွာသို့ ပြောင်းနေထိုင်ရန် ဝမ်းပါးခဲ့ကြသည်။ သမိန်ထောရွာ၌ လယ်မြေပေါများ၍ ဈေးချိုသည်။ အရောင်းအဝယ် မဖြစ်သည့်တိုင် လယ်လုပ်နိုင်သည်။

လယ်မြေတွေ များများ ဝယ်ထားနိုင်သည်။ သို့ဖြစ်၍ သမိန်ထောသို့ ရွှေ့ပြောင်း နေထိုင်ရန် အတူနေ မိဘများကို တိုင်ပင်ကြည့်သည်။ မိဘများကမူ သဘော မတူကြပေ။ ခတ္တိယမှာပင် အေးအေးလူလူ ရိုးမြေကျ နေစေချင်ကြသည်။ မိမိတို့ ဆောက်လုပ်လှူဒါန်းထားသော ဇရပ်များကိုလည်း ပစ်မထားခဲ့ရက်၊ ဘုန်းတော် ကြီးများ ဆွမ်းဝတ်ကလည်း ရှိသေးသည်။ နေ့စဉ် ကျောင်းသုံးကျောင်းသို့ ဆွမ်း တစ်အုပ်စီ ပို့နေကျဖြစ်သည်။ တောရကျောင်းဘုန်းကြီး ဆွမ်းခံကြွလာတိုင်း ဟင်း ၄ ခွက် အမြဲထည့်ရသည်။ ဤ နိစ္စပါတ်ဝတ်များကိုလည်း မဖျက်ရက်၊ မဖျက်ချင်၊ သို့အတွက် "သမိန်ထောပြောင်းရင် တို့မလိုက်"ဟု ငြင်းဆန်နေကြ သည်။ မိဘများကို ပစ်ထားခဲ့ပြီး ပြောင်းရွှေ့ရန် မဖြစ်နိုင်သဖြင့် ခတ္တိယမှာပင် နေကြရသည်။

ယခုနှစ်၌မူ ဦးခူလည်း ဆုံးသွားခဲ့လေပြီ။ ဒေါ်ရှမ်းကလည်း အသက် ကြီးပြီ။ သမီးဖြစ်သူ ဒေါ်အိုင်နှင့် အတူနေဖြစ်၍ မခွဲနိုင်၊ ခွဲနေ၍လည်းမဖြစ်၊ သမိန်ထောသို့ ပြောင်းရွှေ့ရန် သဘောမတူသော်လည်း မငြင်းဆန်တော့ပေ။ "ညည်းတို့ လုပ်ပုံနဲ့တော့ ငါ့ဘုန်းကြီးတွေ ဆွမ်းငတ်ကုန်တော့မှာပဲ"ဟု ညည်း ကာ ငိုရှာသည်။

"အဘွားက ဘုန်းကြီးကျောင်းကို အမြဲ ဆွမ်းအုပ်ပို့တယ်၊ အဲဒီတုန်းက အကောင်းဆုံး ဆန်တစ်ပြည်မှ တစ်ပြားလောက် ပေးရတယ်၊ ဆီတစ်ပိဿာ ခြောက်မူး၊ တစ်ကျပ်ဖိုးဆိုရင် ငါးပုစွန် အစုံရတယ်၊ ဒါတောင် အဘွားက အကုန် အကျ များလိုက်တာဟု ညည်းတတ်သေးတယ်" ဟု ဒေါ်မာလာရီက ပြောပြသည်။

ဦးစက်ဖော်တို့သည် သမိန်ထောသို့ ပြောင်းရွှေ့ရန် အစီအစဉ် ပြုလုပ် ကြသည်။ ထိုစဉ် ဦးစက်ဖော်တို့အိမ် မီးလောင်ခံရလေသည်။ သို့နှင့် သမိန်ထော သို့ မြန်မြန် ပြောင်းဖြစ်လေသည်။ ဒေါ်ရှမ်းကမူ "ငါ မလိုက်ချင်သေးဘူး" ဆိုကာ ဆွေမျိုးများအိမ်၌ တစ်လခန့် နေရစ်ခဲ့လေသည်။

ဦးစက်ဖော်တို့သည် သမိန်ထောရွာတွင် အိမ်ဆိုင်ဖွင့်ထား၍ ဆန်၊ ဆီ၊ ဆား၊ ဆေးရိုးများကို ရောင်းချကြသည်။ လောင်းလှေကြီးဖြင့် ရန်ကုန်မှ ကုန်စုံ သယ်ယူ၍ ကုန်မျိုးစုံကိုလည်း ရောင်းချကြသည်။ အရောင်းအဝယ် ကောင်း သဖြင့် မကြာမီပင် စီးပွားတက်လာသည်။ ဦးစက်ဖော်သည် လှေဟောင်းကြီးကို ရောင်း၍ လှေအသစ်ဝယ်ပြီးလျှင် စီးပွားရေး တိုးချဲ့ရန် စီစဉ်သည်။ ထိုအခါ

ဒေါ်အိုင်က "လောဘဆိုတာ အတောမသတ်နိုင်ဘူး၊ ရလေ လိုလေပဲ၊ ဒီလောက်ဆို တော်ရောပေါ့" ဟု ဖျက်သဖြင့် လှေအသစ် မဝယ်ဖြစ်ခဲ့ပေ။ ၁၂၅၆ ခုနှစ်၌ လှေစခန်းကို လုံးဝ ဖြတ်လိုက်ကြသည်။

ထို့နောက်တွင် စပါးများကို ဝယ်ယူသိုလှောင်၍ ဈေးကောင်းရသောအခါ ရောင်းချကြသည်။ ထိုစဉ်က စပါးဈေးမှာ ကိုးဆယ်ဈေး အမြင့်ဆုံးဖြစ်သည်။ ဦးစက်ဖော်တို့သည် စပါးများကို ငါးဆယ်၊ ခြောက်ဆယ် ဈေးဖြင့် ဝယ်ယူ၍ ကိုးဆယ်ဈေး ရသောအခါ ရောင်းချကြသည်။ ထိုစဉ်က စပါး ဝယ်ယူရာ၌ တစ်တင်းစ နှစ်တင်းစ လာရောင်းသူကို ငါးဆယ်ဈေးပေး၍ တင်းပေါင်း အတော်များများ ရောင်းလာသူကိုမူ ခြောက်ဆယ်ဈေး ပေးသည်။

"အဲဒီတုန်းက အဖေတို့ ရောင်းပြီးရင် စပါးဈေးကျသွားတာများတယ်၊ အဖေတို့က နှစ်တိုင်း ဈေးကောင်းရတာချည်းပဲ၊ ဒါနဲ့ စပါးကုန်သည် တရုတ်တွေက 'ဘုရားဒကာ ကျွန်တော်တို့ စပါးလေးပါ ထည့်ရောင်းပေးစမ်းပါ' ဆိုပြီး လာလာ အပ်ကြတယ်" ဟု ဒေါ်မာလာရီက ပြောပြသည်။

ဦးစက်ဖော်တို့သည် လယ်မြေများကို တစ်စတစ်စ ဝယ်ယူလာရာ ဧက ငါးရာအထိ ပိုင်ဆိုင်လာလေသည်။ လယ်မြေဧက ငါးရာကျော်ကို လယ်လုပ်သား ကုလားကူလီများဖြင့် ထွန်ယက်စိုက်ပျိုးကြသည်။ နှစ်စဉ် စပါး လေး,ငါးထောင်ကျော် ရရှိသည်။

ဦးစက်ဖော်တို့သည် ရရှိလာသော ပစ္စည်းများကို သုံးဖြုန်း၍ ကုသိုလ်ရေး၌ မေ့လျော့နေကြသည်မဟုတ်။ မိမိတို့အတွက် အသုံးအစွဲ ချိုးခြံ၍ အနုဂါမိက ရွှေအိုးကိုလည်း မြှုပ်နှံကြလေသည်။ ၁၂၅၅ ခုနှစ်တွင် သမိန်ထောရွာ မြောက်ပိုင်းရှိ ဆုတောင်းပြည့် စေတီတော်ကြီးအနီး၌ တန်ဆောင်းကြီးတစ်ခု ဆောက်လုပ်လှူဒါန်းကြသည်။ တန်ဆောင်းကြီးကို မြန်မာအုတ်များဖြင့် တည်ဆောက်ထားရာ နံရံသည် အုတ်သုံးလျှား ထုထည်ရှိ၍ ခိုင်ခံ့လှပေသည်။ ထိုတန်ဆောင်းကြီးအတွင်း၌ ကြေးဆင်းတုနှစ်ဆူ ပူဇော်ထားသည်။ ဦးစက်ဖော်၊ ဒေါ်အိုင်တို့က တစ်ဆူ ဦးဘိုးခေါင်၊ ဒေါ်ချစ် (ဒေါ်အိုင်၏ညီမ) တို့က တစ်ဆူ ဖြစ်သည်။

မဖွားကြင်သည် ခတ္တိယ၌ ကျောင်းနေစဉ် နှစ်တန်းရခဲ့သည်။ သမိန်ထော ရောက်သောအခါ သုံးတန်းမှ စတက်ရလေသည်။ ထိုစဉ်က သမိန်ထောကျောင်းဆရာကြီးမှာ ဦးအောင်ဘန်း ဆိုသူဖြစ်၏။ သမိန်ထော အတန်းကျောင်း

၌ နံနက် ၉ နာရီအထိ ပရိတ်ကြီး အံကြရသည်။ နေ့ပိုင်းတွင် ဂဏန်းသင်္ချာနှင့် မြေပုံတို့ကို သင်ကြရသည်။ ထိုစဉ်က ကျောင်းသူကျောင်းသားတွင် ပရိတ်ကြီး ၁၁ သုတ် ကုန်သူမှာ နှစ်ယောက်သာရှိ၍ အများအားဖြင့် မင်္ဂလသုတ်လောက်သာ ကုန်ကြသည်။ ပရိတ်ကြီးကုန်သူ နှစ်ယောက်တွင် တစ်ယောက်မှာ မဖွားကြင် ဖြစ်သည်။ မဖွားကြင်ကလေးသည် ၁၂ နှစ်အရွယ်တွင် ၄ တန်းအောင်သည်။ ထို့နောက် ကျောင်းဆက်မနေတော့ပေ။

ထိုစဉ်က သမိန်ထောရွာ၌ သူကြီး မရှိသေးပေ။ ရွာခေါင်းကြီး ဦးရွှေလှ ဆိုသူက အုပ်ချုပ်သည်။ ဦးရွှေလှသည် အပြောအဆို လိမ္မာ၍ ဆက်ဆံရေး ကောင်းသူ ဖြစ်သည်။ ဦးရွှေလှသည် ရွာ၌နေစဉ် အဝတ်အစား ကောင်းမွန် သပ်ရပ်စွာ ဝတ်လေ့ရှိသော်လည်း ရုံးပြင်ကန္တား သွားသောအခါမူ ပုဆိုးဟောင်း ဝတ်ပြီး စောင်ခြုံသွားလေ့ရှိသည် ဆို၏။

## သီလရှင် ဆိုတာ

၁၂၅၇ ခုနှစ် ဖြစ်သည်။

ဦးစက်ဖော်၊ ဒေါ်အိုင်တို့သည် ဦးဆိမ့် (ဦးစက်ဖော်၏အစ်ကို)၊ ဒေါ်နှစ် တို့နှင့်အတူ စုပေါင်း အလှူပေးရန် စီစဉ်ကြသည်။ ရဟန်းခံ ရှင်ပြု၍ ဘုရား တန်ဆောင်း ရေစက်ချမည်။ သို့ရာတွင် အလှူပွဲကို ရွာမှာ မလုပ်ချင်ကြပေ။ ရွာမှာလုပ်လျှင် ပွဲထည့်ချင်ကြမည်။ ဆိုင်းငှားချင်ကြမည်။ ကုသိုလ်လုပ်ရာတွင် အကုသိုလ်မှုတွေ မရောချင်ကြပေ။

ရွှေကျင် ဆရာတော်ဘုရားကြီး ရေးသားဖြန့်ဝေခဲ့သော 'ပွဲလမ်း သဘင်၏ အပြစ်ကို ပြဆိုရာ ဒီပနီစာတမ်း' ၌ ဤသို့ မညှာမတာ ဆုံးမထား သည်ကို သတိရနေကြသည်။

"ရုပ်သေးပွဲလမ်း၊ ငှားရမ်းအလှူ ပေးသည့်လူ၊ ထိုသူ မုဆိုးကြီးပေပင်။
အခငွေယူ၊ ပွဲပြသူ၊ ထိုသူ မုဆိုးခွေးအသွင်။
ပွဲလာပွဲသွား၊ လူတလွှား ခွေးကိုကိုက်စား တောသမင်"

ဆွေမျိုးတစ်စု သိုက်သိုက်ဝန်းဝန်း အရှေ့ဝိသုဒ္ဓါရုံတိုက်၌ အပျော်အရှင် ပွဲသဘင်မပါ ခမ်းနားသိုက်မြိုက်စွာ ရဟန်းခံရှင်ပြုပွဲ ကျင်းပသည်။ ရဟန်းခံ ရှင်ပြုပွဲကို သာသနာ့အမွေခံယူသည့်ပွဲဟု ဆိုကြသည်။ သာသနာ့အမွေ ဆိုသည်

မှာ ဘုရား ကျောင်းကန်တွေ မဟုတ်ပေ။ သီလ သမာဓိ ပညာ ဟူသော အတုမဲ့ ရတနာများသာ ဖြစ်ပေသည်။ ဤ သာသနာ့ အမွေအနှစ်များသည် အဖိုးမဖြတ်နိုင်သည့်အပြင် လောကီအမွေနှင့် မနှိုင်းယှဉ်နိုင်လောက်အောင် ကြီးကျယ်ထူးမြတ်လှပေသည်။ ရဟန်းခံရှင်ပြုခြင်းဖြင့် သာသနာ့အမွေကို ခံယူရရှိသည်။ ရရှိပြီးဖြစ်သော အမွေအနှစ်ကို မပျောက်မပျက် ထိန်းသိမ်းစောင့်ရှောက်ရန်မှာ အမွေခံယူသူ၏ တာဝန်ဖြစ်ပေသည်။

ထိုအလှူပွဲ၌ ဝိသုဒ္ဓါရုံ ဓမ္မကထိက ဦးဇနိတ (စိန်ဇနိ) တရားဟောရေစက်ချသည်။ ငါးရာ့ငါးဆယ် နိပါတ်တော်မှ သောဏကဇာတ်ကို ဟောသည်။ သောဏက ပစ္စေက ဗုဒ္ဓါ အရှင်မြတ်က အလောင်းတော် အရိန္ဒမမင်းကို မမေ့မလျော့ရန် သတိပေး ဆုံးမတော်မူပုံ၊ အရိန္ဒမမင်း စည်းစိမ်ယစ်၍ မင်းအဖြစ်ကို မစွန့်နိုင်ဘဲရှိပုံ၊ ထိုအခါ သောဏက ပစ္စေက ဗုဒ္ဓါအရှင်မြတ်က ကျီးမိုက်ကို ပုံပမာပြ၍ ခပ်နာနာ ဆုံးမတော်မူပုံတို့ကို ဟောသည်။

"ဂင်္ဂါရေကြော၊ မျောသားပုပ်ရောင်၊
ဆင်သေကောင်ထက်၊ တောတောင်ကမ်းခြေ၊
တက်မနေဘဲ၊ စိတ်ပြေလက်သာ၊
စားသောက်ကာနှင့်၊ မကွာနှစ်ခြိုက်၊
လောဘတိုက်၍၊ စီးလိုက်အမြဲ၊
ပင်လယ်ထဲဝယ်၊ လှိုင်းဝဲပုတ်ရိုက်၊
သေဘေးဆိုက်သား၊ ကျီးမိုက်ကာက၊
ငှက်ဗာလသို့ ..."

**(မာဃဒေဝ၊ ပိုဒ် - ၁၁၂)**

ဦးဇနိတသည် အသံကောင်း၊ အဟောကောင်းဖြစ်၍ ပရိသတ်မှာ တရားအယဉ်တွင် နစ်မျောနေသည်။ တရားနာ ပရိသတ်ထဲမှ ၁၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် တရားနာရင်း တုန်လှုပ်ချောက်ချားနေသည်။ "ငါလည်း ဝတ်ကြောင်ဘဝမှာနေရင် ဒီကျီးမိုက်လို တစ်နေ့ သေဘေးဆိုက်ရမှာပါလား" ဟု စဉ်းစားမိ၍ ကြောက်အားပိုနေသည်။ ယခုပင် သေမင်းကြီး နောက်မှလိုက်လာသကဲ့သို့ ထင်ယောင်မိ၍ ကြက်သီးတဖြန်းဖြန်း ထနေမိသည်။ ထိုအမျိုးသမီးကလေးမှာ မဖွားကြင်လေးပင် ဖြစ်သည်။

ပစ္စေကဗုဒ္ဓါ အရှင်မြတ် တရားဟောပြီး ပြန်ကြွသွားသောအခါ သံဝေဂကြီးစွာရ၍ ရသေ့ရဟန်းပြုရန် အရိန္ဒမမင်း ဆုံးဖြတ်ချက်ချပုံကို ဆက်ဟောသည်။

အဇ္ဇေဝ ပဗ္ဗဇိဿာမိ၊
ကော ဇညာ မရဏံ သုဝေ။
မာဟံ ကာကောဝ ဒုမ္မေဓော၊
ကာမာနံ ဝသမန္နဂံ။

**အဇ္ဇေဝ**-နက်ဖြန်မရွေ့ ယနေ့၌ပင်လျှင်၊ **ပဗ္ဗဇိဿာမိ**-ကာမဝဋ်နှောင်၊ လူတို့ဘောင်မှ ခွာရှောင်သက်နှ်း၊ ဝတ်ဆင်မြန်းလျက် ရှင်ရဟန်း ပြုပေတော့အံ့၊ **အဇ္ဇ ဝါ မရဏံ**-စုတေ ပျက်ကြွေ ယနေ့သေရမည်ကိုလည်းကောင်း၊ **သုဝေ ဝါ မရဏံ**-စုတိပျက်ကြွေ နက်ဖန်သေရမည်ကိုလည်းကောင်း၊ **ကော ဇညာ**-ဘယ်သူ ပိုင်ပိုင် သိနိုင်ပါမည်နည်း၊ **အဟံ**-လူတို့သေဋ္ဌနင်း ငါ အရိန္ဒမ မင်းသည်၊ **ဒုမ္မေ ဓော**-ပညာမရှိ၊ မိုက်ခေါင်ထိသော၊ **ကာကောဝ**-ဆင်သေထက်ဝယ် မက်မော တွယ်သဖြင့် ပင်လယ်တစ်ဝိုက် သေဘေးဆိုက်သည့် ကျီးမိုက်ကြီးကဲ့သို့ **ကာမာနံ**-ငါးဖြာအာရုံ၊ ကာမဂုဏ်တို့၏၊ **ဝသံ**-အလိုသို့၊ **မာအန္နဂံ**-ဉာဏ်မြင် မလိုက်၊ လောဘတိုက်လျက် သူမိုက်ပမာ၊ မလိုက်ပါတော့အံ့။

အရိန္ဒမ မင်း၏ ဆုံးဖြတ်ချက်ကို ကြားရသောအခါ မဖွားကြင်ကလေးသည်လည်း "လူ့ဘောင်မှာတော့ ငါမနေ၊ တစ်နေ့ကျလျှင် သီလရှင် ဝတ်ဖြစ်အောင် ဝတ်မည်"ဟု ဆုံးဖြတ်ချက် ချမိလေသည်။ မိဘများကို သီလရှင်ဝတ်ချင်ကြောင်း မကြာခဏ ခွင့်တောင်းသည်။ မိဘများကလည်း သမီးကိုမခွဲနိုင်၊ သီလရှင် ဝတ်မည်ကို သဘောမတူနိုင်၊ နောက်ဆုံးတွင် သီလရှင် ဝတ်ချင်သည်ဆိုသော စကားကိုပင် မကြားလိုကြပေ။

မဖွားကြင်ကလေးတို့ တည်းခိုသည့် အိမ်ရှင် ဒေါ်ပုကမူ မဖွားကြင်ကလေးကို အားပေးသည်။ "ငါ့တူမက သီလရှင် ဝတ်ပြီး စာပုလွေလေးထမ်း စာသင်၊ ကြီးဒေါ်ပုက နောက်ကလိုက်ပြီး၊ ထမင်းချက်ကျွေးမယ်" ဟု ပြောလေ့ရှိရာ မဖွားကြင်ကလေးမှာ သဘောကျလျက် ရှိသည်။ ဒေါ်ပုမှတစ်ပါး မည်သူနှင့်မျှ စကားမပြောချင်၊ ဒေါ်ပုနှင့်မှ လေပေးဖြောင့်သည်။ သွားလည်း ဒေါ်ပုနှင့်၊ စားလည်း ဒေါ်ပုနှင့်၊ အိပ်လည်း ဒေါ်ပုနှင့် ဖြစ်နေ၏။ "ဒီကောင်မလေး ဘာဖြစ်

နေတယ် မသိဘူး၊ ဒေါ်ပုနား တကပ်တည်း ကပ်နေတော့တာပဲ”ဟု ဦးစက်ဖော်က ပြောလေသည်။

ဘကြီးဖြစ်သူ ဦးဆိပ်ဇာ်ဇနီး ဒေါ်နှစ်နှင့်မူ လေပေး မဖြောင့်ဆုံးဖြစ်သည်။ အလှူမတိုင်မီ မန္တလေးဈေးချိုတော်မှ ဈေးဝယ်၍ ဗီရိုလှည်းကြီးဖြင့် အရှေ့ ဝိသုဒ္ဓါရုံတိုက်သို့ လာသောအခါ သီလရှင်ဝတ်ချင်ကြောင်း မဖွားကြင်က ပြောပြသည်။ ထိုအခါ ဒေါ်နှစ်က “ညည်းနှယ်အေ ... သီလရှင် မဝတ်ချင်စမ်းပါနဲ့ သီလရှင်ဆိုတာ သူတောင်းစား အကြီးစားအေ့၊ တို့အမျိုးက အထက်တန်းစား သူကြီးမျိုး” ဟု ပြောသည်။ ထိုအခါ မဖွားကြင်က တရားလမ်းကြောင်းဖြင့် ရှင်းပြသည်။

“အို ... ကြီးဒေါ်ကလဲ သူတော်ကောင်းတရား အားထုတ်တယ်ဆိုတာ မျိုးရိုးနဲ့ မဆိုင်ပါဘူး၊ ဘယ်သူပဲဖြစ်ဖြစ် အားထုတ်ကောင်းပါတယ်၊ သီလရှင် ဝတ်တယ်ဆိုတာ သူတော်ကောင်းတရား အားထုတ်ခွင့်ရအောင် ဝတ်ရတာပါ”

## စစ်ကိုင်းတောင် ကြည့်၍ ငိုသူ

ရှင်ပြုရဟန်းခံပွဲကြီး ပြီးလေပြီ။

ဦးစက်ဖော်တို့သည် အညာရောက်တုန်း စစ်ကိုင်းဘက်ကူး၍ ဘုရားဖူး ကြမည်။ သံဃာ့ဒါန ဆွမ်းကြီးလည်း လောင်းကြမည်။ မန္တလေးမှ ဟင်းချက်စရာ အပြည့်အစုံ ဝယ်ခြမ်းခဲ့၍ လှေကြီးတစ်စင်းဖြင့် စစ်ကိုင်းတောင်ရိုးဘက်သို့ ကူးခဲ့ ကြသည်။ ဝါးချက်ရွာအနီးရှိ ဂူတစ်လုံးချောင်၌ တည်းခို၍ ဆွမ်းကြီးလောင်းရန် ဆွမ်းဟင်းများ စီမံ ချက်ပြုတ်ကြသည်။

ထိုစဉ်က ဂူတစ်လုံးချောင်၌ သီလရှင် ၁၅ ပါးခန့်ရှိသည်။ သီလရှင် အများဆုံးရှိသော ချောင်ဖြစ်သည်။ မဖွားကြင်သည် ၇ နှစ်အရွယ်ကပင် သီလရှင် ဝတ်ချင်စိတ် ကိန်းအောင်းလျက်ရှိရာ ဦးဇနိတ ဟောသော အရိန္ဒမမင်းအကြောင်း ကို နာရသောအခါ ပို၍ ဆန္ဒပြင်းပြလာသည်။ သီလရှင် ဝတ်ချင်ကြောင်း မိဘ များကို အတန်တန် ပူဆာခဲ့သည်။ မိဘများသည် သမီးလေးနှစ်ယောက်သာ ရှိသဖြင့် ခွင့်မပြုနိုင်ကြပေ။ “မဝတ်ချင်ပါနဲ့ ငါ့သမီးရယ်၊ သီလရှင်ဘဝဆိုတာ ခဲယဉ်းပါတယ်” စသည်ဖြင့် ပြောပြ၍ ဖျောင်းဖျထားကြသည်။

မဖွားကြင်သည် ၁၅ နှစ်အရွယ် ရှိလေပြီ။

“သီလရှင်ဝတ်ရင် အမေတို့ အဖေတို့ကို ခွင့်တောင်းကြည့်ဦးမယ်၊ အမေတို့ အဖေတို့ကသာ ခွင့်ပြုမယ်ဆိုရင် တစ်ခါတည်း သီလရှင်ဝတ်ပြီး စစ်ကိုင်း

မှာပဲ နေရစ်မယ်၊ အစ်ကိုဖြစ်သူ ဦးဇနိတလည်း မန္တလေးမှာ ရှိနေ၍ စိတ်မချစရာ မရှိ” စသည်ဖြင့် အမြဲ တွေးတောလျက်ရှိသည်။

မဖွားကြင်သည် သီလရှင်ဝတ်ရန် ဆန္ဒပြင်းပြလျက်ရှိသဖြင့် လူဝတ်ကြောင်များနှင့်ပင် အတူနေချင်စိတ် မရှိတော့ပေ။ ဂူတစ်လုံးချောင်သို့ ရောက်သောအခါ သီလရှင်များနှင့်အတူ သွားရောက်နေထိုင်လေသည်။ သီလရှင်များထံသွား၍ “ဆရာကြီးတို့၊ ဆရာလေးတို့ ဘာဟင်းများ ချက်ကြတုံးဘုရား၊ ဆရာလေးက ဘယ်အရပ်ကပါလဲ ဘုရား၊ ဘွဲ့ဘယ်လိုခေါ်ပါသလဲဘုရား” စသည်ဖြင့် အသိလုပ်သည်၊ မိတ်ဖွဲ့သည်။ မဖွားကြင်သည် တစ်နေကုန် ဇရပ်ပေါ်တွင် သီလရှင်များနှင့် စကားပြောနေသည်။ သီလရှင်ဝတ်ချင်ကြောင်း၊ စစ်ကိုင်းနေမည် စိတ်ကူးကြောင်း စသည် ပြောသည်။

အချိန်ကား နေဝင်ရီတရောဖြစ်၏။ ဂူတစ်လုံးချောင်၌ တောင်ရိပ်ကြောင့် နေမဝင်မီကပင် မှောင်စပျိုးလာသည်။ ဦးစက်ဖော်သည် သမီးကို တစ်နေကုန် မမြင်သဖြင့် စိုးရိမ်စိတ် ဝင်လာသည်။ “ဘယ်များသွားပါလိမ့်၊ တောင်ပေါ် လျှောက်လည်နေလို့ မျက်စိများ လည်နေရော့သလား” စသည် တွေးတောကာ ပူပန်ကြောင့်ကြလာသည်။ “ဟေ့ ဘိုးရင်၊ ကောင်မလေး ဘယ်သွားနေလဲ၊ တစ်နေကုန် မမြင်ပါလား၊ လိုက်ရှာစမ်း” ဟု တူဖြစ်သူ မောင်ဘိုးရင်ကို အရှာခိုင်းသည်။ “ဟုတ်ကဲ့ ဦးလေး” ဟု ဆိုကာ မောင်ဘိုးရင်သည် ဂူတစ်လုံးချောင်အတွင်း လိုက်ရှာသည်။ ဇရပ်ပေါ်တွင် သီလရှင်များနှင့် စကားကောင်းနေသော မဖွားကြင်ကို မြင်၍ “ဟေ့ မယ်သီလလောင်း၊ နင့်မတွေ့လို့ ဦးလေးက လိုက်ရှာခိုင်းတာ လာဦး” ဟု လှမ်းခေါ်သည်။

ထိုအခိုက် ဦးစက်ဖော်ကိုယ်တိုင် လိုက်ရှာရင်း အနီးသို့ ရောက်လာသည်။ ဦးစက်ဖော်သည် သမီးကို မြင်သောအခါ တစ်နေကုန် လူကြီးတွေနဲ့ ခွဲနေရပါမည်လောဟု ပူပန်စိတ်တွင် ဒေါသဝင်လာသည်။

“ဟဲ့ ကောင်မလေး၊ နင် ဒီလာပြီး ဘာလုပ်နေရတာလဲ၊ တစ်ခါလာ ဒီမယ်သီလစကား ပြောနေတာပဲ၊ မယ်သီလတွေနဲ့ ရောရောနှောနှော ဘာလုပ်နေရတာလဲ၊ သွား”

မဖွားကြင်သည် သီလရှင်များရှေ့တွင် အဆူခံရသဖြင့် ရှက်သည်။ သီလရှင်များကိုလည်း အားတုံ့အားနာဖြစ်သည်။ ဖခင်ကြီးက ဘယ်အခါမျှ

ဤကဲ့သို့ မဆူပူဘူးဘဲ ဆူပူသဖြင့် ဝမ်းနည်းလျက် မျက်ရည်တွေ ကျလာသည်။ ဘာမှ ပြန်မပြောနိုင်ဘဲ ထိုင်ပြီး ငိုနေလိုက်မိသည်။

ဦးစက်ဖော်သည် သမီးကို ချစ်သည်။ မခွဲနိုင်၊ မခွဲရက်၊ သို့အတွက် သီလရှင် မဝတ်စေချင်။ သီလရှင်စိတ် ပါနေမည်ကိုပင် စိုးရိမ်သည့်အတွက် သီလရှင်များနှင့် အတူမနေစေချင်။ သီလရှင်များနှင့် အတူနေဖန်များလျှင် "နီပါး မဲစော်နံ" မှာ စိုးရှာသည်။ "ဒီကောင်မလေးနဲ့တော့ ဒီမှာနေလို့မဖြစ်ဘူး၊ သီလရှင် စကားပြောနေတာပဲ" ဟု ဆိုကာ သီလရှင် မရှိသော ဓမ္မိကချောင်သို့ ချက်ချင်း ပြောင်းသည်။

နောက်တစ်ရက် အရုဏ်တက်လုလေပြီ။

တောကြက်တို့၏ တွန်သံသည် နံနက်ခင်းကို ကြိုလင့်နေသည်။ ဦးစက်ဖော်တို့သည် သံဃာ့ဒါန ဆွမ်းလောင်းရန် ပြင်ဆင်နေကြသည်။ အရှေ့က ရောင်နီလာပြီ။ အရုဏ်တက်သည်နှင့် တစ်ပြိုင်နက် ဘုရားဆွမ်းတော်ကပ်၍ သံဃာ့ဒါန ဆွမ်းတော်ကြီးလောင်းကြသည်။ ထို့နောက် စစ်ကိုင်းတောင်ရိုးမှ ဘုရားများကို လှည့်လည်ဖူးမြော်ခဲ့ကြပြီး မန္တလေးသို့ ကူးကြသည်။ မန္တလေး ဂေါဝိန်ဆိပ်ကမ်းမှ သင်္ဘောစီး၍ အောက်ပြည် ပြန်ခဲ့ကြသည်။

ဧရာဝတီ သင်္ဘောကြီးသည် ဂေါဝိန်ဆိပ်ကမ်းမှခွာ၍ စစ်ကိုင်းတောင်ရိုးဆီသို့ ကွေ့လည် ခုတ်မောင်း လာသည်။ သင်္ဘောပေါ်မှ လှမ်း၍မြင်ရသော စစ်ကိုင်းတောင် ရှုခင်းသည် အလွန်တရာ လှပေသည်။ တသွင်သွင် စီးဆင်းနေသော မြစ်မင်းဧရာထက်တွင် စစ်ကိုင်းတောင်ကြီးသည် ရွရွသွားနေသည် ထင်ရ၏။ ဆွတ်ဆွတ်ဖြူလွ အလွန်သပ္ပာယ်လှသော စေတီပုထိုးများသည် စိမ်းညို့ညို့ တောင်တန်းမှ ပျံကြွတော့မည့်အဟန် ရှိနေသည်။

မဖွားကြင်သည် သင်္ဘောပေါ်မှ စစ်ကိုင်းတောင်တန်းကြီးကို လှမ်းကြည့်ရင်း ဝမ်းနည်းလာသည်။ "ငါတော့ စစ်ကိုင်းတောင်ရိုး နေရတော့မှာ မဟုတ်ဘူး" ဟု တွေးတော အားငယ်နေသည်။ ဂူတစ်လုံးချောင်ကို လှမ်းကြည့်မိပြန်သည်။ တစ်နေ့က အဖြစ်အပျက်ကို သတိရ၍ မျက်ရည်ဝိုင်းလာသည်။ စေတီပုထိုးများ၊ ကျောင်းကန်များဖြင့် အလွန်လှပသော စစ်ကိုင်းတောင်ကြီးသည် ဝမ်းနည်းနေသော မဖွားကြင်ကလေးအဖို့ 'ငိုချင်ရက် လက်တို့' ဖြစ်နေပေသည်။

မဖွားကြင်သည် စစ်ကိုင်းတောင်ကြီးကို ကြည့်၍ တရှုပ်ရှုပ် ငိုယိုလျက်ရှိသည်။ ထိုအခါ အဒေါ်နှင့် အစ်မဝမ်းကွဲဖြစ်သူတို့က "ဟော ဒီကောင်မ

လေး သီလရှင်ဖြစ်မှာ သေချာတယ်တော့၊ ကြည့်ပါလား၊ ဟိုမယ် စစ်ကိုင်းတောင်ကြီးကို ကြည့်ပြီး ငိုနေတယ်လေ”ဟု မကြားတကြား ပြော၍ ထင်မြင်ချက်ပေးနေကြလေသည်။ မဖွားကြင်သည် ရွာသစ်ကြီးရောက်သည်အထိ ငိုယိုနေပြီး ထမင်းတစ်နပ် မစားဘဲ နေလေသည်။

## ပါရမီရှင်မလေး

“ဃရာဝါသ၊ သမ္ဗာဓော၊
ဒုက္ခဆိုးတောင်း၊ ကျဉ်းမြောင်းပွေလီ၊
တအီအီလျှင်၊ ကသီလင်တ၊
လောင်မီးကျသို့၊ နွေ့ညပူဆာ၊
လွန်ကြီးစွာခဲ့၊ ယထာဘုတ်ဉာဏ်၊
ဟုတ်မှန်အတိုင်း၊ ဇေကန်ထိထိ၊
ရှုမြင်မိက၊ မချိထန်ပြင်း၊
ထိတ်လန့်ခြင်းသည်၊ ငြီးပျင်းကြည် မသာတကား”

**(မဃဒေဝ၊ ပိုဒ်-၁၁၂)**

နုနယ်ပြေပြစ် ၁၆ နှစ်အရွယ်။

သည်အရွယ်နှင့် သည်စိတ်ကား မည်သို့မျှ မအပ်စပ်၊ သို့ရာတွင် ပါရမီရှင်ဖြစ်မှု ထူးခြားစွာ ဖြစ်ပေါ်လာတတ်ပေသည်။ မဖွားကြင်ကလေးသည် ပါရမီဓာတ်ခံ ရင့်သန်နေသူ ဖြစ်ဟန်ရှိသည်။ ဝတ်ကြောင်ဘဝတွင် မပျော်ရွှင်၊ စိတ်လည်း မဝင်စား၊ သီလရှင်ဘဝကိုသာ မှန်းထားလျက်ရှိသည်။

မဖွားကြင်သည် ငယ်ရွယ်သူပင် ဖြစ်လင့်ကစား ပျော်ပွဲရွှင်ပွဲများကို ဖြတ်ထားခဲ့လေသည်။ ပွဲကြိုက်သူများသည် “ကြည့်တတ်လျှင် ဘာဝနာ”ဟု ဆိုပြီး ပျော်ပွဲရွှင်ပွဲများကို မရှောင်လွှဲနိုင်ဘဲ ရှိကြပေသည်။ မဖွားကြင်ကမူ “ပွဲကြည့်ရင် ငရဲကြီးသည်”ဟု သိပြီးသောအခါမှစ၍ ပွဲဟူသမျှကို ရှောင်ကြဉ်ခဲ့လေသည်။ သူငယ်ချင်းများက ပွဲကြည့်ရန် လာခေါ်သောအခါလည်း ငြင်းပယ်ခဲ့သည်။ “ဒီကောင်မ စိတ်ကြီးဝင်နေတာပါအေ၊ ခေါ်မနေစမ်းပါနဲ့” ဟု သူငယ်ချင်းများက စောင်းမြောင်းပြစ်တင်သည်ကို ခံခဲ့ရလေသည်။ မည်သို့ပင် စောင်းမြောင်း

ပြစ်တင်ကြစေ၊ မဖွားကြင်ကမူ ဧရာကြီးမည့်အလုပ်ကို တတ်နိုင်သမျှ ရှောင်ကြဉ်ခဲ့ပေသည်။

မဖွားကြင်သည် လူ့ဘောင် လူ့ဘဝကို ဉာဏ်မီသလောက် စဉ်းစားကြည့်၏။ လူ့ဘောင် လူ့ဘဝ၏ ကျဉ်းမြောင်းကျပ်တည်းပုံ ကသီလင်တရှိပုံ၊ ပူစရာပင်စရာတွေ များပြားလှပုံကို တွေ့မြင်၍ သံဝေဂ ဖြစ်မိသည်။ ထိတ်လန့်တုန်လှုပ်မိသည်။ လူ့လောကတွင် မကြာခဏ သံဝေဂဖြစ်ဖွယ်များ ကြုံရတတ်ပေသည်။ သို့ရာတွင် ကြုံတွေ့ရသူတိုင်းမှာ သံဝေဂ မဖြစ်မိကြပေ။ အနည်းငယ်သော ပါရမီရှင်များသာ သံဝေဂ ဖြစ်မိကြပေသည်။

သမိန်ထောရွာမှ အသုဘတစ်ခုကို လိုက်ပို့ကြသည်။ အသုဘပို့သူများတွင် မဖွားကြင် ပါလာသည်။ မဖွားကြင်သည် အသုဘပို့ရင်း သံဝေဂ ကြီးစွာဖြစ်နေသည်။ "ငါလည်း တစ်နေ့ကျရင် သူ့လို သေရဦးမှာပါလား" ဟု နှလုံးသွင်း၍ တုန်လှုပ်နေသည်။ မရွှင်စိတ်လက် အလွန်ပင် မျက်နှာပျက်နေသည်။ မဖွားကြင်အကြောင်းကို သိထားသော အဒေါ်ကြီးအချို့က "ဟော ဒီကောင်မလေး အသုဘပို့ရင် သိပ်မျက်နှာပျက်တာပဲ၊ သီလရှင်ဖြစ်မှာ သေချာတယ်"ဟု မှတ်ချက်ချကြလေသည်။ မဖွားကြင်သည် အသုဘပို့ပြီးနောက်လည်း သေခြင်းတရားကို မေ့၍မထား၊ စပ်မိတိုင်း ပြော၍ နေတတ်ပေသည်။ တစ်ခါက ထမင်းဝိုင်းတွင် သေခြင်းတရားနှင့် စပ်၍ ပြောမိသည်။ ထိုအခါ ဦးလေးဖြစ်သူက ဆူပူအော်ငေါက်သည်။

"နင့်နှယ်ဟာ၊ တစ်ခါလာ ဒီ မသာစကား ပြောနေတာပဲ၊ ကျက်သရေကို မရှိဘူး၊ ထမင်းစားတုန်း မပြောစမ်းနဲ့ဟာ"

"အို ဦးလေးကလည်း သံဝေဂဆိုတာ ဘယ်အချိန်ပဲဖြစ်ဖြစ် ယူရတာပေါ့၊ ထမင်းစားရင်းလည်း ယူကောင်းတာပဲ"

"နင့်ဘာသာ နင် သံဝေဂယူ၊ တို့ လာမပြောနဲ့၊ နားငြီးတယ်"

## အဘိဓမ္မာ သင်စ

၁၂၅၈ ခုနှစ်ဖြစ်သည်။

အသက် ၅၀ ခန့်ရှိ ဘိုးသူတော်ကြီးတစ်ယောက်နှင့်အတူ ကျောက်တန်းမြို့ပန်းချောင်းရွာမှ ဘုန်းတော်ကြီးတစ်ပါးသည် သမိန်ထောရွာသို့ ကြွလာသည်။

ဘုန်းတော်ကြီး၏ ဘွဲ့တော်မှာ ဦးပုညဖြစ်၍ ဘုန်းတော်ကြီး ဦးသီလနှင့် သက်တူ ရွယ်တူ ဖြစ်သည်ဆို၏။ ထိုဘုန်းတော်ကြီးသည် အဘိဓမ္မာ ပြန့်ပွားရေးကို စွမ်းနိုင်သမျှ ဆောင်ရွက်လျက် အဘိဓမ္မာ သင်လိုသူများရှိရာ အရပ်ဒေသ၌သာ သီတင်း သုံးလေ့ရှိသည် ဆို၏။

သမိန်ထောရွာသို့ ရောက်သောအခါ ဦးစံထွန်းဆိုသူနှင့်တွေ့၍ ဦးစံထွန်း က သမိန်ထောရွာ၌ သီတင်းသုံးရန် လျှောက်ထားပြီးနောက် ထိုအကြောင်းကို ဦးစက်ဖော်ထံ လာရောက်တိုင်ပင်သည်။

"ဘုရားဒကာရေ ဘုန်းတော်ကြီးတစ်ပါး ကြွလာလို့ ကျုပ်က ပင့်တော့ အဘိဓမ္မာသင်မယ့်သူရှိရင် နေမယ် အမိန့်ရှိတယ်၊ အဘိဓမ္မာသင်ချင်တဲ့သူတွေ စုပြီး ဘုန်းကြီးကို ပင့်ထားရရင် မကောင်းဘူးလား"

"ဟာ ကောင်းပါတယ်၊ ပင့်ပါ ပင့်ပါ၊ ကျုပ်တို့လည်း အဘိဓမ္မာ သင်ရ တာပေါ့ဗျာ"

ဦးစံထွန်းသည် သမိန်ထော ရွာသူရွာသားများနှင့် တိုင်ပင်၍ ဘုန်းတော် ကြီးကို သမိန်ထောရွာ၌ အမြဲ သီတင်းသုံးရန် ပင့်လျှောက်သည်။ သမိန်ထောရွာ တောင်ပိုင်း၌ ကျောင်းနေရာ ရွေးချယ်၍ ဦးစံထွန်း၊ ဒေါ်ညိမ်းတို့က ကျောင်း တစ်ဆောင်၊ ဒေါ်ရင်က ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြသည်။ ဦးစက်၊ ဒေါ်အိုင်တို့က ရေကန်တူးကြသည်။

ဘုန်းတော်ကြီးသည် သမိန်ထောရွာ တောင်ကျောင်း၌ သီတင်းသုံး တော်မူသည်။ ထိုအခါမှစ၍ "တောကျောင်းဘုန်းကြီး" ဟု တွင်သည်။ ကျောင်း ဒကာ ဦးစံထွန်းနှင့် ဦးစက်ဖော်တို့ ဦးဆောင်သော ဒကာကြီး လေး ငါး ရှစ်ယောက် ဘုန်းတော်ကြီးထံ အဘိဓမ္မာ သင်ကြသည်။ သင်္ဂြိုဟ် သရုပ်ခွဲကြသည်။ ဘုန်းတော် ကြီးနောက်မှ ပါလာသော ဦးသူတော်ကြီးသည် သင်္ဂြိုဟ်သရုပ် အလွန်ကျေသူ ဖြစ်သည်။ သင်္ဂြိုဟ် သရုပ်ခွဲရာ၌ ဦးသူတော်ကြီးက ကူညီ သင်ပြပေးသည်။

သမိန်ထောရွာ ဥပုသ်ဇရပ်၌ ပရမတ်သံ ဓာတ်သံ ကြားရလေပြီ။ စိတ် တစ်ခု ယုတ်ကိုးဆယ်၊ အကျယ် တရာ့နှစ်ဆယ့်တစ်ကို ရေတွက်တတ်ကြလေပြီ။ လောဘမူ စိတ် ၈ ခုမှာ ယှဉ်သော စေတသိက်က မည်မျှ၊ မယှဉ်သော စေတသိက် က မည်မျှ စသည် မေးကြ ဖြေကြသည်။ အကုသိုလ် ၁၂ ပါးသည် ဘာဝေဒနာ၊ ဘာဟိတ်၊ ဘာကိစ္စ စသည် သိကြလေပြီ။

ထိုအချိန်၌ မဖွားကြင်သည် ၁၆ နှစ်အရွယ် ရှိလေပြီ။ ၁၃ နှစ် အရွယ်မှ စ၍ ကျောင်းမနေတော့ဘဲ မိခင်ကြီးနှင့်အတူ အိမ်မှုကိစ္စများကို ကူညီလုပ်ကိုင်နေသည်။ လူကြီးတွေ အဘိဓမ္မာသင်၍ ပရမတ်စကား ပြောသောအခါ မဖွားကြင်သည် အဘိဓမ္မာသင်ရန် စိတ်ဝင်စားလာသည်။ အဘိဓမ္မာသင်ချင်ကြောင်းကို မိခင်ကြီးအား ပြောပြသည်။ မိခင်ကြီးသည် သမီးလေး အဘိဓမ္မာသင်ရေးအတွက် ဦးသူတော်ကြီးကို စုံစမ်းကြည့်သည်။

"ဦးသူတော် ကျွန်မသမီးလေးက အဘိဓမ္မာ သင်ချင်လို့တဲ့၊ ဦးသူတော် အိမ်ကြွပြီး သင်ပေးနိုင်မလား"

"ဩော် ... သင်ပေးနိုင်ပါတယ်၊ သင်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ ကျုပ် ဘုန်းကြီးကို လျှောက်ကြည့်ဦးမယ်"

ဦးသူတော်ကြီးသည် ဘုန်းကြီးထံမှ ခွင့်ပြုချက်အရ မဖွားကြင်ကို အဘိဓမ္မာ သင်ပေးသည်။ မဖွားရှင်အပြင် ညီမဝမ်းကွဲတော်သူ တစ်ယောက်လည်း မဖွားကြင်နှင့်အတူ သင်သည်။ မဖွားကြင်သည် တတ်သိ နားလည်ချင်စိတ်ရှိသူပီပီ ကြိုးကြိုးစားစား သင်သည်။ မဖွားရှင်ကား ငယ်ရွယ်သူဖြစ်၍ ခပ်ပေါ့ပေါ့ပင် နေသည်။ သင်္ဂြိုဟ်ပါဠိကျက် အနက်တက်၍ သရုပ်ခွဲသည်။ သရုပ်ခွဲရာ၌ စိတ်ပိုင်း ကာမာဝစရစိတ် အထိသာ ရောက်ခဲ့လေသည်။

နောက်တွင် ဘုန်းတော်ကြီးထံ မဖွားကြင်တို့ အဘိဓမ္မာ သင်ကြရ၏။ ဘုန်းတော်ကြီးက စိတ်ပိုင်းမှစ၍ ပါဠိ ချပေးသည်။

"ဆိုစမ်းဟဲ့ ... သမ္မာသမ္ဗုဒ္ဓ မတုလံ"

မဖွားကြင်က -

"သမ္မာ သမ္ဗုဒ္ဓ မတုလံ၊

သ သဒ္ဓမ္မ ဂဏုတ္တ မံ၊

အဘိဝါဒိယ ဘာသိဿံ၊

အဘိဓမ္မတ္ထသင်္ဂဟံ" ဟု တစ်ဂါထာ ဆုံးသည်အထိ ဆက်ဆိုလိုက်သည်။

"ဟဲ့ ... ငါမှ မချရသေးဘူး၊ နင်က ဆိုနှင့်ပလား"

"တပည့်တော် သင်္ဂြိုဟ် ၂ ပိုင်း ကုန်ပြီးသား ဘုရား"

"ဒါဖြင့် ပရမတ္ထတရား ၄ ပါးကော ရေတွက်တတ်ရဲ့လား"

"မှန်ပါ့၊ ရေတွက်တတ်ပါတယ် ဘုရား"
"အံမယ် နင့် ဘယ်သူ သင်ပေးသလဲ"
"ဦးသူတော်ကြီး သင်ပေးပါတယ် ဘုရား"
"အေး ... အေး၊ နင်က တယ်တော်တဲ့ မိန်းကလေးပဲ"

https://thitsarparami.org

အခန်း (၂)

# သီလရှင်ပညာသင်ဘဝ

## ဆရာလေး မမာလာရီ

၁၂၅၉ ခုနှစ် ဖြစ်သည်။

ရန်ကုန်မြို့ ဗဟန်းရပ်မှ သီလရှင်ဆရာ ၅ ပါး သမိန်ထောရွာသို့ ရောက်ရှိလာကြ၏။ ဒေါ်တိဿာ၊ ဒေါ်စာရဝတီ၊ ဒေါ်မေဓာဝီ၊ ဒေါ်နန္ဒာရီနှင့် ဒေါ်ပုဏ္ဏာမိတို့ ဖြစ်သည်။ သီလရှင် ဆရာများသည် အသက် ၃၀ ဝန်းကျင် အရွယ်များဖြစ်၍ တောင်ကျောင်းဘုန်းကြီးထံ အဘိဓမ္မာ သင်လိုသဖြင့် လာရောက်ကြခြင်းဖြစ်သည်။ ထိုစဉ်က သီလရှင်များမှာ မိန်းမသားဖြစ်၍ ပညာသင်ယူရေးအတွက် ခက်ခဲလျက် ရှိကြပေသည်။ သီလရှင် ပညာတတ်များ ရှားပါးနေသဖြင့် ဘုန်းတော်ကြီးများကိုသာ အားကိုးအားထား ပြုနေကြရသည်။ သို့ပင် အားကိုးအားထား ပြုနေကြရသော်လည်း ဘုန်းတော်ကြီး အများစုက ဝိသဘာဂဖြစ်၍ သီလရှင်များကို စာသင်မပေးလိုကြပေ။ အနည်းငယ်သော ဘုန်းကြီးများက စာသင်ပေးကြသဖြင့်သာ သီလရှင် ပညာတတ်များ တစ်စတစ်စ ထွန်းကားလာခဲ့ရပေသည်။ ယနေ့ခေတ်တွင်မူ သီလရှင် စာသင်တိုက်ကြီးတွေ တခမ်းတနား ပေါ်နေပြီဖြစ်၍ ပညာသင်ကြားရေးတွင် အခက်အခဲ မရှိတော့ပေ။ ပထမကျော် ဓမ္မာစရိယ သီလရှင် အများအပြားပင် ပေါ်ထွက်လျက်ရှိပေပြီ။

ဒေါ်တိဿာတို့ သမိန်ထောရွာသို့ ရောက်လာကြသောအခါ တောင်ကျောင်း အနီးရှိ ၄ ခန်း၊ ၂ ခန်း ဘုံဇရပ်ကြီးတွင် တည်းခို နေထိုင်ကြရသည်။ ဦးစက်ဖော်၊

ဒေါ်အိုင်တို့က သီလရှင်ဆရာကလေးတွေ နေထိုင်ရန် ဇရပ်ကြီးတွင် အဆောင် တစ်ဆောင်ထုတ်၍ လုံလုံခြုံခြုံ ကာပေးထားသည်။ ဇရပ်အမိုးကိုလည်း ကောင်းမွန် သပ်ရပ်စွာ ပြင်ဆင် မိုးပေးကြသည်။

မဖွားကြင်သည် သီလရှင်များ ရောက်လာ၍ တအားတက်နေသည်။ "ငါ သီလရှင်ဝတ်ပြီး ဒေါ်တိဏ္ဏာတို့နဲ့ အတူနေမယ်"ဟု စိတ်ကူးကြံစည်လျက် ရှိသည်။ မိဘများကိုလည်း သီလရှင်ဝတ်ခွင့်ပြုရန် ပြောကြည့်ပြန်သည်။ "မဝတ် ချင်ပါနဲ့ ငါ့သမီးရယ်"ဟု ဖျက်ကြပြန်သည်။ ထိုအခါ မဖွားကြင်သည် အိမ်မှာ မနေတော့မူ၍ သီလရှင်များထံ သွားရောက် နေထိုင်လေသည်။ ဆယ်ပါးသီလ ခံယူပြီးလျှင် သီလရှင်တစ်ပါးကဲ့သို့ပင် နေထိုင်လေ၏။ ထိုတစ်ခါ သမိန်ထောရွာ ဦးဘိုးသက်က "ဟောဒီ မယ်သီလတွေ လာတာ ဒီကောင်မလေး မယ်သီလ လုပ်တော့မှာပဲ" ဟု ပြောဆိုဝေဖန်လေသည်။

ထိုစဉ် ဦးဇနိတ (စိန်ဇနိ) သည် ကျိုက်လတ်သို့ တရားဟော ကြွလာ သည်။ ဦးစက်ဖော်၊ ဒေါ်အိုင်တို့သည် ကျိုက်လတ်သို့ သွား၍ ဦးဇနိတကို ကန်တော့ကြသည်။ ဦးဇနိတနှင့် စပ်မိစပ်ရာ ပြောဆိုရင်း မဖွားကြင်အကြောင်း ရောက်သွားသည်။ ထိုအခါ ဦးဇနိတ က ဒေါ်အိုင်ကို ပြောသည်။

"ဒကာမကြီး၊ သူ သီလရှင်ဝတ်ချင် ဝတ်ပါစေ၊ သူ့ပါရမီနှင့် သူပဲ၊ ကိုယ် က တိုက်တွန်းလို့လည်း ဖြစ်ချင်မှဖြစ်တာ၊ ဒကာမကြီးတို့က ခွင့်မပြုရင် သူ့ပါရမီ ကို ဖျက်ဆီးရာ ရောက်လိမ့်မယ်၊ သူရမယ့် ကုသိုလ်ကို အန္တရာယ်ပြုရာ ရောက် လိမ့်မယ်"

ဒေါ်အိုင်သည် ဦးဇနိတက ဟောပြောသောအခါ သမီးအတွက် သဘောထားပြောင်းသွားသည်။ "ဒကာမကြီးတို့ ခွင့်မပြုရင် သူ့ပါရမီကို ဖျက်ဆီး ရာရောက်လိမ့်မယ်"ဟူသော ဦးဇနိတ၏ သတိပေးစကားသံသည် ပဲ့တင်ထပ်နေ သည်။

ထိုနှစ် တော်သလင်းလဆန်း ၁၃ ရက်နေ့တွင် သမိန်ထောရွာ တောင် ကျောင်း ဘုံဇရပ်ကြီး၌ မုန့်ဟင်းခါးများ ချက်ပြုတ်နေကြသည်။ မဖွားကြင်၏ သီလရှင်ဝတ်ပွဲတွင် မုန့်ဟင်းခါး ကျွေးမွေးလှူဒါန်းမည်ဖြစ်သည်။ မဖွားကြင် သည် သီလရှင် ဝတ်ရတော့မည်ဖြစ်၍ အတိုင်းမသိ ပီတိဖြစ်လျက်ရှိသည်။ ဒေါ်စာရဝတီက ဆံပင်ကို ကတ်ကြေးဖြင့်ဖြတ်၍ ခေါင်းရိတ်ပေးသည်။ ဒေါ်တိဏ္ဏာ က သီလရှင်အဝတ်များကို ဝတ်ဆင်ပေးသည်။

“ရော့ ဒါက ခါးဝတ်”

ဝတ်ကြောင် ထဘီကိုလဲ၍ မြေနီဆိုးထားသော ထဘီကို ဝတ်သည်။

“ရော့ အင်္ကျီ၊ ရော့ကိုက်၊ ဒီလိုဝတ်၊ ဟောဒါက ကိုယ်ရုံ၊ ဒါက ခေါင်းတင်”

မဖွားကြင်သည် သီလရှင် အဝတ်များကို ဝတ်ဆင်ပြီးနောက် တောင်ကျောင်းဘုန်းကြီးထံ ၁၀ ပါးသီလ ဆောက်တည်သည်။ အမြတ်နိုးဆုံး အခုံမင်ဆုံး ဖြစ်သော သီလရှင်ဘဝကို ပီပီပြင်ပြင် ရရှိခဲ့ပြီဖြစ်၍ မဖွားကြင်မှာ ကြည်နူးမဆုံး ဖြစ်လျက် ရှိသည်။

“ကြာသပတေး သမီးဆိုတော့ မမာလာရီပေါ့”

ဒေါ်တိတ္တာက သီလရှင်ဘွဲ့ကို ရွေးချယ်၍ ပေးသည်။

ထိုနှစ် တပို့တွဲလ ဖြစ်သည်။

မဖွားရှင်သည် “မမနဲ့ မခွဲနိုင်” ဆိုကာ မမာလာရီတို့ထံ လိုက်လာပြီး သီလရှင်ဝတ်မည်ဟု ဇွတ်တရွတ် ပေကတ်နေသည်။ ထိုအခါ မမာလာရီက အကျိုးသင့် အကြောင်းသင့် ချော့မော့ ပြောရသည်။

“ညီမလေး မဝတ်ချင်ပါနဲ့၊ အမေတစ်ယောက်တည်း မဖြစ်ပါဘူးကွယ်၊ အမေ့ ငဲ့ပါဦးနော်”

“အို ... မမကတော့ ဝတ်ပြီး ကျွန်မတော့ မဝတ်ရဘူးလား၊ မမကတော့ နိဗ္ဗာန်ရောက်လို့၊ ကျွန်မကတော့ ငရဲခံပေါ့လေ”

မဖွားရှင်သည် ဆိုးဆိုးဆတ်ဆတ်နိုင်သူပီပီ ဘူးဆိုရင် ဖရုံမသီးချင်၊ “ဝတ်မယ်ဆို ဝတ်မှာပဲ”ဟု ဇွတ်ရွတ်ပြောသည်။ မိခင်ကြီးသည် “ဒကာမကြီးတို့က ခွင့်မပြုရင် သူ့ပါရမီကို ဖျက်ဆီးရာရောက်လိမ့်မယ်” ဟူသော ဦးဇနိတ၏ သတိပေးသံမှာ နှလုံးသားတွင် ပဲ့တင်ထပ်နေဆဲဖြစ်၍ မတားမြစ်ချင်၊ သူ့ဆန္ဒအတိုင်း ဝတ်ချင်ဝတ်ပါစေဟု ခွင့်ပြုလိုက်၏။ မဖွားရှင်သည် ၁၅ နှစ်အရွယ် သီလရှင် ဖြစ်ခဲ့လေသည်။ သီလရှင်ဘွဲ့မှာ “မသုဓမ္မစာရီ” ဖြစ်သည်။

မမာလာရီ၊ မသုဓမ္မစာရီ ညီအစ်မ နှစ်ဦးတို့သည် အတူနေထိုင်၍ စာပေများကို သင်ယူကြသည်။ ဒေါ်တိတ္တာတို့သည် ဘုန်းတော်ကြီးထံ ငွေကာကျော် တက်ကြသည်။ သီလရှင်များအား သီးသန့် စာပေပို့ချနိုင်ရန် ဇရပ်အနီးတွင် သီလရှင် စာချကျောင်းတစ်ဆောင်ကို ဦးစက်ဖော်၊ ဒေါ်အိုင်တို့က ဆောက်လုပ်

လှူဒါန်းထားကြပေသည်။ ဘုန်းတော်ကြီးသည် ထို စာချကျောင်းသို့ ကြွလာ၍ သီလရှင်များအား နေ့စဉ် စာပေပို့ချပေးသည်။ မမာလာရီတို့ ညီအစ်မသည် သဒ္ဒါ သင်္ဂြိုဟ်မှစ၍ ဝိထိလက်ရိုး သုံးချက်စု စသော ကျမ်းဂန်များကို သင်ယူ ကျက်မှတ်ကြသည်။

ဒေါ်တိတ္ထုတို့သည် ငွီကာကျော် ကုန်သောအခါ ရန်ကုန်သို့ ပြန်ကြသည်။ ဒေါ်တိတ္ထုသည် နောက်တွင် ပဲခူးမြို့ ရွှေသာလျောင်းအနီး၌ သီလရှင်ကျောင်း တည်ထောင်၍ သာသနာပြုလေသည်။

ဒေါ်တိတ္ထုတို့ ရန်ကုန်ပြန်ကြသောအခါ မမာလာရီတို့သည် သမိန်ထောရွာ မြောက်ပိုင်းမှ ဆုတောင်းပြည့်ဘုရားအနီးသို့ ရွှေပြောင်းနေထိုင်ကြသည်။ ဦးစက်ဖော်၊ ဒေါ်အိုင်တို့သည် သမီးများနေထိုင်ရန် ကျောင်းဆောက်ပေးကြသည်။ ထိုကျောင်း၌ မမာလာရီ၊ မသုဓမ္မစာရီ၊ မဝဏ္ဏာ၊ မဥမ္မာ စသော သီလရှင်ဆရာလေး ၇ ပါး နေထိုင်ကြသည်။ ထိုစဉ် တွံတေးမြို့၌ သီလရှင် အတော်များများ နေထိုင်လျက်ရှိသည်။ တွံတေး သီလရှင်များနှင့် စပ်လျဉ်း၍ ဒေါ်မာလာရီက ဤသို့ ပြောဖူးလေသည်။

"တပည့်တော်တို့ ငယ်စဉ်က တွံတေးမှာ သီလရှင် အများဆုံးပဲ၊ တွံတေး ပွဲနင်းကြီးသမီး ခင်ခင်ဆိုတာ ဆရာကင်းတပည့်၊ ခင်ခင့်တပည့်က ဆရာဆန်းတဲ့၊ တွံတေးမှာ နေကြတယ်၊ တွံတေးက ခုထိ သီလရှင်ဆိုတာ သိပ်ရှိသေတယ်။ ပြီးတော့ တွံတေး သီလရှင်ကျောင်းက သိပ်ကောင်းတာပဲ။ ငယ်ဖြူ သီလရှင်တွေကို အတွင်းပိုင်းမှာ ထားပြီးတော့ တောထွက် သီလရှင်တွေကို အပြင်က ရံနေစေတယ်"

## စိန်ဇနီ

၁၂၆၀ ပြည့်နှစ် ဖြစ်သည်။

မမာလာရီတို့သည် ဝမ်းနည်းပမ်းနည်း ဖြစ်နေကြသည်။ ညှိုးငယ်သော မျက်နှာအသွင်အပြင် နီကျင်ကျင် မျက်လုံးတို့ကို မြင်ရခြင်းအားဖြင့် ငိုထားကြောင်း အလွယ်တကူ သိနိုင်ပေသည်။

"တို့တော့ ကံဆိုးတာပါပဲအေ၊ ဒီအစ်ကိုလေးတစ်ယောက် အားကိုးပြီး စစ်ကိုင်းတောင်နေမယ် စိတ်ကူးတာ၊ ခုတော့ ... "

မမာလာရီသည် ပြောရင်းပြောရင်း ဝမ်းနည်းဆို့နင့်လာသဖြင့် ဆက်လက် မပြောတော့ဘဲ စကားကို တစ်ပိုင်းတစ်စ ရပ်ထားလိုက်သည်။ ထိုအခိုက် ဒေါ်အိုင် ရောက်လာသည်။

"ညည်းတို့ အစ်ကို ခတ္တိယ ရောက်နေပတဲ့၊ စာချခိုင်းရအောင် သူ့ကို ဒီခေါ်ထားမယ်"

"ကောင်းသားပဲ အမေ၊ အမြန်သွားခေါ်ပါ၊ အစ်ကို့ထံ စာသင်ရ ပိုကောင်းတာပေါ့"

မမာလာရီတို့သည် "ဦးဇနိတ လူထွက်သွားပတဲ့" ဟူသော သတင်းဆိုးကို ကြားရ၍ ယူကျုံးမရ ဖြစ်နေကြသည်။ နှမြောတသ ငိုကြွေးမိကြသည်။ သို့ရာတွင် 'အရှုံးထဲက အမြတ်ရ' ဆိုသကဲ့သို့ ဦးဇနိတ လူထွက်ခြင်းသည် မမာလာရီတို့ ပညာရေးအတွက် အခွင့်ကောင်းတစ်ရပ် ဖြစ်လာပေသည်။

ဒေါ်အိုင်လာခေါ်သဖြင့် ဦးဇနိတ လူထွက် ဆရာခင်သည် သမိန်ထောသို့ လိုက်လာ၍ မမာလာရီတို့ကို သဒ္ဒါသင်္ဂြိုဟ်မှ စပြီး အခြေခံရလောက်အောင် သင်ကြားပေးလေသည်။

၁၂၆၂ ခုနှစ်၌ ဆရာခင်သည် ရန်ကုန်သို့ ပြောင်းရွှေ့နေထိုင်သည်။ ရန်ကုန်မြို့ ကျောင်းတော်ရာ ဆရာတော်က 'ရန်ကုန်လာနေပါ' ခေါ်သဖြင့် ရန်ကုန်သို့ ရွှေ့ပြောင်းနေထိုင်ခြင်းဖြစ်သည်။ အဖော် သီလရှင်နှစ်ပါးနှင့်အတူ မမာလာရီတို့ ညီအစ်မလည်း ဆရာခင်ထံ လိုက်၍ နေကြသည်။ ရန်ကုန်မြို့ ရေတာရှည် တောရ ဦးဘိုးသာဇရပ်၌ နေထိုင်၍ စာပေများကို ဆက်လက် သင်ယူကြသည်။ ထိုနှစ်၌ပင် ကျောင်းတော်ရာ ဆရာတော်သည် ညောင်တုန်းမြို့ ရွှေဟသာ် တောရတိုက်ကို လက်ခံ၍ ရွှေ့ပြောင်း သီတင်းသုံးတော်မူသည်။

ဆရာခင်သည် ရန်ကုန်၌ ၂ နှစ်ခန့် နေထိုင်ပြီးနောက် သမိန်ထောနှင့် နီးနီး ဖျာပုံမြို့သို့ ရွှေ့ပြောင်းနေထိုင်ပြန်သည်။ မမာလာရီတို့လည်း ဆရာခင်နှင့်အတူ လိုက်ပါ၍ စာပေ သင်ယူကြရသည်။ ဖျာပုံ၌နေစဉ် ဦးသက်ရှည်ဆိုသူ၏ အိမ်ကိုငှား၍ နေကြသည်။ ထို့နောက် ဒေါ်စု၏အိမ်သို့ ပြောင်းရွှေ့ကြသည်။

မမာလာရီတို့သည် ဖျာပုံ၌နေစဉ် အဘိဓမ္မာ သရုပ်သဘော အတော်ကလေး ကျွမ်းလာသည်။ ဖျာပုံမြို့၌ ဦးစီလောင်၊ ဦးဆင် စသော အဘိဓမ္မာ လေ့လာသူ ဒကာကြီး ၄ ယောက် ရှိသည်။ ဦးစီလောင်မှာ မမာလာရီတို့နှင့်

ဆွေမျိုးနီးစပ်တော်သူဖြစ်၏။ ဦးစီလောင်၊ ဦးဆင်တို့သည် မမာလာရီတို့ထံ မကြာခဏ လာရောက်၍ အဘိဓမ္မာရေးရာ ဆွေးနွေးလေ့ရှိကြသည်။

"ဆရာလေး 'အဝိဇ္ဇာ နုသယပရိက္ခိ တ္တေန' ပုဒ်ကို အနက်ပေးစမ်းပါ"

"**အဝိဇ္ဇာနုသယ ပရိက္ခိတ္တေန** - အဝိဇ္ဇာ နုသယသည် ခြံရံအပ်သော လို့ အနက်ပေးရတယ် ဒကာကြီး"

"ဩော် ဒီလိုလား၊ ကောင်းပြီ ဆရာလေး၊ အကုသိုလ်စိတ်မှာ မောဟ ယှဉ်နေလို့ အဝိဇ္ဇာနုသယ ခြံရံတယ်ဆိုတာ ထားပါတော့၊ ကုသိုလ်စိတ်မှာ မောဟ မယှဉ်ဘဲ ဘယ့်နယ်လုပ်ပြီး အဝိဇ္ဇာနုသယ ခြံရံတယ်လို့ ဆိုမလဲ"

"ဒါက ဒီလိုပါ ဒကာကြီးရဲ့ ကုသိုလ်စိတ်မှာ မောဟ မယှဉ်ပေမယ်လို့ အဝိဇ္ဇာနုသယ မကင်းတဲ့ သန္တာန်မှာဖြစ်လို့ အဝိဇ္ဇာနုသယ ခြံရံတယ်လို့ ဆိုတာပါ။ ဥပမာမယ် ဒီအိမ်မှာ လူ ၁၀ ယောက်နေတယ် ဆိုပါတော့၊ ဒါပေမဲ့ ခု မရှိဘူး၊ တချို့က ရေခပ်သွားနေတယ်၊ တချို့က ဈေးသွားနေတယ် စသည်ပေါ့၊ ဒီအခါမယ် ဒီအိမ်မှာ လူဘယ်နယောက်ရှိသလဲမေးရင် ၁၀ ယောက်ရှိတယ်လို့ပဲ ဖြေရမှာပဲ။

ကုသိုလ်စိတ်မှာ မောဟ မယှဉ်ပေမဲ့ အဝိဇ္ဇာနုသယ မကင်းတဲ့ သန္တာန် မှာဖြစ်လို့ အဝိဇ္ဇာနုသယ ခြံရံတယ်ဆိုတာပါ"

"ရှင်းပြီ ဆရာလေး၊ နားလည်ပြီ"

ဦးစီလောင်တို့သည် မကြာခဏလာ၍ အဘိဓမ္မာ ဆွေးနွေးလေ့ရှိသည်။ မေးကြ၊ မြန်းကြ၊ ဉာဏ်စမ်းကြသည်။ မမာလာရီသည် ဦးစီလောင် မေးသည်ကို ဖြေနိုင်သည်လည်း ရှိ၏။ မဖြေနိုင်သည်လည်း ရှိ၏။

"ကမ္မဇရုပ် ချုပ်ပုံနဲ့ စိတ္တဇရုပ် ချုပ်ပုံကို ပြောစမ်းပါဦး ဆရာလေး"ဟု ဦးစီလောင်က မေးသည်။ ကမ္မဇရုပ် ချုပ်ပုံကို ရှင်းပြ၍ စိတ္တဇရုပ် ချုပ်ပုံကိုမူ ရှင်းမပြတတ်တော့ပေ၊ 'ဒါတော့ ကျွန်မ မသိဘူး ဒကာကြီး"ဟု ဝန်ခံသည်။ ထိုအခါ ဦးစီလောင်က စိတ္တဇရုပ် ချုပ်ပုံကို ရှင်းပြပြီး "ဒီတစ်ခါ တို့ဆရာလေး ရှုံးပြီ"ဟု ပြောသည်။ မမာလာရီတို့သည် ဖျာပုံ၌ ၂ နှစ်ခန့်နေ၍ သမိန်ထောသို့ ပြန်လည် နေထိုင်ကြသည်။

ဤနေရာ၌ စိန်ဇနိလူထွက် ဆရာခင့်အကြောင်း ရေးပါမည်။

ဆရာခင်ကို ၁၂၂၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ အင်္ဂါ နေ့တွင် ခတ္တိယရွာ၌ ဦးပြားကြီး၊ ဒေါ်သဲတို့မှ မွေးဖွားခဲ့သည်။ ဦးပြားကြီးသည်

ခတ္တိယသူကြီး ဦးရွှေမှုံ၏ ဒုတိယသားဖြစ်၍ ဦးစက်ဖော်၏ အစ်ကိုရင်းဖြစ်သည်။ ဦးပြားကြီး၊ ဒေါ်သဲတို့မှာ 'မောင်ခင်၊ မောင်ဘိုးမင်း၊ မောင်ဘိုးသင်း၊ မစု၊ မောင်ပု' ဟူ၍ သားသမီး ၅ ယောက် ထွန်းကားသည်။

မောင်ခင်သည် အရွယ်ရောက်သောအခါ ခတ္တိယ ရွာသူ မမြစ်နှင့် အိမ်ထောင်ကျ၍ သားတစ်ယောက်ရသည်။ ထို့နောက် ရန်ကုန်မြို့အလယ်တောရ၌ ရဟန်းဘောင်တက်ခဲ့သည်။ အလယ်တောရ ဆရာတော် ဦးကောသလ္လ (အဂ္ဂမဟာပဏ္ဍိတ) သည် ခတ္တိယဇာတိဖြစ်သည်။ မောင်ခင်သည် ရဟန်းဘဝတွင် 'ဦးဇနိတ' ဟူသော ဘွဲ့ကို ခံယူသည်။

ဦးဇနိတသည် ရဟန်းဖြစ်ပြီးနောက် ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်၌ ၂ ဝါခန့်၊ ဟင်္သာတ၌ ၃ ဝါခန့် နေထိုင်၍ စာပေများကို သင်ယူခဲ့သည်။ ဟင်္သာတမှာနေစဉ် အစပြု၍ တရားဟောသည်။ အသံကောင်း အဟောကောင်း ဖြစ်သဖြင့် နာမည်ထွက်လာသည်။

ထို့နောက် ၁၂၄၉ ခုနှစ်ခန့်တွင် မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံတိုက်သို့ လာရောက်နေထိုင်၍ စာပေများကို သင်ယူသည်။ ရောက်စ၌ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးက ဦးဇနိတ တရားဟောတတ်မှန်းသိ၍ "ဦးပဥ္စင်း တို့တိုက်ထဲ သီတင်းနေ့ ညတရားဟောရမယ်" ဟု အမိန့်ချတော်မူသည်။ ဦးဇနိတသည် ဆရာတော်ကြီး၏ အမိန့်အရ သီတင်းနေ့ ညတရားပွဲ၌ တရားဟောရလေသည်။ တရားဟောသောအခါ သံနေသံထားဖြင့် ဆွဲဆွဲငင်ငင် ဟောရာ ခပ်ငယ်ငယ် ကိုယ်တော်လေးများက ရယ်ကြသည်။ ဦးဇနိတသည် အရယ်ခံရသဖြင့် "နောက် ဒီတိုက်ထဲမှာ ဘယ်တော့မှ တရားမဟောတော့ဘူး" ဟု ဆုံးဖြတ်ထားလေသည်။

နောက်တွင် ဦးဇနိတနှင့် သိကျွမ်းသူ ဝန်စာရေးကြီးတစ်ဦး ခေါင်းဆောင်ပြီး ဈေးချိုအနီး ညတရားပွဲ ပင့်ရာ ဦးဇနိတ လိုက်၍ဟောသည်။ တရားနာ ပရိသတ် လေး ငါးရာခန့်ရှိ၍ လူကြိုက်များသည်။ တစ်ဖန် ဝါဆိုလပြည့်နေ့ တစ်နေ့တွင် အရှေ့ဝိသုဒ္ဓါရုံတိုက်၌ နေ့တရားပွဲဟောရန် ဆရာတော်ကြီးက အမိန့်ချပြန်ရာ မငြင်းဆန်ဝံ့သဖြင့် ဟောရပြန်သည်။ ထိုအခါ ပရိသတ်တစ်ထောင်ခန့် ရှိ၍ ဆရာတော်ကြီးကိုယ်တိုင် တရားပလ္လင်နောက်မှ စကြံလျှောက်ရင်း တရားနာတော်မူသည်။ ဦးဇနိတသည် ရှေးကထက် ပို၍ နာမည်ကြီးလာသည်။

၁၂၅၅ ခုနှစ် တပေါင်းလပြည့်ကျော် ၇ ရက်နေ့တွင် မင်းကွန်း ငွေတောင် တောရဘုရားကြီး လွန်တော်မူသည်။ ၁၂၅၆ ခုနှစ် တပို့တွဲလတွင် ဈာပန အခမ်း

အနား ကျင်းပသည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဈာပနသို့ ဝိသုဒ္ဓါရုံဆရာတော်ကြီးက လောင်တိုက်ဖြင့် ပူဇော်သည်။ ထိုလောင်တိုက်သည် အလွန်ကြီးကျယ် ခမ်းနားလှပေသည်။ မြတောင် ဆရာတော်ကြီး လွန်စဉ်က ကရင်ရုပ်သည် အလွန်ကြီးမားလှသည်ဟု ဆိုသည်။ သို့အတွက် 'မြတောင်မှာ ကရင်၊ ရွှေကျင်မှာ လောင်တိုက်' ဟု မှတ်တမ်းပြုခဲ့ကြလေသည်။

ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဈာပနသို့ ဦးဇနိတ က ပန်းအလောင်းစင်ဖြင့် ပူဇော်သည်။ ရွှေကျင်ဆရာတော်ဘုရားကြီး၏ ဈာပနပွဲသည် အလွန်ခမ်းနားကြီးကျယ်သော်လည်း အပျော်အရွှင် ပွဲလမ်းသဘင်များ မပါရပေ။ "တို့ကျေးဇူးရှင် ဆရာတော်ကြီး ဈာပနမှာ ဆရာတော်ကြီး ဆုံးမသွားတဲ့ ဒီပနီစာတမ်းကို ပူဇော်သောအားဖြင့် အပျော်အရွှင်ဆိုရင် ဝါးလက်ခုပ်ပင် မတီးစေနဲ့"ဟု ဝိသုဒ္ဓါရုံဆရာတော်ကြီးက အမိန့်ထုတ်ထားသည်။

သို့ရာတွင် မင်းကွန်းမှ ဘုန်းကြီးတစ်ပါးသည် ဈာပနပွဲအတွက် စိန်လုံ၊ စိန်ငုံ အငြိမ့်ကို စရံပေးထားလေသည်။ စရံလက်လွန်ပြီးဖြစ်၍ အငြိမ့်ရောက်လာသည်။ ထိုအခါ ဝိသုဒ္ဓါရုံ ဆရာတော်ကြီး သိသော်လည်း မည်သို့မျှ မမိန့်ဘဲ ခပ်မဆိတ် နေတော်မူလိုက်သည်။

အငြိမ့် ရောက်လာသောအခါ ဝိသုဒ္ဓါရုံဆရာတော်ကြီးကို လေးစားကြည်ညိုသူတိုင်း မျက်နှာပျက်နေကြသည်။ အငြိမ့်မဏ္ဍပ်သည် ဦးဇနိတ၏ ပန်းအလောင်းစင်မဏ္ဍပ်နှင့် ယှဉ်လျက်ဖြစ်သည်။ ပန်းအလောင်းစင် မဏ္ဍပ်တွင် ဦးဇနိတကို တရားဟောရန် ဝိုင်းဝန်းတိုက်တွန်းကြသည်။ ဦးဇနိတသည် အများ၏ တိုက်တွန်းချက်အရ တစ်ဖက် မဏ္ဍပ်ရှိ အငြိမ့်ပွဲနှင့် ယှဉ်ပြိုင်လျက် တရားဟောရသည်။ ဘုရား ပရိနိဗ္ဗာန်စံခန်းကို အဆန်းတကြယ် လွမ်းစဖွယ်ကောင်းအောင် ဖွဲ့နွဲ့၍ ရွှေကျင်ဆရာတော်ဘုရားကြီး လွန်ပုံနှင့် နှိုင်းယှဉ်ပြီး ဟောပြောရာ တရားနာလာသူတိုင်း မျက်ရည်မဆည်နိုင် ဖြစ်ကြရသည်။ ဦးဇနိတ၏ တရားပွဲတွင် တရားနာပရိသတ် ပြည့်ညပ်လျက်ရှိပြီး အငြိမ့်မဏ္ဍပ်မှာမူ ခြောက်ကပ်ကပ်ဖြစ်နေ၍ အငြိမ့်မကဘဲ သိမ်းလိုက်ရသည်။ ဦးဇနိတ တရားပွဲကြောင့် စိန်လုံ၊ စိန်ငုံ အငြိမ့် ပျက်သွားသဖြင့် ထိုအခါမှစ၍ ဦးဇနိတကို "စိန်ဇနိ" ဟု ခေါ်ကြသည်။

ဦးဇနိတ နာမည်ကြီးစတွင် မန္တလေး၌ 'စိန်ခြယ်အငြိမ့်' သည် ခေတ်စားလာသည်။ ထိုအခါ ဦးဇနိတနှင့် ခင်မင်ရင်းနှီးကြသည့် သီတင်းသုံးဖော်

များက "စိန်ခြယ်အငြိမ့်တော့ ပေါ်လာပြီ၊ ဦးဇနိကိုလည်း 'စိန်ဇနီ'ခေါ်မှပဲ" ဟု ကျီစယ်ပြီး ခေါ်ကြရာမှစ၍ စိန်ဇနီဟူသော အမည်သည် တွင်ကျယ်လာသည်ဟု အရှေ့ဝိသုဒ္ဓါရုံတိုက် တိုက်အုပ်ဆရာတော်ကြီးက အမိန့်ရှိဖူးလေသည်။ မန္တလေး ၌ 'စိန်ဇနီ' ဟူသော အမည်သည် တစ်ရှိန်ထိုး ကျော်လာသည်။ ပရိသတ်က 'စိန်ဇနီ တရားပွဲတဲ့'ဆိုလျှင် မည်မျှပင်ဝေးဝေး မလွှတ်တမ်း လိုက်နာလေ့ရှိသည်။ ဦးဇနိတသည် ကြိုးစားသူဖြစ်၏။ ဂါထာတစ်ပုဒ်ကို အခေါက်ပေါင်း 'ထောင့်ရှစ်ရာ' ဆို၍ ကျက်မှတ်သည်။ တစ်ခါ ရထားပြီးလျှင် ဘယ်အခါမှ မမေ့၊ ဂါထာရွတ်၌ မူလက အဆွဲအငင် များသည်။ နောက်တွင် ဝိသုဒ္ဓါရုံဆရာတော်ကြီးက ပြင်ပေး သဖြင့် ရွတ်ပုံ မှန်လာသည်။ ဟောပုံပြောပုံ ခံ့ညားလာသည်။

အရှေ့ဝိသုဒ္ဓါရုံတိုက်၌ ဦးဇနိတကို ကြည်ညို၍ ဆောက်လုပ် လှူဒါန်း ထားသော ကျောင်းမှာ ၄ ကျောင်းရှိသည်။ ခတ္တိယကျောင်း၊ ဖလ်ချက်ကျောင်း၊ မမွှာရုံကျောင်း၊ ဝါးရုံကျောင်း တို့ဖြစ်သည်။

ဦးဇနိတမှာ တရားဟောကောင်းလေ ကြည်ညိုသူများလေ ဖြစ်လာ သည်။ ကြည်ညိုသူများ၍ ဒကာ၊ ဒကာမများနှင့် အဆက်အဆံ များလာသည်။ ထိုသို့ အဆက်အဆံ များလာခြင်းသည်ပင် သာသနာတော်၌ ရာသက်ပန် ရပ်တည်နိုင်ရေးအတွက် အန္တရာယ်တစ်ရပ် ဖြစ်လာခဲ့သည်။

"ဦးပဥ္စင်း တရားဟောတာ မှားပြီ၊ သာသနာတော်မှာ အလွန် တန်ဖိုး ရှိရမှာ၊ ခွကျလိုက်တာ" ဟု မြို့ပြင်ကြီး ဆရာတော်က ဦးဇနိတကို ပြောဖူးလေ သည်။

၁၂၆၀ ပြည့်နှစ်တွင် 'စိန်ဇနီ လူထွက်သွားပတဲ့' ဟူသော သတင်းဆိုး ကို ကြားကြရလေသည်။ 'ထေရ်ရှုင် ကဝိန်တည့် မသက်သာသပ့်ကွယ်၊ ရွှေကျင် စိန်ဇနီ ထွက်ရှာရတယ်" စသည်ဖြင့် စိန်ဇနီ လူထွက်ခြင်းနှင့်စပ်၍ ငယ်စဉ်က ကြားဖူးကြောင်း သမိဒ္ဓေါဒယချောင် ဒေါ်ဉာဏာက တစ်ပိုင်းတစ်စ ရွတ်ဆိုပြပေ သည်။

ဦးဇနိတသည် မန္တလေးမြို့ တရုတ်တန်းရပ် ဒေါ်လေး၏သမီး မစက်ရီ ကို အကြောင်းပြု၍ လူဝတ်လဲခဲ့ရလေသည်။ မစက်ရီနှင့် တစ်လ နှစ်လခန့် အတူ နေ၍ ခတ္တိယသို့ခေါ်ရာ မလိုက်သဖြင့် ကွဲကြသည်။ နောက်တွင် သမိန်ထောသူ မစိန်နှင့် အိမ်ထောင်ပြုသည်။

ဦးဇနိတ ငယ်စဉ်က အရပ်မင်းသား ပြုလုပ်ခဲ့ဖူးကြောင်း အရှေ့ဝိသုဒ္ဓါရုံ တိုက်အုပ် ဆရာတော်ကြီးက အမိန့်ရှိဖူးသည်။

စိန်ဇနိနှင့်ပတ်သက်၍ သပြုဆိပ်ရွာ ဆရာဆွဲ ရေးသားခဲ့သော လင်္ကာ တေးတစ်ပုဒ်ကို ဒေါ်မာလာရီက မှတ်မိသမျှ တစ်ပိုင်းတစ်စ ရွတ်ဆိုပြသည်။

‘ဦးဇနိသညာ၊ စိန်ဇနိတွင်ရှာ၊
လူ့ဘောင်တခါကျ၊ ငယ်မည်ရ၊ ဆရာခင်၊
မြတ်လေးဖြူ ရန့်ကဲ့သို့၊ သင်းပျံ့ပျံ့ အေးချိုချို၊
တရားဟောအလိုမှာ၊ ထေရ်ထိုထို ဘက်မရှိ၊
အနက်မြင်သဒ္ဒါတတ်၊ ပရမတ်ကျွမ်းကျင်၊
စကားတတ် သီလဝင်ဟု၊ အများပင် ထောမနာလို့၊
တသြဘာ ပြုရသည် ...’

## သမီး အလိမ္မာ

၁၂၆၆ ခုနှစ်ဖြစ်သည်။

သမိန်ထောရွာမှ ဦးဘဆင်၊ ဒေါ်စုတို့သား ရှင်ပြု ရဟန်းခံပွဲကို မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံတိုက်သို့ လာရောက်၍ ပြုလုပ်ကြသည်။ ဆွေမျိုးတစ်စု သိုက်သိုက်ဝန်းဝန်း အလှူပေးကြခြင်းဖြစ်သည်။ ဦးစက်ဖော်၊ ဒေါ်အိုင်တို့က ဦးဆောင်စီစဉ်ပေးကြသည်။ ဒေါ်စု၏ အစ်ကိုရင်းဖြစ်သူ စိန်ဇနိ လူထွက် ဆရာခင်လည်း ပါသည်။ မမာလာရီတို့ ညီအစ်မလည်း ပါသည်။ ဦးဘဆင်၊ ဒေါ်စုတို့သည် သမိန္ဒြေါချောင် ဆရာကြီး ဒေါ်ဟေမာရီ၏ မိဘများဖြစ်သည်။ ထိုစဉ်က ဒေါ်ဟေမာရီသည် အခါလည်သမီး အရွယ်မျှသာ ရှိသေးသည်။

ထိုအချိန်၌ အနောက်ဝိသုဒ္ဓါရုံတိုက်သစ်တည်၍ တစ်နှစ်ခန့်ရှိပေပြီ။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးသည် ဝိသုဒ္ဓါရုံ တိုက်သစ်သို့ ရွှေ့ပြောင်း သီတင်းသုံးလျက်ရှိသည်။ ထိုစဉ်က မန္တလေးမြို့၌ ဓာတ်ရထားများ ခုတ်မောင်းလျက် ရှိပေပြီ။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးနှင့် နောက်ပါသံဃာများ ရှင်ပြုရဟန်းခံပွဲသို့ ကြွရောက်ရန် ဓာတ်ရထား ၂ စီး ငှားကြသည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ကိုယ်တိုင် ကြွရောက် ချီးမြှင့်တော်မူသည်။

မမာလာရီတို့သည် ရှင်ပြု ရဟန်းခံပွဲ ပြီးသောအခါ စစ်ကိုင်း မင်းကွန်းသို့ သွားရောက်လည်ပတ်ရန် စီစဉ်ကြသည်။ ဒေါ်အိုင်က စစ်ကိုင်း မင်းကွန်းသို့

သွားရန် လှေကြီးတစ်စင်း အပြတ်ငှားသည်။ မမာလာရီတို့သည် မင်းကွန်းသို့ ပထမသွား၍ ဘုရားများကို လှည့်လည်ဖူးမြော်ကြပြီး ဂူကလေးချောင်၌ တစ်ညအိပ် တည်းခိုကြသည်။

ထိုစဉ်က ဂူကလေးချောင် ဆရာမှာ ဆရာအိ ဖြစ်သည်။ ဒေါ်အိုင်သည် သမီးကို ချောင်ဆရာများနှင့် ရင်းနှီးစေချင်သည်။ မမာလာရီကို သွန်သင်ရန် ဆရာအိထံ အပ်နှင်းသည်။

"တပည့်တော်မ သမီးကို တပည့်အရင်းလို မှတ်ပါ၊ လိမ္မာယဉ်ကျေးအောင် ဆုံးမ သွန်သင်တော်မူပါ"

ထိုအခါ ဆရာအိသည် မမာလာရီအနီး တိုးလာပြီး ကျောသပ်ကာ "အမေကလည်း လိမ္မာ၊ သမီးကလည်း လိမ္မာ၊ အင်း ကြီးပွားဦးမှာပါ၊ ကြီးပွားဦးမှာပါ" ဟု အားပေးသည်။ ဒေါ်အိုင်က ဆရာအိအား ဝတ္ထုငွေ ၅ ကျပ် ကန်တော့ရာ ဆရာအိက "၅ ကျပ်ကြီး များလိုက်တာကွယ်" ဟု အားတုံ့အားနာ ဆိုမိသည်။

မမာလာရီသည် ဂူကလေးချောင် သီလရှင်ကလေးများနှင့်လည်း ခင်မင်ရင်းနှီးမှု ရရှိခဲ့၏။ စပ်မိစပ်ရာ စကားပြောရင်း ထရံကာဆရာကြီး စာချကောင်းကြောင်း သီလရှင်တစ်ပါးက ပြောသည်။ မမာလာရီသည် ထိုစဉ်ကပင် ထရံကာ ဆရာကြီးထံ စာသင်ရန် ဆန္ဒ ပြင်းပြခဲ့သည်။

မင်းကွန်းမှ စစ်ကိုင်းတောင်သို့ စုန်ဆင်းခဲ့၍ သစ်ဆိမ့်ချောင်၌ တစ်ည တည်းခိုပြီး ဘုရားဖူးကြသည်။ ဒေါ်အိုင်သည် 'သဒ္ဓါတွင် မယ်ဝဏ္ဏ' ဟု နာမည်ရသော သစ်ဆိမ့်ချောင်ဆရာကြီး ဒေါ်ဝဏ္ဏ (၁၂၁၅-၁၂၇၇) ထံ၌လည်း ဆုံးမ ဩဝါဒ ပေးရန် မမာလာရီကို အပ်နှင်းသည်။ ဝတ္ထုငွေ ၅ ကျပ် ကန်တော့သည်။ သစ်ဆိမ့်ချောင်ဆရာကြီး ဒေါ်ဝဏ္ဏကလည်း မမာလာရီကို အားပေးစကားပြောသည်။ စစ်ကိုင်းတောင်၌ တစ်ညအိပ်၍ မန္တလေးသို့ ပြန်ခဲ့ကြသည်။ မမာလာရီတို့သည် ရထားစီး၍ အောက်သို့ ပြန်ကြသည်။

## ညောင်တုန်းသို့

၁၂၆၉ ခုနှစ် ဖြစ်သည်။

ဒေါ်အိုင်သည် ညောင်တုန်းသို့သွားရန် ကိစ္စတစ်ခု ကြုံလာသည်။ ညောင်တုန်းမြို့နေ တူမဖြစ်သူ မသက်ထံမှ စာရောက်လာသည်။ ဒေါ်အိုင်၌

စွဲကပ်နေသော လေနာရောဂါအတွက် ညောင်တုန်း၌ ဆရာကောင်းရှိသည်။ လာဖြစ်အောင် လာပါဟု စာ၌ ပါသည်။ ဒေါ်အိုင်သည် စာအရ ညောင်တုန်းမြို့သို့ သွားရောက်ရန် စီစဉ်သည်။ မမာလာရီတို့လည်း စာမသင်ရ၍ အားလပ်နေသဖြင့် ကျောင်းတော်ရာ ဆရာတော်ကို ဖူးမြော်ရန် ညောင်တုန်းသို့ လိုက်ကြသည်။

ညောင်တုန်းမြို့ မသက်၏ အိမ်၌ တည်းခိုကြသည်။ မသက်သည် ရွှေဟင်္သာတောရ၏ ကျောင်းအမတစ်ဦး ဖြစ်၏။ ဒေါ်အိုင်နှင့် မမာလာရီတို့သည် ရွှေဟင်္သာတောရ၌ သီတင်းသုံးလျက်ရှိသော ကျောင်းတော်ရာ ဆရာတော်ထံ သွားရောက်၍ ဖူးမြော်ကြသည်။ ရန်ကုန်၌ သီတင်းသုံးစဉ်ကပင် ကျောင်းတော်ရာ ဆရာတော်သည် ဒေါ်အိုင်တို့နှင့် ဆရာဒကာဖြစ်သည်။ အာလာပ သလ္လာပ စကားမိန့်ကြားရင်း မမာလာရီတို့ကို မေးတော်မူသည်။

"ဟဲ့ မာလာရီတို့ စာတက်ကြရရဲ့လား"

"ဆရာက မအားလို့ မှန်မှန် မတက်ရပါဘူး ဘုရား"

"ဟေ ... ဟုတ်လား"

ထိုအခါ မမာလာရီက ဆက်၍ လျှောက်သည်။

"ဆရာတော်ဘုရား ထရံကာဆရာကြီးကို သိပါသလား ဘုရား"

"ဘယ်သိရုံကမလဲ၊ တို့ဆရာပဲ ဆိုပါတော့၊ တို့ စာမေးဖူးတယ်၊ အဲဒါဘာဖြစ်လဲ"

"မင်းကွန်းရောက်တုန်းက သီလရှင်တစ်ပါးနဲ့တွေ့လို့ ထရံကာဆရာကြီးထံ စာတက်ကြောင်း ပြောပါတယ် ဘုရား၊ တပည့်တော်များလည်း ထရံကာဆရာကြီးကို ဒီပင့်ပြီး စာတက်ရ ကောင်းမလားလို့ပါ ဘုရား"

"အေး တစ်နေ့ကမှ ဆရာကြီးဆီကတောင် စာတစ်စောင် ရောက်လာသေးတယ်၊ သူတို့ဆီ မိုးခေါင်ရေရှားဖြစ်နေတဲ့ အကြောင်းပါတယ်"

ကျောင်းတော်ရာ ဆရာတော်သည် ခဏမျှ ရပ်တန့် စဉ်းစားပြီးနောက် ဒေါ်အိုင်ကို မိန့်ပြန်သည်။

"အင်း ဆရာကြီးကို ဒီပင့်တာတော့ ဟုတ်ပြီ၊ ဒကာမကြီးတို့က ဘယ်လောက် ထောက်ပံ့နိုင်မလဲ"

"မှန်ပါ၊ တပည့်တော်မက တစ်လ သုံးဆယ် ထောက်ပံ့ပါမယ် ဘုရား"

"အေး အေး ဒီလိုဆို ကောင်းသားပဲ၊ ဆရာကြီးကို တို့ခေါ်ပေးမယ်"

ထိုနှစ် တပို့တွဲလ ရာသီဖြစ်သည်။ နံနက်ခင်းတွင် နှင်းမှုန်တွေက တဖွဲဖွဲ၊ ပေါက်လဲပွင့်တွေက တရဲရဲ ဖြစ်နေချိန်တည်း။ ထရံကာ ဆရာကြီးသည် ရွှေဘို သရိုင်ရွာမှ ညောင်တုန်းသို့ သွားရန် ထွက်လာခဲ့သည်။ ကျောင်းတော်ရာ ဆရာတော်၏ မှာစာအရ သင်္ဘောစီး၍ ညောင်တုန်းသို့ လိုက်ပါခဲ့သည်။ ရွှေဟင်္သာ တောရ၌ ထရံကာဆရာကြီးအတွက် သီးသန့် ကျောင်းကလေးတစ်ဆောင်တွင် နေရာပေးထားသည်။

ထိုအချိန်၌ မမာလာရီတို့သည် သမိန်ထောရွာမှာ ရှိကြသည်။ ထရံကာ ဆရာကြီး ရောက်လာသောအခါ ကျောင်းတော်ရာ ဆရာတော်က အခေါ်လွှတ် သဖြင့် ညောင်တုန်းသို့ သွားကြသည်။ ညောင်တုန်းမြို့ ရွှေဟင်္သာတောရတိုက် အတွင်းရှိ ဇရပ်တစ်ဆောင်တွင် နေထိုင်၍ ထရံကာဆရာကြီး ပို့ချပေးသော ဓာတုကထာ အရကောက်ကျမ်းကို သင်ယူကြသည်။

"အဲဒီတုန်းက တပည့်တော်တို့ကို ကျောင်းတော်ရာဆရာတော်ဘုရား က သိပ်စောင့်ရှောက်တာပဲ၊ တပည့်တော်တို့နေတဲ့ ဇရပ်ဘက်က လမ်းကို ဘုန်း ကြီးတွေ လမ်းမလျှောက်ရဘူး၊ ရေတွင်းမှာ ရေမချိုးရဘူးလို့ အမိန့်ထုတ်ထား တာ၊ တပည့်တော်တို့နေတဲ့ ဇရပ်က ကျောင်းတော်ရာ ဆရာတော်ဘုရား သီတင်း သုံးတဲ့ ကျောင်းနဲ့ နီးပါတယ်"

"ပြီးတော့ နင်တို့ ငါ့ လျှောက်စရာရှိရင် နင်တို့ချည့်မလာနဲ့၊ ဒကာကြီး တစ်ယောက် အဖော်ခေါ်ပြီး လာရမယ်တဲ့၊ အဲဒီတုန်းက ဦးသူတော်ဆိုတဲ့ ဒကာ ကြီးတစ်ယောက် နေ့တိုင်း ကျောင်းလာတယ်၊ ဦးသူတော်က 'ဆရာလေးတို့ ဆရာတော်ဘုရားထံ လျှောက်စရာရှိရင် ကျုပ်ခေါ်ပါ' ပြောလို့ ဦးသူတော်ကို ခေါ်ခေါ်သွားရတယ်"

မမာလာရီသည် အနေအထိုင် သိပ်သည်းသည့်အပြင် စာပေကိုလည်း လွန်စွာ ကြိုးစားလေသည်။ ထရံကာဆရာကြီးကလည်း မမာလာရီ စာပေကြိုးစား ကြောင်း၊ စာတော်ကြောင်း ကျောင်းတော်ရာ ဆရာတော်အား စပ်မိသောအခါ လျှောက်ထားလေသည်။ ကျောင်းတော်ရာဆရာတော်သည် မမာလာရီ၏ အနေ အထိုင် ပိရိမှု၊ စာပေကြိုးစားမှုတို့ကို သိရှိတော်မူ၍ များစွာ အားပေးတော်မူသည်။

"မာလာရီ နင် ရဟန်းကလေးဆိုရင် ဘယ်လောက် အဖိုးတန်မလဲ၊ ငါက သပိတ်သက်န်းပေးပြီး ချီးမြှောက်ပါရဲ့ အမိန့်ရှိလို့ တပည့်တော်ဖြင့် ဝမ်းနည်း လိုက်တာ၊ မျက်ရည်တောင် ကျမိတယ်" ဟု ဒေါ်မာလာရီက ပြောသည်။

ကျောင်းတော်ရာဆရာတော်နှင့် စပ်လျဉ်း၍ နေ့စဉ် ကိုယ်တိုင်မြင်တွေ့ခဲ့ရသော ကြည်ညိုဖွယ် အကြောင်းအရာတစ်ခုကိုလည်း ဒေါ်မာလာရီက ဤသို့ ပြောဖူးသည်။

"ကျောင်းတော်ရာ ဆရာတော်ဘုရားက သိပ် ဝီရိယ ကောင်းတယ်၊ နေ့တိုင်း မနက်စောစော ရေတွင်းရေကို ကိုယ်တိုင်ထမ်းပြီး သောက်ရေလှူတယ်၊ အဲဒီတုန်းက ဆယ်ကျောင်းရှိလို့ ဆယ်ကျောင်းစလုံး ရေလှူတယ်"

မမာလာရီတို့သည် ညောင်တုန်း ရွှေဟင်္သာတောရ၌ ၂ လခန့်မျှ စာပေသင်ယူရာ ဓာတုကထာ ထက်ဝက်နီးနီး ကုန်ခဲ့လေသည်။ ထရံကာဆရာကြီးသည် ၂ လခန့် ကြာသောအခါ အညာသို့ ပြန်ချင်ကြောင်း ပြောသည်။

"ဆရာကြီးက သားသမီးတွေ လွမ်းပုံရပါတယ်၊ နှစ်လလောက်ကြာတော့ ပြန်ချင်ပြီ ပြောတယ်" ဟု ဒေါ်မာလာရီက ပြောသည်။

ထရံကာဆရာကြီး အညာပြန်ချင်ကြောင်း ပြောသောအခါ -

"ဆရာကြီး ဆရာနဲ့ တပည့်ဆိုတာ ဆရာရှိရာ တပည့်က သွားရပါတယ်၊ တပည့်ထံ ဆရာလာနေရင် မကောင်းပါဘူး၊ ကျွန်မတို့ပဲ ဆရာကြီးရှာလိုက်ပြီး စာသင်ကြပါမယ်" ဟု မမာလာရီက ပြောသည်။

"လာပါ လာပါ၊ ဟိုမှာလည်း သီလရှင်တွေ ရှိပါတယ်"

ထရံကာဆရာကြီးသည် အညာပြန်ရန် စီစဉ်သည်။ ဒေါ်အိုင်က ထရံကာဆရာကြီးအား ငွေတစ်ရာ ကန်တော့သည်။ မမာလာရီတို့ သရိုင်သို့ လိုက်နေရန် ခေါ်သည်။

ထိုအခါ ကျောင်းတော်ရာ ဆရာတော်ဘုရားက "ဆရာကြီးက ခေါ်သွားတာတော့ ဟုတ်ပါရဲ့ ငယ်ရွယ်သူတွေ စိတ်ချရပ့်မလား" ဟု မိန့်သည်။

"ဆရာတော်ဘုရား တပည့် ရေစိမ်းတစ်ပေါက် မစဉ်စေရပါဘူး၊ တပည့်တော် တာဝန်ယူပါတယ်၊ သရိုင်က သူတော်ကောင်းတွေပါ၊ မဟာဝိသုဒ္ဓါရုံ ဆရာတော့် အမျိုးတွေပါ"

"အေးလေ ဆရာကြီးက တာဝန်ယူတယ်ဆိုတော့ စိတ်ချပါပြီ"

ထရံကာဆရာကြီးကို သဘော်ဆိပ်သို့ လိုက်ပို့ကြ၏။ မမာလာရီတို့သည် ဆရာကြီးနှင့်အတူ သရိုင်သို့ လိုက်လိုကြသော်လည်း မလိုက်နိုင်ကြသေးပေ။ သမိန်ထောမှ ဆရာဖြစ်သူ တောင်ကျောင်းဘုန်းကြီး လွန်တော်မူကြောင်း

သတင်းရောက်လာသည်။ သို့ဖြစ်၍ တန်ခူးလ သင်္ကြန်ကျပြီးစအချိန်၌ သမိန်ထောသို့ ပြန်လာခဲ့ကြရလေသည်။

## သမိန်ထော ဘုန်းကြီးပျံ

၁၂၆၇ ခုနှစ်ဖြစ်သည်။

နှစ်သစ်ကူးပြီးစ တန်ခူးလ၌ မမာလာရီတို့သည် သမိန်ထောရွာသို့ ပြန်လည်ရောက်ရှိခဲ့ကြလေပြီ။ တောကျောင်းဘုန်းကြီး လွန်သည်မှာ ၁၅ ရက်ခန့် ရှိပေပြီ။ ကျောင်းဒကာ ဦးစံထွန်းနှင့် ဦးစက်ဖော်တို့ ဦးဆောင်၍ ရုပ်ကလာပ်တော်ကို နိဗ္ဗာန်ကျောင်း ချထားလေသည်။ လာမည့် တပေါင်းလတွင် ဘုန်းကြီးပျံပွဲ ကျင်းပကြမည်။

မမာလာရီတို့သည် ထိုနှစ်တစ်နှစ်လုံး သမိန်ထောရွာ၌ပင် အချိန်ဖြုန်းနေကြရသည်။ ဆရာခင်ကလည်း စာသင် မပေးအား၊ ထရံကာဆရာကြီးကလည်း နှစ်လခန့်ဖြင့် ပြန်သွားသဖြင့် ပညာနို့ မျက်နေပေသည်။ မမာလာရီသည် ပညာရေး တစ်ပိုင်းတစ်စ 'ဖောင်စီးရင်း ရေငတ်' နေရသည်ကို တွေးမိသဖြင့် 'ငါတော့ ဒီဘဝ စာတတ်တော့မှာ မဟုတ်ပါဘူး' ဟု ငိုသည်။

ထိုအကြောင်းကို ဆရာခင် ကြားသောအခါ စိတ်မကောင်းဖြစ်၍ အချိန်ရသမျှ မမာလာရီကို စာသင်ပေးသည်။ ဋီကာကျော်ကို ပို့ချပေးပြီး အဓိပ္ပာယ်များကိုလည်း အကျက်ခိုင်းသည်။ မမာလာရီသည် ထိုနှစ်၌ပင် နိယံ ရှစ်စောင်နှင့် ဓာတွတ္ထ သင်္ဂြိုဟ် ဂါထာ ၄ ရာခန့် နှုတ်ငုံဆောင်မိလေသည်။

ဆရာခင်သည် မမာလာရီ၏ ဉာဏ်ကောင်းပုံ၊ စာပေတတ်မြောက်လိုစိတ် ပြင်းထန်ပုံတို့ကို သိပြီးဖြစ်၍ အဘက်ဘက်မှ မလိုရအောင် သင်ပေးသည်။ "ငါ့နှမ နင်တို့နောက်ကျ လူကြီးလုပ်ရဦးမှာ၊ လူကြီးလုပ်ရင် ဗေဒင်နက္ခတ်လေး နည်းနည်းပါးပါး သိထားမှ ကောင်းတယ်" ဟု ပြော၍ ဗေဒင်နက္ခတ်ပညာ သင်ပေးသည်။ ဆရာခင့် ဇာတာနှင့်တကွ ဇာတာ ၄ ၅ ၆ စောင်ပေး၍ ဗေဒင်တွက်စေသည်။

မမာလာရီသည် ပညာသင်နေရသဖြင့် ပျော်ရွှင်သည်။ အချိန်တွေ ကုန်မှန်းမသိ ကုန်လာသည်။ တစ်မိုးပြောင်း၍ တစ်ဆောင်း ဝင်လာလေပြီ။ တပေါင်းလ ဘုန်းကြီးပျံချရန်ပင် နီးလာပေပြီ။ ရပ်ရွာလူကြီးများသည် ဘုန်းကြီးပျံ

ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးတိုင်ပင်ကြသည်။ ကျောင်းဒကာ ဦးစံထွန်းတို့၊ ဦးစက်ဖော်တို့သည် ဘုန်းကြီးပျံပွဲတွင် ပွဲမထည့်ချင်ကြပေ။ ရှေးကျင်ကိုးကွယ်သော ဒကာများဖြစ်၍ "ဘုန်းကြီးသေ ရွာကျေ" အဖြစ်မျိုးကိုလည်း မလိုလားကြပေ။ ဆရာသမားကို နောက်ဆုံးပူဇော်ရာ၌ ကုသိုလ်စစ်စစ် ရချင်ကြသည်။ သို့ရာတွင် အရပ်က ပွဲမထည့်ရလျှင် မကျေနပ်ကြပေ။

"ကဲ ဒီလိုဆိုရင် ခင်ဗျားတို့ ကြိုက်တဲ့ဇာတ်ကို ပြော၊ ငှားပေးမယ်"ဟု ဦးစံထွန်းတို့က အရပ် ကျေနပ်အောင် ပြောရလေသည်။

ထိုအခါ "ဘယ်ဇာတ်၊ ဘယ်ဇာတ် ငှားပါ" ဟု ကိုယ်ကြိုက်ရာဇာတ်ကိုယ်ပြောကြသည်။ နောက်ဆုံးတွင် လူကြိုက်အများဆုံး ဇာတ် ၃ ဇာတ်တွင် တစ်ဇာတ်မရ တစ်ဇာတ် ငှားရန် ဆုံးဖြတ်ကြသည်။

"ကဲ ရော့ ဟောဒါက ဇာတ်ငှားသွားဖို့ စရိတ်၊ ဒါက စရန်"ဟု ဒေါ်အိုင်က ငွေထုတ်ပေးပြီး လူတစ်ယောက်ကို ဇာတ်ငှားသွားရန် လွှတ်လိုက်ကြ၏။ "ရန်ကုန်မှာ မရလျှင် မန္တလေးအထိ တက်ငှား"ဟု မှာလိုက်ကြသည်။

ဘုန်းကြီးပျံပွဲ၌ ဇာတ်ရုံကြီးကို ဟိန်းနေအောင် ဆောက်ထားကြသည်။ ရပ်ရွာလူထုသည် ပွဲကြည့်ရန် အားခဲနေကြသည်။ တစ်နေ့ထက်တစ်နေ့ ဘုန်းကြီးပျံပွဲရက် နီးလာပြီ။ လက်ချိုးရေတွက်လျှင်ပင် ရနေပေပြီ။ သို့သော် ဇာတ်ပွဲ အငှားသွားသူမှာ ပေါ်မလာသေးချေ။ ဘုန်းကြီးပျံတွင် ပွဲကြည့်ရန် အားခဲထားသူများမှာ လာနိုးငယ်မျှော် ဖြစ်နေကြသည်။ ဇာတ်သွားငှားသူသည် ဘုန်းကြီးပျံပွဲ အဝင်နေ့တိုင်အောင် ရောက်မလာသေးပေ။ ရပ်ရွာလူထုကား အမျိုးမျိုးဝေဖန်ကာ တက်တခေါက်ခေါက် ဖြစ်နေကြသည်။ ဘုန်းကြီးပျံချမည့်နေ့တွင်မှ ဇာတ်ငှားသွားသူ ပြန်ရောက်လာတော့သည်။ အရပ်က မျှော်လင့်တကြီး ဝိုင်းမေးကြသည်။ ထိုအခါ 'မန္တလေးထိ တက်ငှားတာတောင် ဘယ်ဇာတ်မှ မရခဲ့ဘူး' ဟူသော အဖြေကို ကြားရသည်။ ဇာတ်ငှားသွားသူကို အရပ်က ဆဲကြ၏။ 'ဒီလူညံ့လို့ ပွဲမကြည့်ရတာ' ဟု မကျေနိုင်မချမ်းနိုင် ပြောဆိုကြသည်။

အမှန်မှာ ကျောင်းဒကာ ဦးစံထွန်းတို့က ပွဲမထည့်ချင်၍ ပရိယာယ်သုံးလိုက်ခြင်းဖြစ်သည်။ အရပ်က ကျေနပ်အောင် လူယုံကို ဇာတ်ငှားလွှတ်လိုက်ပြီး စကားထည့်လိုက်သည်။

"ရန်ကုန်သွားပြီး ဘုရားလှည့်ဖူး၊ ဘုန်းကြီးပျံ ချမယ့်နေ့မှ ပြန်လာခဲ့၊ ပြန်လာရင် ဇာတ်မရခဲ့ဘူးသာ ပြောလိုက်"

https://thitsarparami.org



## သရိုင်ရွာသို့

၁၂၆၈ ခုနှစ် ဖြစ်သည်။

မုတ်သုန်လေသည် အနောက်တောင်ဘက်မှ အရှေ့မြောက်ဆီသို့ တိုက်ခတ်လျက်ရှိသည်။ မမာလာရီတို့သည် သရိုင်ရွာသို့သွားရန် ဝါဆိုလဆန်းကပင် ရန်ကုန်သို့ ရောက်ရှိနေကြသည်။ မိခင်ကြီးဖြစ်သူ ဒေါ်အိုင် စပါးမရောင်းရသေးသဖြင့် ရန်ကုန်တွင် တစ်လခန့် စောင့်ဆိုင်းနေကြရသည်။

ဝါခေါင်လဆန်းတွင် ဒေါ်အိုင်ရောက်လာ၍ သရိုင်ရွာသွားရန် စီစဉ်ကြသည်။ မမာလာရီ၊ မသုဓမ္မစာရီနှင့် ညီမဝမ်းကွဲ မဝဏ္ဏစာရီတို့သည် ဒေါ်အိုင်နှင့်အတူ အညာဆန် ဇရာဝတီ သင်္ဘောကြီးဖြင့် လိုက်ပါခဲ့ကြသည်။

ထိုနှစ်တွင် မုံရွာမြို့လယ်တီဆရာတော်ကြီးသည် ပြည်မြို့ဘာဝနာကုန်း (ဝိပဿနာကုန်း တောရ) ၌ ဝါကပ်တော်မူသည်။ ဘာဝနာကုန်း၌ မဏ္ဍပ်ကြီးတစ်ဆောင်နှင့် ဝါးကျောင်းကလေးတွေ ဆောက်လုပ်လှူဒါန်းထားကြသည်။ လယ်တီဆရာတော်ကြီးသည် ပြည်မြို့၌ 'သံခိပ်အသင်း' များ ဖွဲ့စည်းပေး၍ အဘိဓမ္မာတရားတော် ပြန့်ပွား ထွန်းကားရေးအတွက် ဆောင်ရွက်တော်မူလျက် ရှိသည်။

မမာလာရီတို့သည် ပြည်မြို့သို့ ခဏဝင်၍ လယ်တီဆရာတော်ကြီးကို ဖူးမြော်ကန်တော့ကြ၏။ လွန်ခဲ့သည့်နှစ်က လယ်တီဆရာတော်ကြီး ကျိုက်လတ်သို့ကြွ၍ တရားဟောတော်မူရာ သွားရောက်နာယူခဲ့ဖူးလေသည်။ ခန္ဓာငါးပါးတွင် ခန္ဓာတစ်ပါးလျှင် တစ်ည ဥပမာ ဥပမေယျ စုံလင်စွာ တန်ဆာဆင်၍ ဟောတော်မူသည်ဆို၏။

မမာလာရီတို့သည် ပြည်မြို့ ရွှေဟင်္သာတောရ၌ တည်းခို၍ လယ်တီဆရာတော်ကြီး၏ တရားဓမ္မကို နားယူရင်း ၁၀ ရက်ခန့် ကြာလေသည်။

ပြည်မြို့၌နေစဉ် မမာလာရီသည် သံခိပ်အသင်းသူ မသက်မေနှင့် သိကျွမ်း ခင်မင်ခဲ့လေသည်။ မသက်မေက -

"ချာန်မဟာဂ္ဂုတ်၊ ချာန်လောကုတ် သရုပ် ၆၇ ဆိုတဲ့ နေရာမှာ ၆၇ ခုကို ရေတွက်ပြစမ်းပါ ဆရာလေး" ဟု မေးသည်။ မမာလာရီက ချက်ချင်း ရေတွက်ပြလိုက်သည်။ ထိုအခါ မသက်မေက "ဆရာလေး သရိုင်မသွားပါနဲ့တော့၊ ဒီမှာပဲ ဆရာလုပ်နေပါ၊ တပည့်တော်တို့ ကိုးကွယ်ပါရစေ" ဟု အတင်းတောင်းပန်လေတော့သည်။

ပြည်မြို့မှ ကျောင်းဒကာများနှင့် သံခိပ် အသင်းသူများကလည်း မမာလာရီကို ပြည်မြို့၌နေ၍ သာသနာပြုရန် ဝိုင်းဝန်းတောင်းပန်ကြပြန်သည်။ ထိုအခါ မမာလာရီက "ကျွန်မ စာမတတ်သေးပါဘူး၊ ခုမှ စာသင်တုန်း ရှိပါသေးတယ်" ဟု ပြောဆိုငြင်းပယ်လေသည်။ "အို ဒီလောက်တတ်ရင် ကျွန်တော်တို့ ကိုးကွယ်ထိုက်ပါပြီ" ဟု ကျောင်းဒကာများက ပြောကြသည်။ လယ်တီဆရာတော်ကြီးကလည်း "နင်တို့မှာ ဆရာကောင်းကောင်း မရှိသေးဘူး၊ ဒီသီလရှင်ကို ရအောင် ပင့်ထားကြ" ဟု သံခိပ်အသင်းသူများကို မိန့်ကြားသည် ဆို၏။

ကျောင်းဒကာများသည် မမာလာရီက အတန်တန် ငြင်းပယ်သောအခါ "စာသင်ပြီးရင် ပြန်လာနေပါ" ဟု ဖိတ်ခေါ်ကြပြန်သည်။ "ခု မပြောနိုင်သေးပါဘူး၊ အကြောင်းညီညွတ်သလို ဖြစ်မှာပါ"ဟု မမာလာရီက အဖြေပေးခဲ့လေသည်။

မမာလာရီတို့ ပြည်မြို့၌ ရှိနေစဉ် ပြည်မြို့မှ ကျောင်းသားများက အမျိုးသမီးများကိုသာ သံခိပ်အသင်း ဖွဲ့စည်းပေးခြင်းနှင့် စပ်လျဉ်း၍ လယ်တီဆရာတော်ကြီးအား လျှောက်ထားကြသည်။

ထိုအခါ လယ်တီ ဆရာတော်ကြီးက -

"ဟေ့ ငါက မင်းတို့အတွက် ဟောတာပါ၊ မင်းတို့က မသိကြလို့၊ ဟော၊ ငါက အမေကလေးတွေ လိမ္မာလာအောင် ဟောတော့ အမေကလေးတွေ လိမ္မာလာရော၊ အမေကလေးတွေ လိမ္မာတော့ သားသမီးတွေပါ လိမ္မာရော၊ သားသမီးတွေ လိမ္မာတော့၊ အဖေလုပ်တဲ့သူ ချမ်းသာရော မဟုတ်လား၊ အမေလုပ်တဲ့သူဟာ အဖေလုပ်တဲ့သူထက် ပိုပြီး သားသမီးနဲ့ လက်ပွန်းတတီး နေရတယ်၊ ဒါကြောင့် ငါက မင်းတို့အတွက် ဟောတာလို့ ပြောတာ" ဟု မိန့်ကြား ဖြေရှင်းတော်မူသည် ဆို၏။

မမာလာရီတို့သည် ပြည်မြို့၌ ၁၀ ရက်ခန့် နေထိုင်ကြပြီးနောက် သင်္ဘောစီး၍ ခရီးဆက်ခဲ့သည်။ စစ်ကိုင်းဆိပ်ကမ်းတွင် ဆင်း၍ စစ်ကိုင်းမြို့ မြေတိုင်း ကျောင်းဆရာ ဦးစိန်၏ အိမ်သို့ သွားရောက်တည်းခိုကြသည်။ ဦးစိန်သည် ခတ္တိယရွာ၌ ကျောင်းဆရာလုပ်ဖူးသည်။ မမာလာရီတို့ ငယ်စဉ်က ဦးစိန်ထံ ဂဏန်းသင်ခဲ့ဖူးသည်။ ဦးစိန်သည် မမာလာရီတို့ သရိုင်သွားသည့်နှစ်တွင် စစ်ကိုင်းမြို့၌ မြေတိုင်း ကျောင်းဆရာအဖြစ် အမှုထမ်းလျက်ရှိသည်။

ဦးစိန်သည် မိတ်ဟောင်းဆွေဟောင်း တပည့်ဟောင်းများနှင့် တွေ့ရ၍ ဝမ်းသာနေသည်။ အစစ အရာရာ လိုလေသေးမရှိအောင် ကူညီသည်။ ဦးစိန်သည် ဒေါ်အိုင်နှင့် စပ်မိစပ်ရာပြောရင်း စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဆရာတော်ထံ၌ တရား အားထုတ်ကြောင်း ပြောပြလေသည်။ ထိုအခါ ဒေါ်အိုင်က နောက်တစ်ခေါက်လာလျှင် မဟာဂန္ဓာရုံ ဆရာတော်ထံ လိုက်ပို့ပေးရန် ပြောသည်။ ထိုစဉ်က မဟာဂန္ဓာရုံ ဆရာတော်သည် အရှေ့ဂန္ဓာရုံချောင်၌ သီတင်းသုံးတော်မူလျက် ရှိသည်။

ဦးစိန်သည် မမာလာရီတို့ကို စစ်ကိုင်းဘူတာသို့ လိုက်ပို့၍ မီးရထားလက်မှတ် ခံပေးလိုက်သည်။ မမာလာရီတို့သည် မီးရထားစီး၍ ဝက်လက်သို့ လိုက်ပါခဲ့ကြသည်။ ထိုစဉ်က ဝက်လက်တွင် ၁၅ အိမ်ခန့်သာ ရှိသေးသည် ဆို၏။ ၁၂၅၃ ခုနှစ်၌ စစ်ကိုင်း-ရွှေဘို မီးရထားလမ်း စတင် ဖွင့်လှစ်ခဲ့သည်။ စစ်ကိုင်း-ရွှေဘို မီးရထားလမ်း မဖောက်မီက ရှိမ္မကားသည် ရုံးစိုက်ရာမြို့ ဖြစ်သည်။ မီးရထားလမ်းဖောက်ပြီးနောက်တွင် ရှိမ္မကားမှ ဝက်လက်သို့ ရွှေ့ပြောင်း၍ ရုံးစိုက်ခဲ့လေသည်။

မမာလာရီတို့သည် ဝက်လက်တွင် ဆင်းကြသည်။ ဝက်လက်သူကြီးအိမ်သွား၍ လှည်းငှားပေးရန် အကူအညီ တောင်းသည်။ ဝက်လက်သူကြီးက ဂရုတစိုက် လှည်းငှားပေးလိုက်သည်။ ထိုစဉ် ဝက်လက်မှ သရိုင်သို့ လှည်းခ တစ်ကျပ် ပေးရလေသည်။

မမာလာရီတို့သည် အလွန်ပူပြင်းလှသည့် မွန်းတည့်ချိန်တွင် လှည်းကြမ်းကြီးစီး၍ သရိုင်ရွာသို့ ခရီးဆက်ခဲ့ကြသည်။ သရိုင်ရွာသည် ဝက်လက်၏ အရှေ့ဘက်တွင်ရှိ၍ ဝက်လက်နှင့် ၅ မိုင်ခန့် ဝေးသည်။ နေပူပူ ဖုန်ထူသည့် လမ်းကြမ်းကြီးပေါ်ဝယ် နွားတစ်ရှဉ်းသည် အပန်းတကြီး ရုန်းနေကြရှာသည်။ ဒေါ်အိုင်နှင့် မမာလာရီတို့သည် "နွားများ ပန်းရှာကြပြီ"ဆိုကာ လှည်းမှဆင်း၍ ကုန်းကြောင်း လျှောက်ကြသည်။

လမ်းတွင် နေပူ၍ ခရီးပန်းလှသဖြင့် ဒေါ်အိုင်သည် မမာလာရီတို့ ရှေ့တွင် ညည်းသည်။

"ဩော် အမေက လာစေချင်တဲ့လမ်းဆိုရင် လိုက်ကြမှာမဟုတ်ဘူး၊ သူတို့လာချင်တဲ့ လမ်းမို့ အမေက လိုက်ရတာ"

"အမေရယ် ဒီလမ်းကလည်း နိဗ္ဗာန်ရောက်တဲ့ လမ်းပါ၊ သမီးတို့ ပညာသင်ရတော့ အမေလည်း ကုသိုလ်တွေ ရပါတယ်၊ ကုသိုလ်ရရင် နိဗ္ဗာန်ရောက်နိုင်ပါတယ်"

"အေး ... အေး ငါ့သမီးပြောတာလည်း ဟုတ်ပါတယ်၊ ဟုတ်ပါတယ်"

သားအမိနှစ်ဦး စကားတပြောပြောနှင့် ခရီးဆက်လျှောက်ကြရာ မကြာမီ သရိုင်ရွာအနီးသို့ ရောက်ခဲ့ကြပေပြီ။ သရိုင်ရွာ၏ အရှေ့ဘက် မဟာစေတီလုကြီး အနီးရှိ သီလရှင်ကျောင်းတိုက်သို့ လှည်းကို မောင်းနှင်စေ၍ ပစ္စည်းများကို ချကြသည်။ သရိုင် သီလရှင်ကျောင်းကို အုပ်ချုပ်သူ မသုဓမ္မစာရီသည် မမာလာရီတို့ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆို နှုတ်ဆက်သည်။ မသုဓမ္မစာရီသည် မမာလာရီထက် ၂ နှစ်ကြီးသည်။

မမာလာရီတို့သည် သရိုင်ရောက်၍ ခေတ္တ အပန်းဖြေပြီးနောက် ထရံကာ ဆရာကြီးအိမ်သို့ သွားကြသည်။ စိမ်းစားငါးပိနှင့် ပုစွန်ခြောက် ၂ ပိဿာ၊ ဆင်ဖြူကျွန်း ထန်းလျက် ၂ ပိဿာတို့ဖြင့် ထရံကာဆရာကြီးကို ကန်တော့ကြသည်။ ပုစွန်ခြောက်ရှားပါး၍ အနည်းငယ်မျှသာ သုံးလေ့ရှိသော အညာဒေသမှာ ပုစွန်ခြောက် ၂ ပိဿာလှူသဖြင့် များလိုက်တာဟု တအံ့တသြ ပြောကြသည် ဆို၏။

မမာလာရီတို့သည် သရိုင် သီလရှင်စာသင်တိုက်၌ မသုဓမ္မစာရီတို့နှင့် တစ်ဇရပ်တည်း အတူနေကြသည်။ နောက်တွင် ထရံကာ ကပ်မိုး ၂ ခန်း ဇရပ်ကလေး သီးသန့်ဆောက်လုပ်၍ နေကြသည်။ သရိုင်သူ မသောရီ၏ အစ်ကိုများက အစစ ကူညီကြသည်။ ဇရပ်ဆောက်ရန် သစ်ဝါးများကို သစ်ဆိမ့်သို့သွား၍ လှည်းဖြင့် တိုက်ရသည်။ ထိုစဉ်က ထရံကာ ကပ်မိုး ၂ ခန်း ဇရပ်တစ်ဆောင် အတွက် ဝတ္ထုငွေ ၆၀ ကျပ် ကုန်ကျလေသည်။

ဖြေမြိမ်းချောင်ဆရာဖြစ်လာမည့် မဥမ္မာရီသည် မမာလာရီတို့ထက် ၂ နှစ်ခန့်စော၍ သရိုင်သို့ ရောက်နှင့်နေသည်။ မဥမ္မာရီသည် ထိုစဉ်က မင်းကွန်း ဂူကလေးချောင်၌ နေသည်။ သိဝံဂါမိချောင် ဆရာဖြစ်လာမည့် မဉာဏစာရီသည် မမာလာရီတို့ထက် နောက်ကျ၍ သရိုင်ရွာသို့ ရောက်လာသည်။ မဉာဏစာရီ သည် သရိုင်ရွာ သီလရှင် စာသင်တိုက်အတွင်း၌ မနေဘဲ ထရံကာ ဆရာကြီး၏ အိမ်ဝင်းအတွင်း သီးသန့် ဇရပ်ကလေးတစ်ဆောင် ဆောက်၍ နေ၏။

မမာလာရီတို့သည် သရိုင်ရောက်စနှစ်၌ ထရံကာဆရာကြီးထံ ဘုံပိုင်းမှ စ၍ ဋီကာကျော် တက်ကြသည်။ ညဝါကို မာတိကာမှစ၍ ပဋ္ဌာန်းအထိ ဆိုကြသည်။ မဉာဏာစာရီ ရောက်သောအခါ ဋီကာကျော်ကို အစမှစ၍ ပြန်တက်ပြန်သည်။ မမာလာရီတို့ ရောက်သည့်နှစ်တွင် ဇင်မြိမ်းချောင်ဆရာ ဖြစ်လာမည့် မဥမ္မာရီသည် ပဋ္ဌာန်းကုန်၍ မင်းကွန်းသို့ ပြန်သွားလေသည်။

ထရံကာဆရာကြီးသည် သီလရှင်များကို ဂရုတစိုက် ပညာသင်ပေးသည်။ ယနေ့ စစ်ကိုင်းတောင်ရိုးရှိ သီလရှင်စာသင်တိုက်များ ကြီးပွားတိုးတက်နေည်မှာ ထရံကာဆရာကြီး၏ ကျေးဇူးနှင့် မကင်းပေ။ ထရံကာဆရာကြီးသည် သီလရှင်များ၏ ပညာရေးဖခင်ကြီး ဖြစ်ပါပေသည်။

"ခင်ဗျားတို့ နောက် ဆရာလုပ်ကြရဦးမှာ၊ သဘောပေါက်ပြီး ကျေညက်အောင် သင်ထားကြပါ" ဟု ပြော၍ မမာလာရီတို့အား ပဋ္ဌာန်းသုံးချက်စုနှင့်တကွ ညဝါများကို ရှင်းလင်းလွယ်ကူအောင် ပို့ချပေးသည်။ ထရံကာဆရာကြီးသည် ၂ ခန်း၊ ၃ ခန်း ကျယ်သော သစ္စာအိမ်အပေါ်ထပ်၌ ဖျာကြမ်းပေါ်ထိုင်လျက် စာချလေ့ရှိသည်။

မမာလာရီတို့သည် သရိုင်ရွာ၌ ၄ နှစ်ခန့်ကြာမျှ စာပေ သင်ယူကာ နေထိုင်ကြသည်။ သရိုင်ရွာ၌ နေရသည်မှာ ချမ်းသာလှသည်မဟုတ်၊ ရောက်စတွင် မစားတတ် မသောက်တတ်ဖြစ်၍ စိတ်ဆင်းရဲရလေသည်။

"သရိုင်ရောက်စက ဆင်းရဲလိုက်တာ၊ ရေသောက်ရတာကလည်း ပေါ့တော့တော့မို့ မသောက်တတ်၊ ဆန်ကလည်း အောက်ကဆန်နဲ့ မတူလို့ မစားတတ်၊ ဒါပေမယ့် အမေ့ မပြောရဲဘူး၊ ကြိတ်မှိတ်နေရတယ်၊ နောက်မှ မဇသာရတို့ အစ်ကိုက ဟာလင်းသွားပြီး စပါးဝယ်ပေးတယ်၊ တစ်တင်းကုန် တစ်တင်း မောင်းနဲ့ ထောင်းပေးတာ စားရတယ်၊ ဟာလင်းဆန်က မြွေစွယ်ကလေးလို ဖွေးပြီး သိပ်လှတယ်၊ ထမင်းကျတော့လည်း ပျောင်းပျောင်းအိအိ သိပ်ကောင်းတယ်၊ သရိုင်က သူဌေးတွေ ဖြစ်ပေမယ့် ဆန် သီးသန့်ဝယ်စားလေ့ မရှိဘူး၊ ရောင်းတဲ့ဆန်ကိုပဲ စားကြတယ်၊ တပည့်တော်တို့ အောက်မှာတော့ ရောင်းစပါးနဲ့ ဝမ်းစပါးက တခြားစီ၊ ပြီးတော့ အဲ့ဒီတုန်းက သရိုင်မှာ မောင်းပဲရှိတယ်၊ ကြိတ်မရှိဘူး"

မမာလာရီသည် သရိုင်ရွာ၌နေစဉ် ၄ နှစ်လုံးလုံး တစ်ရပ်တခြားသို့ လည်ပတ်သွားလာခြင်းမရှိဘဲ စာကိုသာ တွင်တွင် ကြိုးစားနေခဲ့ပေသည်။ ရွှေဘို

မြို့၌ မမာလာရီ၏အမျိုးများ ရှိသည်။ ဦးထွန်းမန်း၊ ဒေါ်မိတို့ ဖြစ်သည်။ ဒေါ်မိ သည် ဒေါ်အိုင်၏ တူမဖြစ်သည်။ ဒေါ်မိက မမာလာရီတို့ သရိုင်ရွာ၌နေကြောင်း သတင်းကြား၍ အလည်လာရန် လူကြုံမှာသည်။ မမာလာရီသည် စာသင်ပျက် မည်စိုးသဖြင့် တစ်ခေါက်မျှ မရောက်ခဲ့ပေ။

ထိုစဉ်က သရိုင်ရွာသည် လောကီ စီးပွားရေး၌ အထက်တန်းကျနေ သကဲ့သို့ သာသနာရေး၌လည်း အထက်တန်းကျလျက်ရှိသည်။ သရိုင်ရွာတွင် သီလရှင်ဆရာလေးတို့၏ စာကျက်သံ စာတက်သံသည် ညံလျက်ရှိသည်။

"အဲဒီတုန်းက သရိုင်က လူရည်တတ် သမီးမှန်သမျှ မယ်သီလရှင် ဖြစ်တာ များတယ်"ဟု ဒေါ်မာလာရီက ပြောသည်။

မမာလာရီတို့သည် ထရံကာဆရာကြီး၏အိမ်သို့ နေ့စဉ် စာတက်သွား ကြသည်။ တစ်နေ့သ၌ စာတက် ပြန်လာသောအခါ အိမ်တစ်အိမ်ပေါ်မှ ကျောင်း သားကလေးတစ်ယောက်၏ သုတ်စဉ်ကျက်သံကို ကြားရသည်။ ထိုအချိန်၌ သစ်ဆိမ့် ရွှေဂူကြီးဘုရားပွဲသို့ သွားနေကြသဖြင့် တစ်ရွာလုံး လူသံတိတ်လျက် ရှိသည်။ မမာလာရီသည် ထိုကျောင်းသားကလေး၏ အမည်ကို ခေါ်ပြီး မေးမြန်း သည်။

"ဟဲ့ မင်းက ဘုရားပွဲ လိုက်မသွားဘူးလား"

"စာအံပျက်မှာစိုးလို့ မလိုက်ဘူး ဆရာလေး"

"အေး အေး မင်းက တယ်တော်တဲ့ ကလေးပဲ၊ မင်းကြီးရင် ဆရာတော် ဖြစ်မှာ သေချာတယ်"

ထိုကျောင်းသားလေးသည် ယခုအခါ ဘာသာဋီကာကျမ်း များစွာကို ရေးသားပြုစုနေသော ကျမ်းပြု ဆရာတော်ကြီးတစ်ပါး ဖြစ်နေပေပြီ။

## ကြောက်စာ ၄ ချပ် အမြဲဖတ်

ဒေါ်အိုင်သည် သမီးများရှိရာ သရိုင်ရွာသို့ တစ်နှစ်တစ်ခေါက် ရောက် လာစမြဲ ဖြစ်သည်။ ၁၂၆၈ ခုနှစ်၌မူ သမီးများအနီးတွင် အချိန်မကုန်စေဘဲ စစ်ကိုင်းတောင်ရိုးသို့ သွား၍ မဟာဂန္ဓာရုံ ဆရာတော် (အရှင်ဥတ္တရ) ထံ တစ်ဝါ တွင်းလုံး တရားအားထုတ်နေခဲ့သည်။ ထိုနှစ်၌ မဟာဂန္ဓာရုံ ဆရာတော်သည် အရှေ့ ဂန္ဓာရုံချောင်၌ သီတင်းသုံးတော်မူလျက် ရှိသည်။ စစ်ကိုင်းမြို့ မြေတိုင်း

ကျောင်းဆရာ ဦးစိန်သည် ဒေါ်အိုင်ကို မဟာဂန္ဓာရုံ ဆရာတော်ထံ လိုက်ပို့ပေးသည်။ ဒေါ်အိုင်သည် အရှေ့ဏ္ဍဇ္ဈာသယ မယ်တော်ချောင်၌နေ၍ အရှေ့ဂန္ဓာရုံ ချောင် အောက်ဇရပ်သို့ သွား၍ နေ့စဉ် တရားထိုင်သည်။ ဝါကျွတ်ပြီးနောက် တန်ဆောင်မုန်းလတွင် သမိန်ထောသို့ ပြန်သည်။

၁၂၇၀ ပြည့်နှစ် ဝါဆိုလတွင် ဒေါ်အိုင်သည် သရိုင်ရွာသို့ ရောက်လာပြန်သည်။ မမာလာရီတို့ ညီအစ်မသည် ဝါဆိုခါနီးတွင် မိခင်ကြီးကို စစ်ကိုင်းတောင်သို့ လိုက်ပို့ကြသည်။ ထိုအချိန်ကား မဟာဂန္ဓာရုံ ဆရာတော်သည် အရှေ့ဂန္ဓာရုံချောင်မှ မဟာဂန္ဓာရုံချောင်သို့ ရွှေပြောင်းသီတင်းသုံးတော်မူစ ဖြစ်သည်။

မမာလာရီတို့သည် နံနက်ပိုင်းတွင် ထမင်းချိုင့်များကို ယူဆောင်ခဲ့၍ မဟာဂန္ဓာရုံချောင်သို့ သွားကြသည်။ မဟာဂန္ဓာရုံဆရာတော်ကို ဖူးတွေ့နိုင်ရန် ဆွမ်းဘုဉ်းပေးချိန်အမီ သွားကြရသည်။ အခြားအချိန်၌ ဆရာတော်နှင့် တွေ့ဆုံခွင့်ရရန် မလွယ်ပေ။ ဆရာတော်သည် ကျောင်းတံခါးပိတ်၍ တရားအားထုတ်နေသည်က များသည်။

မန္တလေးမြို့ မဟာဂန္ဓာရုံ ကျောင်းဒကာ ဦးစော၊ ဒေါ်အေးရင်တို့က ဆောက်လုပ်လှူဒါန်းထားသော ထရံကာ ကပ်မိုး နှစ်ထပ်ကျောင်းကလေး အောက်ထပ် (ယခု ဓမ္မာရုံကြီးနေရာ) ၌ မဟာဂန္ဓာရုံဆရာတော် ဆွမ်းဘုဉ်းပေးလျက်ရှိစဉ် မမာလာရီတို့ ရောက်သွားကြသည်။ မဟာဂန္ဓာရုံ ဆရာတော်က အာလာပ သလ္လာပ စကားအနည်းငယ် ပြောကြားပြီးနောက် မမလာရီကို မေးသည်။

"ဟဲ့ နင်တို့ ကြောက်စာ ဖတ်ဖူးကြရဲ့လား"

"မှန်ပါ ဖတ်ဖူးပါတယ် ဘုရား" (ကျောက်ပြားပေါ်၌ ရေးထားသော ကျောက်စာထင်၍ ဖြေသည်။)

"ဘယ်မှာ ဖတ်ဖူးတာလဲ"

"ဘယ်မှာလို့ မမှတ်မိတော့ပါဘုရား"

"ဟဲ့ ငါမေးတဲ့ ကြောက်စာက ဒီလိုကွဲ့

ရှင်သေ၊ ဖြစ်ပျက်၊ ရ၊ ကုန်၊ ဆုံ၊ ကွဲ၊

သူဆင်းရဲ မလွဲ ဒိဋ္ဌ ကမ္မဋ္ဌာန်းပဲ၊

အသက်ရှင်နေရင် သေရမှာ သိပ်ကြောက်တယ်၊ ဖြစ်လာရင်လည်း ပျက်ရမှာ သိပ်ကြောက်တယ်၊ ရလာရင်လည်း ကုန်ရမှာ သိပ်ကြောက်တယ်၊

ဆုံမိပြန်ရင်လည်း ကွဲရမှာ သိပ်ကြောက်တယ်၊ အဲဒါ 'ကြောက်စာ'ပေါ့ဟဲ့၊ ဒီကြောက်စာ ၄ ချပ်ကို ဘယ်တော့မှ မမေ့နဲ့၊ အမြဲဖတ်၊ ဟုတ်လား၊ ကမ္မဋ္ဌာန်းဖြစ်တယ်"

မဟာဂန္ဓာရုံဆရာတော်သည် မမာလာရီတို့အား တရားစကား အနည်းငယ် ဆက်လက်ဟောကြားတော်မူသည်။ ပရိယတ် ပဋိပတ်အလုပ် ကြိုးစားအားထုတ်ရန် တိုက်တွန်းတော်မူသည်။ ထိုအခါ မသုဓမ္မစာရီက စာမသင်တော့ဘဲ တရားအားထုတ်ချင်ကြောင်း လျှောက်သည်။ "ဟဲ့ နင်က ငယ်သေးတယ်၊ စာတတ်အောင် သင်ဦး၊ စာတတ်ပြီးမှ အားထုတ်" ဟု ညွှန်ကြားတော်မူသည်။ မသုဓမ္မစာရီသည် မဟာဂန္ဓာရုံဆရာတော်ထံတွင် တရားနာရသည့်အချိန်မှစ၍ စာပေသင်ယူရေး၌ များစွာ စိတ်မဝင်စားတော့ဘဲ တရားအားထုတ်ရေး၌သာ စိတ်ဝင်စားနေခဲ့လေသည်။

ဒေါ်အိုင်သည် မဟာဂန္ဓာရုံဆရာတော်ထံမှ နည်းနာနိဿယ ဟူ၍ စစ်ကိုင်းတောင်ရိုး၌ တစ်ဝါလုံး ကမ္မဋ္ဌာန်းအားထုတ်လျက် နေခဲ့လေသည်။ မမာလာရီတို့လည်း သရိုင်သို့ပြန်၍ စာပေများကို ဆက်လက် သင်ယူကြ၏။

## မိခင်ကြီး ကွယ်လွန်ခြင်း

၁၂၇၁ ခုနှစ် ဖြစ်သည်။

"မြူခြေငယ်စွန်းပါလို့၊ နေဝင်းငယ် စက်ရှိန်၊
တောက်လောင်ငယ် ထိန်သည်၊ ဖလ်သူရိန်တေဇာကြောင့်
ပူဗျာပါကဲတဲ့ လကိုလေး..."

မဟာအတုလမင်းကြီးသည် သူ၏ ရာသီဖွဲ့ လွမ်းချင်း၌ ကဆုန်လရာသီကို မလွမ်းဘဲ ညည်းတွားခဲ့လေသည်။ "ကဆုန်နယုန် ဆွေ့ဆွေ့ခုန်" ဆိုသည့်အတိုင်း အပူဒဏ်နှင့် ကြုံရသူတိုင်း ဆွေ့ဆွေ့ခုန်ခဲ့ကြရသည်။

မမာလာရီသည် အညာနွေ၏ ပူပြင်းသော ကဆုန်လတွင် ကျန်းမာရေးချွတ်ယွင်းလာသည်။ ၂ ရက်၊ ၃ ရက်ခန့် အပြင်းဖျား၍ အရပ်ကြိုးပြတ်ကဲ့သို့ ခြေလက်တွေ မသယ်နိုင်၊ မဆုပ်နိုင် ဖြစ်သွားသည်။ သရိုင်ရွာတစ်ရွာလုံးလို မမာလာရီတို့ကို ခင်မင် ကြည်ညိုကြသဖြင့် ဝိုင်းဝန်းကူညီပြုစုကြသည်။ ခြေမသယ်နိုင် လက်မသယ်နိုင် ဖြစ်နေ၍ အနိုပ်ဆရာဖြင့် ကုသရန် စီမံကြသည်။

ရွှေဘိုမြို့နယ် တပင်ကောင်းရွာမှ အနှိပ်ဆရာတစ်ဦးကို ပင့်ပေးကြသည်။ အနှိပ်ဆရာသည် အနှိပ်ပညာတွင် ကျွမ်းကျင်သူဖြစ်သည်။ အရုပ်ကြိုးပြတ်သကဲ့သို့ နှိပ်နယ်ပြုပြင်ပေးရာ တစ်ရက်နှိပ်ရုံဖြင့် ဆုပ်နိုင်ကိုင်နိုင်ဖြစ်လာပြီး သုံးရက်နှိပ်သောအခါ လုံးဝ ပျောက်ကင်းသလောက် ဖြစ်သွားလေသည်။

မမာလာရီသည် အရုပ်ကြိုးပြတ်ဖြစ်၍ အိပ်ရာထဲ လဲနေစဉ် "ဘူးလေးရာ ဖရုံဆင့်" သကဲ့သို့ ရင်နင့်ဖွယ် သတင်းစကားကို ကြားရပြန်ပေသည်။ သမိန်ထောရွာမှ အဒေါ်ဝမ်းကွဲတော်သူ ဒေါ်ပန်းမယ် ရောက်လာသည်။ ကဆုန်လပြည့်ကျော် ၉ ရက်နေ့က ဒေါ်အိုင် ဆုံးသွားပြီဖြစ်ကြောင်း ပြောလာသည်။ မမာလာရီတို့သည် ဝမ်းနည်းကြေကွဲ ငိုပွဲဆင်ကြရသည်။

ဒေါ်ပန်းမယ်က ပြောပြသည်။

"မမက အကြီးအကျယ် ဖြစ်နေတာတော့ မဟုတ်ဘူး၊ သွားသွားလာလာနဲ့ပဲ ရုတ်တရက် ဆုံးသွားရှာတယ်၊ အိမ်မှာမဟုတ်ဘူး၊ မြောက်ဇရပ်မှာ ဥပုသ်စောင့်နေရင်း ဆုံးတာ၊ နယုန်လ စစ်ကိုင်းလာရင် ဆရာတော်တွေ လှူဖို့ဆိုပြီး ပဒုမ္မာပိတ်သက်န်း ၄ စုံ ချုပ်ထားပြီးသား"

ဒေါ်အိုင်သည် သဒ္ဓါတရားကောင်းသည်။ တစ်နေ့ ၅ ကြိမ် ဘုရားရှိခိုးလေ့ရှိသည်။ ဥပုသ်သီလ မပြတ် ဆောက်တည်သည်။ မကွယ်လွန်မီ ၃ နှစ်ခန့်မှစ၍ အမြဲတမ်း သက်သတ်လွတ်စားသည်။

"သီလဖြူစင်ကြောင်းဖြစ်သော အပ္ပိစ္ဆတာ၊ သန္တုဋ္ဌိတာ စသော ဂုဏ်တို့ကို ပြည့်စုံစေရန် သီလဆောက်တည်ပြီးဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ဓုတင်ဆောက်တည်ခြင်းကို ပြုအပ်၏"

ဟူသော ဝိသုဒ္ဓိမဂ်လာ စာပိုဒ်တစ်ပိုဒ်ကို မမာလာရီက ဖတ်ပြဖူးသည်။ ထိုအခါမှစ၍ ဒေါ်အိုင်သည် ဧကာသနိက် ဓုတင်နှင့် ပတ္တပိဏ်ဓုတင်တို့ကို ဆောက်တည်ခဲ့လေသည်။

၁၂၆၉ ခုနှစ်မှစ၍ နှစ်စဉ် ဝါတွင်း ဝါတွင်း၌ စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံဆရာတော်ထံ တရားအားထုတ်ခဲ့သည်။ နှစ်စဉ် ဝါဆိုလ၌ စစ်ကိုင်းတောင်သို့ လာရောက်၍ တန်ဆောင်မုန်းလတွင် အောက်သို့ ပြန်လေ့ရှိသည်။

၁၂၇၀ ပြည့်နှစ်တွင် အောက်မပြန်မီ မဟာဂန္ဓာရုံဆရာတော်အတွက် မဟာသုခချောင်၌ ဂူတူးရန် တာဝန်ယူခဲ့လေသည်။ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံဆရာတော်၊ စစ်ကိုင်းတောင် မဟာဂန္ဓာရုံဆရာတော်၊ ချမ်းအေးဆရာတော်၊

မစိုးရိမ်ဆရာတော်တို့အား လှူဒါန်းရန် ပဒုမ္မာပိတ် သက်နီးချုပ်၍ နယုန်လ၌ စစ်ကိုင်းတောင်သို့လာရန် စီစဉ်ထားသည်။ ရုတ်တရက် မမာမကျန်းဖြစ်၍ ကဆုန်လပြည့်ကျော် ၉ ရက်နေ့၌ ကွယ်လွန်သွားခြင်းဖြစ်သည်။

မမာလာရီသည် ကိုယ်တိုင်က မမာမကျန်း ဖြစ်နေရသည်တွင် မိခင်ကြီး ဆုံးသွားကြောင်း သိရသဖြင့် ယူကျုံးမရ ဖြစ်ခဲ့လေသည်။ မမာလာရီသည် မိခင်ကြီး၏ ဈာပနသို့ မလိုက်နိုင်၊ ညီမဖြစ်သူ မသုဓမ္မစာရီနှင့် သရိုင်မှ မဓမ္မသောရတို့ လိုက်သွားကြသည်။ ညောင်တုန်း၊ ခတ္တီယ၊ ရန်ကုန်၊ ဖျာပုံမှ ဆွေမျိုးများလည်း ဒေါ်အိုင်၏ ဈာပနသို့ လာရောက်ကြသည်။ ဆွေမျိုးများ ဝိုင်းဝန်း၍ တလားကို တည်းအုပ်ပြီး ချသည်။ "တည်းအုပ်" ဆိုသည်မှာ ရွှေချည်ထိုးကတ္တီပါအနက်ဖြင့် တလားကို လွှမ်းအုပ်ခြင်းဖြစ်သည်။

မမာလာရီသည် နယုန်လဆန်းစ၌ နလန်ထ၍ ကျန်းမာစပြုလာလေပြီ။ သွားနိုင်လာနိုင် ရှိသောအခါ သမိန်ထောသို့ပြန်၍ ကျန်းမာရေးအတွက် အနားယူရန် စီစဉ်ရသည်။ သရိုင်မှ မသုဓမ္မစာရီနှင့် သီလရှင် ၁၀ ပါးခန့်သည် မမာလာရီတို့ကို လိုက်ပို့ရင်း ဘုရားဖူးရန် လိုက်ပါခဲ့ကြသည်။ မမာလာရီသည် သမိန်ထောသို့ ရောက်သောအခါ မိခင်ကြီး၏ သင်္ချိုင်းသို့သွား၍ ရှိခိုးပြီး အမျှအတန်း ဝေငှသည်။

"အမေရေ သမီးပြန်လာပြီ၊ အမျှ အမျှ"

နှုတ်ဖြင့် ဖွင့်ဟတိုင်တန်း၍ အမျှဝေလိုက်ရင်း မျက်ရည်များလည်း တွင်တွင်စီးကျလာသည်။ မမာလာရီသည် အတတ်နိုင်ဆုံး စိတ်ကိုထိန်းချုပ်ပြီး သင်္ချိုင်းမှ ပြန်လည်ထွက်ခွာလာခဲ့သည်။ မိမိ၏ ချွတ်ယွင်းနေသော ကိုယ်ခန္ဓာကို ဆေးဝါးဓာတ်စာ အနှိပ်ပညာသည်များဖြင့် ပြုပြင်၍ ၁၂၇၁ ခုနှစ် တစ်နှစ်လုံး သမိန်ထောမှာပင် အနားယူ၍ နေရလေသည်။

## စစ်ကိုင်းတောင်ရိုးသို့

၁၂၇၂ ခုနှစ် ဖြစ်သည်။

"နယုန်မိုးသေး မြက်သားမွေး" ဟူသည့်အတိုင်း နယုန်မိုးသေးသည် နှင်းမှုန်ကလေးသာသာ တဖွားဖွားကျလျက်ရှိသည်။ ထိုအချိန်၌ မမာလာရီတို့ ညီအစ်မသည် ဖခင်ကြီးနှင့်အတူ ရန်ကုန်သို့ ရောက်ရှိနေကြသည်။ မကြာမီ စစ်ကိုင်းသို့ ခရီးထွက်ရန် ပြင်ဆင်ထားကြသည်။

ထိုစဉ် မမာလာရီသည် သီလရှင်တစ်ဦးနှင့် စကားလက်ဆုံကျနေသည်။

"ဆရာ ကြားပြီးပလား၊ ထရံကာဆရာကြီး စစ်ကိုင်းတောင်မှာ စာချနေပတဲ့"

"ဩော် ဟုတ်လား၊ မကြားသေးဘူး ဆရာရေ၊ ဆရာကြီး ဘယ်ချောင်မှာ နေပါသတဲ့လဲ"

"ဗောဓိချောင်မှာ နေတယ်လို့ ကြားပါတယ်၊ ဆရာကော ဘယ်ချောင်မှာနေမယ် စိတ်ကူးပါသလဲ"

"တပည့်တော် ဘယ်ချောင်နေရမယ် မသိသေးပါဘူး၊ ရင်းရင်းနှီးနှီးသိတဲ့ချောင်လည်း မရှိသေးဘူး၊ ခေမေသကချောင် ဆရာနဲ့တော့ နည်းနည်းပါးပါး သိဖူးပါရဲ့"

"ဒါဖြင့် ဆရာရယ် ဂူနီချောင်မှာ နေပ့ါလား၊ ဂူနီချောင်က မြစ်ဆိပ်နဲ့လဲနီးပါတယ်၊ ချောင်ဆရာကြီးကလည်း သဘောကောင်းပါတယ်"

"ဒီလိုဆို ကောင်းသား ဘုရား"

မမာလာရီသည် ဤမျှဖြင့် စကားဖြတ်၍ သင်္ဘောဆင်းရန် ပြင်ဆင်နေသည်။ အချိန်ကျသောအခါ မမာလာရီတို့သည် သင်္ဘောဆိပ်သို့ ဆင်းခဲ့ကြသည်။ ဦးစက်ဖော်၊ မမာလာရီ၊ မသုမေ္မစာရီ၊ မက္ကန္ဒစာရီတို့သည် သင်္ဘောပေါ်သို့ ရောက်ရှိ၍ နေရာယူထားကြပေပြီ။

မမာလာရီတို့သည် စစ်ကိုင်းသို့ သင်္ဘောဖြင့် လိုက်ပါခဲ့ကြသည်။ စစ်ကိုင်းတောင်ရိုးသို့ ရောက်သောအခါ ဂူနီချောင်သို့ သွားရောက်ကြသည်။ ဂူနီချောင် ဆရာကြီးက ဝမ်းပန်းတသာ လက်ခံ၍ ဝါးရင်းတုတ်ဆရာလေး ဇရပ်တွင် နေရာပေးထားသည်။ ဝါးရင်းတုတ် ဆရာလေးကား ဂူနီချောင် တိုက်ကြပ်ဖြစ်သည်။

မမာလာရီတို့သည် မိခင်ကြီး ရည်မှန်းထားသည့်အတိုင်း မဟာဝိသုဒ္ဓါရုံဆရာတော်၊ မဟာဂန္ဓာရုံဆရာတော်၊ ချမ်းအေးဆရာတော်၊ မစိုးရိမ်ဆရာတော်တို့အား ပဒုမ္မာ ပိတ်သက်န်းတစ်စုံစီ လှူဒါန်းဆက်ကပ်ကြသည်။ မဟာဂန္ဓာရုံဆရာတော် သီတင်းသုံးရန် မဟာသုခချောင်၌ ဥမင်လိုဏ်ဂူကိုလည်း တူးဖောက်စေသည်။ တန်ဖိုးငွေ နှစ်ထောင်ခန့် ကုန်ကျလေသည်။ ဂူတူး၍ ပြီးစီးသောအခါ မဟာဂန္ဓာရုံ ဆရာတော် အမှူးရှိသော ဆရာတော် ၁၀ ပါးကို ပင့်၍ ဂူကို ရေစက်ချ

လှူဒါန်းသည်။ ဆရာတော်များအားလည်း ဆွမ်းဘောဇဉ် ဆက်ကပ်၍ သင်္ကန်း တစ်စုံစီ လှူဒါန်းသည်။

ဦးစက်ဖော်သည် မဟာဂန္ဓာရုံ ဆရာတော်ဘုရား၏ ဩဝါဒကို ခံယူ၍ ဥပုသ်သီလဆောက်တည်ပြီး ကမ္မဋ္ဌာန်းဘာဝနာပွားများလျက် အောက်ဇေတဝန် ချောင်၌ နေထိုင်ခဲ့လေသည်။ နှစ်စဉ် နတ်တော်လ စပါးသိမ်းချိန်၌ သမီးဖြစ်သူ မသုဓမ္မစာရီနှင့်အတူ သမိန်ထောသို့ ပြန်၍ စပါးများ ရောင်းချပြီးသောအခါ စစ်ကိုင်းတောင်သို့ ပြန်လာလေ့ရှိသည်။

မမာလာရီ၊ မသုဓမ္မစာရီတို့သည် မိမိတို့ကိုယ်တိုင်လည်း ထရံကာ ဆရာကြီးထံ စာလိုက်ကြ၍ နီးစပ်ရာ တပည့်သီလရှင်ကလေးများကိုလည်း စာပေပို့ချပေးသည်။ သီတင်းနေ့တိုင်း သက်သတ်လွတ် ဇကောသနိက် ပတ္တပိုဏ် စား၍ ကမ္မဋ္ဌာန်းတရား အားထုတ်ကြသည်။

ထိုစဉ်က စစ်ကိုင်းတောင်ရိုးတွင် သီလရှင် ချောင်များစွာ မရှိသေးပေ။ မြောက်ပိုင်း ဂူတစ်လုံးချောင်၊ သစ်ဆိမ့်ချောင် (၁၂၆၀)၊ တောင်ပိုင်း၌ မဂ္ဂင် ချောင် (၁၂၆၅)၊ နိဗ္ဗိန္ဒချောင် (၁၂၆၆)၊ ခေမေသကချောင် (၁၂၆၇)၊ ဂူနီချောင်၊ ဇမြို့ချောင် (၁၂၇၀) တို့သာ ရှိသေးသည်။

ထိုချောင်များသည်လည်း ယခုကဲ့သို့ စည်စည်ကားကား ရှိလှသည် မဟုတ်သေး။ လမ်းပန်းလည်း ယခုကဲ့သို့ သာသာယာယာရှိလှသည် မဟုတ်သေး။ မဂ္ဂင်ချောင်မှ မြစ်ဆိပ်အထိ တစ်လမ်းလုံး မည်သည့်ချောင်မှ မရှိသေးပေ။ ယခု လမ်းမကြီးသည်လည်း ထိုစဉ်က လှည်းသွားဖြစ်ရုံ ကျင်းချိုင့်ထူပြောသော လှို မြောင် လမ်းကလေးမျှသာဖြစ်သည်။ ယခု မြင်းလှည်းဆိပ် ဇောင်ချမ်းပင်ကလေး အောက်၌ အကြော်ဆိုင်ကလေးတစ်ဆိုင် ရှိသည်။ သောတာပန်ရွာ၌လည်း အိမ် ခြေသုံးအိမ်ခန့်သာ ရှိသေးသည်။ ထိုစဉ်က ထုံးဘိုရွာ၏အရှေ့၌ မြေနုကျွန်းကြီး ပေါ်ထွန်းလျက်ရှိရာ ထုံးဘိုရွာသားများသည် တောင်သူလုပ်ငန်းဖြင့် အသက်မွေး ကြသည်။

၁၂၆၇ ခုနှစ် ပတ်ဝန်းကျင်က စစ်ကိုင်းတောင်ရိုး တောင်ပိုင်း၏ အခြေ အနေကို မန္တလေးတက္ကသိုလ် အဘိဓမ္မာကျမ်းစာ၊ လက်ထောက် ကထိကဟောင်း ဆရာကြီး ဦးသိန်းအောင်က သူ၏ 'ဗုဒ္ဓဝါဒ သုံးလောက သတ္တဝါအစ ဖြစ်ပုံကျမ်း' နိဒါန်းတွင် ဤသို့ မှတ်တမ်းတင်ခဲ့ပေသည်။

“ထိုအခါက ဇေတဝန်ချောင်နှင့် ခေမေသကချောင်တို့၏ အကြား၌ လူအသွားအလာ မရှိကြ၊ ထင်းခုတ်သမား တစ်ဦးတလေသာ သွားကြသည်၊ ကျားသစ် စသော တောကောင်များရှိသည်၊ ကျွန်ုပ်သည် ခေမေသကချောင်နှင့် ဇေတဝန်ချောင်ကို ယခုလမ်းအတိုင်း မသွားဝံ့သဖြင့် ဇေတဝန်ဘုရား မြောက်ဘက်စောင်းတန်းလမ်းမှ ဧရာဝတီမြစ်ဆိပ်သို့ သွားသည်၊ ထိုအခါ ဇေတဝန်ဆိပ်၌ လှေကြီးများကို ပွဲလျက်တို့ဖြင့် ဖာထေးကြသော လူတို့ရှိကြသဖြင့် ထိုနေရာကို လှေနာရုံ ခေါ်ကြသည်၊ ထိုလှေနာရုံမှ ဧရာဝတီမြစ်၌ ခတ်သွားသော သမ္ဗာန်တို့ကို အဖော်ပြု၍ ကင်းမော်ကိုကျော်ပြီးလျှင် သရက်ပင်ကြီးဆိပ်သို့ သွားရသည်၊ ဂူနီချောင်နှင့် ခေမေသကချောင်မှ သီလရှင်တို့သည် သရက်ပင်ဆိပ် ရေခပ်လာကြသဖြင့် သီလရှင်များကို အဖော်ပြုလျက် အမေ၏ဇရပ်သို့ သွားသည်၊ သီလရှင်တို့ချောင်ဟူ၍ ဂူနီချောင်၊ ခေမေသကချောင်၊ နိဗ္ဗိန္ဒချောင်၊ မဂ္ဂင်ချောင်မျှသာ ရှိ၍ အရေအတွက်လည်း နည်းသေးသည်၊ တရားအားထုတ်သော လူဝတ်ကြောင်နှင့် အသက်ကြီးရင့်သော သီလရှင်တို့သာလျှင် ရှိ၍ ပရိယတ္တိစာသင်သော သီလရှင် နည်းသေးသည်”

(နှာ-၇-၈)

အခန်း (၃)

# သီလရှင်ချောင်ဆရာဘဝ

## သမိဒ္ဓေါချောင်တည်ခြင်း

"သမိန်ထောသူ မမာလာရီ" ဟူသော အမည်သည် တစ်ချိန်က စစ်ကိုင်းတောင်ရိုးတွင် အလွန် ထင်ပေါ်ကျော်ကြား လူသိများခဲ့ပေသည်။ မမာလာရီ၏ ရုပ်ရည်၊ အကျင့်သီလနှင့် စာပေ ပရိယတ္တိဂုဏ်တို့သည် ထိုသို့ ထင်ပေါ်ကျော်ကြား လူသိများရန် အရင်းခံအကြောင်းများ ဖြစ်စေသည်။

၁၂၇၂ ခုနှစ် နယုန်လတွင် မမာလာရီသည် စစ်ကိုင်းတောင်ရိုးသို့ ရောက်ရှိလာ၍ ဂူနီချောင်၌ နေထိုင်ခဲ့လေသည်။ "အလုတွင် မယ်ဓမ္မ"ဟု စာဖွဲ့ခဲ့ရသော ဂူနီချောင်ဆရာကြီး ဒေါ်ဓမ္မသည် မမာလာရီကို လွန်စွာ ချစ်ခင်အားထားခဲ့လေသည်။ မမာလာရီ၏ အကျင့်သီလ၊ အလိမ္မာဂုဏ်ရည်နှင့် စာပေပရိယတ္တိဂုဏ်တို့ကို များစွာ ယုံကြည်သည်။ သမိဒ္ဓေါဒယချောင် တည်မည် စီစဉ်သောအခါ "တခြားစီ ခွဲပြီး ကျောင်းသစ် တည်မနေပါနဲ့ကွယ်၊ ဒီချောင်မှာပဲနေပါ၊ ချောင်တစ်ဝက် ခွဲပေးမယ်"ဟု ဂူနီချောင်ဆရာကြီးက ပြောသည်။

ဂူနီချောင်သည် ရေဆိပ်နှင့်နီး၍ ရေချိုးရေခပ် လွယ်ကူလေသည်။ ဤသည်ကို မမာလာရီက သဘောကျသဖြင့် ဂူနီချောင်မှာပင် နေရကောင်းမလားဟု စိတ်ဝင်စားခဲ့သည်။ သို့ရာတွင် မမာလာရီသည် မဟာဂန္ဓာရုံ ဆရာတော်ကို မလျှောက်ထား မတိုင်ပင်ဘဲ ကိုယ့်သဘောတစ်ခုဖြင့် မည်သည့်ကိစ္စကိုမှ ပြုလုပ်လေ့ မရှိခဲ့ပေ။ ထိုကိစ္စကို မဟာဂန္ဓာရုံဆရာတော်အား လျှောက်ထားကြည့်ရာ

"အင်း ဂူနီချောင်ဆရာ ရှိတုန်းတော့ ကောင်းပါရဲ့ ဒါပေမဲ့ ကိုယ့်နေရာ ကိုယ်မှ ရေရှည်ကောင်းတယ်" ဟု မိန့်ကြားတော်မူလိုက်သည်။

၁၂၇၀ ပြည့်နှစ်၌ပင် ဒေါ်အိုင်သည် သမိန္ဒြေဒယချောင်ယာမြေကို ဝယ်ယူထားခဲ့လေသည်။ ဒေါ်အိုင်သည် ရှေ့ရေးနောက်ရေး အလွန်မြော်တွေး တတ်သည်။ သမီးဖြစ်သူ မမာလာရီ၊ မသုဓမ္မစာရီတို့ကို စစ်ကိုင်းတောင်ရိုးရှိ သီလရှင်ချောင် ဆရာကြီးများနှင့် ဆက်သွယ်ပေးသည်။ ဆုံးမသွန်သင်ရန် အပ်နှံ သည်။ မမာလာရီတို့ သရိုင်ရွာ၌ စာသင်နေစဉ် ဒေါ်အိုင်သည် စစ်ကိုင်းတောင်ရိုး မယ်တော်ချောင်၌ တရားအားထုတ်လျက် နေထိုင်ခဲ့လေသည်။ ထိုစဉ် အလွန် နာမည်ကြီးသော မတ္တရာဝန်ကတော်ကြီး (သီလရှင်ဆရာကြီး) ထံ ဆည်းကပ် ဖူးလေသည်။ တစ်ခါက ဒေါ်အိုင်သည် မမာလာရီ၊ မသုဓမ္မစာရီတို့ကိုခေါ်၍ မတ္တရာဝန်ကတော်ကြီးထံ သွားရောက် ကန်တော့စေသည်။ မမာလာရီတို့ ညီအစ်မ သည် မိခင်ကြီး၏စကား မဖယ်ရှားချင်၍သာ လိုက်သွားကြရသည်။ တောထွက် သီလရှင်ကို မည်မျှပင် အသက်ကြီးစေ ရှိမခိုးချင်ကြပေ။

မတ္တရာဝန်ကတော်ကြီးထံမှ ပြန်လာသောအခါ မမာလာရီ၊ မသုဓမ္မ စာရီတို့က ညည်းတွားကြသည်။

"အမေကလည်း ဘယ့်နှယ်ဟာမှန်းမသိဘူး၊ တောထွက် သီလရှင်တွေ ကို ရှိမခိုးချင်ပါဘူး ရှက်ပါတယ်"

"ဟဲ့ သမီးတို့ မပြောကြနဲ့၊ အဲဒါ ညည်းတို့ သီလရှင်ဝတ်နေပြီး မာန မကျိုးတာဘဲ၊ မာနရှိတာ မကောင်းဘူး ပျက်စီးတတ်တယ်တော့၊ မတ္တရာဝန်ကတော် ကြီးက ငါ့ဆရာမို့ ညည်းတို့ကို ကန်တော့ခိုင်းတာ၊ အသက်သိက္ခာ ဂုဏ်ဝါကြီးသူကို ကန်တော့ရင် အသက်ရှည်တယ်၊ အဆင်းလှတယ်၊ ညည်းတို့လည်း သိရက်နဲ့"

ထိုအခါ မမာလာရီသည် "မာနရှိတာ မကောင်းဘူး၊ ပျက်စီးတတ် တယ်"ဟူသော မိခင်ကြီး၏ သတိပေး ဆုံးမစကားကို ကြားရ၍ ကိုယ့်အပြစ် ကိုယ်မြင်မိလေသည်။ မသုဓမ္မစာရီကမူ စိတ်ထက်သူပီပီ "အို အမေကလည်း ဒီတောထွက်တွေ ရှိမခိုးချင်ပါဘူးဆိုမှ" ဟု ပြန်ပြောလေသည်။

ထိုစဉ်က မတ္တရာဝန်ကတော်ကြီးသည် စစ်ကိုင်းတောင်ရိုးတွင် အလွန် နာမည်ကြီးခဲ့ပေသည်။ ပုညရှင် ခြသေ့်တစ်ကောင် စောင်းတန်းမှ တက်သွားလျှင် စောင်းတန်းအရှေ့ဘက်ရှိ မတ္တရာဝန်ကတော်ကြီးချောင်ကို တွေ့နိုင်ပေသည်။

ထိုချောင်ကို မတ္တရာဝန်ကတော်ကြီး တည်ထောင်၍ နှစ်ပေါင်းအတော်ကြာမျှ တရားအားထုတ် နေထိုင်သွားခဲ့လေသည်။ မတ္တရာဝန်ကတော်ကြီးကား လူ့ဝင်စား ဖြစ်သည် ဆို၏။ ယခင်ဘဝက ဈေးသည်မကလေးတစ်ဦး ဖြစ်ခဲ့သည်။ မန္တလေး နှင့် မတ္တရာ ခေါက်တုံ့ခေါက်ပြန် ဈေးရောင်းသွားရင်း ဈေးတောင်းချကာ ဘုရား ထံ ဆုပန်ခဲ့သည်။

"ဘုရားတပည့်တော်မ ဤလို ဆင်းရဲတဲ့ဘဝမျိုး ဘယ်အခါမှ မဖြစ်ပါ ရစေနဲ့၊ ဒီဘဝကသေရင် ပစ္စည်းဥစ္စာ ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်ရပါစေ သတည်း"

ဤဆုတောင်းကြောင့် ကွယ်လွန်ပြီးနောက် မတ္တရာမြို့၌ သူဌေးသမီး ဖြစ်လာသည်။ ၁၆ နှစ်အရွယ်တွင် မတ္တရာဝန်မင်းနှင့် အကြောင်းပါသည်။ ထိုအခါ ဝန်မင်းထံ ခွင့်ပန်၍ စာတတ်ပေတတ် ရဟန်းတော်များကို အိမ်သို့ နေ့စဉ် ပင့်၍ စာသင်ရင်း အချိန်ကုန်စေသည်။

မတ္တရာဝန်ကတော် ၂၁ နှစ်အရွယ်တွင် ဝန်မင်း ကွယ်လွန်ရာ မသင်္ဂြိုဟ် မီ သီလရှင်ဝတ်လိုက်သည်။ ဝန်မင်း ဈာပနကိစ္စ ပြီးသောအခါ စစ်ကိုင်းတောင် သို့ တောထွက်လာပြီး မတ္တရာဝန် ကတော်ကြီးချောင် တည်၍နေသည်။ မတ္တရာ ဝန်ကတော်ကြီးသည် အလွန် သဒ္ဓါတရားကောင်းသည်ဆို၏။ တရားနာရမည် ဆိုလျှင် မည်မျှပင်ကြာကြာ မထတမ်း၊ မလှုပ်တမ်း နာနိုင်သည်ဟု သိရ၏။

ဒေါ်အိုင်သည် သမီးများ၏ နောင်ရေးကို မျှော်တွေး၍ ချောင်တည်ရန် သင့်လျော်မည့် မြေနေရာကို ရှာဖွေခဲ့ရာ ယခု သမိဒ္ဓေါဒယချောင် နေရာကို တွေ့၍ သဘောကျသဖြင့် သောတာပန်ရွာသူကြီး ဦးဖြိုးထံမှ ၆၅ ကျပ်ပေး၍ ဝယ်ယူခဲ့ လေသည်။ မြေနေရာသည် ၆ ဧက နီးနီး ကျပ်ဝန်းလေသည်။

၁၂၇၃ ခုနှစ်တွင် သမိဒ္ဓေါဒယချောင် တည်ရန် စတင် စီစဉ်ကြသည်။ ချောင်ယာမြေကို ရှင်းလင်းသုတ်သင်ကြ၊ မြေညှိကြသည်။ အဆောက်အအုံမလုပ်မီ ချောင်ယာမြေတွင် အန္တရာယ်ကင်းစေရန် ဆရာတော် ၁၀ ပါး ကြွရောက်၍ ပရိတ် တရား ချီးမြှင့်တော်မူသည်။ ထိုဆရာတော်များတွင် ချမ်းအေးဆရာတော် (အရှင် သဒ္ဓမ္မ)၊ အနောက် ဣစ္ဆာသယဆရာတော် (အရှင်ခေမိန္ဒ)၊ ကျိုက်လတ်မြို့ ပစ္ဆိမာရုံ ဆရာတော် (အရှင်ကေလာသ)၊ မစိုးရိမ်ဆရာတော် (အရှင်နန္ဒဝံသ) တို့ ပါဝင်တော်မူကြသည်။

ကျိုက်လတ် ပစ္ဆိမာရုံ ဆရာတော်ကား ဦးစက်ဖော်၊ ဒေါ်အိုင်တို့နှင့် ဆရာဒကာဖြစ်၍ သိကျွမ်းရင်းဖြစ်သည်။ ၁၂၇၀ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး ကျိုက်လတ်ချောင် တည်ထောင် သီတင်းသုံးတော်မူခိုက်ဖြစ်သည်။ ပစ္ဆိမာရုံ ဆရာတော်သည် ကိုယ်တိုင်ကြွရောက် ချီးမြှောက်တော်မူပြီး "ဟဲ့ မာလာရီ၊ နင် သိပ်ကံကောင်းတယ်၊ ပရိတ်ချီးမြှင့်တဲ့ ဆရာတော်တွေဟာ သီလဝန္တတွေချည့်ပဲ၊ သိလား။ ဒီနေရာ အန္တရာယ်လည်းကင်းမယ်၊ ကြီးလည်း ကြီးပွားမယ်" ဟု အားပေး စကား မိန့်ကြားတော်မူသည်။

ဦးစက်ဖော်သည် အောက်ဇေတဝန်ချောင်၌ ဥပုသ်စောင့်သုံး နေထိုင် ရင်း ချောင်သစ်တွင် ဇရပ်ဆောက်ရန် စီစဉ်သည်။ ဦးစက်ဖော်၏ ဓမ္မမိတ်ဆွေ တစ်ဦးဖြစ်သူ ဂူနီချောင်နေ ဦးဘိုးရင်က "ဘုရားဒကာ၊ ခင်ဗျား တတ်နိုင်သား ဗျာ၊ တိုက်တည်ပါလား။ ဒါမှ ဆရာလေးတွေ လုံလုံခြုံခြုံရှိမှာ" ဟု အကြံပေးသည်။ ထိုစကားကိုကြား၍ မမာလာရီက "အို တိုက်ကြီးတာကြီးနဲ့ ကြွားကြွားဝံ့ဝံ့ မနေ ချင်ပါဘူး။ ထရံကာ ကပ်မိုးနဲ့ပဲ ကုပ်ကုပ် နေချင်ပါတယ်၊ အဖေ တိုက်မတည်ပါနဲ့" ဟု ကန့်ကွက်စကား ဆိုသည်။

ဦးစက်ဖော်သည် သမီးသဘောကျဖြစ်စေရန် စီစဉ်ဆောင်ရွက်ပေး သည်။ ဦးကြီးဖေဆိုသူကို ကန်ထရိုက်ပေး၍ ၂ ခန်း၊ ၃ ခန်း ဆင်ဝင်နှင့် ဇရပ် တစ်ဆောင် ဆောက်လုပ်စေသည်။ အသားခင်း ကပ်မိုး ထရံနှစ်ထပ်ကာပြီးလျှင် ကျွန်းတံခါးများ တပ်ဆင်စေသည်။ ထိုခေတ်တန်ဖိုးဖြင့် နှစ်ထောင်ကျော်ကုန် သည်။ တိုက်တည်စေချင်သည့် ဦးဘိုးရင်က ထရံကာ ကပ်မိုးကျောင်းကိုကြည့်ပြီး "အင်မတန် ကုပ်ကုပ်နေချင်တဲ့ ဆရာလေး၊ တိုက်နဲ့ နေချင်ရက်နဲ့ မနေနိုင်သူ တွေ ပြည့်လို့၊ ဒီဆရာလေးကဖြင့် တိုက်နဲ့မနေချင်ဘူးတဲ့ အံ့ရောဗျာ" ဟု ပြောသည်။

မမာလာရီတို့သည် ၁၂၇၄ ခုနှစ်တွင် ဂူနီချောင်မှ ချောင်သစ်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပေသည်။ မမာလာရီတို့နှင့်အတူ ညီမ မသုဓမ္မစာရီ၊ မသုမာလာ၊ မခေမာစာရီ၊ မပညာစာရီ၊ မပညဝါ၊ မဣန္ဒစာရီတို့ လိုက်ပါခဲ့ကြ သည်။ မမာလာရီတို့သည် နေရာသစ်၊ ချောင်သစ်ဖြစ်၍ အလုပ်များကြသည်။ ဦးစက်ဖော်နှင့်အတူ ရှင်းလင်း သုတ်သင်ကြရ၊ သစ်ပင်ငယ်များ စိုက်ပျိုးကြရ သည်။

ချောင်ယာမြေသည် တောင်ခြေဖြစ်သဖြင့် ညီညာချောမွေ့လှသည် မဟုတ်၊ အချို့နေရာတွင် ကျောက်စနှင့်ငေါငေါဖြင့် မညီမညာရှိသည်။ ပတ်ဝန်းကျင်တွင် သစ်ပင်များ ချုံပိတ်ပေါင်းများ ထူထပ်ပိတ်ဆို့နေသည်။ ချောင်ဝင်းခြံ အကာအရံမှာလည်း ယခုကဲ့သို့ ခံ့ညားသော တံတိုင်းကြီး မဟုတ်ပေ။ သယံဇာတ နဘူးခြံများ၊ ရှားစောင်းကြီးပင်များသာ ဖြစ်ပေသည်။ လှည်းတစ်စီးဝင်သာရုံ ဖောက်ထားသော ချောင်အဝင်ဝ၌ အသားတိုင်စိုက်၍ ဝင်းတံခါးတစ်ခု တပ်ဆင်ထားသည်။ ဝင်းတံခါးတိုင် နဖူးစီးပျဉ်ချပ်တွင် ချောင်အမည်နှင့် ချောင်တည်သက္ကရာဇ်ကို ဤသို့ ရေးထွင်းထားသည်။

**သမိဒ္ဓေါဒယတိုက်၊ ဇေ့မ်းသာကြီးချောင်**
**၁၂၇၃ ခုနှစ် တည်ထောင်သည်**

ချောင်သစ်အမည်ကို "ဇေ့မ်းသာကြီးချောင်" ဟု မဟာဂန္ဓာရုံ ဆရာတော်က မှည့်ခေါ်စေသည်။ "သံသရာဘေးဆိုး အပူမျိုးတွေ ငြိမ်းအေးအောင် ပရိယတ် ပဋိပတ်အလုပ်ကို အားထုတ်တဲ့နေရာဖြစ်လို့ 'ဇ' ပါရင် ပိုကောင်းတယ်" ဟု ချောင်အမည်ပေးရင်း မိန့်ကြားတော်မူသည်။

စိန်ဇနိနှင့် သက်တူရွယ်တူဖြစ်သည့်အပြင် အလွန်လည်း ခင်မင်ရင်းနှီးသော မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံ တိုက်အုပ်ဆရာတော် (ရှင်ပညာ၊ ၁၂၄၄-၁၂၉၁) ကမူ 'သမိဒ္ဓေါဒယ' ဟု အမည်ပေးတော်မူသည်။ "ဟဲ့ မာလာရီ၊ ဒီနာမည်က စက်ရတယ်၊ နင် ဒီနာမည်နဲ့ ကြီးပွားလိမ့်မယ်၊ ကြားလား" ဟု မိန့်ကြားတော်မူသည်။

ဒေါ်မာလာရီသည် ဆရာတော်များကို လေးစားသောအားဖြင့် အမည်နှစ်မျိုးလုံးကိုပင် အသုံးပြုခဲ့သည်။ ခေါ်တွင်စေခဲ့သည်။ သို့ရာတွင် 'သမိဒ္ဓေါဒယ' ဟူသော အမည်သည်သာ ယနေ့တိုင် ထင်ရှား လူသိများလျက်ရှိသည်။

## ကျေးဇူးရှင် ဆရာတော်များ

### မဟာဂန္ဓာရုံဆရာတော်

"နင်ဟာ အသက်ငယ်သေးတယ်၊ အုပ်ချုပ်သူများလေ ကောင်းလေပဲ၊ တို့ပြောမှမဟုတ်ဘူး၊ ချမ်းအေးဆရာတော်ပြော နားထောင်၊ မစိုးရိမ်ဆရာတော် ပြော နားထောင်"

မဟာဂန္ဓာရုံဆရာတော်သည် သမိဒ္ဓေါဒယချောင်ဆရာ ဒေါ်မာလာရီကို သင့်န်သင်ဆုံးမ ဩဝါဒ ပေးတော်မူလေ့ရှိသည်။ ဒေါ်မာလာရီသည် မဟာဂန္ဓာရုံဆရာတော်ကို ဖခင်ကြီးအလား အလွန်လေးစားသည်။ ဆုံးမဩဝါဒမှန်သမျှကို တစ်သဝေမတိမ်း လိုက်နာကျင့်သုံးလေ့ရှိသည်။ မဟာဂန္ဓာရုံဆရာတော်ကို ယုံကြည်အားကိုး၍ပင် စစ်ကိုင်းတောင်ရိုးသို့ လာရောက်နေထိုင်ခြင်းလည်း ဖြစ်သည်။ စစ်ကိုင်းတောင်ရိုး၌ ချောင်သစ်တည်၍ အတည်တကျနေမည် စီစဉ်သောအခါ "သီလရှင်ဆိုတာ အမျိုးနဲ့မှ ကောင်းတယ်၊ စစ်ကိုင်းတောင်မှာ ဆွေမျိုးတွေနဲ့ ဝေးလွန်းတယ်" ဟု ဦးကြီးဖြစ်သူက ပြောရာ ထိုအကြောင်းကို မဟာဂန္ဓာရုံဆရာတော်အား လျှောက်ကြားသည်။

"တပည့်တော်က ဆရာသမားတွေ အားကိုးပြီး စစ်ကိုင်းတောင်မှာ နေဖို့ စိတ်ကူးပါတယ်ဘုရား။ ဒါပေမဲ့ ဦးကြီးလုပ်သူက ဆွေမျိုးနဲ့ ဝေးလွန်းတယ်လို့ ပြောနေပါတယ်ဘုရား"

"တို့ ရှိသားပဲ၊ ဖြစ်ပါတယ်"

မဟာဂန္ဓာရုံဆရာတော်သည် ဒေါ်မာလာရီအား တိုတိုတုတ်တုတ်ပင် အမိန့်ရှိတော်မူလိုက်သည်။ ဒေါ်မာလာရီသည် စစ်ကိုင်းတောင်ရိုးသို့ ရောက်လာသည်မှစ၍ မဟာဂန္ဓာရုံဆရာတော်၏ အဆုံးအမ ဩဝါဒကို အမြဲတစေ ဦးထိပ်ထားခဲ့လေသည်။ မဟာဂန္ဓာရုံ ဆရာတော်အား မလျှောက်ကြားဘဲ မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်လေ့မရှိပေ။ သို့ဖြစ်၍ မဟာဂန္ဓာရုံ ဆရာတော်က "မာလာရီဟာ ငယ်ပေမယ့်သော ဝစသတော ဂုဏ်ရှိတယ်"ဟု ဝိသုဒ္ဓါရုံစည်ရှင်ဆရာတော်အား မိန့်ကြားခဲ့ဖူးလေသည်။

သမိဒ္ဓေါဒယချောင် တည်စ အဆောက်အအုံကလည်း များများမရှိသေး။ အရိပ်ကောင်းသည့် သစ်ပင်ကြီးများကလည်း မရှိသေးသဖြင့် ကဆုန်နယုန်တွင် ဆွေ့ဆွေ့ခုန်အောင် ပူပြင်းခဲ့လေသည်။ ဒေါ်မာလာရီတို့ ဆရာတပည့်တစ်စုသည် ချွေးတလုံးလုံးဖြင့် ယပ်တောင်ကလေးကိုယ်စီ တဖျပ်ဖျပ်ခတ်ရင်း စာတက်ကြရသည်။ ထိုအခြင်းအရာကိုမြင်သော ဖွားပဒိုင်ဆိုသူ ဥပုသ်သည် အဘွားကြီးတစ်ဦးက "ဆရာလေးတွေတော့ ဒုက္ခပဲ၊ နေကလည်း ပူလိုက်တာ၊ တစ်လကိုးသီတင်းလောက် မေမြို့သွားနေကြပါလား၊ တပည့်တော်မ ကျောင်းစောင့်ရစ်မယ်လေ" ဟု အကြံပေးသည်။ ဒေါ်မာလာရီသည် ထိုအကြံကိုလက်ခံ၍ ဆရာတပည့်တစ်စု မေမြို့သို့ တက်သွားကြသည်။ မေမြို့ ၌ ၁၅ ရက်ခန့် နေထိုင်ကြသည်။ စစ်ကိုင်း

တောင်၌ မိုးရွာ၍ ဥတုရာသီ အေးသွားပြီဖြစ်ကြောင်း စစ်ကိုင်းမှ စာရောက်လာသောအခါ ပြန်လာခဲ့ကြသည်။

စစ်ကိုင်းတောင် ရောက်သောအခါ ဒေါ်မာလာရီတို့ ဆရာတပည့်တစ်စု မေမြို့သွားမိသည့်အတွက် အပြစ်သင့်နေပေပြီ။ မဟာဂန္ဓာရုံဆရာတော်အမိန့်ဖြင့် မဟာသုခချောင်သို့ သွားကြရသည်။ (ထိုစဉ် မဟာဂန္ဓာရုံဆရာတော်သည် မဟာသုခချောင်၌ သီတင်းသုံးနေခိုက်ဖြစ်သည်) မဟာဂန္ဓာရုံဆရာတော်က "မေမြို့ကို ဘာကိစ္စသွားသလဲ၊ နင်တို့ ဘယ်သူမြှောက်ပေးသလဲ" စသည် မေးမြန်းတော်မူပြီးလျှင် "အင်း နင်ဟာ အသက်ငယ်သေးတယ်၊ ဆရာသမားတွေနဲ့ ဝေးတဲ့နေရာ နေလို့မဖြစ်ဘူး" ဟု ဆုံးမဩဝါဒ ပေး၍ မေမြို့သို့ သွားသည့်အတွက် မြစ်ဆိပ်မှ မဟာသုခချောင်အထိ ရေဒဏ် အခေါက်တစ်ရာ ထမ်းရန် အမိန့်ချတော်မူသည်။

ထိုစဉ် အနီးရှိ ဓမ္မာရုံဘုန်းကြီးက "ဆရာတော်ဘုရား အခေါက်တစ်ရာ များလွန်းပါတယ်၊ တစ်နေကုန် ခပ်ရပါလိမ့်မယ်" ဟု လျှောက်ရာ "ဒါဖြင့် ဓမ္မာရုံဘုန်းကြီးပဲ ကြည့်ပြီး ဒဏ်ပေးလိုက်" ဟု မိန့်၍ ကျောင်းပေါ်သို့ ကြွသွားတော်မူသည်။ ဒေါ်မာလာရီတို့ ဆရာတပည့်တစ်စုသည် ဓမ္မာရုံဘုန်းကြီး၏ အစီအစဉ်အတိုင်း ရေဒဏ် ၁၀ ခေါက်စီ ထမ်းကြရသည်။

၁၂၇၇ ခုနှစ် အစိုးရ ပထမပြန်စာမေးပွဲ၌ သမိဒ္ဓေါဒယချောင်မှ မခေမာစာရီ ပထမငယ်တန်းတွင် ထူးချွန်စွာ အောင်မြင်၍ 'စကောလားရှစ်ဆု' ကို ရရှိခဲ့ပေသည်။ သမိဒ္ဓေါဒယချောင်မှ ၁၂၈၀ ပြည့်နှစ်တွင် ပထမငယ် ၂ ပါး၊ ၁၂၈၁ ခုနှစ်တွင် ပထမငယ် ၇ ပါး အောင်မြင်ခဲ့လေသည်။ ထိုစဉ်က မဟာဂန္ဓာရုံဆရာတော်သည် ချောင်ဆရာ ဒေါ်မာလာရီနှင့် စာမေးပွဲအောင်မြင်ကြသည့် သီလရှင်လေးများကို ခေါ်၍ ဩဝါဒ ပေးတော်မူသည်။

"နင်တို့ စာမေးပွဲအောင်တော့ ဝမ်းမသာကြဘူးလား"

"မှန်ပါ၊ ဝမ်းသာပါတယ်ဘုရား"

(သီလရှင်ကလေးများ ပြိုင်တူလျှောက်ကြသည်)

"အင်း ဆရာကလည်း ငယ်သေးတယ်၊ တပည့်တွေကလည်း ငယ်သေးတယ်၊ စာမေးပွဲအောင်တာ ဝမ်းမသာရဘူး မဟုတ်ဘူး၊ ဝမ်းသာတော့သာပေါ့၊ ဒါပေမယ့် ဝမ်းသာတာကို စိတ်ထဲမှာတင်ထား၊ အမူအရာ မပျက်စေကြနဲ့၊ စာမေးပွဲ

အောင်တာ အကြောင်းပြုပြီး မတက်ကြွရဘူး၊ မာနတွေ ဣဿာ မစ္ဆရိယတွေ မဖြစ်စေရဘူး၊ ကြားလား သတိကြပ်ကြပ်ထားရမယ်”

## ချမ်းအေး ဆရာတော်

ချမ်းအေး ဆရာတော် (အရှင်သဒ္ဓမ္မ) သည်လည်း ဒေါ်မာလာရီ၏ ကျေးဇူးရှင် ဆရာတော်တစ်ပါးပင် ဖြစ်ပေသည်။ ဒေါ်မာလာရီသည် ချမ်းအေး ဆရာတော်၏ အဆုံးအမကိုလည်း ခံမင်မြတ်နိုးစွာ လိုက်နာခဲ့ပေသည်။ ချမ်းအေး ဆရာတော်သည် မဟာဂန္ဓာရုံ ဆရာတော်နှင့်အတူ စစ်ကိုင်းတောင်သို့ တောထွက်လာခဲ့သော ဆရာတော်တစ်ပါး ဖြစ်သည်။ မဟာဂန္ဓာရုံ ဆရာတော်ကို ဆရာ့အရာ တင်၍ ပဋိပတ်ကျင့်စဉ်များကို အားထုတ်ခဲ့ပေသည်။ ချမ်းအေးဆရာတော်သည် သီလရှင်များချောင်သို့ နေ့စဉ် ဆွမ်းခံကြွတော်မူလေ့ရှိသည်။ သီလရှင်များကို နေရေးထိုင်ရေးမှအစ ဆုံးမသြဝါဒ ပေးလေ့ရှိသည်။

၁၂၇၉ ခုနှစ်တွင် ဝါးခယ်မမြို့ ဦးဘိုးသက်၊ ဒေါ်ကြီးညိုတို့က သမိဒ္ဓေါ်ဒယချောင်၌ အလွန် လှပခမ်းနားသော ဓမ္မာရုံကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းကြသည်။ ၄ ခန်း၊ ၆ ခန်း ဆင်ဝင်နှင့် နှစ်ထပ်ဖြစ်၍ ပန်းတောင်ပန်းခက်များ တပ်ဆင်ထားရာ အလွန်လှပပေသည်။ ထိုဓမ္မာရုံကြီး ဆောက်လုပ်ပြီးစ ချပ်သင်းချောင်တွင် ချပ်သင်းဦးဘတင်၏ နှမများက အလှူပေးကြသည်။ ထိုစဉ် ချပ်သင်းချောင်၌ အလှူပွဲကျင်းပရန် အဆောက်အအုံ ကြီးကြီးမားမား မရှိသေး၍ ချပ်သင်းချောင်ဆရာက ဒေါ်မာလာရီထံ ပြောလာသည်။

“ဆရာရေ ဆရာတို့ ဓမ္မာရုံမှာ အလှူမင်္ဂလာ အခမ်းအနား လုပ်ပါရစေ၊ ချောင်မှာ နေရာ ကျယ်ကျယ်ဝန်းဝန်းမရှိလို့ တစ်ရက်လောက်တော့ ခွင့်ပေးပါ၊ ပြီးတော့ နရည်းဆိုလား ဘာဆိုလား ပါမယ်တော့ ပြောတာပဲ”

“ရပါတယ်ဆရာ၊ လုပ်ပါ လုပ်ပါ”

ဒေါ်မာလာရီက ရှောရှောရှူရှူ ခွင့်ပြုလိုက်သည်။

အလှူရက် နံနက်တွင် သမိဒ္ဓေါ်ဒယ ဓမ္မာရုံ၌ အလှူမင်္ဂလာ အခမ်းအနား ကျင်းပ၍ နရည်းကို တီးမှုတ်ကြသည်။ ဒေါ်မာလာရီသည် နရည်းသံကို ကြားသောအခါ မျက်စိမျက်နှာ ပျက်နေသည်။ သို့သော် အားနာသဖြင့် သွားရောက်တားမြစ်ခြင်းကို မပြုခဲ့ပေ။ ထိုစဉ် ချမ်းအေးဆရာတော်သည် သမိဒ္ဓေါ်ဒယချောင်

သို့ ဆွမ်းခံကြွလာသည်။ နရည်းတီးသံကို ကြားသောအခါ အနည်းငယ် မျက်နှာပြင်၍ ဆွမ်းခံပြီး ပြန်ကြွသွားသည်။

ထိုနေ့ နေ့ပိုင်းတွင် ဒေါ်မာလာရီထံ ချမ်းအေးဆရာတော်အမိန့်ဖြင့် အခေါ်ရောက်လာသည်။ ထိုအခါ ဒေါ်မာလာရီက နရည်းကိစ္စကြောင့်ခေါ်ကြောင်း အတပ်သိသဖြင့် ချပ်သင်းချောင် ဆရာကိုပါ ခေါ်သွားသည်။ ချမ်းအေးချောင်သို့ ရောက်သောအခါ ချမ်းအေး ဆရာတော်က "အင်း ဓမ္မာရုံမှ ဆောက်ပြီးခါစ ရှိသေး တီးလို့မှုတ်လို့၊ နောက်ကျ နင်ပါ က,ရလိမ့်မယ် သိလား" စသည်ဖြင့် မြည်တွန် ဆုံးမတော်သည်။

ထိုအခါ ဒေါ်မာလာရီက "ချပ်သင်းချောင်ဆရာ အလှူမင်္ဂလာ အခမ်းအနား လုပ်ပါရစေ လာပြောလို့ ခွင့်ပေးလိုက်မိတာပါ၊ တပည့်တော် ဘာမှမသိရပါ" ဟု လျှောက်သည်။ ချပ်သင်းချောင် ဆရာကလည်း "တပည့်တော် နရည်းဆိုတာ ဘာမှန်းမသိပါ၊ ဒီတစ်ခါ သည်းခံတော်မူပါ၊ နောင် ဒါမျိုး မဖြစ်စေရပါဘုရား" ဟု လျှောက်ထား ဝန်ခံလေသည်။

ချမ်းအေးဆရာတော်သည် ရိုးရိုးသားသား မှားယွင်းမှုဖြစ်သဖြင့် ကျေနပ်တော်မူ၍ "နရည်းဆိုတာ တို့လည်း မသိဘူး" ဟု အမိန့်ရှိပြီး နောက်တွင် နစ္စ၊ ဂီတသိက္ခာပုဒ် မညှိုးနွမ်းစေရအောင် စောင့်ထိန်းကြရန် ဆုံးမဩဝါဒ ပေးတော်မူလိုက်သည်။

## မစိုးရိမ် ဆရာတော်

ဒေါ်မာလာရီ၏ ကျေးဇူးရှင် ဆရာတော်များတွင် မစိုးရိမ်ဆရာတော်လည်း အပါအဝင်ဖြစ်သည်။ မစိုးရိမ်ဆရာတော် (အရှင်နန္ဒဝံသ) သည် မစိုးရိမ်၊ သေလာဂီရိ၊ ကိန္နရာ၊ လျော်ဖြူ မဟာဇောဓိဟူသော မစိုးရိမ် ၅ တိုက်ကို အုပ်ချုပ်တော်မူသည်။ နောက်တွင် ရွှေပြည်၊ မုန်ကျောင်း ၂ တိုက် တိုး၍ မစိုးရိမ် ၇ တိုက်ကို အုပ်ချုပ်တော်မူသည်။ မစိုးရိမ်ဆရာတော်သည် တပည့်သံဃာများနှင့် သီလရှင်များအပေါ် ဩဇာအာဏာရှိသော ဆရာတော်တစ်ပါးဖြစ်သည်။ ဒေါ်မာလာရီသည် မစိုးရိမ်ဆရာတော်ထံ သွားရောက်ဆည်းကပ်၍ ဆုံးမဩဝါဒကို နာယူလေ့ရှိသည်။ မစိုးရိမ်ဆရာတော်က ဒေါ်မာလာရီ၏ အနေအထိုင်သေသပ်ပုံ ရှေ့နောက်ဆင်ခြင်တတ်ပုံကိုသိ၍ "ဆရာသမားတွေ ဆုံးမတဲ့အတိုင်း နေသွားရင် သာသနာ

တော်မှာ ဘယ်အခါမှ မဆုတ်ယုတ်နိုင်ဘူး၊ အခုနေပုံ ကောင်းတယ်၊ ဒီအတိုင်း မပျက်စေနဲ့" ဟု ဩဝါဒပေးလေ့ရှိသည်။

## ရေကန်ချောင် ဆရာတော်

ရေကန်ချောင်ဆရာတော် (အရှင်သာဂရ) သည်လည်း ဒေါ်မာလာရီ၏ ကျေးဇူးရှင် ဆရာတော်တစ်ပါးပင်ဖြစ်သည်။ ရေကန်ချောင်ဆရာတော်သည် အဟောအပြော အလွန်ကောင်းသည်။ သီတင်းနေ့များတွင် သီလရှင် ယောဂီ သီတင်းသည်တို့အား တရားဓမ္မ ဟောပြောလေ့ရှိသည်။ ဒေါ်မာလာရီသည် ပီတိသုခချောင်ဆရာကြီး ဒေါ်ယုံကို အဖော်ပြု၍ ရေကန်ချောင်သို့ တရားနာသွားလေ့ရှိသည်။ ထိုအခါ ရေကန်ချောင်ဆရာတော်က "ဟဲ့ နင်တို့ ပရိယတ်သမားတွေ စာသာကြိုးစားကြ၊ စာအံစာတက် မပျက်စေကြနဲ့၊ နွားမဆိုတာ နွားခြံစည်အောင် လုပ်ရသကွဲ့"ဟု ဒေါ်မာလာရီအား မိန့်ကြားခဲ့လေသည်။

နွားခြံတစ်ခု၌ မျိုးဆက်ပြန့်ပွားစေတတ်သော နွားမများရှိနေသမျှ နွားဆက်မပြတ်သကဲ့သို့ ပရိယတ္တိ တည်ရှိနေသမျှ ပဋိပတ္တိ မကွယ်ပနိုင်ပေ။ ထို့ကြောင့် ပရိယတ္တိသည် မျိုးဆက်ပြန့်ပွားစေတတ်သော နွားမနှင့်တူသည်ဟု အဋ္ဌကထာဆရာတို့ မိန့်ဆိုခဲ့ကြသည်။ ထိုအဓိပ္ပာယ်ကိုယူ၍ ရေကန်ချောင် ဆရာတော်က "နွားမဆိုတာ နွားခြံစည်အောင် လုပ်ရသကွဲ့" ဟု မိန့်ကြားခြင်းဖြစ်လေသည်။

တစ်ခါက ဒေါ်မာလာရီတို့ ဆရာတပည့်တစ်စုသည် ရေကန်ချောင် ဆရာတော်အား သွားရောက်ကန်တော့ကြသည်။ ထိုအခါ ရေကန်ချောင် ဆရာတော်က "အင်း မာလာရီတို့ ဂိုဏ်း ၃ ဂိုဏ်းကို သတိထားကြနော်၊ ဂိုဏ်း ၃ ဂိုဏ်းက သဒ္ဓါဂိုဏ်းတဲ့၊ မေတ္တာဂိုဏ်းတဲ့၊ တဏှာဂိုဏ်းတဲ့။ ဒီဂိုဏ်း ၃ ဂိုဏ်းကို သတိထားနေရင် မကြီးပွားဘဲ မနေဘူး။ သာသနာမှာ ကြီးပွားမယ်။ အရောင်တောက်မယ်။ သာသနာမှာနေရင် အရောင်တောက်မှ ကောင်းတယ်။ အရောင်မှိန်နေရင် မကောင်းဘူး" စသည်ဖြင့် ဆုံးမဩဝါဒ ပေးသည်။

## တောင်ဘီလူး ဆရာတော်

ဒေါ်မာလာရီသည် တောင်ဘီလူးဆရာတော် (အရှင်ဒေဝိန္ဒ) အထံသို့လည်း သွားရောက် ကန်တော့လေ့ရှိသည်။ တောင်ဘီလူး ဆရာတော်သည်

အကျင့်ကောင်းသော ဆရာတော်တစ်ပါးဖြစ်သည်။ သီလရှင်နှင့် ဒကာမများ လာရောက်ကန်တော့သောအခါ ကန့်လန့်ကာချ၍ အတွင်းမှနေပြီး သီလပေးလေ့ ရှိသည်။

## စည်ရှင် ဆရာတော်

သမိဒ္ဓေါဒယ တစ်ချောင်လုံး ကြီးပွားတိုးတက်ရေးအတွက် အဘက်ဘက် မှ စောင့်ရှောက်တော်မူခဲ့သော ဆရာတော်မှာ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် သစ် စည်ရှင်ဆရာတော် (အရှင်ကောသလ္လာဘိဝံသ) ဖြစ်သည်။ စည်ရှင်ဆရာ တော်သည် သီလရှင်များအား အနေအထိုင် ပိပြားသေဝပ်အောင် သွန်သင်ဆုံးမ တော် မူလေ့ရှိသည့်အပြင် စာသင်ချင်အောင်၊ စာတတ်အောင်လည်း ဟောပြော တော်မူလေ့ရှိသည်။ သွေးဆောင်တော်မူလေ့ ရှိသည်။

"ဟဲ့ မည်သူမည်ဝါ နင် စာတတ်ချင်လား"

"မှန်ပါ၊ တတ်ချင်ပါတယ်ဘုရား"

"အေး အေး စာတတ်ချင်ရင် တတ်ပြီ" ဟု မိန့်ကြားလေ့ရှိသည်။

မှန်ပါသည်။ စာတတ်ချင်စိတ်ရှိသောသူသည် စာတတ်အောင် ကြိုးစား မည်သာဖြစ်၍ ဧကန်စာတတ်မည့်ပုဂ္ဂိုလ်ဖြစ်လာနိုင်ပေသည်။ "**သုဿူသတိ**-ကြားနာချင်၏၊ **သောတံသြဒတတိ**-နားထောင်၏၊ **အညာစိတ္တံ ဉပဋ္ဌပေတိ**-သိခြင်းငှာ စိတ်ကို ဖြစ်စေ၏" ဟု ပညာရည်တိုးတက်မည့် ပုဂ္ဂိုလ်အနေအထား ကို ကျမ်းဂန်များတွင် မိန့်ဆိုလေ့ ရှိပေသည်။

ဒေါ်မာလာရီသည် မည်သည့်ဆရာတော် တော်သည်၊ ကျော်သည်၊ အဆုံးအမ သြဝါဒကောင်းသည်ဆိုလျှင် သွားရောက် ဆည်းကပ်တတ်သည်။ ဆုံးမသြဝါဒ နည်းနာနိဿယကို အရယူတတ်သည်။ "တပည့်တော်က ကံကောင်း တယ်၊ ဆရာကောင်း သမားကောင်းတွေနဲ့ချည်းပဲ တွေ့ရတယ်" ဟု ဒေါ်မာလာရီ က ပြောဖူးလေသည်။ အမှန်မှာ ဒေါ်မာလာရီက ဆရာကောင်း သမားကောင်း ကို တွေ့အောင် ရှာခြင်းသာဖြစ်ပေသည်။

## သီလရှင်ဉပဒေ

စစ်ကိုင်းတောင်၌ သီလရှင်သာသနာ ပြန့်ပွားတိုးတက်အောင် ဆောင် ရွက်ခဲ့သော ဆရာတော်များတွင် အထင်ရှားဆုံး ဆရာတော်နှစ်ပါး ရှိခဲ့ပေသည်။

ထိုတွင် ထွင့်ခေါင်ဆရာတော် (အရှင်ဉာဏဝံသ ၁၁၆၀-၁၂၄၂) ဖြစ်သည်။ နောက်တစ်ပါးမှာ မဟာဂန္ဓာရုံဆရာတော် (အရှင် ဥတ္တရ ၁၂၂၀-၁၂၈၁) ဖြစ်သည်။

မဟာဂန္ဓာရုံဆရာတော်သည် ၁၂၅၇ ခုနှစ်တွင် မန္တလေးမြို့ အရှေ့ ဝိသုဒ္ဓါရုံတိုက်မှ စစ်ကိုင်းတောင်ရိုးသို့ တောထွက်လာခဲ့သည်။ ပထမ ဂန္ဓာရုံ ချောင်၌ ၁၂ နှစ်ကြာမျှ ကမ္မဋ္ဌာန်းအလုပ် ကြိုးစားအားထုတ်ခဲ့သည်။ ထိုအချိန်၌ မဟာဂန္ဓာရုံ ဆရာတော်၏ ပဋိပတ္တိ ဂုဏ်ရနံ့သည် စစ်ကိုင်းတောင်ရိုးကို ဖြတ် ကျော်၍ နယ်အနှံ့ ပျံ့သင်းလျက်ရှိပေသည်။ အရှင် ဓမ္မနန္ဒ (ဟိန္ဒူရဟန်းတော်)၊ အရှင် ဉာဏတိလောက (ဂျာမန်ပြည်ဖွား အင်္ဂလိပ်ရဟန်းတော်)၊ ရှင်တေဇဝံသ (ဩစတြေးလျ သာမဏေ) တို့သည် ပဋိပတ္တိလုပ်ငန်းတွင် မဟာဂန္ဓာရုံ ဆရာ တော်ကို ရှေ့တန်းတင်၍ အားကိုးခဲ့ကြသည်။ ထိုလူမျိုးခြား ရဟန်းသာမဏေများ အပါအဝင် ပဋိပတ္တိ အလုပ်ကို ခုံမင်မြတ်နိုးကြသော ဆရာတော်၊ သံဃာတော် တို့၏ တိုက်တွန်းတောင်းပန်ချက်အရ ၁၂၆၈ ခုနှစ်တွင် "နိဗ္ဗာနမဂ္ဂဒီပနီကျမ်း" ကို ရေးသားတော်မူခဲ့ပေသည်။

မဟာဂန္ဓာရုံဆရာတော်သည် ပထမ ဂန္ဓာရုံချောင်မှ မဟာ ဂန္ဓာရုံချောင် သို့၊ ၎င်းမှတစ်ဖန် မဟာသုခချောင်သို့ အဆင့်ဆင့် ရွှေ့ပြောင်းသီတင်းသုံးတော် မူခဲ့လေသည်။ မဟာဂန္ဓာရုံဆရာတော်ကို အကြောင်းပြု၍ စစ်ကိုင်းတောင်ရိုးသို့ လာရောက်နေထိုင်ကြသည့် ရဟန်းရှင်လူ သီလရှင် ယောဂီ သီတင်းသည်တွေ တစ်စတစ်စ များပြားလာခဲ့ပေသည်။ ကျောင်းသစ်၊ ကန်သစ်၊ ချောင်သစ်တွေ တိုးတက်များပြားလာသည်။ ထိုစဉ်က မဟာဂန္ဓာရုံဆရာတော်၏ ဩဝါဒခံချောင် ပေါင်း ၃၀ ကျော်အထိ ရှိခဲ့လေသည်။ မဟာဂန္ဓာရုံဆရာတော်သည် ရဟန်း သံဃာများကို ဝိနည်းတရားတော်နှင့်အညီ ကျင့်သုံးနေထိုင်စေ၍ ဓမ္မာနုဂ္ဂဟ အာမိသာနုဂ္ဂဟ ၂ ပါးဖြင့် ချီးမြှောက်တော်မူသည်။ သီလရှင်များကိုလည်း ဆုံးမ ဩဝါဒ မပြတ်ပေးလျက် နေရေးထိုင်ရေးမှစ၍ ပိပြားသေဝပ်စေသည်။ ထိုစဉ်က သီလရှင်များမှာ ငယ်ရွယ်သူနည်းပါး၍ အသက်အရွယ်ကြီးသူက များသည်။ ရဟန်းသံဃာများကိုလည်း ကိုရင်ငယ် ကလေးမှအစ အလွန် လေးစားကြသည်။ လမ်းတွင် ရဟန်းသာမဏေ တစ်ပါးပါးနှင့် ရင်ဆိုင်ဆုံမိပါက လမ်းဘေး၌ထိုင် လျက် ထိုရဟန်းသာမဏေ လွန်သွားသည်အထိ လက်အုပ်ချီမိုး ရှိခိုးကာ နေတတ် ကြလေသည်။

စစ်ကိုင်းတောင်ရိုး၌ ရှေးက သက်ကြီးရွယ်ကြီး သီလရှင်များသာ ပဋိပတ္တိအလုပ် အားထုတ်နေထိုင်ခဲ့ကြသော်လည်း နောင်တွင်မူ ပရိယတ္တိ အလုပ် အားထုတ်သူ သီလရှင် ငယ်ငယ်ရွယ်ရွယ်များ တစ်စတစ်စ ရောက်လာ ခဲ့ကြပေသည်။ မဟာဂန္ဓာရုံဆရာတော်သည် သီလရှင်များ၏ နောင်ရေးကို မျှော်တွေးတော်မူ၍ "သီလရှင်သာသနာ" ရှည်ကြာပြန့်ပွားရေးအတွက် အဘက် ဘက်မှ ပြင်ဆင်သောအားဖြင့် ၁၂၇၆ ခုနှစ်တွင် သီလရှင်ဥပဒေကို ရေးသားတော် မူခဲ့သည်။

သီလရှင် ဥပဒေ ရေးသားပြီးသောအခါ သီလရှင်အားလုံးကို ခေါ်ယူ စည်းဝေး၍ သာသနာတော်မှာ အကျင့်စာရိတ္တ အရေးကြီးပုံ၊ စာမည်မျှပင် တတ်တတ် အကျင့်စာရိတ္တ မကောင်းလျှင် မကြီးပွားနိုင်ပုံတို့ကို စုံစုံလင်လင် မိန့်ကြားတော်မူပြီးလျှင် ရေးသားတော်မူပြီးသော သီလရှင်ဥပဒေကို ဖတ်ကြား ပြသစေသည်။

"စောင်းရန်း စည်းရိုး အရံမရှိကုန်သော ကောက်ပင်တို့သည် ကျွဲ၊ နွား စသည် ဖျက်ဆီး၍ ပျက်စီးကုန်သကဲ့သို့လည်းကောင်း၊ ဇက်မရှိသော မြင်း၊ ချွန်း မရှိသော ဆင်၊ သခင်မရှိသော ကျွန်၊ အရှင်မရှိသော မြို့ရွာပြည်၊ မိဘမရှိသော သားသမီး၊ ဆရာမရှိသော တပည့်တို့သည် အကွပ်မရှိသော ကြမ်းကဲ့သို့ ပရမ်း ပတာ ဖြစ်တတ်သကဲ့သို့လည်းကောင်း ထိုနည်းတူ မဂ်ဖိုလ်နိဗ္ဗာန် လျှင်မြန်စွာ ရခြင်းငှာ ဥပဒေနည်းလမ်း ကျင့်ခန်းမရှိသော လူသူတော်စင် သီလရှင်တို့သည် ရုပ်နာမ် ခန္ဓာ အာယတန ဓာတ်တို့၏ မပြတ်ဖြစ်ရာ သံသရာဝဋ်ဆင်းရဲ သြဃ ကြီးထဲ၌ အဖန်ဖန်တလဲလဲ ပဋိသန္ဓေပွဲ အိုပွဲ နာပွဲ စသည် အမြဲ ဆင်းရဲဒုက္ခတို့ကို ပရမ်းပတာ တွေ့ကြုံရကုန်၏"

ဤဥပဒေနိဒါန်းမှစ၍ အောက်ပါ ဥပဒေ မာတိကာ ၁၂ ရပ်အတိုင်း ဖတ်ပြစေသည်။

၁။ ချောင်၌ နေထိုင်လိုသော သီလရှင်ပုဂ္ဂိုလ်တို့ကျင့်ရာသော ပုဗ္ဗပယောဂ ဥပဒေ၊
၂။ အာမခံတတ်သော ပုဂ္ဂိုလ် ကျင့်ရာသော ဥပဒေ၊
၃။ အာမခံအပ်သော ပုဂ္ဂိုလ် ကျင့်ရာသော ဥပဒေ၊
၄။ အာမခံအပ်သော ပုဂ္ဂိုလ် ဖောက်ပြန်ရာ၌ ကျင့်ရာသော ဥပဒေ၊

၅။ ဘုရားဝတ်တက်သွားရာ ဆွမ်းတော်ကပ်ရာ ဘုရားကျောင်း၌ ကျင့်ရာသော ဥပဒေ၊

၆။ ညဥ့်အခါ စာပြန်ရာ၌ ကျင့်ရာသော ဥပဒေ၊

၇။ နဝကမ္မပြုရာ၌ ကျင့်ရာသော ဥပဒေ၊

၈။ ရေချိုးရေခပ်သွားရာ၌ ကျင့်ရာသော ဥပဒေ၊

၉။ ဇာတိ နေရင်း ရပ်ရွာသို့ အခိုက်အတန့် ပြန်လိုသော သီလရှင်တို့ ကျင့်ရာသော ဥပဒေ၊

၁၀။ အထက်နာယက သီလရှင်ကြီး ပြုကျင့်ရာသော ဥပဒေ၊

၁၁။ ဆရာတပည့် နှစ်ဦးတို့ ကျင့်ရာသော ဥပဒေ၊

၁၂။ သဗ္ဗကိစ္စတို့၌ ကျင့်ရာသော ဥပဒေ။

ဤဥပဒေ ၁၂ ရပ် ဖတ်ကြားပြသစေပြီးနောက် အောက်ပါ နိဂုံးစကားကို ဖတ်ကြားစေသည်။

"ဤသို့ ဆိုအပ်ပြီးသည့် အထွေထွေ နည်းနယဥပဒေကို ကျင့်ရသည့်တို့တစ်တွေမှာ ဘုရားရှင်မင်း ပညတ်တော်ဝိနည်းနယ အစဉ်ကို ကျင့်ကြံကြိုးပမ်းသည့် ဘိက္ခုရှင် ရဟန်းမတို့သည် ဘေးမသမ်း ရန်မမြှောင် နိဗ္ဗာန်ပြည်ခေါင်ဝယ် စံပယ်ကာ ပျော်မွေ့ အငြိမ်းစားသုခကြီးကို တွေ့ကြသလို နည်းနယဥပဒေ ပေါ်ပေါက်လာ၍ တစ်ကြိမ်မျှ တစ်ခေါက် အိပ်မက်ထဲသော်မှ မရောက်ဘူးကြတဲ့ ဘေးမသမ်း ရန်မကပ် ၁၁ ခန်း မီးငြိမ်းသည့် ခေမာရပ်သောင်ကမ်းသို့ သော့မကြာ အမြန်လှမ်းရမည်ဟု ဝမ်းပန်းတသာ ကြည်လင်စွာ သဒ္ဓါတရားဖြင့် အနှစ်တစ်ရာ ရှည်ကြာမြင့်စွာမှ တစ်ကြိမ်တစ်ခါသော ပွင့်လန်းရသည့် ပန်းကသစ်ပုပ္ဖာဝတီံသာပျော် နတ်ဒေဝါတို့ အခါခါပန်သလို နှစ်ကာလ ရှည်ကြာမြင့်စွာမှ တစ်ကြိမ်ခါ ဘုရားမြတ်စွာသာသနာ တွေ့ကြုံကာမှ ကျင့်ရသည့်နည်းဥပဒေကို သတိမိုးစွေ့ရွာ ဝီရိယတိမ်ထပ်လွှာ ဉာဏ်ပညာ ဝရဇိန်မိုးပေါက်တို့ဖြင့် သွေမဖည် ဖြောင့်တန်းအောင် ကြိုးပမ်းလျက် ကျင့်နိုင် ကြံနိုင် စွမ်းနိုင်ကြကုန်၍ အကောင်းတကာတို့ထက် အကောင်းဆုံးဖြစ်သော၊ အမြတ်တကာတို့ထက် အမြတ်ဆုံးဖြစ်သော၊ ချမ်းသာတကာတို့ထက် အချမ်းသာဆုံးဖြစ်သော၊ အအေးတကာတို့ထက် အအေးဆုံးဖြစ်သော ဆန်ခံ၍ ကျွေးမွေးရခြင်း၊ စာသင်ရခြင်း၊ ပန်း, ရေ, ဆီမီး စသည် ပူဇော်ရခြင်း၊ ဝတ်တက် ဆွမ်းတော်ကပ်ရခြင်း၊ ဒါန, သီလ, သမထ,

ဝိပဿနာတို့ဖြင့် ပြုပြင်စီစဉ်ရခြင်းကင်းရာ အသခ်တနိဗ္ဗာန် အေးမြို့သို့ လျှင်မြန်စွာ ရောက်ကြ၍ နိစ္စအမြဲ အေးအေးကြီး အေးကြပါစေကုန်သတည်း၊ အေးအေးကြီး အေးကြပါစေကုန်သတည်း”

သီလရှင်ဥပဒေ ဖတ်ကြားပြသ၍ ပြီးဆုံးသောအခါ သီလရှင်များ၏ သာဓုသံသည် တစ်တောင်လုံး ပဲ့တင်ထပ်မျှ မြည်ဟိန်းပေါ်ထွက်လာလေသည်။

မဟာဂန္ဓာရုံဆရာတော်သည် ဘိက္ခုနီသာသနာ၏ နေရာတွင် အစားဝင်လာသော သီလရှင်သာသနာကို ‘အကွပ်မဲ့ကြမ်း’ မဖြစ်စေရန် သီလရှင်ဥပဒေဖြင့် ထိန်းကွပ်ပေးတော်မူလေသည်။ သီလရှင်ဥပဒေကြောင့် သီလရှင်သာသနာသည် ပိုမို၍ စနစ်တကျဖြစ်လာသည်။ ပို၍ ပီပြင်လာသည်။

ရှေးက သီလရှင်များသည် အဝတ်အစားကို အဖြူရောင်သန့်သန့် ဝတ်ဆင်ခဲ့ကြပုံရသည်။ ဘိုးတော် မင်းတရားကြီးလက်ထက်၌မူ တချို့က အဖြူရောင်ဝတ်၍ တချို့က ဆေးရောင်ဆိုး အနီဝတ်ကြသည်။ ထိုစဉ် မောင်းထောင်သာသနာပိုင် ဆရာတော်က အဖြူအနီ နှစ်မျိုးလုံးပင် ကျမ်းလာပေလာနှင့်အသင့်ဟု ဆုံးဖြတ်ပေးခဲ့လေသည်။ ထိုသို့ ရှေးခေတ်က အရောင်နှစ်မျိုး ဝတ်ဆင်ကြသော်လည်း နောက်ပိုင်းတွင်မူ တစ်စတစ်စ အဖြူရောင်ဝတ်ဆင်မှု နည်းပါးလာခဲ့ပေသည်။ မဟာဂန္ဓာရုံ ဆရာတော်လက်ထက်တွင် အင်္ကျီမှအပ ဆေးရောင်ဆိုး ဝတ်ဆင်ကြ၍ အင်္ကျီကိုမူ အဖြူရောင်သက်သက် အချို့ဝတ်ကြသေးသည်။ ထိုအခါ မဟာဂန္ဓာရုံ ဆရာတော်က အင်္ကျီလည်း ကိုယ်ရုံနှင့် အရောင်ညီတူဝတ်ဆင်ကြရန် ဆုံးမသွန်သင်တော်မူခဲ့သည်။ ထိုအခါမှစ၍ တစ်စတစ်စ အဖြူရောင် ကွယ်ပသွားခဲ့လေသည်။ ယခုခေတ်တွင်မူ အဖြူရောင်သန့်သန့် ဝတ်ဆင်မှု ကွယ်သလောက် ရှိနေပေပြီ။

စစ်ကိုင်းတောင်ရိုးရှိ သီလရှင်အများစုသည် မဟာဂန္ဓာရုံ ဆရာတော်ကို အလွန်လေးစားခဲ့ကြသည်။ မဟာဂန္ဓာရုံ ဆရာတော်၏ ဆုံးမဩဝါဒကို ခံမင်မြတ်နိုးစွာ လိုက်နာကျင့်သုံးခဲ့ကြသည်။ “မဟာဂန္ဓာရုံ ဆရာတော်က သိပ်ဩဇာကောင်းတာပဲ၊ ဘာပြောလိုက် ပြောလိုက် နားထောင်ကြတာ များပါတယ်” ဟု ဒေါ်မာလာရီက ပြောပြသည်။

မဟာဂန္ဓာရုံ ဆရာတော်သည် သီလရှင်များ လိုက်နာကျင့်သုံးရန် နည်းလမ်းဥပဒေများကို ညွှန်ပြပြီးနောက် ဩဝါဒလင်္ကာ သံပေါက်များဖြင့်လည်း ဆုံးမ သွန်သင်တော်မူခဲ့ပေသည်။

သီလရှင်များသည် သာသနာ့ဝန်ထမ်းများဖြစ်၍ အရာရာတွင် ရှေ့နောက်စဉ်းစားမှု၊ သတိထားမှု၊ အများနှင့် ညှိနှိုင်းမှု ပြုရန် လိုပေသည်။ ထို့ကြောင့် -

"ရှေ့နောက်စဉ်းစား၊ သတိထား၊ ဉာဏ်အားအမှန်ကြည့်။
ကြည့်လို့မြင်သော်၊ တော်,မတော်၊ အဖော်ညှိနှိုင်းဘိ။
အဖော်နှင့်ပြော၊ ဉာဏ်နီးနှော၊ သဘောကျလေ့ရှိ။
ထို့ကြောင့်ကဝိ၊ ပညာရှိ၊ မျက်စိဆုံးအောင်ကြည့်။
ဘယ်သင်းဘယ်ဟာ၊ အရာရာ ငါသာတတ်ချင်ဘိ။
ပညာသတိ ဉာဏ်မရှိ၊ မှားမှန်းမသိ မှားတတ်၏
ကဝိတဆူ လုပ်ချင်သူ၊ နှိုင်းယူ အများညှိ။
အများလောက၊ သဘောကျ၊ မုချမှားမရှိ။
သို့မှလွန်ခိုင်၊ မယိမ်းယိုင်၊ ကျောက်တိုင်ပမာရှိ။"

ဟု မဟာဂန္ဓာရုံ ဆရာတော်က ဆုံးမခဲ့ပေသည်။

သီလရှင်များ၏ ပဓာန တာဝန် နှစ်ရပ်မှာ ပရိယတ်နှင့် ပဋိပတ် ဖြစ်သည်။ ထိုတာဝန်နှစ်ရပ်တို့ကို ပြည့်စုံအောင် ထမ်းဆောင်မှသာ ကြီးပွားနိုင်ကြောင်း အောက်ပါအတိုင်း ဆုံးမ သွန်သင်ခဲ့ပေသည်။

"ပရိယတ် ပဋိပတ်၊ ကျင့်မြတ်နှစ်ဖြာ၊ ပြည့်စုံပါ၊ တိုက်တာဂုဏ်ကြီးရ။
တိုက်ဂုဏ်ရှိငြား၊ လွန်ကြီးပွား၊ ဘုရားသာသနာ ချီးမြှောက်ရ။
သာသနာမှု၊ ချီးမြှောက်သူ၊ နိဗ္ဗူလျှင်စွာရ။"

သီလရှင်များသည် မိန်းမသားများပီပီ သဒ္ဓါတရား ကောင်းတတ်ကြ၏။ ကြည်ညိုတတ်ကြ၏။ ကျွေးမွေး လှူဒါန်းချင်ကြ၏။ ဘုန်းကြီးများ ဆွမ်းကပ်ရာ၌ "ဟိုဟင်းလေး ဘုန်းပေးပါဦး ဘုရား၊ ဒီဟင်းလေး ဘုန်းပေးပါဦး ဘုရား" ဟု တစာစာ လျှောက်ထားတတ်ကြ၏။ သို့ဖြစ်၍ -

"ဆွမ်းကပ်ပြန်ရာ၊ ဘုန်းပေးပါ၊ တစာစာ မလျှောက်ကြနှင့်"

ဟု ဆုံးမတော်မူသည်။

တစ်ဖန် သီလရှင်များသည် မိန်းမသားများဖြစ်၍ ကြည်ညိုမိလျှင် ဘောင်လွန်သွားတတ်ကြ၏။ အထူးသဖြင့် အသံကောင်း အဟောကောင်း ဓမ္မကထိကပုဂ္ဂိုလ်များအပေါ် အကြည်ညို လွန်မိတတ်ကြသည်။ ထိုအချက်ကို

အောက်ပါအတိုင်း မဟာဂန္ဓာရုံ ဆရာတော်က သတိပေး ဆုံးမတော်မူခဲ့လေသည်။

"တရားနာလျှင်၊ သမ္မာဇဉ်၊ ယှဉ်၍ နာပကြ။
တရားတော်ကို၊ လွန်ကြည်ညို၊ ပုဂ္ဂိုလ်မချစ်ရ။
ပုဂ္ဂိုလ်ချစ်မျိုး၊ စိတ်မရိုး၊ ကိုယ်ကျိုးပျက်စီးရ။"

သီလရှင်ချောင်များသည် မိန်းမသားတို့၏ နေရာဖြစ်၍ ဝိသဘာဂ ပုဂ္ဂိုလ်များ ညဥ့်အိပ်တည်းခိုရန် မသင့်လျော်ပေ။ အထူးသဖြင့် ရဟန်းသံဃာတော်များကို ဆွေရင်းမျိုးရင်းပင် ဖြစ်စေကာမူ ညဥ့်အိပ်နေ့နေ တည်းခိုခွင့်ပြုရန် မလျောက်ပတ်ချေ။ သို့ဖြစ်၍ -

"ဆွေမျိုးဘုန်းကြီးအား၊ ဝင်ပြန်ငြား၊ ဘုရားကျောင်းမှ ဧည့်ခံကြ၊
ညအိပ်ပြန်လို ထိုဘုန်းမို ကျောင်းကို ညွှန်ပါကြ"

ဟု ဆုံးမတော်မူခဲ့ပေသည်။

တစ်ခါက အထက်ပါ ဆုံးမသွန်သင်ချက်ကို လိုက်နာမှု၊ ကျင့်သုံးမှု ရှိမရှိ သမိဒ္ဓေါဒယချောင်သို့ မဟာဂန္ဓာရုံ ဆရာတော်က စုံစမ်းဖူးသည်။ တစ်ခုသော ညနေချိန်တွင် ဒကာကြီးတစ်ယောက် ရောက်လာ၍ သမိဒ္ဓေါဒယချောင်၌ ဘုန်းကြီးတစ်ပါး တစ်ညလောက် တည်းခိုခွင့်ပြုရန် ခွင့်တောင်းသည်။ ဒေါ်မာလာရီက ခွင့်မပြုနိုင်ကြောင်း လုံးဝ ငြင်းပယ်သောအခါ ထိုဒကာကြီး ပြန်သွားရလေသည်။ ထိုဒကာကြီးနောက်သို့ အမှတ်တမဲ့ လိုက်ကြည့်စေသောအခါ အားလုံး အံ့သြကြရသည်။ အကြောင်းမှာ ထိုဒကာကြီးနှင့် အတူကြွသွားသော ဘုန်းကြီးသည် မဟာဂန္ဓာရုံ ဆရာတော်ကိုယ်တိုင် ဖြစ်နေခြင်းပင်တည်း။

## သမိဒ္ဓေါဒယချောင် အုပ်ချုပ်ရေး

"ချောင် ဥပဒေ သီးခြားမရှိပါဘူး၊ မဟာဂန္ဓာရုံ ဆရာတော်ရေးတဲ့ သီလရှင်ဥပဒေအတိုင်း အုပ်ချုပ်ပါတယ်" သမိဒ္ဓေါဒယချောင် အုပ်ချုပ်ပုံနှင့် စပ်လျဉ်း၍ မေးမြန်းရာ ဒေါ်မာလာရီက ဤသို့ အဖြေပေးခဲ့လေသည်။

သမိဒ္ဓေါဒယချောင်တည်၍ ၂ နှစ်ခန့် ရှိသောအခါ သီလရှင်ဥပဒေ ပေါ်လာသည်။ ထိုသီလရှင် ဥပဒေနှင့်အညီပင် သမိဒ္ဓေါဒယချောင်၌ လိုက်နာ

ကျင့်သုံး နေထိုင်စေသည်။ ထို့ကြောင့် ယနေ့တိုင်အောင် စည်းလုံးညီညာပြီး စည်းကမ်းသေဝပ်သော ချောင်ကြီးတစ်ချောင် ဖြစ်လျက်ရှိသည်။

သမိဒ္ဓေါဒယချောင်သို့ လာရောက်နေထိုင်လိုသော သီလရှင်သည် ချောင်ဆရာထံ နှစ်ကြိမ်သုံးကြိမ် ခွင့်တောင်းသည့်တိုင် အလွယ်တကူ နေခွင့် မရပေ။ ချောင်ဆရာက ပုဂ္ဂိုလ်အခြေအနေကို ကြည့်၍ လက်ခံသင့်မှ လက်ခံလေ့ ရှိသည်။

ထို့ပြင် သမိဒ္ဓေါဒယချောင်၌ နေခွင့်ရရန် ချောင်တွင်းမှ ခိုင်မာသော အာမခံဆရာ တစ်ဦးဦးရှိရသည်။ ထို အာမခံဆရာက "ဤ သီလရှင်လေးအပေါ် ဆိုဆုံးမရန် ရှိသမျှကို တပည့်တော်မက ကြောင့်ကြပြုပြီး ဆိုဆုံးမပါမည်၊ ဤ သီလရှင်ကလေး တစ်စုံတစ်ခု ဖောက်ပြန်ကျူးလွန်ပါလျှင် တပည့်တော်မအား ထိုက်ရာဒဏ်သနားတော်မူပါ" ဟု ချောင်ဆရာထံ ကတိခံဝန်ချက် ပေးရသည်။ ထိုအခါ ချောင်ဆရာက ချောင်၏ စည်းကမ်းဥပဒေအချို့ကို ပြောပြသည်။

ထို့နောက် အာမခံဆရာက သီလရှင်အသစ်ကို တိုက်အုပ် တိုက်ကြပ် နာယကဆရာကြီးများထံ ခေါ်သွား၍ "ဘုရားတပည့်တော်မအား သနားသဖြင့် ဆုံးမတော်မူပါ၊ ဆုံးမတော်မူသမျှကို မသွေမလှန် လိုက်နာကျင့်ကြံပါမည်ဘုရား" ဟု လျှောက်ထားစေရသည်။

ထိုအခါ တိုက်အုပ်တိုက်ကြပ် နာယက ဆရာကြီးများက နေနည်း ထိုင်နည်းမှစ၍ သွန်သင်ပြသ ဆုံးမဩဝါဒစကား ပြောကြားလိုက်ကြသည်။

သီလရှင်ဝတ်ချင်သူ လူဝတ်ကြောင် အမျိုးသမီးကလေးတစ်ဦးက သီလရှင် ဝတ်ပေးပါရန် လာရောက်ခွင့်တောင်းခဲ့လျှင် အခြေအနေအရ ၁၃ နှစ်မှ ၄၀ အတွင်းဖြစ်မှ ချက်ချင်းဝတ်၍ မပေးချေ။ ၂ လတန်သည်၊ ၃ လတန်သည် ဥပုသ်စောင့်စေ၍ အပြစ်ကင်းစင်ပြီး သီလရှင်ပီပီ နေနိုင်ပုံရမှသာ ဝတ်ပေးလေ့ ရှိသည်။ သို့ရာတွင် ဤစည်းကမ်းကို ပုဂ္ဂိုလ်အခြေအနေအရ ကျင့်သုံးလေ့ရှိသည်။

သမိဒ္ဓေါဒယချောင်၌ နေလိုသော သီလရှင်များသည် ...

"ညဉ့်ရောနံနက် ရက်မပျက် ဝတ်တက်ဆွမ်းတော်ကပ် အမှန်လိုက်ရ ပါသည် ဘုရား"

ဟူသော သီလရှင်ဥပဒေနှင့်အညီ တစ်နေ့လျှင် ၂ ကြိမ် ဝတ်တက် ဝတ်ကပ် မပျက်စေကြရပေ။ နံနက်စောစောထ၍ မိမိတို့နေရာ ဇရပ်တွင် ဆွမ်း

ဟင်းများကို ချက်ပြုတ်ပြင်ဆင်ကာ ဆွမ်းတော်ပွဲအုပ်၌ စုပေါင်းထည့်ပြီးလျှင် ဘုရားကျောင်းကြီးသို့ သွားရောက်၍ ဆွမ်းတော်ကပ်ကြရသည်။ သာယာသော နံနက်ခင်းတွင် သီလရှင်ကလေးများ၏ ဘုရားဝတ်တက်သံသည်လည်းကောင်း၊ တရားဓမ္မ စုပေါင်းရွတ်ဆိုသံသည်လည်းကောင်း၊ အမျှဝေသံ, ကြေးစည်သံတို့ သည်လည်းကောင်း အလွန်ကြည်နူးဖွယ် ရှိလှပေသည်။

ညနေ မှောင်စပျိုးချိန်၌ အချက်ပေး ကြေးမောင်းထိုးသောအခါ သီလရှင်အားလုံး ဘုရားကျောင်းကြီးသို့ သွား၍ ဘုရားရှိခိုးကြရသည်။ ရေချမ်းတော်၊ ပန်းတော် ကပ်လှူကြရသည်။ သီလရှင်တို့ ဝတ်ပြုရာ ဘုရားကျောင်းကြီးအတွင်း၌ အစဉ်သဖြင့် သန့်ရှင်းပြောင်ဝင်းနေသည်။ ဆွမ်းတော်အုပ်နှင့် ရေတော်ခွက်များ ပန်းအိုးများ လှူထားပုံမှာလည်း အစီအစဉ်တကျ ရှိလှပေသည်။ စိတ်ကူးကောင်းကောင်းဖြင့် သီလရှင်ကလေးများ ပြုပြင်လှူဒါန်းထားသော တောပန်း၊ တောင်ပန်းကလေးများမှာလည်း ရိုးရိုးကလေးနှင့် ဆန်းနေကြသည်။ လှပနေကြသည်။ သီလရှင်တို့၏ ဘုရားကျောင်းသည် မည်သည့်နေရာနှင့်မျှ မတူအောင် ကြည်နူးဖွယ် အကောင်းဆုံး နေရာတစ်ခု ဖြစ်ပေသည်။

ည၌အခါ ဘုရားဝတ်ပြုပြီး၍ ဘုရားကျောင်းကြီးမှ ပြန်လည်ဆင်းလာကြသောအခါ ထွေရာလေးပါး စကားမပြောမိကြစေရန် "နမောတဿ ကိုယ်စီ ရွတ်ဆို၍ ဆင်းကြရမည်" ဟု ချောင်ဆရာကြီး ဒေါ်မာလာရီက ညွှန်ကြားထားသည်။ ထိုညွှန်ကြားချက်အတိုင်း လိုက်နာလျက် ရှိကြသည်။ ဘုရားကျောင်းမှ ဆင်းပြီးနောက် မိမိတို့နေရာ ဇရပ်များသို့ အသီးသီးသွား၍ စာပြန်ကြရသည်။ စာဆိုကြရသည်။ ဤသည်မှာ သမိဒ္ဓေါဒယချောင်၏ နေ့စဉ် လုပ်ငန်းတစ်ရပ် ဖြစ်သည်။

"စကားပြောကျယ်၊ အရယ်ကျယ်၊ အခေါ်ကျယ်၊ အချေကျယ်၊ အသမ်းကျယ် ကျယ် ၅ ပါးကို ပယ်ရပါသည် ဘုရား"

ဟူသော သီလရှင်ဥပဒေနှင့်အညီ သမိဒ္ဓေါဒယ ချောင်၌ စကားကျယ်ကျယ် မပြောရပေ။ ကျယ်လောင်စွာ ရယ်မောခြင်း၊ ကျယ်လောင်စွာ ဟစ်ခေါ်ခြင်း၊ ကျယ်လောင်စွာ ချေဆတ်ခြင်း၊ သမ်းခြင်းတို့ကိုလည်း ရှောင်ရလေသည်။ မဟာဂန္ဓာရုံ ဆရာတော်မလွန်မီက ထိုဥပဒေအတိုင်း အတိအကျ လိုက်နာခဲ့ကြသဖြင့် သမိဒ္ဓေါဒယချောင်၌ စာအံသံ၊ ဘုရားရှိခိုးသံမှတစ်ပါး စကားပြောသံ

စသည် မကြားရသလောက် ရှိခဲ့ပေသည်။ ထိုစဉ်က ဈေးသည်များပင် သမိဒ္ဓေါဒယကျောင်း၌ အော်ဟစ်၍ ဈေးမရောင်းဝံ့ကြပေ။ ဈေးသည်များသည် ကျောင်းဆရာကြီး ဒေါ်မာလာရီ၏ တိုက်ရှေ့မန်ကျည်းပင်အောက်တွင် ချထားပြီး တိုးတိုးတိတ်တိတ် ရောင်းကြရသည်။ သီလရှင်များကလည်း တစ်ပါးနှင့်တစ်ပါး လက်တို့၍ တိုးတိုးတိတ်တိတ် ဝယ်ကြရသည်။ တိုးတိုးတိတ်တိတ်နေခြင်း၊ စကားတိုးတိုးပြောခြင်းသည် သူတော်စင်တို့ နှစ်သက်မြတ်နိုးအပ်သော အကျင့်တစ်မျိုးဖြစ်သည်။

သမိဒ္ဓေါဒယ ကျောင်းတည်စ၌ ဒေါ်မာလာရီတစ်ဦးတည်း တပည့် သီလရှင်များကို အုပ်ချုပ်ခဲ့လေသည်။ နောက်တွင် ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်၏ ညွှန်ကြားချက်အရ ညောင်တုန်း ဒေါ်သုမာလာကို တိုက်အုပ်၊ သရိုင် ဒေါ်ဇောတာရကို တိုက်ကြပ်အဖြစ် ခန့်ထား အုပ်ချုပ်စေသည်။

တိုက်အုပ် ဒေါ်သုမာလာသည် အလွန် စိတ်ကောင်းရှိသူဖြစ်သည်။ ကျောင်းဆရာ ဒေါ်မာလာရီကို အလွန် လေးစားသည်။ ကျောင်းဆရာက "မသုမာလာ ငါ ဘာလုပ်ချင်တယ်" ဆိုရင် မဖြစ်ဖြစ်အောင် ဆောင်ရွက်တတ်သည့် ဇွဲသတ္တိရှိသူလည်းဖြစ်သည်။ တပည့် သီလရှင်ကလေးများကိုလည်း အလွန်ကြင်နာတတ်ပေရာ သီလရှင်အများစု၏ ချစ်ကြောက်ရိုသေမှုကို ခံရသူဖြစ်သည်။ ဒေါ်သုမာလာသည် သမိဒ္ဓေါဒယကျောင်း ကြီးပွားရေးအတွက် အဘက်ဘက်မှ စီမံဆောင်ရွက်နေစဉ် "လှော်ကောင်းတုန်း တက်ကျိုး" ဆိုသကဲ့သို့ ဒုတိယကမ္ဘာစစ်အတွင်း အနိစ္စရောက်သွားခဲ့လေသည်။

ဒေါ်သုမာလာ မရှိသည့်နောက် တိုက်ကြပ် ဒေါ်ဇောတာ၊ ဒေါ်ပုညဝတီ၊ ဒေါ်သုနန္ဒာ၊ ဒေါ်သုစာရီ၊ ဒေါ်စန္ဒဝတီ စသော သီလရှင် ဆရာကြီးများသည် ဒေါ်မာလာရီ၏ လက်အောက်မှနေ၍ သမိဒ္ဓေါဒယကျောင်း တိုးတက်ကြီးပွားရေးကို ဆက်လက် ဆောင်ရွက်ခဲ့ကြသည်။ ယနေ့တွင်မူ သမိဒ္ဓေါဒယကျောင်း နာယကဆရာကြီးများဖြစ်သော ဒေါ်ကဥ္စနာ (ပထမကျော်)၊ ဒေါ်ပါရမီ (ပထမကျော်)၊ ဒေါ်ဟေမာရီ (အစိုးရဓမ္မာစရိယ) တို့က ကျောင်းဆရာကြီး ဒေါ်မာလာရီ၏ လက်အောက်မှနေ၍ သမိဒ္ဓေါဒယကျောင်းကြီး စည်းကမ်းမပျက် ဆက်လက်တိုးတက်စေရန် စီမံအုပ်ချုပ်လျက် ရှိကြသည်။

ဒေါ်ကဥ္စနာ၊ ဒေါ်ပါရမီ၊ ဒေါ်ဟေမာရီတို့က တစ်ကျောင်းလုံး စည်းကမ်းသေဝပ်အောင် ကြပ်မတ် အုပ်ချုပ်ပေးသကဲ့သို့ အနုနာယက စာချ ဆရာများ

ဖြစ်သည့် ဒေါ်ကြွန္တဝတီ၊ ဒေါ်ကုလပတိ၊ ဒေါ်စရဝတီတို့ကလည်း စာပေပညာများကို အခြေပါပါ သင်ကြားပေးလျက် ရှိကြပေသည်။ သမိဒ္ဓေါဒယ စာချ ဆရာများသည် အစိုးရဓမ္မာစရိယ ဘွဲ့ရများဖြစ်၍ စာပေ ပရိယတ္တိတွင် အခြေခံ လုံလောက်ကြပေသည်။ သင်နည်းစနစ် မှန်ကန်ခြင်း၊ အသင်အပြကောင်းခြင်းကြောင့် သမိဒ္ဓေါဒယချောင်မှ သီလရှင်ဆရာလေးများသည် နှစ်စဉ်မပျက် စာပေအောင်ပန်းဆင်မြန်းလျက် ရှိကြပေသည်။

ထို့ပြင် ဒေါ်ဝဏ္ဏာရီ၊ ဒေါ်ဆန္ဒာဂီ၊ ဒေါ်စရိတညာဏီတို့သည်လည်း အစိုးရ ဓမ္မာစရိယဘွဲ့ကို အသီးသီး ရရှိခဲ့ကြ၍ သမိဒ္ဓေါဒယချောင် ပညာရေးအတွက် တတပ်တအား ပါဝင်ထမ်းဆောင်လျက် ရှိကြသည်။

စည်းကမ်းသည် လောကတွင် အဖိုးအတန်ဆုံးသော ရတနာတစ်ခုဖြစ်ပေသည်။ စည်းကမ်း အဘိုးတန်သလောက် စည်းကမ်းရှိသောသူသည်လည်း တန်ဖိုးမဖြတ်နိုင်သောသူပင် ဖြစ်ရလေသည်။ စည်းကမ်းကို ချစ်မြတ်နိုးသောသူတို့သည် ထာဝစဉ် ကြီးပွားနိုင်သောသူတို့သာ ဖြစ်ပေသည် မည်သည့်အလုပ်မျိုးမဆို စည်းကမ်းရှိလေ ကြီးပွားလေသာဖြစ်သည်။ သမိဒ္ဓေါဒယချောင် ကြီးပွားတိုးတက်နေသည်မှာ စည်းကမ်းရှိ၍ စနစ်တကျ အုပ်ချုပ်သောကြောင့်ပင် ဖြစ်သည်။

## ဦးစက်ဖော်၏ နောက်ဆုံးနေ့

ဦးစက်ဖော်သည် စိတ်ဓာတ်ပျော့ပျောင်း၍ စိတ်ကောင်းနှလုံးကောင်းရှိသည်။ ရိုးသားဖြောင့်မတ်သည်။ လယ်ဇေက ငါးရာကျော်ပိုင်သည့် ဓနရှိသူဖြစ်သော်လည်း ဓနမာန်မရှိ။ ဘုရားဒကာ၊ ကျောင်းဒကာဟူသည့် သာသနိကဂုဏ်ရှိသော်လည်း ဂုဏမာန်မရှိ။ "ကျုပ်တော့ ခင်ဗျားကို သိပ်ကြည်ညိုသဗျာ၊ ကျောင်းဒကာတစ်ယောက်ဖြစ်ရက်နဲ့ ကပ္ပိယလုပ်နေတာ" ဟု မဟာဂန္ဓာရုံကျောင်းဒကာကြီး ဦးစာ၏ တအံ့တသြ အပြောခံရသူမှာ ဦးစက်ဖော် ဖြစ်သည်။

ဦးစက်ဖော်သည် မဟာဂန္ဓာရုံ ဆရာတော်, ချမ်းအေး ဆရာတော်တို့ဆွမ်းခံကြွတော်မူသောအခါ နောက်မှ ဗျတ်ဆိုင်းကြီး ထမ်းကာ လိုက်လေ့ရှိသည်။ သမီးဖြစ်သူ ဒေါ်မာလာရီက "အဖေ အသက်ကြီးပြီ၊ တောင်ဆင်း တောင်တက်ပင်ပန်းလွန်းပါတယ်၊ ဆွမ်းဟင်း ဗျတ်ဆိုင်းကို ကိုယ်တိုင် မထမ်းပါနဲ့၊ လူငှားနဲ့ထမ်းခိုင်းပါ အဖေ" ဟု တားသည်။ ထိုအခါ

"ဒီခန္ဓာကိုယ်ကြီး ဘာအသုံးကျမှာလဲ ငါ့သမီးရယ်၊ အဖေ ပင်ပမ်းချင် ပင်ပမ်းပါစေ၊ တန်ဘိုးမရှိတဲ့ ခန္ဓာကိုယ်ကို တန်ဖိုးရှိတဲ့ ကုသိုလ်နဲ့ လဲယူတာဘဲ ဥစ္စာ"

ဟု ဦးစက်ဖော်က တရားဟောသည်။ သို့ရာတွင် ဒေါ်မာလာရီက သည် အရွယ်နှင့် သည်နှယ် ပင်ပမ်းမှုကို မဖြစ်စေချင်၊ "အဖေရယ် ကမ္မဋ္ဌာန်း ထိုင်နေလည်း ကုသိုလ်ရတာပါပဲ"ဟု ဆိုပြန်သည်။ ဦးစက်ဖော်သည် သမီးဖြစ်သူ ဒေါ်မာလာရီ စိတ်မကောင်းဖြစ်မည်စိုး၍ ဖျတ်ဆိုင်း ထမ်းမြဲ ထမ်းသော်လည်း ရှေ့တွင်မူ တတ်နိုင်သမျှ ရှောင်သည်။ ဒေါ်မာလာရီ ကွယ်ရာ၌ ဖျတ်ဆိုင်းကြီး ထမ်းလျက်ရှိစဉ် သမိဒ္ဓေါဒယချောင်မှ သီလရှင်ကလေးများနှင့် မတော်တဆ ဆုံမိလျှင်လည်း "ဟဲ့ မယ်မာလာရီကို သွားမပြောကြနဲ့နော်" ဟု နှုတ်ပိတ်လေ့ ရှိသည်။

ဦးစက်ဖော်သည် ဒေါ်အိုင် ဆုံးသွားပြီးနောက် ၁၂၇၂ ခုနှစ်မှစ၍ စစ်ကိုင်းတောင်ရိုးသို့ လာရောက် နေထိုင်ခဲ့လေသည်။ ရောက်စနှစ်တွင် အောက်ဇေတဝန်ချောင်၌ နေ၍ ဥပုသ်သီလ ဆောက်တည်ကာ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများခဲ့ပေသည်။ နောက်တွင် မဟာဂန္ဓာရုံချောင်သို့ ရွှေ့ပြောင်း၍ မဟာဂန္ဓာရုံ ဆရာတော်အား ဝတ်ကြီးဝတ်ငယ် ပြုစုနေထိုင်သည်။ နှစ်စဉ် စပါးသိမ်းချိန်တွင် သမီးဖြစ်သူ မသုဓမ္မစာရီနှင့်အတူ သမိန်ထောသို့ ပြန်၍ စပါးများကို သိမ်းယူ ရောင်းချပြီး စစ်ကိုင်းတောင်ရိုးသို့ ပြန်လာလေသည်။

ဦးစက်ဖော်သည် မဟာဂန္ဓာရုံဆရာတော်၏ဩဝါဒအတိုင်း ဗုဒ္ဓါနုဿတိ ဘာဝနာကို ၈ နှစ်တိတိ အားထုတ်ခဲ့လေသည်။ ပင်ကိုယ်ကပင် နူးညံ့ပျော့ပြောင်း လျက်ရှိသော ဦးစက်ဖော်၏ စိတ်သည် ဗုဒ္ဓါနုဿတိ ဘာဝနာဖြင့် ထုံမွှမ်းပေး လိုက်သောအခါ ပို၍ နူးညံ့လာသည်။ အကုသိုလ်စိတ် မဝင်လာအောင် သတိ ထားတတ်လာသည်။ "အဖေက မုသားဆိုရင် အရိပ်အရောင်တောင် မပြောဘူး၊ အကုသိုလ်ဆိုရင် သိပ်ကြောက်တယ်"ဟု ဒေါ်မာလာရီက ပြောသည်။

ဦးစက်ဖော်သည် ဗုဒ္ဓါ နုဿတိ ဘာဝနာကို ၈ နှစ်တိတိ အားထုတ် ပြီးသောအခါ ဝိပဿနာနည်းသို့ ကူးပြောင်း အားထုတ်ခဲ့သည်။

"နာမ ရူပ ပရိစ္ဆေဒဉာဏ်ကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် မိမိ ခန္ဓာကိုယ်ကြီးကို 'ဆံပင်၊ ဦးခေါင်း၊ လက်ကိုယ်၊ ခြေ အားဖြင့် ငါးပိုင်း ပိုင်း"ဟု

မဟာဂန္ဓာရုံ ဆရာတော် သွန်သင်သည့်အတိုင်း ခန္ဓာကိုယ်ကို ငါးပိုင်း ပိုင်း၍ စီးဖြန်းခဲ့လေသည်။

"ဆံပင်၊ ဦးခေါင်း၊ လက်၊ ကိုယ်၊ ခြေ၊
ဆံပင်မရှိ၊ ရုပ်သာရှိ၏။
ဦးခေါင်းမရှိ၊ ရုပ်သာရှိ၏။
လက်မရှိ၊ ရုပ်သာရှိ၏။
ကိုယ်မရှိ၊ ရုပ်သာရှိသာ ရှိ၏။
ခြေမရှိ၊ ရုပ်သာရှိ၏။

ဦးစက်ဖော်သည် မဟာဂန္ဓာရုံ ဆရာတော်အား လုပ်ကျွေးပြုစုရင်း ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်နေရာ ၉ နှစ်ခန့်ပင် ကြာခဲ့လေပြီ။ ဦးစက်ဖော် အသက်သည် ၆၆ နှစ်အတွင်းသို့ ရောက်ခဲ့ပေပြီ။ မြန်မာလူမျိုးအချို့သည် ၆ ဂဏန်းကို ကြောက်ရွံ့လေ့ရှိသည်။ 'ခြောက်နှင့် ချောက်' သံတူဖြစ်၍ 'ချောက်ထဲကျရင် ပြန်တက်ဖို့မလွယ်ဘူး' ဟု ဆိုလေ့ရှိကြသည်။ သက်တော် ၆၁ နှစ်ရှိ မဟာဂန္ဓာရုံ ဆရာတော်သည် ၁၂၈၁ ခုနှစ်၊ ဝါခေါင်လဆုတ် ၈ ရက်နေ့တွင် လွန်တော်မူသည်။ ဦးစက်ဖော်သည် များစွာ တုန်လှုပ်၍ သံဝေဂကြီးစွာ ဖြစ်မိသည်။

မဟာဂန္ဓာရုံ ဆရာတော် လွန်တော်မူပြီးနောက် ဦးစက်ဖော်သည် အိပ်မက် အထူးအဆန်းကို မြင်မက်သည်။ အိပ်မက်အကြောင်းကို သမီးများအား ပြောပြဦးမည် ကြံစည်၍ မဟာဂန္ဓာရုံချောင်မှ သမိဒ္ဓေါချောင်သို့ ဆင်းလာသည်။ ဦးစက်ဖော်၏ မျက်နှာသည် လန်းဆန်းမှု မရှိလှ။ ရင့်ရော်နွမ်းလျသော အသွင်ကို ဆောင်နေသည်။ ဒေါ်မာလာရီသည် ဖခင်ကြီးလာနေသည်ကို ခပ်လှမ်းလှမ်းမှပင် မြင်၍ စိတ်ထဲ နွေးခနဲ ဖြစ်သွားသည်။ သခင်ကြီးကို မမိုတ်သောမျက်စိဖြင့် စိုက်ကြည့်နေရင်း "အဖေ သေဖို့များ လာပြောတာလေလား" ဟု မဆီမဆိုင် တွေးမိပြီး မျက်ရည်ဝိုင်းလာသည်။ ဦးစက်ဖော် အနီးရောက်လာသောအခါ ဒေါ်မာလာရီသည် မျက်စိမျက်နှာပျက်လျက် "အဖေ ဘာလို့လာတာတုံး" ဟု မေးရင်း တုန်တုန်ယင်ယင်ဖြစ်ကာ မျက်ရည်တွေတွေ ကျလာသည်။ ဦးစက်ဖော်သည် အိပ်မက်အကြောင်းပြောရန် ဟန်ပြင်ပြီးမှ မပြောတော့ဘဲ တစ်နေရာသို့ ထွက်ခွာသွားခဲ့လေသည်။

ဦးစက်ဖော်သည် မသုဓမ္မစာရီအား ထိုအိပ်မက်အကြောင်းကို ပြောပြဘူးလေသည်။

"အဖေ တစ်နေ့ညက အိပ်မက်မက်တယ်၊ အဖေက ဗိမာန်ကြီးနဲ့ နေရတယ်၊ အဲဒီဗိမာန်ကြီးနားမှာ စံကားဝါပင်ကြီးတစ်ပင်ရှိသည်၊ တစ်ပင်လုံး ဝါထိန်အောင် ပွင့်နေလိုက်တာ မွှေးကြိုင်နေတာပဲ"

ထိုအခါ မသုဓမ္မစာရီက "အဖေ အဖေ အဲဒီစံကားဝါပန်းတွေကို နတ်သမီးတွေ မပေးနဲ့နော်" ဟု ရယ်မောစရာ ပြောသည်။ ၁၂၈၂ ခုနှစ်၌ ဦးစက်ဖော်သည် အနည်းငယ် နေထိုင်မကောင်းဖြစ်၍ မဟာဂန္ဓာရုံချောင်မှ သမိဒ္ဓေါဒယချောင်သို့ ပြောင်းရွှေ့လာခဲ့၏။ ဒေါ်မာလာရီတို့ ညီအစ်မသည် ဖခင်ကြီးကို ဆေးဝါးခာတ်စာဖြင့် ကျန်းမာအောင် ပြုစုကြသည်။ ဦးစက်ဖော်၏ ကျန်းမာရေးကားအဆိုးကြီးဟု မဆိုနိုင်သကဲ့သို့ အကောင်းကြီးလည်း ဖြစ်မလာသေးပေ။ 'တစ်နေ့ရွှေ၊ တစ်နေ့ငွေ' ဟု အထွေထွေ ပြောင်းနေသည်။ တန်ဆောင်မုန်းလဆန်းစတွင် အဆိုးဘက်သို့ ယိုင်လာသည်။

ဦးစက်ဖော်သည် အိပ်ရာထက်တွင် လူမမာကြီးဖြစ်လျက် ရှိနေသည်။ ထိုင်နိုင် ထနိုင် ရှိသေးသော်လည်း အားအင်ကား နည်းလှပေပြီ။ သို့ရာတွင် ဦးစက်ဖော်သည် ကမ္မဋ္ဌာန်းအလုပ်ကို မမေ့ချေ။ အမြဲမပြတ် နှလုံးသွင်းနေသည်။ အနည်းငယ် ရောဂါသက်သာသောအခါ အိပ်ရာထက်တွင် ကမ္မဋ္ဌာန်း ထထိုင်လေ့ရှိသည်။

"အဖေ စောင်ကြီးခြုံပြီး ဘာလုပ်နေတာတုံး"

မသုဓမ္မစာရီသည် ဖခင်ကြီးအနီးသို့လာရင်း ထိုင်နေသည်ကို မြင်၍မေးသည်။

"ငါးပိုင်း လုပ်နေတာ"

ခန္ဓာကိုယ်ကို ငါးပိုင်း ပိုင်း၍ ကမ္မဋ္ဌာန်း စီးဖြန်းနေသည်ကို ရည်ရွယ်ပြီး ငါးပိုင်းလုပ်နေတာဟု ပြောခြင်းဖြစ်သည်။

"အဖေ အဖေ ငါမဟုတ် ငါ့သမီးသာ ဟုတ်၏၊ ဟုတ်လား အဖေ"

မသုဓမ္မစာရီသည် ဖခင်ကြီးအား ပြောနေကျအတိုင်း ရယ်စရာ ပြောသည်။

တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့ည ဖြစ်သည်။ ကောင်းကင်သည် တိမ်တိုက်ကင်းစင်၍ ကြည်လင်နေသည်။ ပင်လုံးကျွတ် ပွင့်နေသော ဇွန်ပန်းရုံ

ကြီးပမာ ကြယ်တာရာများသည် ပြာလဲ့လဲ့ ကောင်းကင်ပြင်၌ ဖွေးဖွေးလက်တောက်ပနေကြသည်။ ၅ ရက်လသည် မလင်းတလင်း သာ၍ ညဥ့်မနက်မီဝင်သွားသည်။

ထိုနေ့ညဥ့်၌ ဦးစက်ဖော်၏ အိပ်ရာခေါင်းရင်းတွင် ကထိန်ခင်းရန် ပစ္စည်းများကို ပြင်ဆင်ထားကြသည်။ တန်ဆောင်မုန်းလဆန်း ၆ ရက်နေ့တွင် အနောက်ဂန္ဓာရုံ (ပထမဂန္ဓာရုံ) ချောင်၌ ကထိန်ခင်းရန် စီစဉ်ထားသည်။ "အဖေ ချမ်းအေးဆရာတော် ဆွမ်းခံကြွလာရင် ကထိန်ရေစက်ချ ပင့်ရအောင်၊ အဖေ့ခေါင်းရင်းမှာ လှူရန်ပစ္စည်းတွေ ပြင်ထားတယ်" ဟု ဒေါ်မာလာရီက ပြောသည်။ ဒေါ်မာလာရီတို့ ညီအစ်မသည် ဖခင်ကြီးအနီး ဝဲယာရံ၍ အိပ်ကြသည်။

အချိန်ကား သန်းခေါင်ချိန်တည်း ဒေါ်မာလာရီသည် တစ်ရေးနိုး၍ ဖခင်ကြီးကို ထစမ်းသည်။

"ဟောတော် အဖေ ဘယ်သွားပါလိမ့်"

ဒေါ်မာလာရီသည် အိပ်ရာတွင် ဖခင်ကြီးကို မတွေ့ရ၍ ကပျာကယာမီးထွန်းကြည့်သည်။ ထိုအခါ ခေါင်းရင်းဘက်ရှိ ကထိန်လှူရန် ပစ္စည်းများအနီးတွင် ငုတ်တုတ်ထိုင်နေသော ဖခင်ကြီးကို တွေ့ရသည်။

"အဖေ ဘာလုပ်နေတာတုံး"

"ငါ ကထိန်ရေစက်ချနေတာ"

ဒေါ်မာလာရီသည် မီးရောင်ဖြင့် ဖခင်ကြီး၏နဖူးတွင် ချွေးတွေစိုနေသည်ကို မြင်ရ၏။ လက်ကိုင်ပဝါဖြင့် နဖူးမှ ချွေးများကို သုတ်ပေးရင်း လက်များကို စမ်းကြည့်၏။ လက်ဖျားကလေးတွေ အေးနေသဖြင့် ထိတ်သွားသည်။ "အဖေ သေတော့မှာ ထင်ပါရဲ့ သွေးတွေ ဆုတ်ကုန်ပြီ"

"မယ်သုဓမ္မ၊ မယ်သုဓမ္မ ထဦးထဦး၊ အဖေလက်ဖျားတွေ အေးနေတယ်တော့"

ညီမကို နှိုးပြောပြီး အိပ်ရာပေါ်ရွှေ့၍ စောင်ခြုံပေးကြသည်။

"အဖေ နန်းတွင်းလျှာပွတ်ဆေးလေး နေ့လယ်က ဖျော်ထားတာ ကျန်သေးတယ်၊ သောက်လိုက်ပါဦးလား"

"အင်း ... အင်း"

ဦးစက်ဖော်သည် သမီးတိုက်သော ဆေးများကို အကုန်သောက်လိုက်သည်။ ထိုအခါ မသုဓမ္မစာရီက ဒေါ်မာလာရီအနီးသို့ကပ်၍ တိုးတိုးပြောသည်။

"အစ်မ ... အစ်မ အဖေက ခါတိုင်းဆို ဆေးသိပ်ငြင်းတယ်၊ အခု မငြင်းဘူး၊ ဆေးမငြင်းရင် ကြောက်ရတယ်တော့"

ဒေါ်မာလာရီသည် ဖခင်ကြီး၏ လက်များကို စမ်းကြည့်ပြန်သည်။ လက်ဖမိုးအထိ အေးနေသည်ကို တွေ့ရသည်။ ဒေါ်မာလာရီသည် သက်ပြင်းတစ်ချက်ချ၍ မသုမာလာ စသော တပည့်ကြီးများကို သွားနှိုးသည်။

"ဟဲ့ ... မယ်သုမာလာ မယ်သုမာလာ လာဦး၊ အဖေတော့ လက်တွေသိပ်အေးနေတယ်တော့၊ သွေးဆုတ်တာနဲ့တူတယ်"

မသုမာလာသည် ကပျာကယာထ၍ လိုက်လာသည်။

"အဖိုးလေးတော့ နတ်ပြည်ရောက်မှာ သေချာပါတယ်၊ ဓမ္မာရုံရှေ့မှာ အဖိုးလေးအတွက် ပြာသာဒ်နဲ့ မြင်းရထား ၂ စီးတောင် ရောက်နေတယ်" ဟု ဒေါ်မာလာရီ လာနှိုးစဉ် သူမြင်မက်နေသော အိပ်မက်အကြောင်းကို မသုမာလာက ပြောပြလေသည်။

ဒေါ်မာလာရီသည် "အဖေတော့ သွေးတွေဆုတ်ကုန်ပြီ၊ သေတော့မှာပဲ" ဟု သိ၍ "အဖေ ကျွန်မ ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုးကို ရွတ်မယ်၊ အာရုံပြုနော် အဖေ" ဟု ပြောပြပြီး ဝိသုဒ္ဓါရုံ ဆရာတော် ရေးသားတော်မူသော ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုးကို ရွတ်ဆိုလေသည်။

> "**နာထော**-ဗြဟ္မာနတ်လူ သုံးဘုံလူတို့၏ ကြည်ဖြူညွတ်ပျောင်း ကိုးကွယ်လဲလျောင်းရာ ဖြစ်တော်မူသော။ **ယော ဗုဒ္ဓေါ**-သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားသိမြင် သခင်စောထီး အကြင်ဘုရား ကိုယ်တော်မြတ်ကြီးသည်။ သတ္တသတ္တာဟ မဏ္ဍိုပလ္လင်္က၊ လိန္ဒ၊ အနိမိသ၊ စင်္ကမ၊ ရတနာဃရ၊ အဇပါလ၊ မုစလိန္ဒ၊ ရာဇာယတန ဟု သတ္တာဟ ခုနစ်လီ နေ့စာလီရက်၊ ဘွေလည်ချက်ချာ ရတနာဃရ သတ္တာဟ၌ သတ္တ-ဓမ္မ သင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ယမိုက်၊ ပဌာန်း-အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို၊ သမ္မသိ၊ ကပ်အလီလီ ဖြည့်ခဲ့ညီသည့် ပါရမီဘုန်းတော် အာနုဘော်တော်ကြောင့် ရတော်မူအပ် သဗ္ဗညုတရွှေဉာဏ်တော်မြတ်ဖြင့် သုံးသပ်ဆင်ခြင်တော်မူလေပြီ၊ **တဒါ**-ထိုသို့ လေ့လာဆင်ခြင်တော် မူသောအခါ၌။ **အဿ**-ထိုသုံးလူ့ထွတ်ထား ရှင်တော်ဘုရား၏။ **ဉာဏံ**-မနိုင်းယှဉ်အပ် သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်သည်။ **သမန္တပဋ္ဌာနံ**-ရှစ်သောင်းလေးထောင် နက်ဝှမ်းဆောင်သည့်

ကျောက်တောင်ပတ်ခွေ သမုဒ်ရေထက် ရာကုဋေမက နက်ကျယ် ဝန်းလှသော သမန္တပဋ္ဌာန်းကြီးသို့။ **ပတ္တာ**-ကောင်းစွာထုတ်ချောက် အစဉ်ရောက်၍။ **ဩကာသံ**-မြူးထူးပျော်ပါး ကစားခွင့်ကို။ **လဘာ တေ**-ရတော်မူလေ၏”

ဦးစက်ဖော်သည် သမီးရွှတ်ဆိုသော ရောင်ခြည်တော်ဖွင့် ဘုရားရှိခိုး ကို ကြားနာရင်း မလှုပ်မယှက် အလွန်ငြိမ်သက်စွာ ဇီဝိန်ချုပ်ငြိမ်း တစ်ဘဝတာ ရုပ်သိမ်းသွားလေပြီ။ ဦးစက်ဖော်၏ နောက်ဆုံးနေ့ကား ၁၂၈၁ ခု တန်ဆောင်မုန်း လဆန်း ၅ ရက်နေ့ ဖြစ်ပေသတည်း။

ဦးစက်ဖော်သည် ချစ်သော သမီးများထံ ဥတုဇရုပ်ကြီးကို ချွင်းချန် ထားခဲ့၍ ဘဝသစ် ထူထောင်သွားလေပြီ။ ဒေါ်မာလာရီသည် ဖခင်ကြီး၏ ရုပ် ကလာပ်ကို ဓမ္မာရုံကြီးပေါ်တွင် ပြင်ဆင်၍ ၇ ရက်ထားပြီးလျှင် တရားပွဲများ ဆင်ယင်ကျင်းပသည်။ မင်းကွန်း ရန်ကင်းချောင်ဆရာတော်နှင့် စိန်ဇနိလှုထွက် ဆရာခင်တို့က သံဝေဂဖြစ်ဖွယ် တရားများကို ဟောကြားကြသည်။

ဈာပနနေ့တွင် ဆရာခင်ကိုယ်တိုင် ရေစက်ချ အမျှဝေပြီးလျှင် ဆွေမျိုး များက အလောင်းကို တည်းအုပ်၍ ထမ်းပို့ကြသည်။ ဦးစက်ဖော်၏ ရုပ်ကလာပ် ကို ရှင်ပင် နန်းဦးစေတီတော်အနီးတွင် သင်္ဂြိုဟ်ကြသည်။

ဈာပနသို့ ပင့်သံဃာ ၆၆ ပါးနှင့် သီလရှင် ပရိသတ် နှစ်ရာကျော် ကြွ ရောက်ကြသည်။ သံဃာတော်များအား သင်္ကန်း၊ မျက်နှာသုတ်ပဝါ၊ ဖယောင်း တိုင်၊ ဆပ်ပြာခဲတို့ကို လှူဒါန်း၍ သီလရှင်များအား ဝတ္ထုငွေ ၅ မူးစီ လှူဒါန်း သည်။ (ထိုခေတ်က ၅ မူးသည် ကြေးကြီးဖြစ်၏၊ တစ်မတ်သာ လှူသူများသည်)

ဒေါ်မာလာရီသည် ဖခင်ကြီး ကွယ်လွန်သွားသဖြင့် စိတ်ပန်းကိုယ်ပန်း ဖြစ်လျက်ရှိသည်။ ဖခင်ကြီး၏ ဈာပနနှင့်စပ်၍ ကိစ္စအဝဝ ဆောင်ရွက်ပြီးနောက် စိတ်ပြေလက်ပျောက်ရှိစေရန် စာဝါများကို ပြန်ကောက်ခဲ့လေသည်။ တပည့် သီလရှင်များအား စာပေပို့ချခြင်းဖြင့် ဖခင်အပေါ် လွမ်းဆွတ်သောစိတ်ကို ဖြေသိမ့်ခဲ့လေသည်။ သို့ဖြင့် တစ်နှစ်တာအချိန်သည် ကြာလှသည်မထင်ရဘဲ ကုန်လွန်သွားခဲ့လေသည်။

## သီဟိုဠ်နှင့် အိန္ဒိယသို့

၁၂၈၂ ခုနှစ် ဖြစ်သည်။

ဒေါ်မာလာရီသည် အသက် ၄၀ အတွင်းသို့ ရောက်လာပေပြီ။ သီလရှင် ဖြစ်သည်မှစ၍ စာကိုသာ တစ်သမတ်တည်း ကြိုးစားခဲ့ပြီး စာပေတတ်မြောက်၍ ချောင်ဆရာ ဖြစ်လာသောအခါလည်း စာပေပို့ချမှုဖြင့်သာ အချိန်ကုန်ခဲ့ပေသည်။ ဒေါ်မာလာရီသည် သီလရှင်ဖြစ်လာသည်မှစ၍ ၂၁ နှစ်လုံးလုံး စာပေကမ္ဘာအတွင်း၌သာ မွေ့လျော်ရွှင်ပြုံးနေခဲ့သဖြင့် အချိန်တွေ ကုန်မှန်းမသိ ကုန်လာသည်။

အားကိုးရာဖြစ်၍ အလွန်ချစ်သော မိဘနှစ်ပါးလည်း မျက်ကွယ်ပြုသွားလေပြီ။ အလွန်အားထားနေသော မဟာဂန္ဓာရုံ ဆရာတော်လည်း ပျံလွန်တော်မူသွားလေပြီ။ ဤအကြောင်းအခြင်းအရာတို့ကို တွေးမိတိုင်း သင်္ခါရများအပေါ် အားကိုးချင်စိတ်များလည်း ကုန်ခန်းသွားလေပြီ။ စိတ်ပန်းသဖြင့် ကိုယ်နွမ်းသွားသည်။ သို့ဖြစ်၍ စိတ်ပြေလက်ပျောက် တစ်ခေါက်တစ်ခါ ဘုရားဖူးသွားရလျှင် ကောင်းလေစွဟု တောင့်တမိလေသည်။ အထူးသဖြင့် သီဟိုဠ်မှ ဗုဒ္ဓစွယ်တော်အကြောင်းကို ဖတ်ဖူး၍ သွားရောက် ဖူးမြင်လိုလှသည်။ အရွယ်လည်းကောင်းတုန်း၊ ပစ္စည်းလည်းတတ်နိုင်တုန်း သီဟိုဠ်နှင့် အိန္ဒိယသို့ သွားရောက်ရန်မြော်မှန်းကြံစည်လျက်ရှိသည်။

ဒေါ်မာလာရီ၏ အကြံအစည်သည် မကြာမီပင် အောင်မြင်ရန် အခွင့်အလမ်း ကြုံလာ၏။ ရန်ကုန်မြို့ ကျောင်းတော်ရာ ရွှေကျင်တိုက်မှ ဘုန်းတော်ကြီးဦးဓမ္မောဒယ ဦးဆောင်သော ရဟန်းရှင်လူ တစ်ရာကျော်တို့သည် သီဟိုဠ်နှင့်အိန္ဒိယသို့သွားရန် စီမံနေကြသည်။ ထိုတွင် ဦးဓမ္မောဒယနှင့် ရင်းနှီးသူ ဒကာမကြီးတစ်ဦးသည် ဒေါ်မာလာရီနှင့် သိကျွမ်းသဖြင့် ဘုရားဖူးလိုက်ရန် ဒေါ်မာလာရီထံ အကြောင်းကြားသည်။ ထိုအခါ ဒေါ်မာလာရီသည် ဝမ်းသာအားရ ဘုရားဖူးလိုက်ရန် ချက်ချင်း စီစဉ်လေသည်။ ဒေါ်မာလာရီနှင့်အတူ ညီမဖြစ်သူ မသုဓမ္မစာရီအပြင် အခြား သီလရှင် ၄ ပါးလည်း လိုက်ပါကြမည်။ သီဟိုဠ်နှင့် အိန္ဒိယသို့ ရောက်သောအခါ ဗုဒ္ဓဌာနများနှင့် သံဃာတော်များအား လှူဒါန်းရန်အတွက် ငွေညောင်ရေအိုး ၂ လုံး၊ ပိုးခါးပန်းကြိုး ၁၀ ချောင်းနှင့် အခြား လှူဖွယ်ပစ္စည်းများကို ယူဆောင်ခဲ့ကြလေသည်။ ဒေါ်မာလာရီတို့သည် ဦးဓမ္မောဒယ ဦးဆောင်သော ဘုရားဖူးအဖွဲ့နှင့်အတူ သီတင်းကျွတ်လတွင် သင်္ဘောစီး၍ သီဟိုဠ်သို့ စတင်

ခရီးထွက်ခဲ့ကြသည်။ လမ်းခရီးတွင် အပြင်းလည်းပြေ ဗဟုသုတလည်းရစေရန် ရည်သန်၍ ရန်ကုန်မြို့ သရက်တောတိုက်မှ ဘုန်းကြီး ဦးသုမနက နေ့စဉ် ညနေ အချိန် သင်္ဘောအပေါ်ထပ်သို့တက်ပြီး သီဟိုဠ် အိန္ဒိယ ဗုဒ္ဓဌာနများအကြောင်းကို စိတ်ဝင်စားဖွယ် ဟောပြောလေ့ရှိသည်။ ဘုရားဖူးအဖွဲ့မှ စိတ်ဝင်စားသူများ တက် ရောက် နားထောင်ကြ၏။ ဒေါ်မာလာရီတို့လည်း နေ့စဉ်ပင် တက်ရောက်နားထောင် ခဲ့ကြသည်။

နက်ဝှမ်းကျယ်ပြောသော ပင်လယ်ပြင်ကြီးကို သင်္ဘောကြီး ဖြတ်သန်း ခုတ်မောင်းလျက်ရှိစဉ် အများအားဖြင့် သာယာသော ရာသီဥတုနှင့် ကြုံရသော် လည်း နှစ်ရက်ခန့် မုန်တိုင်းငယ်နှင့် ကြုံတွေ့ခဲ့ရသေးသည်။ ခရီးသည်အချို့ သင်္ဘောလူးသဖြင့် လှိုင်းမူးကြ၏။ "တပည့်တော်တို့က ပင်လယ်ထဲ သွားနေကြမို့ သူများလို သင်္ဘောလူးပေမယ့် လှိုင်းမမူးပါဘူး" ဟု ဒေါ်မာလာရီက ပြောသည်။

သင်္ဘောကြီးသည် ၉ ရက်ခန့် ပင်လယ်ပြင်ကို ဖြတ်သန်းခုတ်မောင်းခဲ့ ပြီးနောက် လှပသော ကိုလံဘိုဆိပ်ကမ်းသို့ ဆိုက်ကပ်ခဲ့လေသည်။ သီဟိုဠ်ရှိ ဦးဓမ္မောဒယ၏ ဒကာ ဒကာမများသည် ဆိပ်ကမ်းမှ ကြိုဆိုနေကြသည်။ ဦးဓမ္မော ဒယသည် သီဟိုဠ်,၌ ကထိန်ခင်းရန် ထင်ရှုးသေတ္တာ ၁၀ လုံးဖြင့် ပစ္စည်းများကို သယ်ဆောင်လာခဲ့သည်။ တန်ဆာခ ရှစ်ရာနီးပါး ကုန်ကျသည်။

ကိုလံဘိုဆိပ်ကမ်း အကောက်ဌာနမှ ထိုပစ္စည်းများအတွက် အကောက် ခွန် တောင်းယူသည်။ ထိုအခါ ဦးဓမ္မောဒယက အကောက်ခွန်ဌာန အမှုထမ်းများ အား သီဟိုဠ်စကားဖြင့် ရှင်းပြသည်။

"ဒီပစ္စည်းတွေ ဒီမှာ လှူခဲ့မယ့် ပစ္စည်းတွေချည့်ပဲ၊ ဒကာတို့က အကောက်ခွန်ပေးရမယ်ဆိုရင် ပေးမယ်၊ မငြင်းပါဘူး၊ ဒါပေမဲ့ လှူတဲ့ပစ္စည်း တောင် အကောက်ခွန်ကောက်တယ်ဆိုပြီး အကဲ့ရဲ့ခံရလိမ့်မယ်၊ ဒကာတို့နိုင်ငံ နာမည်ပျက်လိမ့်မယ်၊ ရှက်စရာလည်းကောင်းတယ်"

ဦးဓမ္မောဒယ အပြောကောင်းသဖြင့် အကောက်ခွန်ဌာန အမှုထမ်း များ လက်တွန့်သွားကြသည်။ နောက်ဆုံးတွင် အချင်းချင်း တီးတိုးတိုင်ပင်ပြီး အကောက်ခွန်မတောင်းဘဲ သယ်ယူခွင့်ပြုလိုက်သည်။

ဦးဓမ္မောဒယနှင့်အဖွဲ့သည် သီဟိုဠ်ရှိ ထင်ရှားသော ကျောင်းတိုက်ကြီး များသို့ သွားရောက်၍ ကထိန်သင်္ကန်းများ ကပ်လှူကြသည်။ ထိုကျောင်းတိုက် များတွင် သီဟိုဠ် မဟာဝိသုဒ္ဓါရာမတိုက်လည်း အပါအဝင်ဖြစ်သည်။ ထိုစဉ်က

မဟာဝိသုဒ္ဓါရာမတိုက်ကို အုပ်ချုပ်သော ဆရာတော်မှာ မြန်မာနိုင်ငံ၌ နှစ်ပေါင်း အတော်ကြာ နေထိုင်ပြီး ရန်ကုန်ကျောင်းတော်ရာ ဆရာတော်၊ မန္တလေး ဝိသုဒ္ဓါရုံ ဆရာတော်တို့ထံ ပညာသင်ယူ၍ "မဟာဝိသုဒ္ဓါရာမိက ထေရုပ္ပတ္တိ ဒီပနီကျမ်း" ကို ပြုစုခဲ့သော အရှင်သီရိဓမ္မ ဖြစ်ပေသည်။ ဆရာတော် အရှင်သီရိဓမ္မသည် မြန်မာနိုင်ငံမှ လာရောက်၍ ကထိန်ခင်းကြသဖြင့် ဝမ်းသာအားရ ဖြစ်လျက် ရှိသည်။ ဆရာတော် အရှင်သီရိဓမ္မက "မပြောရတာကြာလို့ မြန်မာစကားတောင် မေ့တေ့တေ့ဖြစ်နေပြီ" ဟု ရယ်ရယ်မောမော သီဟိုဠ်သံဝဲဝဲဖြင့် အမိန့်ရှိသည်။

မြန်မာနိုင်ငံမှ ဘုရားဖူးအဖွဲ့သည် သီဟိုဠ်ရှိ ထင်ရှားသော ဗုဒ္ဓဌာန များကို လှည့်လည်ဖူးမြော်ကြသည်။ ကိုလံဘိုမြို့မှ ပေ ၇၇၀၀ ကျော်မြင့်သော စေတီပါဒတောင်သို့ တက်၍ ခြေတော်ရာကို ဖူးမြော်ကြသည်။ ထိုစေတီပါဒတောင် တက်ရသည်မှာ လွယ်ကူလှသည် မဟုတ်ပေ။ အချို့နေရာ၌ အလွန်မတ်စောက် သဖြင့် သံကြိုးများကို ဆွဲကိုင်၍ ခဲခဲယဉ်းယဉ်း တက်ကြရသည်။ ထိုသို့ ခဲခဲယဉ်း ယဉ်း တက်ရသဖြင့် စေတီပါဒတောင်မှ ပြန်ဆင်းလာသောအခါ ဘုန်းကြီး ဦးသုမနက တောင်ခြေတစ်နေရာ၌ စာတန်းကလေးတစ်ခု ကောက်ရေးခဲ့လေ သည်။

"ဤတောင်သို့ ငါကဲ့သို့ မိုက်သောသူများ တက်ကြလေ"

ဦးသုမန၏ စာတမ်းကိုဖတ်၍ ဘုရားဖူးအဖွဲ့က ရယ်ကြသည်။ ထိုအခါ ဦးသုမနက "မရယ်ကြနဲ့ဗျာ၊ လိမ့်ကျရင် သေမှာ၊ မလွယ်ဘူး" ဟု မှင်သေသေ ဖြင့် ပြောပြန်ရာ ထပ်မံ ရယ်ကြရပြန်လေသည်။

ဘုရားဖူးအဖွဲ့သည် ဗုဒ္ဓ စွယ်တော်မြတ်ကို ဖူးမြော်ရန် သေခ်န္တသေလ မြို့သို့လည်း သွားရောက်ကြသည်။ စွယ်တော်ဌာန၌ ၁၀ ရက်ခန့် နေထိုင်ခဲ့ကြ လေသည်။

"စွယ်တော်ထားပုံက သိပ်ခမ်းနားတာပဲ၊ စွယ်တော်ကိန်းဝပ်တဲ့ ကြုတ်ကိုက ၁၄ ထပ်ရှိတယ်၊ အဲဒီတုန်းက တပည့်တော် သိပ်ကံကောင်းတယ်၊ စွယ်တော်ကြုတ်ကို ခေါင်းပေါ်တင်ပြီး ပူဇော်ခွင့်ရခဲ့တယ်၊ 'တပည့်တော်များ စွယ် တော်ကို ဖူးမြော်ရန်အတွက် အသက်စွန့်လာခဲ့ရပါသည်၊ ချီးမြှင့်တော်မူပါ' ဟု စိတ်ထဲကဆိုပြီး ခေါင်းပေါ်တင်၍ ပူဇော်လိုက်တော့ ပီတိဖြစ်လွန်းအားကြီးပြီး မေ့သလိုတောင် ဖြစ်သွားတယ်" ဟု ဒေါ်မာလာရီက ပြောသည်။

ဘုရားဖူးအဖွဲ့သည် သီဟိုဠ်၌ ၂ လခန့် နေထိုင်ပြီးနောက် အိန္ဒိယသို့

ခရီးဆက်ကြသည်။ အိန္ဒိယ၌ တစ်လခန့်မျှ ဗုဒ္ဓဌာနများကို လှည့်လည်ဖူးမြော်ကြသည်။ ကုသိနာရုံသို့ ခရီးထွက်သောအခါ ဘုန်းကြီး ဦးသုမနက "ကုသိနာရုံရောက်ရင် မငိုကြနဲ့နော်၊ အားလုံး မငိုစတမ်း" ဟု ဘုရားဖူးအဖွဲ့ကို ပြောသည်။ သို့ရာတွင် ကုသိနာရုံရှိ ပရိနိဗ္ဗာန် စံတော်မူဟန် ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြင်ကြရသောအခါ မည်သူမျှ မျက်ရည်မဆည်နိုင်ကြပေ။ ဗုဒ္ဓအရှင်မြတ်ကို မှန်းဆ သတိရ၍ တမ်းတကြေကွဲ ငိုပွဲဆင်မိကြလေသည်။

ဘုရားဖူးအဖွဲ့၏ ခရီးဆုံးသောနေရာမှာ ကလကတ္တားမြို့ ဖြစ်သည်။ ကလကတ္တားမြို့၌ တည်းခိုနေစဉ် ဒေါ်မာလာရီ၏ နှစ် ၄၀ ပြည့် မွေးနေ့နှင့် ကြုံကြိုက်လေသည်။ အသက် ၄၀ ပြည့်သည့်နေ့တွင် နွားနို့တစ်ပိဿာ ကုန်အောင်သောက်၍ အမိနို့ဆက်ရသည်ဟု ဆိုကြသည်။ ဒေါ်မာလာရီသည် ထိုအဆိုအတိုင်း နွားနို့တစ်ပိဿာ သောက်ခဲ့လေသည်။ မွေးနေ့ကုသိုလ်အဖြစ်လည်း ဗုဒ္ဓါနုဿတိ ဘာဝနာကို အထူးပွားများခဲ့လေသည်။ ဒေါ်မာလာရီသည် ဘုရားဖူးသွားစဉ်အခါလည်း ၁၀ ပါးသီလ မြဲလျက်ရှိသည်။ ညီမဖြစ်သူ မသုဓမ္မစာရီက အသုံးလိုသမျှ ဆောင်ရွက်ပေးသည်။ ဘုရားဖူးအဖွဲ့သည် ပြာသိုလဆန်းစတွင် ကလကတ္တားမြို့မှ သင်္ဘောစီး၍ မြန်မာပြည်သို့ ပြန်လည် ထွက်ခွာခဲ့ကြလေသည်။

## ထရံကာ ဆရာကြီး၏ နောက်ဆုံးနေ့

"ရွှေကျင်တိုက်၏ ခြသေ့်ကြီး" ဟု နာမည်ကြီးခဲ့သော ရွှေကျင်တိုက်စာချ အရှင်ဣန္ဒကသည် ၁၂၃၄ ခုနှစ်တွင် ရွှေကျင် ငါးတိုက်အပါအဝင် ထရံကာတိုက်ကို အုပ်ချုပ်ရလေသည်။ ထိုအချိန်၌ ရဟန်းဝါ ၇ ဝါမျှသာ ရှိသေးသော်လည်း စာပေကျမ်းဂန်အရာတွင် အလွန်ထက်မြက်လှပေသည်။ အပြောအဟောအလွန်ကောင်း၍ ရှင်းလင်းပြတ်သားလှပေသည်။ စာပေ အယူအဆနှင့် စပ်လာလျှင် ခြသေ့်မင်းပမာ ရဲတင်းလှသည်။ "စမ်းချင်ရာစမ်း"ဟု လက်ရုံးတန်းဝံ့သော သတ္တိရှိသူဖြစ်သည်။

ရဟန်း ၇ ဝါ အရတွင် မင်းတုန်းမင်းကြီးက "ဣန္ဒကာဘိဓဇသိရိပဝရမဟာဓမ္မရာဇာဓိ ရာဇဂုရု" ဟူသော ဘွဲ့တံဆိပ်ကို ဆက်ကပ်ခဲ့လေသည်။ တစ်ဖန်ရဟန်း ၁၀ ဝါ အရတွင် သီပေါမင်းက အလားတူ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့ပြန်သည်။ ၁၂၄၇ ခုနှစ် တိုင်းရေးပြည်ရေး ရှုပ်ထွေးနေချိန်တွင် ထရံကာဆရာတော် အရှင်ဣန္ဒကသည် လူဝတ်လဲခဲ့လေသည်။ ငယ်နာမည် ဦးအုန်းညွှန့်ဖြစ်သော်

လည်း ထရံကာဆရာတော် လူထွက်ဖြစ်သည့်အတွက် ထရံကာ ဆရာကြီးဟုသာ အများက ခေါ်ဝေါ်ကြသည်။

ထရံကာဆရာကြီးသည် ဇာတိဖြစ်သော သရိုင်ရွာသို့ ပြန်လည်နေထိုင်ရာ မဆွေတုတ်ဆိုသူ အမျိုးသမီးကလေးတစ်ဦးနှင့် အကြောင်းပါသည်။ သားသမီး ၅ ယောက် ထွန်းကားသည်။ ထရံကာဆရာကြီးသည် အိမ်ထောင်ရက်သား ကျနေစေကာမူ စာပေပို့ချသည့်အလုပ်ကိုပင် ဆက်လက် ဆောင်ရွက်နေခဲ့ပေသည်။ ဆရာကြီးကို အကြောင်းပြု၍ အနယ်နယ် အရပ်ရပ်မှ သီလရှင်ဆရာ အများအပြား သရိုင်ရွာသို့ လာရောက်နေထိုင်ကာ စာပေ သင်ယူခဲ့ကြလေသည်။

ထရံကာဆရာကြီးသည် အသက် ၄၀ ခန့်တွင် လူဝတ်လဲ၍ သရိုင်ရွာ၌ စာပေပို့ချလာရာ အသက် ၆၀ ကျော်တိုင်ဖြစ်သည်။ ထရံကာဆရာကြီး အသက် ၆၀ ကျော်အရွယ်တွင် ဒေါ်မာလာရီတို့ သရိုင်သို့ ရောက်လာကြသည်။ "ခင်ဗျားတို့ ဒီလာရတာ မဝေးဘူးလား၊ စစ်ကိုင်းတောင်ဆို ပိုကောင်းမှာပဲ" ဟု ထရံကာ ဆရာကြီးက ဒေါ်မာလာရီအား ပြောဖူးသည်။ ထိုစဉ်ကပင် ထရံကာဆရာကြီး သည် စစ်ကိုင်းတောင်၌ နေထိုင်ရန် ဆန္ဒရှိနေဟန်တူပေသည်။

၁၂၇၂ ခုနှစ်တွင် ခေမေသကချောင်မှ ဒေါ်ဝဏ္ဏာဝါသည် ဇောမိချောင် ကျောင်းဒကာကြီး ဦးစံဟိန်နှင့် တိုင်ပင်၍ ထရံကာဆရာကြီးကို စစ်ကိုင်းတောင် သို့ ပင့်ခေါ်ကြသည်။ ဦးစံဟိန်က ဇောမိချောင်၌ ထရံကာဆရာကြီးနေထိုင်ရန် ဇရပ်တစ်ဆောင် ဆောက်ပေးသည်။ ထရံကာဆရာကြီးအတွက် တစ်လ ၃၀ ကျပ်လည်း ထောက်ပံ့လေသည်။ စစ်ကိုင်းတောင်ရိုးရှိ ရဟန်းသာမဏေများနှင့် သီလရှင်များသည် ထရံကာဆရာကြီးထံ ပညာရင်နို့ သောက်စို့ကြသည်။

ထရံကာဆရာကြီးသည် ၁၂၇၂ ခုနှစ် ကဆုန်လတွင် စစ်ကိုင်းတောင် ရိုးသို့ရောက်၍ မမာလာရီတို့က ထိုနှစ် နယုန်လတွင် ရောက်သည်။ မမာလာရီ တို့သည် ဇောမိချောင်သို့သွား၍ ထရံကာဆရာကြီးကို ကန်တော့ကြသည်။ မမာလာရီက "ဆရာကြီး ဘုန်းကံကြီးပါပေတယ်၊ စစ်ကိုင်းတောင်မှာ ထောက်ပံ့ လှူဒါန်းမယ့်သူနဲ့ ချမ်းချမ်းသာသာ နေရတယ်၊ ကျွန်မတို့ ကြားရကတည်းက ဝမ်းသာနေပါတယ်" ဟု ပြောရာ "ကျုပ်ဘုန်း ဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ ဘုန်းပါ၊ ကျုပ်က ခင်ဗျားတို့အတွက် ဒီလာနေရတာပါ" ဟု ပြန်၍ ပြောလေသည်။

ထရံကာဆရာကြီးသည် စစ်ကိုင်းတောင်ရိုး၌ ကွယ်လွန်သည်အထိ ၁၅ နှစ်ခန့် နေထိုင်၍ စာပေပို့ချခဲ့သည်။ ၁၂၇၉ ခုနှစ်တွင် 'အဂ္ဂမဟာပဏ္ဍိတ'

ဘွဲ့တံဆိပ်ဖြင့် အင်္ဂလိပ်အစိုးရက ဂုဏ်ပြုခဲ့လေသည်။ ထရံကာဆရာကြီးကို အစ တွင် ဦးစံဟိန်က တစ်လ ၃၀ ကျပ် ထောက်ပံ့ခဲ့သည်။ ဦးစံဟိန် မတတ်နိုင်သည့် နောက်တွင် သမိဒ္ဓေါဒယကျောင်း ဒေါ်ဟေမာရီ၏ ဘဒ္ဒေးဖြစ်သူ အရေးပိုင် ဦးအုန်း ခိုင်၊ ဒေါ်မမကြီးတို့က ဆက်လက် ထောက်ပံ့ခဲ့ကြပေသည်။

ထရံကာဆရာကြီးသည် နှစ်ပေါင်းများစွာ စာပေပို့ချခဲ့သည်။ သို့ရာတွင် ဆရာကြီး၏ အနှစ်ရတနာ စာပေပညာတို့ကား မကုန်နိုင်အောင်ရှိသည်။ အနှစ် ရတနာ ပညာရည်စွမ်း မကုန်ခန်းနိုင်သော်လည်း ဆရာကြီး၏ ရုပ်ခန္ဓာကြီးကား ညှိုးအိုနွမ်းလျ ပင်ပန်းလှလေပြီ။ အသက် ၈၁ နှစ်အရွယ် အဘိုးအိုကြီးဖြစ်၍ ကျန်းမာရေး ယိုယွင်းလာသည်။ ပြုတော့မည့် အိမ်အိုကြီးပမာ ဆေးဝါးဓာတ်စာ တို့ဖြင့် ကျားကန်ကြရသည်။

ဆရာကြီးကို ဝိုင်းဝန်းပြုစုကြရာတွင် ဒေါ်မာလာရီသည် အတက်ကြွဆုံး ဂရုအစိုက်ဆုံးဖြစ်၏။ ဆရာကြီး၏ ကျန်းမာစွာ အသက်ရှည်ရေးအတွက် အစစ လွယ်ကူစေရန် အသွားအလာ ခက်ခဲသော ဗောဓိကျောင်းမှ အသွားအလာ လွယ်ကူသော သမိဒ္ဓေါဒယကျောင်းသို့ ပင့်ခေါ်၍ ပြုစုခဲ့လေသည်။ ဆရာကြီးကို သမိဒ္ဓေါဒယကျောင်း သီးသန့်ဇရပ်တစ်ဆောင်တွင် ထားသည်။ ဆရာကြီးသည် လူကြီးရောဂါဖြင့် အိပ်ရာထက်တွင် လျောင်းစက်နေရလေသည်။

ဒေါ်မာလာရီသည် စာပေပို့ချပေးခဲ့သဖြင့် ဆပ်မကုန်နိုင်သော ဆရာ ကြီး၏ ကျေးဇူးကို အထူးအာရုံပြုထားသည်။ တတ်နိုင်သမျှ ထိုကျေးဇူးကို ဆပ် သည်။ ဆရာကြီး အစစ အရာရာ စိတ်ချမ်းသာမှုရှိစေရန် 'ဒင်္ဂါးငွေတစ်ရာ'ဖြင့် ကန်တော့သည်။

"ဆရာကြီးအတွက် ကျွန်မက ငွေတစ်ရာ ကန်တော့ပါတယ် ဆရာ ကြီး"

"ဆေးဖိုးဝါးခလား"

"မဟုတ်ပါဘူး ဆရာကြီး၊ ဆေးဖိုးဝါးခအတွက်လည်း ကျွန်မက တာဝန်ယူပါတယ်"

"သာဓုဗျာ၊ သာဓု၊ ငါ့တပည့် သိပ်ကျေးဇူး သိတတ်ပါပေတယ်၊ အင်း ငါ့တပည့် လိုရာဆန္ဒ ပြည့်ဝပါစေကွယ်"

ထရံကာ ဆရာကြီးသည် အိပ်ရာထက်တွင် လျောင်းစက်ရင်း ခေါင်း ကိုက်ဝေဒနာကို အောင့်အည်း သည်းခံနေရရှာသည်။ ကိုက်လွန်းမက ကိုက်သော

အခါ တစ်ချက် တစ်ချက် ညည်းတွားမိလေသည်။ ထိုအခါ ဒေါ်မာလာရီက "ဆရာကြီး ခေါင်းကိုက်သက်သာအောင် ကျွန်မ ဆရာဝန် ခေါ်ပေးပါ့မယ်" ဟု ပြောရာ "အင်း ဆရာဝန် ခေါ်ချင် ခေါ်ပါ၊ ဆေးတော့ မထိုးပါရစေနဲ့"ဟု ပြောသည်။

ထရံကာဆရာကြီးသည် မထ မပြောင်းတော့သော လျှောင်းစက်ခြင်းဖြင့် အိပ်ရာထက်တွင် လျှောင်းစက်နေ၏။ သားရဟန်းတော် အရှင်ဝိသုဒ္ဓိသည် ဖခင်ကြီးအား ပဋ္ဌာန်းဒေသနာတော်ကြီးကို ရွတ်ဆို ဟောကြားနေ၏။ ထိုစဉ် ထရံကာဆရာကြီးသည် စုတိကမ္မဇရုပ် ချုပ်ငြိမ်း၍ တစ်ဘဝတာ ရပ်သိမ်းခဲ့လေသည်။

သီလရှင်များ၏ "စာပေ ဖခင်ကြီး" ဖြစ်သော ထရံကာဆရာကြီး၏ နောက်ဆုံးနေ့ကား ...

"၁၂၈၇ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်နေ့" ဖြစ်သည်။

## ပရိယတ္တိ သာသနာပြုပုံ

"ပရိယတ္တိ သာသနာပြု" ဆိုသည်မှာ စာပေကို ကိုယ်တိုင်လည်း စနစ်တကျ သင်ယူ၍ တပည့်များကိုလည်း တတ်သိနားလည်အောင် သင်ကြားပို့ချပေးခြင်းပင်တည်း။

ပရိယတ္တိသာသနာပြုမည့် ပုဂ္ဂိုလ်တိုင်း ဆရာကောင်း သမားကောင်းတို့ထံ ချဉ်းကပ်၍ ပိဋကတ်စာပေများကို စနစ်တကျ လေ့လာသင်ယူထားရပေမည်။ "စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု" သော ရှင်ရဟန်းသည် သာသနာပြုမဖြစ်၊ သာသနာကို ကွယ်ပစေသူပင်ဖြစ်သည်။

ထို့ကြောင့် ရွှေကျင်ဆရာတော်ဘုရားကြီး (၁၁၈၄-၁၂၅၆) က "စာမတတ်သူ၊ အခေါက်ထူ၊ လူထဲရှင်ထဲ အသုံးမကျ" ဟု သတိပေး ဆုံးမတော်မူခဲ့သည်။ အရှင်မဟာရဋ္ဌသာရကလည်း စာမတတ်လျှင် အထူ အအ အသုံးမကျ လူရာမဝင် မဖြစ်စေရန် "မှတ်ဖွယ်ရာရာ၊ ထိုထိုစာကို၊ ရှာ၍မပြတ်၊ အိမ်တွင်ဖတ်" ဟု တိုက်တွန်း၍ "စာပေစကား နေ့တိုင်းကြားက ထူးခြားလိမ္မာ ရှိသည်သာ" ဟု စာဖတ်ချင်အောင် စာသင်ချင်အောင် သွေးဆောင်ခဲ့ပေသည်။

ဒေါ်မာလာရီသည် သီလရှင်ဖြစ်သည်မှစ၍ ၁၄ နှစ်ကျော်ကျော် ဆရာကောင်း သမားကောင်းများထံ ချဉ်းကပ်ပြီး ပိဋကတ်စာပေများကို သင်ယူခဲ့လေ

သည်။ ထို့နောက် အသက် ၃၂ နှစ်တွင် သမိဒ္ဓေါဒယကျောင်း တည်ထောင်၍ တပည့် သီလရှင်များအား နေ့ဝါ ညဝါ စာပေပို့ချလာခဲ့ရာ ယနေ့ အသက် ၉၀ ကျော်တိုင်ပင် ဖြစ်သည်။ ဒေါ်မာလာရီ၏ စာပေပို့ချနည်းမှာ နာမည်ကျော် ထရံကာဆရာကြီး၏ ပို့ချနည်းမျိုးပင် ဖြစ်သည်။ ကျမ်း တစ်စောင်တစ်ဖွဲ့ကို ကျမ်းရိုးကျေအောင် ပို့ချပေးလေသည်။

ဒေါ်မာလာရီ၏ တပည့်လည်းဖြစ် တူမလည်းဖြစ်သူ ဒေါ်ဟေမာရီက "အဒေါ်ကြီးထံ သီလက္ခန်တို့၊ အဋ္ဌသာလိနီတို့၊ သမ္မောဟဝိနောဒနီတို့ တက်ခဲ့ပါ တယ်။ ရက်မပျက်ရင် အဋ္ဌသာလိနီကို တစ်နှစ် တက်ရပါတယ်။ အဋ္ဌသာလိနီ များ အခေါက်ခေါက် အခါခါ တက်ရလို့ 'ခုဝံ ဗုဒ္ဓေါ ဘဝိဿတိ' ပါသော ဂါထာ တွေ အလွတ်တောင်ရနေတယ်" ဟု ပြောပြသည်။

ဒေါ်မာလာရီသည် စာပေ အခြေပြုစ သီလရှင်ကလေးများကို ဝိသုဒ္ဓါရုံ သုတ်နက် ကျက်စေ၍ သဒ္ဒါကြီးကို ပို့ချပေးလေ့ရှိသည်။ ဝိသုဒ္ဓါရုံသုတ်နက်လာ နာမ်ဂိုဏ်း၊ အာချာတ်ဂိုဏ်း များကိုလည်း ကျေညက်အောင် ဆိုစေသည်။

၁၂၈၀ ပြည့်နှစ်တွင် မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး စစ်ကိုင်း တောင်ရိုး စိတ္တသုခကျောင်း၌ သီတင်းသုံးနေစဉ် ဒေါ်မာလာရီသည် သွားရောက် ဆည်းကပ်ခဲ့သည်။ ထိုအခါ လယ်တီဆရာတော်က "ဘာစာချနေသလဲ" မေးရာ နာမ်ဂိုဏ်း၊ အာချာတ်ဂိုဏ်း ပို့ချနေကြောင်း လျှောက်သည်။ "တို့ရေးတဲ့ လယ်တီ ပဒမာလာဟာ သင်လို့လွယ်တယ်၊ တို့ မုံရွာမှာပေးမယ်" ဟု အမိန့်ရှိသည်။

ပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယ စာမေးပွဲများ ခေတ်စားလာသော အခါ ရှေးက ပို့ချရိုးပြုသော "ဝိထိလက်ရိုး၊ "သုံးချက်စု" စသော အဘိဓမ္မာ ဆိုရိုးကျမ်းများကို သင်ယူပို့ချမှု တစ်စတစ်စ နည်းပါးလာသည်။ ဒေါ်မာလာရီက "ညည်းတို့ ဓမ္မာစရိယအောင်ပေမယ့် ကျမ်းရိုးမကျေဘူး၊ ဝိထိလက်ရိုး ဆိုကြဦး" ဟု တိုက်တွန်း၍ ဓမ္မာစရိယအောင်ပြီး သီလရှင်ဆရာများအား ဝိထိလက်ရိုး စသော ကျမ်းများကို ပို့ချပေးလေ့ရှိသည်။

ဒေါ်မာလာရီသည် ပထမပြန် စာမေးပွဲဝင်ရောက်ဖြေဆိုရန် အခွင့်ကြုံ သော်လည်း မဖြေခဲ့ပေ။ (၁၂၆၃ ခုနှစ်မှစ၍ မစ္စတာ တော်စိန်ခို အကြံပေးသည့် အတိုင်း ဗုဒ္ဓဘာသာ သီလရှင်များကို ပထမပြန်စာမေးပွဲဝင်ခွင့် ပြုပြီးလျှင် သီလရှင်များအား သီးသန့် စစ်ဆေးခဲ့သည်။ ပထမပြန် စုံစမ်းရေးကော်မတီ၏

အစီရင်ခံစာမှ) သရိုင်ရှာသို့ စာသင်ထွက်လာစဉ် ရန်ကုန်မြို့၌ "ပထမပြန် မယ်ဒွေး" ဆိုသူ အမျိုးသမီးတစ်ဦးနှင့် အသိအကျွမ်း ဖြစ်ဖူးသည်။ အမျိုးသမီး များထဲမှ ထူးထူးချွန်ချွန် ပထမပြန်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူဖြစ်၍ "ပထမပြန် မယ်ဒွေး" ဟု ခေါ် ကြသည်။ မယ်ဒွေးက ဒေါ်မာလာရီကို စာမေးပွဲ ဝင်ရောက် ဖြေဆိုရန် တိုက်တွန်းသောအခါ "စာမေးပွဲအောင်ဖို့ထက် စာတတ်ဖို့က ပိုအရေး ကြီးပါတယ်" ဟု အဖြေပေးခဲ့လေသည်။

ဒေါ်မာလာရီသည် သမိဒ္ဓေါဒယကျောင်း တည်ထောင်ပြီးနောက် တပည့် များကိုမူ ခေတ်အခါအလိုက် စာမေးပွဲဖြေဆိုနိုင်အောင် ပို့ချပေးခဲ့လေသည်။ သမိဒ္ဓေါဒယကျောင်းမှ အဦးဆုံး စာမေးပွဲအောင်သူမှာ မခေမာစာရီ (ယခု မော်လမြိုင်မြို့ အိမ်တော်ရာတိုက် ဆရာကြီး ဒေါ်ခေမာစာရီ) ဖြစ်သည်။ မခေမာ စာရီသည် ၁၂၇၇ ခုနှစ်တွင် ပထမငယ်တန်းကို နံပါတ် ၁ မှ ထူးချွန်စွာ အောင် မြင်သဖြင့် အစိုးရက စကောလားရှစ်ဆုအဖြစ် ဝတ္ထုငွေ ၅၀ ကျပ် လှူဒါန်းခဲ့လေ သည်။ (ထိုစဉ် ပထမငယ်တန်း၌ ရိုးရိုးအောင်သူမှာ ဆုငွေ ၃၀ ကျပ်သာ ရရှိလေ သည်)

၁၂၇၇ ခုနှစ်မှစ၍ သမိဒ္ဓေါဒယကျောင်းသည် သီလရှင်လောကတွင် ထင်ပေါ်လာခဲ့သည်။ ပထမပြန်စာမေးပွဲ၌ တစ်နှစ်ထက်တစ်နှစ် တိုးတက်အောင် မြင်လာခဲ့သဖြင့် စာပေပရိယတ္တိဂုဏ်လည်း ကြီးမြင့်လာခဲ့ပေသည်။ ဒေါ်မာလာရီ ၏ ပရိယတ္တိ သာသနာပြုလုပ်ငန်းသည် စာမေးပွဲအဆင့်ဖြင့် တိုင်းတာကြည့်လျှင် များစွာ အောင်မြင်ကြောင်း သိနိုင်ပေသည်။ သမိဒ္ဓေါဒယ နှစ် ၆၀ ခရီးတွင် စာပေ ဘွဲ့ရ ထူးချွန်သူ သီလရှင်ဆရာများ အောက်ပါဇယားအတိုင်း ပေါ်ထွက်ခဲ့ပေ သည်။

### ပထမကျော်ဘွဲ့ရများ

| | | |
|---|---|---|
| ၁။ | ဒေါ်ပါရမီ | (၁၂၈၆ ခု) |
| ၂။ | ဒေါ်သုနန္ဒီ | (၁၂၉၁ ခု) |
| ၃။ | ဒေါ်ကဥ္စနာ | (၁၂၉၃ ခု) |
| ၄။ | ဒေါ်ဉာဏသိင်္ဂီ | (၁၃၃၀ ပြည့်) |
| ၅။ | ဒေါ်ခမ္မေသီ | (၁၃၃၅ ခု) |

## ဓမ္မာစရိယဘွဲ့ရများ

၁။ ဒေါ်ဟေမာရီ (၁၃၀၉ ခု)
၂။ ဒေါ်ဣန္ဒဝတီ (၁၃၁၆ ခု)
၃။ ဒေါ်ပုဏ္ဏမီ (၁၃၁၆ ခု)
၄။ ဒေါ်စရဝတီ (၁၃၁၉ ခု)
၅။ ဒေါ်ကုလပတိ (၁၃၂၁ ခု)
၆။ ဒေါ်ဝဏ္ဏာရီ (၁၃၂၂ ခု)
၇။ ဒေါ်ဆန္ဒာဘာဂီ (၁၃၃၆ ခု)
၈။ ဒေါ်စရိတဉာဏီ (၁၃၃၆ ခု)

THITSARPARAMI 2009

ဒေါ်မာလာရီ၏ ပရိယတ္တိ သာသနာပြုလုပ်ငန်းတည်းဟူသော ပင်မကြီးသည် ပင်စည်ထွားကျိုင်းသကဲ့သို့ အခက်အကိုင်းတို့ဖြင့်လည်း ယှက်လိုင်းဝေဆာလျက် ရှိခဲ့လေသည်။ ပင်မမှ အကိုင်းအခက်တွေ ဖြာထွက်နေသည့်ပမာ သမိဒ္ဓေါဒယချောင်ခွဲ၊ တိုက်ခွဲတွေ ပေါ်ထွက် ကြီးပွားလျက် ရှိပေသည်။ သမိဒ္ဓေါဒယ တိုက်ခွဲများမှာ -

(၁) မော်လမြိုင်မြို့ အိမ်တော်ရာတိုက်။
(၂) ရန်ကုန်မြို့ အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင်တိုက်။
(၃) ရန်ကုန်မြို့ ဟံသာဝတီ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်တိုက်။
(၄) မြန်အောင်မြို့ သမိဒ္ဓေါဒယ သုခိတာ ရာမတိုက်သစ်။
(၅) ပွင့်တန်ဆာမြို့ သမိဒ္ဓေါဒယ ဓမ္မဇောတိကာရုံ စာသင်တိုက်။
(၆) စစ်ကိုင်းတောင်ရိုး ဇေယသိဒ္ဓိချောင်တို့ ဖြစ်ပေသည်။

သမိဒ္ဓေါဒယ ချောင်ခွဲ၊ တိုက်ခွဲများသည် သီလရှင်သာသနာတွင် ထင်ရှားပေါ်လွင်လျက် ရှိကြပေသည်။ သီလရှင်ဦးရေ အနည်းဆုံး နှစ်ဆယ်အစိတ်မှ တစ်ရာကျော် နှစ်ရာအထိ ရှိကြပေသည်။ ဒေါ်မာလာရီ၏ အရှိန်အဝါ ဩဇာအာဏာများသည် သမိဒ္ဓေါဒယချောင်ခွဲ၊ တိုက်ခွဲများသို့ သက်ဆင်း ပျံ့နှံ့လျက် ရှိပေသည်။

## သမိဒ္ဓေါဒယ ပရိယတ္တိ စာပြန်ပွဲ

သမိဒ္ဓေါဒယ ပရိယတ္တိ သာသနာပြု လုပ်ငန်းများတွင် အောင်မြင်မှု ရရှိကြောင်း ပြခဲ့ပေပြီ။ ထိုသို့ အောင်မြင်မှု ရရှိခြင်း၌ အကြောင်းများစွာ ရှိပေသည်။ ထိုအကြောင်းများအနက် ပဓာနအကျဆုံးဖြစ်သော အကြောင်းတစ်ခုမှာ "သမိဒ္ဓေါဒယ ပရိယတ္တိအခြေပြု အာဂမယုတ္တိစာပြန်ပွဲ" ဖြစ်နိုင်ပေသည်။

ဒေါ်မာလာရီသည် တပည့် သီလရှင်လေးများ ပရိယတ္တိ သာသနာဘက်၌ များစွာ တိုးတက်စေရန် "သမိဒ္ဓေါဒယ ပရိယတ္တိ အခြေပြု အာဂမယုတ္တိ စာပြန်ပွဲ"ကို ၁၂၈၈ ခုနှစ်မှစ၍ ကျင်းပ ပေးခဲ့လေသည်။ ထိုစာပြန်ပွဲ ကျင်းပရာ၌ မန္တလေးမြို့ ဝိသုဒ္ဓါရုံ စည်ရှင်ဆရာတော်၏ အကြံဉာဏ်များကို ရယူခဲ့လေသည်။

ပဋိကတ် အခြေခံလည်း လုံလောက်စေ၊ အစိုးရ ပထမပြန်စာမေးပွဲ အတွက်လည်း အထောက်အကူဖြစ်စေ ရည်ရွယ်၍ ပထမပြန်စာမေးပွဲနှင့်အညီ အတန်းနှင့် ကျမ်းစာတို့ကို "သမိဒ္ဓေါဒယ ပရိယတ္တိစာပြန်ပွဲ၌" သတ်မှတ် ပြဋ္ဌာန်းထားလေသည်။ ပထမငယ်တန်း၌ သဒ္ဒါရှစ်စောင်၊ သင်္ဂြိုဟ်ကိုးပိုင်း၊ မာတိကာ၊ ဓာတုကထာ၊ ပုဒ်စစ်တို့ကိုလည်းကောင်း၊ ပထမလတ်တန်း၌ ယမိုက်တို့၍ လည်းကောင်း၊ ပထမကြီးတန်း၌ အဘိဓာန်၊ အလင်္ကာ၊ ဆန်း၊ ပဋ္ဌာန်း တို့၍ လည်းကောင်း ပြဋ္ဌာန်းခဲ့လေသည်။ သို့ရာတွင် ပြဋ္ဌာန်းထားသော ကျမ်းစာများ တွင် မပါဝင်သော သုံးချက်စု၊ သဒ္ဒါငယ် စသော ကျမ်းစာများကိုလည်း ပြန်ဆို နိုင်ပေသည်။

ထို့ပြင် အပိုတန်းများအဖြစ်လည်း သူငယ်တန်း၊ လူကြီးတန်း နှစ်တန်း ခွဲခြား၍ မည်သူမဆို ရရာစာကို ပြန်ဆိုနိုင်ခွင့် ရှိသည်။ သူငယ်တန်းတွင် သတ်နက်၊ ပုဒ်စစ်၊ ပရိတ်ကြီးကိုလည်းကောင်း၊ လူကြီးတန်းတွင် ပရိတ်ကြီး ဓမ္မစကြာ အပါအဝင် အနတ္တလက္ခဏာသုတ်၊ သတိပဋ္ဌာန်၊ ပဋ္ဌာန်းပါဠိ စသည်တို့ကို လည်းကောင်း ပြန်ဆိုကြလေသည်။

ဒေါ်မာလာရီသည် ဖခင်ကြီးအား အမျှဝေ၍ ကျေးဇူးဆပ်သည့် အထိမ်းအမှတ်လည်းဖြစ်စေ၊ မိမိအတွက် ပါရမီ ကုသိုလ်လည်းဖြစ်စေ၊ သာသနာ တော်၏ တာဝန်ကို ထမ်းဆောင်မှုလည်းဖြစ်စေဟူသော ရည်ရွယ်ချက်ဖြင့် ဖခင်ကြီး ကွယ်လွန်သည့် တန်ဆောင်မုန်းလဆန်း ၅ ရက်နေ့ကို ဆုနှင်းသဘင်နေ့ အဖြစ် သတ်မှတ်ထားလေသည်။

ပထမအကြိမ် ပရိယတ္တိ စာပြန်ပွဲကို ၁၂၈၈ ခု တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့မှ စတင် ကျင်းပသည်။ ထိုအကြိမ်၌ အကြီးတန်းတွင် ၅ ပါး၊ အလတ်တန်းတွင် ၁၉ ပါး၊ သူငယ်တန်းတွင် ၅ ပါး၊ လူကြီးတန်းတွင် ၃ ပါး စုစုပေါင်း သီလရှင်ဆရာကြီး၊ ဆရာလေး ၃၂ ပါး ပါဝင် ဖြေဆိုခဲ့ကြလေသည်။

ဝင်ရောက်ပြန်ဆိုကြသော သီလရှင် ဆရာကြီး၊ ဆရာလေးတို့အား အရည်အချင်းအလိုက် ပဒုမ္မာပိတ် တစ်အုပ်စီ၊ ခါးဝတ်ပိတ် အတောင် ၂၀ စီမှစ၍ အနည်းဆုံး ပိတ်ငါးထောင်စီ လှူဒါန်း ချီးမြှင့်ခဲ့လေသည်။ ထူးချွန်စွာ စာပြန်နိုင်သော သီလရှင် ဆရာလေးတို့အား စောင်ကော်ဇော ဝတ္ထုငွေများနှင့် အခြားအသုံးအဆောင်များကိုပါ အပိုဆုအဖြစ် ချီးမြှင့်ခဲ့လေသည်။

၁၃၀၂ ခုနှစ် ၁၅ ကြိမ်မြောက် ကျင်းပသော စာပြန်ပွဲတွင်မူ ထူးချွန်သော သီလရှင်ဆရာလေးများအား ရွှေတံဆိပ်၊ မိုးကြိုးတံဆိပ်၊ ရွှေချိပ်၊ မိုးကြိုးချိပ်ကိုပါ ထည့်သွင်း၍ အထူးဆုအဖြစ် ချီးမြှင့်ခဲ့လေသည်။ ထိုနှစ်၌ ရွှေတံဆိပ် ချီးမြှင့်ခံရသူမှာ မဟေမာရီ (ယခု သမိဒ္ဓေါဒယကျောင်း နာယက ဆရာကြီး ဒေါ်ဟေမာရီ) ဖြစ်သည်။ မပုဏ္ဏမိ (ဇေယျာသိဒ္ဓိကျောင်း ဆရာကြီး ဒေါ်ပုဏ္ဏမိ)က မိုးကြိုးတံဆိပ်၊ မသုစာရီက ရွှေချိပ်၊ မိုးကြိုးချိပ်တို့ကို ရရှိခဲ့လေသည်။ ၁၃၀၄ ခုနှစ်တွင် မဟေမာရီနှင့် မမေဃတို့က ရွှေတံဆိပ်၊ မပုဏ္ဏမိက ငွေတံဆိပ် အသီးသီး ရရှိခဲ့ကြသည်။

ရွှေ ငွေ၊ မိုးကြိုး တံဆိပ်တို့ကို လှူဒါန်းကြသည့် အလှူ့ဒကာများမှာ ရန်ကုန်မြို့ ဇရာဝတီရုံး စာရေးကြီး ဦးဘဦးနှင့် နှမ မအရိယနန္ဒီ၊ မန္တလေးမြို့ အတွင်းဝန် ဦးခင်မောင်ဦး၊ ဒေါ်တင်တင်နု တို့ဖြစ်သည်။

စာပြန်ပွဲ၌ စာထောက် စာမအဖြစ် ပြုလုပ်ဆောင်ရွက်ကြသည့် သီလရှင် ဆရာကြီးများအား ပိတ် ၁၀ တောင်မှစ၍ အတောင် ၂၀၊ ၃၀ အထိ လှူဒါန်းခဲ့လေသည်။

သမိဒ္ဓေါဒယ ပရိယတ္တိစာပြန်ပွဲအတွက် လှူဒါန်းအားပေးကြသူများမှာ မြို့နယ်အစုံမှ ကုန်သည်ပွဲစားများ၊ အစိုးရ အရာထမ်း အမှုထမ်းများ၊ စက်ပိုင်များ၊ မြေပိုင်ရှင်များမှအစ လူမျိုးစုံ ဖြစ်ပေသည်။ ပထမအကြိမ်၌ စာပြန်ပွဲအတွက် လှူဒါန်းကြသော ဝတ္ထုငွေမှာ ၄၀၅ ကျပ် ဖြစ်သည်။ ထိုတွင် ကျောင်းဆရာကြီး ဒေါ်မာလာရီ၏ အလှူငွေ ၂၀၀ ကျပ်တိတိ ပါဝင်ခဲ့လေသည်။ ဒုတိယအကြိမ်

အလှူငွေ ၅၈၉ ကျပ် ၁၂ ပဲ၊ တတိယအကြိမ် ၄၂၆ ကျပ် စသည်ဖြင့် စာပြန်ပွဲအတွက် အားပေး လှူဒါန်းခဲ့ကြသည်။

သမိဒ္ဓေါဒယ ပရိယတ္တိစာပြန်ပွဲကြီးကို ၁၂၈၈ ခုနှစ်မှစ၍ ၁၃၀၄ ခုနှစ်အထိ နှစ်စဉ် ကျင်းပခဲ့သည်။ ၁၃၀၄ ခုနှစ် ၁၇ ကြိမ်မြောက် ကျင်းပပြီးသောအခါ ဒုတိယကမ္ဘာစစ်ကြီးနှင့်ကြုံ၍ စာပြန်ပွဲကြီးကို ရပ်နားထားရလေသည်။ စစ်ပြီးသောအခါလည်း အကြောင်းအမျိုးမျိုးကြောင့် ရုတ်တရက် ပြန်လည်မစနိုင်ဘဲ ၁၃၁၃ ခုနှစ်တွင်မှ ပြန်လည် ကျင်းပနိုင်ခဲ့လေသည်။

ထိုနှစ်၌ 'စာထောက် စာမ'အဖြစ် ဆရာတော်များကို ပင့်ဆောင်ကြသည်။ ရွှေဟင်္သာဆရာတော် (အရှင်ပဏ္ဍိတ)၊ ပါဠိကာရီ သုံးခွ ဆရာတော် (အရှင်ဝရသာမိဘိဝံသ)၊ စေတီလှ စာချဆရာတော် အရှင် ဓမ္မာနန္ဒာဘိဝံသ (ယခု ရတနာ့ဗိမာန်ဆရာတော်)၊ ပထမ ဂန္ဓာရုံဆရာတော် (အရှင် သုပညိန္ဒာဘိဝံသ) တို့ ပါဝင် ဆောင်ရွက်တော်မူကြသည်။ ဆုနှင်းသဘင်နေ့တွင် မဟာဝိဇ္ဇောဒယ ဆရာတော် (အရှင်ပညာဝံသ) က တရားချီးမြှင့်တော်မူသည်။

၁၃၁၈ ခုနှစ်တွင် သမိဒ္ဓေါဒယ ပရိယတ္တိ စာပြန်ပွဲကြီးကို တိုးချဲ့ကျင်းပခဲ့လေသည်။ ယခင်က သမိဒ္ဓေါဒယကျောင်းမှ သီလရှင်များအတွက်သာဖြစ်သော်လည်း ထိုနှစ်တွင်မူ စစ်ကိုင်းတောင်ရိုးရှိ သီလရှင်အားလုံးအတွက် ဖြစ်လာခဲ့ပေသည်။ မည်သည့်ကျောင်းမှမဆို ထိုစာပြန်ပွဲသို့ ဝင်ရောက်ပြန်ဆိုခွင့် ပြုခဲ့ပေသည်။ ထိုအချိန်၌ စစ်ကိုင်းတောင်ရိုးရှိ သီလရှင်ငယ်ကလေးများအတွက် ရည်ရွယ်၍ "မင်္ဂလာတံခွန် စာမေးပွဲ" ကျင်းပရန် ပဲခူးမြို့ ရွှေခြူးဦးသူတော်က မ,တည် လှူဒါန်းခဲ့လေသည်။ ထိုအခါ ဒေါ်မာလာရီက "သာသနာ့တံခွန် စာမေးပွဲလည်း လုပ်ပါဦး၊ အဲဒီစာမေးပွဲက စာအခြေ ဖြစ်တယ်" ဟု တိုက်တွန်းသဖြင့် ဦးသူတော်ကပင် ဒကာခံ၍ "သာသနာ့တံခွန် စာမေးပွဲ" ကိုလည်း ကျင်းပပေးခဲ့လေသည်။

၁၃၈၂ ခုနှစ်တွင် ဒေါ်မာလာရီ ဦးဆောင်၍ စစ်ကိုင်းတောင်ရိုးရှိ ကျောင်းအသီးသီးမှ ကျောင်းဆရာ၊ စာချဆရာများ ပါဝင်သော "သီလရှင် သာသနောဒယအသင်းကြီး"ကို ဖွဲ့စည်းခဲ့ကြသည်။ ထိုအသင်းကြီးက တာဝန်ယူ၍ "မင်္ဂလာတံခွန် စာမေးပွဲ" နှင့် "သာသနာ့တံခွန် ပရိယတ္တိစာမေးပွဲ" တို့ကို ဆက်လက်ကျင်းပ ပေးလေသည်။ ဤသည်မှာ ဒေါ်မာလာရီ၏ ပရိယတ္တိ သာသနာပြုလုပ်ငန်း အဆင့်အတန်းမြင့်မြင့် အောင်မြင်လာခြင်းပင် ဖြစ်ပေသည်။

ဤ "မင်္ဂလာတံခွန်" "သာသနာ့တံခွန် ပရိယတ္တိ စာမေးပွဲကြီး" များနှင့် စပ်လျဉ်း၍ စစ်ကိုင်းတောင် ဝေဇယန္တာချောင် အရှင် မဟောသဓပဏ္ဍိတက "တောင်ထိပ်ပန်း" ဟူသော ခေါင်းစီးဖြင့် ဓမ္မဗျူဟာ စာစောင်တွင် ဆောင်းပါး တစ်စောင် ရေးသားခဲ့ဖူးလေသည်။

## တောင်ထိပ်ပန်း

သာသနာတော် စည်ပင်ပြန့်ပွားရေးတွင် ပရိယတ္တိစာပေသည် အခြေခံ အုတ်မြစ်ဖြစ်သည်။ "သိ၊ ပယ်၊ ဆိုက်၊ ပွား" ရန် အတွက် ပရိယတ္တိစာပေသည် မီးမောင်းထိုးပေးလျက်ရှိသည်။ နိုင်ငံအစိုးရသည် ငယ်၊ လတ်၊ ကြီးနှင့် ဓမ္မာစရိယ စာချတန်း စာမေးပွဲများကို နှစ်စဉ် ကျင်းပလျက် ပရိယတ္တိသာသနာကို အသက် ဆက်ပေးလျက်ပင် ရှိနေပါသည်။ မှန်ပါသည်။ ၁၉၆၀ ပြည့်နှစ်မှ ၁၉၆၉ ခုနှစ် အတွင်း ဓမ္မာစရိယဘွဲ့ရ ရဟန်းတော်ပေါင်း ၁၉၉၇ ပါးနှင့် ပါဠိဂုဏ်ထူးအောင် ၁၆၅ ပါး၊ မြန်မာဂုဏ်ထူးအောင် ၁၈၃ ပါးတို့ကို ဖော်ထုတ်ပေးနိုင်ခဲ့လေသည်။ ထို့ပြင် မန္တလေးမှ သကျသီဟ ပရိယတ္တိအသင်း၊ ရန်ကုန်မှ စေတိယင်္ဂဏအသင်း၊ မော်လမြိုင်မှ သုသမာစာရအသင်း စသည်တို့ကလည်း ပရိယတ္တိသာသနာ ပြန့်ပွား ထွန်းသစ်ရေးကို အားဖြည့်ပေးလျက် ရှိနေပါသည်။

ဤအထဲတွင် စစ်ကိုင်းတောင်မှ ပရိယတ္တိ အခြေပြု အာဂမယုတ္တိ စာပြန်ပွဲမှာ ထူးထူးခြားခြားပင် ရှိလှပါသည်။ အမျိုးသမီး စာသင်ပျိုနုလေးတို့ အတွက် ပရိယတ္တိအခြေရစေရန် ရည်သန်၍ သီလရှင် စာချဆရာကြီးများက ကြိုးပမ်းလာခဲ့ကြခြင်း ဖြစ်ပေသည်။ ဤ အာဂမယုတ္တိ စာပြန်ပွဲသက်တမ်းမှာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၄၀ ကျော်မျှပင် ရှိလာပြီဖြစ်သည်။ စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယ ချောင်ဆရာကြီးနှင့် ဒေါ်ကဥ္စနာ (ပထမကျော်စာချ)၊ ဆရာကြီး ဒေါ်ပါရမီ (ပထမကျော်စာချ)၊ ဆရာကြီး ဒေါ်ဟေမာရီ (ဓမ္မာစရိယစာချ) တို့က ကြီးမှူး၍ ၁၂၈၈ ခုနှစ်တွင် ဤ ပရိယတ္တိ အခြေပြု အာဂမယုတ္တိစာပြန်ပွဲကို စတင် ကျင်းပခဲ့လေသည်။

"စာသင်ဟူက၊ ကျမ်းထိုမျှကို၊
တွေ့ကမရှောင်၊ ကြောင်ပုစွန်စား၊
ကျွတ်ကျွတ်ဝါးသို့၊ လွှသွားပမာ၊
ကျောက်ထက်စာသို့၊ လိုရာရအောင်၊

ကြံဆောင်လေ့ကျက်၊ အနက်အဓိပ္ပာယ်၊

နှုတ်ဝယ်ရွရွ၊ ထားချေမှတည်း”

ဟု အရှင် မဟာရဋ္ဌသာရ စသော ရှေးအကျော်အမော် ဆရာတော်များ မိန့်မှာခဲ့သည့်အတိုင်းပင် အမျိုးသမီး စာသင်ငယ်လေးတို့အား အာဂမယုတ္တိဘက်တွင် သွက်လက်ချက်ချာစေချင်သည်။ အနက်အဓိပ္ပာယ်တို့ကို နှုတ်ဝယ်ရွရွ ရှိထားကြစေချင်သည်။ ဤစေတနာဖြင့် ဒေါ်ကဥ္စနာ စသော ပထမကျော်စာချ သီလရှင်ဆရာကြီးများသည် အားခဲလျက် ပရိယတ္တိအခြေပြု အာဂမယုတ္တိ စာပြန်ပွဲကြီးကို ကျင်းပခဲ့ကြလေသည်။

သဒ္ဒါ၊ သင်္ဂြိုဟ်၊ အဘိဓာန်၊ ဆန်း၊ အလင်္ကာ စသော ကျမ်းစာတို့ကို အာဂုံပြန်ဆိုနိုင်သော သီလရှင်ဆရာလေးတို့အား ပဒုမ္မာပိတ် ၁၀ တောင်၊ ခါးဝတ်ပိတ် ၁၀ တောင် ဆုအဖြစ် ချီးမြှင့်ခဲ့သည်။ ဤအာဂုံပြန်ဆိုပွဲသည် စတင်ကျင်းပသည့် ၁၂၈၈ ခုနှစ်မှ ၁၃၁၈ ခုနှစ်အထိကား ကျယ်ကျယ်ပြန့်ပြန့် မဟုတ်သေးပေ။ သမိဒ္ဓေါ်ချောင်အတွင်းရှိ သီလရှင်ဆရာလေးများသာ ပြန်ဆိုနိုင်ခွင့် ရှိခဲ့လေသည်။ သို့သော် ၁၃၁၉ ခုနှစ်မှ ၁၃၂၇ ခုနှစ်တွင်ကား စစ်ကိုင်းတောင်ရိုးရှိ မည်သည့်ချောင်မှ သီလရှင် ဆရာလေးမဆို ဝင်ရောက်ဖြေဆိုနိုင်ခွင့် ပြုလိုက်သဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာခဲ့သည်။ တစ်တောင်ရိုးလုံးရှိ သီလရှင်ဆရာလေးများနှင့် သက်ဆိုင်သော “အာဂုံစာပြန်ပွဲကြီး” ဖြစ်လာခဲ့လေသည်။

မည်သည့်လုပ်ငန်းမျိုးမဆို ကြိုးပမ်းရာတွင် ခိုင်မြဲသော စိတ်သတ္တိနှင့် မဆုတ်နစ်သော ဇွဲဝီရိယတို့ကား ရှိစမြဲပင်။ ဤ အာဂုံစာပြန်ပွဲကြီး အသက်ဆက်တည်ရေးအတွက် စာချဆရာကြီးများသည် တကယ့် ဇွဲသတ္တိတို့ဖြင့် ကြိုးပမ်းလျက် ရှိပေသည်။ ၁၃၂၈ ခုနှစ်တွင်ကား အခက်အခဲတို့ကို ကျော်လွှား၍ ရှေ့သို့ တစ်ဆင့် တက်လှမ်းနိုင်ခဲ့ပြန်သည်။

ဤနှစ်တွင် “သာသနောဒယ (သာသနာ တိုးတက်ပြန့်ပွားရေး) အသင်း” ကို တိုးချဲ့၍ ပြန်လည်ဖွဲ့စည်းနိုင်ခဲ့သည်။ အသင်းကြီး၏ ဩဝါဒါစရိယအဖြစ် ပါဠိကာရီ သုံးခွဆရာတော်နှင့် ဇေယျသိမ်ဆရာတော်တို့ကလည်းကောင်း၊ နာယကအဖြစ် သမိဒ္ဓေါဒယ ချောင်ဆရာကြီးကလည်းကောင်း၊ ဥက္ကဋ္ဌအဖြစ် စာချဆရာကြီး ဒေါ်ကဥ္စနာကလည်းကောင်း၊ ဒုဥက္ကဋ္ဌအဖြစ် စာချဆရာကြီး ဒေါ်ဟေမာရီ (ဓမ္မာစရိယ)ကလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဒေါ်ဣန္ဒဝတီ (ဓမ္မာစရိယ)ကလည်းကောင်း ဆောင်ရွက်၍ တွဲဖက်အတွင်းရေးမှူးအဖြစ်

စာချဆရာ ဒေါ်ဣန္ဒသီဂီ (ဓမ္မာစရိယ ပါဠိ ပါရဂူ) ဖြေချောင်ကလည်းကောင်း၊ ဘဏ္ဍာရေးမှူးအဖြစ် ဒေါ်စရဝတီ (ဓမ္မာစရိယ)ကလည်းကောင်း ဆောင်ရွက်လျက်ရှိပေသည်။

အသင်းကြီး၏အောက်တွင် မင်္ဂလာတံခွန် စာပြန်ပွဲနှင့် ရေးဖြေ စာမေးပွဲကို ဝါခေါင်လဆန်း ၇-၈ ရက်နေ့များတွင်လည်းကောင်း၊ သာသနာ့တံခွန် ပရိယတ္တိစာမေးပွဲကို နတ်တော်လဆန်း ၇-၈ နေ့များတွင်လည်းကောင်း နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ လွန်ခဲ့သည့် ဝါခေါင်လ မင်္ဂလာတံခွန် စာပြန်ပွဲနှင့် ရေးဖြေစာမေးပွဲတွင် အာဂုံပြန် အောင်မြင်သော သီလရှင်ဆရာလေးများမှာ ၃၉ ပါးရှိ၍ ရေးဖြေတွင် ၂၁ ပါး အောင်မြင်ခဲ့သည်။ ဆုအဖြစ် အာဂုံပြန်သူတို့အား ၅ ကျပ်စီ၊ ရေးဖြေတွင် ပထမဆုရသူအား ၃၀ ကျပ်၊ ဒုတိယရသူအား ၂၀ ကျပ်နှင့် ရိုးရိုးအောင်မြင်သူတို့အား ၁၀ ကျပ်စီ ချီးမြှင့်သည်။

လာမည့် နတ်တော်လတွင်လည်း "သာသနာ့တံခွန် ပရိယတ္တိ စာမေးပွဲ" ကို ကျင်းပ ပေးလိမ့်မည်။ ယခင်က "ပရိယတ္တိအခြေပြု အာဂမယုတ္တိစာပြန်ပွဲ" အစား ယခု ရေးဖြေစာမေးပွဲအဆင့်သို့ တိုးမြှင့်ပေးလိုက်ခြင်း ဖြစ်လေသည်။ ဤ သာသနာ့တံခွန် ပရိယတ္တိစာမေးပွဲကိုလည်း နိုင်ငံ အစိုးရက ကျင်းပပေးသကဲ့သို့ ပထမကြီးတန်း၊ ပထမလတ်တန်းနှင့်၊ ပထမငယ်တန်းဟူ၍ သုံးဆင့် ခွဲထားလေ၏။ စာမေးပွဲကို လေးကျွန်းမာရ်အောင်ဘုရား ပရဝဏ်အတွင်းရှိ ဓမ္မသာလာ ဇရပ်ကြီးတွင် ကျင်းပသည်။ အောင်မြင်သူတို့အား ဆုအဖြစ် အောင်လက်မှတ်နှင့် ပုံသေချီးမြှင့်ငွေမှာ -

| | |
|---|---|
| "ပထမကြီးတန်း အကျော် | ၅၀ ကျပ် |
| ပထမကြီးတန်း ဒုတိယ | ၃၀ ကျပ် |
| ပထမကြီးတန်း ရိုးရိုး | ၂၀ ကျပ် |
| ပထမလတ်တန်း ပထမ | ၂၅ ကျပ် |
| ပထမလတ်တန်း ရိုးရိုး | ၁၅ ကျပ် |
| ပထမငယ်တန်း ပထမ | ၂၀ ကျပ် |
| ပထမငယ်တန်း ရိုးရိုး | ၁၀ ကျပ်" စီ ဖြစ်သည်။ |

သာသနာ့တံခွန် ပရိယတ္တိစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြသော သီလရှင်ဆရာလေးများမှာ ၄၀ ကျော် ၅၀ မျှအထိပင် ရှိသည်။ စာအောင်ဆရာလေးများကို ဓမ္မာနုဂ္ဂဟအဖြစ် ဆုချီးမြှင့်ရသည်မှာလည်း မလွယ်ကူပေ။

တစ်ဦးတည်း တစ်ယောက်တည်း အင်အားဖြင့်လည်း ရေရှည်ထမ်းဆောင်နိုင်မည် မဟုတ်ချေ။ ထို့ကြောင့်ပင် အနယ်နယ် အရပ်ရပ်မှ စေတနာရှင်တို့၏ ကုသိုလ်လုပ်အားကို တန်ဖိုးထား မျှော်လင့်နေရပေသည်။ ပရိယတ္တိ သာသနာတော်ကြီးကို စည်ပင်ပြန့်ပွားစေလိုသော စေတနာရှင်တို့သည် ငါးကျပ်၊ တစ်ဆယ်မှစ၍ နည်းများမဆို ကုသိုလ်ပါဝင်ခြင်းဖြင့် "သာသနာ့တံခွန် ပရိယတ္တိစာမေးပွဲကြီး" ကို အားပေးချီးမြှောက်ကြပါရန် တိုက်တွန်း ရေးသားရပေသည်။

"ဥဇုဘူတ၊ လုံ့လပြင်းစွာ၊
သူ့ထက်ငါဟု၊ နှုတ်မှာရွရွ၊
ကြိုးပမ်းကလျှင်၊ သိပ္ပကျေးဇူး၊
အထူးသိမြင်၊ ပညာရှင်ဟု၊
မထင်မပေါ်၊ မကျော်စောဘဲ၊
တီမှာလွဲအံ့"

ဟူသကဲ့သို့ပင် ထို သာသနာ့တံခွန် ပရိယတ္တိစာမေးပွဲကြီး၏ ကျေးဇူးကြောင့် စစ်ကိုင်းတောင်ရိုးမှ သီလရှင် ဆရာလေးများသည် အစိုးရ စာမေးပွဲများ၌ အလွယ်တကူဖြင့် အောင်ပွဲအဆင့်ဆင့်ကို ရယူလျက် ရှိကြလေသည်။ ပထမကျော်များ၊ ဓမ္မာစရိယများ၊ မြန်မာဂုဏ်ထူး၊ ပါဠိ ပါရဂူ အောင်မြင်သူများမှာ တဖွဲဖွဲ တသဲသဲဖြင့် အောင်ပွဲဆင်လျက် ရှိကြတော့သည်။ ဤကား သာသနာ့တံခွန် ပရိယတ္တိစာမေးပွဲကြီးမှ ပေါ်ထွက်လာသော အကျိုးအမြတ် ရလဒ်များပင် ဖြစ်ကြပါ၏။

ကျေးဇူးများလှသော ဤ သာသနာ့တံခွန် စာမေးပွဲကြီးကား စေတနာရှင်တို့၏ မဆုတ်မနစ် ဇွဲအားသစ်မှုကြောင့်လည်းကောင်း၊ ပထမကျော်-စာချ ဒေါ်ကဥ္စနာ စသော ဆရာကြီးတို့၏ မဆုတ်မနစ် ဇွဲအားသစ်မှုကြောင့်လည်းကောင်း၊ နှစ်ပေါင်း လေးဆယ်ကျော်အထိ မားမားမတ်မတ် ရပ်တည်လျက်ပင် ရှိနေပါသေးသည်။ တင်စား၍ ဆိုရပါသော် စစ်ကိုင်းတောင်မှ "ဤ သာသနာ့ တံခွန် စာမေးပွဲကြီး" ကား အဖြစ်ထူးဆန်း အံ့ဘနန်းမျှ တောင်ထိပ်တွင် ပွင့်လန်းနေသည့် တစ်ခုတည်းသော ပရိယတ္တိ ကြာပန်းခိုင်ကြီးသာလျှင် ဖြစ်ပေတော့သည်။ အနှီ "ပရိယတ္တိ ကြာပန်းခိုင်ကြီး"ကို သီလရှင် ဆရာလေးများဖြစ်ကြသော စာသင်ပျိုနု လုမ္ဗိုးစုတို့သည် ယုယုယယ ဇွဲလုံ့လဖြင့် အရယူငင် အလှဆင်နိုင်ကြပါစေသတည်း။

## ပထမပြန် စုံစမ်းရေး ကော်မတီ

ယခုခေတ် "ပထမပြန်စာမေးပွဲ" ၏ ရှေ့ပြေးဖြစ်သော "ပထမစာတော်ပြန်ပွဲ"ကို သာလွန်မင်းတရားကြီးလက်ထက် တစ်ထောင်ပြည့်နှစ်မှ စတင်ခဲ့သည်ဟု သမိုင်းသုတေသီတို့က ဆိုကြသည်။ ထို ပထမစာတော်ပြန်ပွဲကို မြန်မာမင်းအဆက်ဆက် လက်ခံကျင်းပလာခဲ့ရာ သီပေါမင်းလက်ထက် ၁၂၄၇ ခုနှစ်အထိ ဖြစ်လေသည်။ ထို့နောက်တွင်မူ မြန်မာမင်းဆက် ပြတ်၍ ပထမစာတော်ပြန်ပွဲလည်း ရပ်ခဲ့လေသည်။ ၁၂၄၇ ခုနှစ်မှစ၍ ၁၂၅၆ ခုနှစ်အထိ ၉ နှစ်လုံးလုံး တိမ်ဖုံးသောလပမာ တိမ်မြုပ် ပျောက်ကွယ်နေခဲ့ပေသည်။ ၁၂၅၃ ခုနှစ်တွင် အင်္ဂလိပ်အစိုးရ၏ ပညာဝန်ကြီးဖြစ်သူ "မစ္စတာ ဂျန်ဗင်ဆိုမရန်ပုတ်" သည် တောင်တော်သာသနာပိုင်ဆရာတော်၊ ပုခန်းဆရာတော်၊ လှထွေဆရာတော်၊ ကင်းဝန်မင်းကြီး စသော ပုဂ္ဂိုလ်ကြီးများနှင့် တိုင်ပင်၍ ပါဠိဘာသာ သင်ကြားရေး အားပေးရန် အစိုးရထံ အကြံပေးလွှာ တင်သွင်းခဲ့လေသည်။ ထို အကြံပေးချက်ကို လက်ခံစဉ်းစား၍ မြန်မာဘုရင်များလက်ထက်တော်က မူရင်းအတိုင်း ပထမစာတော်ပြန်ပွဲများ ကျင်းပရန် ၁၂၅၆ ခုနှစ်တွင် အစိုးရထံမှ အမိန့်ရခဲ့လေသည်။

၁၂၅၇ ခု နှစ်ဦးအစတွင် "ပထမပြန်ကော်မတီ"ကို ဖွဲ့စည်းပေးခဲ့လေသည်။ ထိုကော်မတီက နှစ်စဉ် စာမေးပွဲကျင်းပရန်နှင့် ပါဠိဘာသာ စာအုပ်ကောင်းများ ရွေးချယ်ပုံနှိပ်ထုတ်ဝေရန် တာဝန်ယူသည်။ ၁၂၅၇ ခုနှစ်မှစ၍ ပထမပြန်စာမေးပွဲကို နှစ်စဉ် ကျင်းပပေးခဲ့သည်။ ၁၂၅၇ ခုနှစ်မှစ၍ ၁၂၉၉ ခုနှစ်အထိ နှစ်ပေါင်း ၄၀ ကျော်အတွင်း ပထမပြန်စာမေးပွဲသည် တည်ငြိမ်မှုမရှိဘဲ အမျိုးမျိုး ပြောင်းလွဲခဲ့ရလေသည်။ ရဟန်းရှင်လူ အများကလည်း ပထမပြန်စာမေးပွဲ နည်းဥပဒေကို ပြုပြင်ရန် အစိုးရထံ အမျိုးမျိုး စာတင်ကြသည်။ သို့အတွက် အစိုးရသည် ပထမပြန်စာမေးပွဲ နည်းဥပဒေကို ပြုပြင်ရန် နည်းလမ်းရှာရလေသည်။ ၁၂၉၉ ခုနှစ်တွင် ပထမပြန်စာမေးပွဲနှင့် ပတ်သက်၍ အရပ်ရပ်စုံစမ်းစေခြင်းငှာ "ပထမပြန် စာမေးပွဲ စုံစမ်းရေးကော်မတီ" ကို အစိုးရက ခန့်အပ်ခဲ့လေသည်။ ထိုကော်မတီတွင် ဒေါ်မာလာရီသည် အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်ခဲ့လေသည်။

## မြန်မာနိုင်ငံတော် အစိုးရမင်းတို့ ပညာဝန်ကြီးချုပ်ဆိုင်ရာ ပညာရေးဌာန ပြဋ္ဌာန်းချက်

၁၉၁၇ ခုနှစ် မတ်လ ၁၃ ရက် (၁၂၇၈) ခုနှစ် နှောင်း တန်ခူးလဆန်း ၃ ရက် နေ့စွဲပါ မြန်မာနိုင်ငံတော် အစိုးရမင်းတို့ ပညာရေးဌာန စီရင်ဆောင်ရွက်သည့် မှုခင်းမှတ်တမ်း နံပါတ် ၃၊ ကျူအာရ် ၃၇ မှ ထုတ်နုတ်ချက်။

ပထမပြန်စာမေးပွဲ ပြုလုပ်စီစဉ် ကြီးကြပ်အုပ်ချုပ်မှုနှင့် စပ်လျဉ်းသည့် အရေးကိစ္စကို ဂိုဏ်းဂဏ အဖွဲ့အသီးသီး ပါဝင်သည့် ကော်မတီတစ်ရပ်အား စုံစမ်းစစ်ဆေးခြင်းပြုစေရန်၊ မြန်မာနိုင်ငံတော် အစိုးရမင်းတို့ ပညာရေးဝန်ကြီးချုပ်ဆိုင်ရာက အလိုဆန္ဒ အာသီသရှိသည့်အလျောက် ထိုအရေးကိစ္စကို စုံစမ်းစစ်ဆေးခြင်းပြုစေရန်၊ စုံစမ်းရေးကော်မတီတစ်ရပ်ကို ဆိုလတ္တံ့သည့်ပုဂ္ဂိုလ်များ ပါဝင်စေလျက် ဖွဲ့စည်းဖို့ရန် ပြဋ္ဌာန်းချက် ချမှတ်လေသည်။

(၁) မန္တလေးမြို့ မိုးကောင်းတိုက်၊ အဂ္ဂမဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်ရ ညောင်ရမ်းဆရာတော် ဦးရေဝတ။

(၂) မန္တလေးမြို့ ရွှေဂူတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရ အဘယာရာမ ဆရာတော် ဦးအဂ္ဂဓမ္မာဘိဝံသ။

(၃) မန္တလေးမြို့ ခင်မကန်တိုက်၊ အဂ္ဂမဟာပဏ္ဍိကဘွဲ့တံဆိပ်ရ သူဌေးဆရာတော် ဦးရေဝတ။

(၄) မန္တလေးမြို့ မစိုးရိမ်တိုက်၊ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်ရ မစိုးရိမ်ဆရာတော် ပထမကျော် ဦးသူရိယ။

(၅) မန္တလေးမြို့ ဘုရားကြီးတိုက်၊ ဟံသာဝတီ ဆရာတော် ဦးဣန္ဒာသဘ။

(၆) ရန်ကုန်မြို့အရှေ့ပိုင်း ဘုရားဖြူကျောင်းတိုက်၊ ဘုရားဖြူ ဆရာတော် ဦးရာဇိန္ဒ။

(၇) ရန်ကုန်မြို့ သရက်တောကျောင်းတိုက်၊ နှစ်ကျိပ်ရှစ်ဆူ ဆရာတော် ဦးသုမန။

(၈) ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရ၊ ဆရာတော် ဦးပညာ။

(၉) မော်လမြိုင်မြို့ တောင်ပေါက်ကျောင်း အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရ မဟာဝေယံ ဘုံသာ ဆရာတော ဦးစက္ကပါလ။

(၁၀) ငါးသိုင်းချောင်းမြို့ ဒွါရကျောင်းကြီးဆရာတော် ဦးသောဘိတ။
(၁၁) စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓေါဒယချောင် သမိဒ္ဓေါ ဆရာမကြီး သီလရှင် ဒေါ်မာလာရီ။
(၁၂) မန္တလေးမြို့ ပထမပြန်စာမေးပွဲ ကော်မတီ လူကြီး ဦးကျော်ရှိန်။
(၁၃) ရန်ကုန်မြို့ ယူနီဘာစီတီ သိပ္ပံကျောင်းတော်ကြီး (ပထမပြန် စာမေးပွဲ ကော်မတီ လူကြီး) အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရ ဆရာလင်း။
(၁၄) ရန်ကုန်မြို့ ၁၂၃ လမ်း၊ အငြိမ်းစားပင်စင်ရ မြေဘက်ဌာန ဝန်၊ ရန်ကုန်မြို့ စေတိယင်္ဂဏအသင်း ဥက္ကဋ္ဌ၊ ဦးဘိုသောင်း။
(၁၅) အင်းစိန်မြို့ ကြို့ကုန်းရပ်၊ အငြိမ်းစား ပင်စင်ရ၊ မြန်မာနိုင်ငံ တော် မီးရထားစာရင်းဘက်ဆိုင်ရာဝန် ဦးဘစိန်။
(၁၆) မြန်မာနိုင်ငံတော် ပထမတန်း ပညာဝန်ထမ်းအဖွဲ့ ဦးစံရွှေ။

ဦးစံရွှေမှာ ကော်မတီဆိုင်ရာ အမှုဆောင်လူကြီးနှင့် စက္ကရီတေရီအဖြစ် ဆောင်ရွက်လိမ့်မည်။ ကော်မတီမှာ မိမိ၏ ဥက္ကဋ္ဌကို မိမိ ရွေးကောက်တင်မြှောက် လိမ့်မည်။

(က) ပထမပြန် စာမေးပွဲဆိုင်ရာ ရှိရင်း နည်းစနစ်ကို စုံစမ်း စစ်ဆေးလိမ့်မည်။ ထိုသို့ စုံစမ်းစစ်ဆေးရာတွင် စာမေးပွဲ ကော်မတီဖွဲ့စည်းမှု၊ စာမေးပွဲအတွက် သင်အံလေ့ကျက်ရန် လိုသည့် စာပေကျမ်းဂန် ပညာရပ်များ၊ အောင်မြင်သည့် ပုဂ္ဂိုလ်များသို့ ချီးမြှင့်သော ဆုငွေ စသည့် ဝတ္ထုပစ္စည်း၊ ၎င်း အပြင် စာချ ပုဂ္ဂိုလ်တို့အား လှူဒါန်းသော ရိက္ခာတော် ဆွမ်းဆန် စသည့် ဝတ္ထုပစ္စည်းများ အကြောင်းကိုလည်း ပါဝင်ထည့်သွင်း၍ စုံစမ်းစစ်ဆေးခြင်း ပြုလိမ့်မည်။
(ခ) စာမေးပွဲဆိုင်ရာနည်းစနစ် ကောင်းသည်ထက် ကောင်း အောင် ပြုပြင်စီမံရန် လိုအပ်လျှင်လည်း မည်သို့ ပြုပြင်စီမံ သင့်ကြောင်းဖြင့် အကြံဉာဏ်ပေးလိမ့်မည်။

ကော်မတီမှာ မိမိထံသို့ စာဖြင့် ရေးသားပေးပို့သည့် အစစ်ဆေးခံချက်များကို လက်ခံလိမ့်မည့်ပြင် သက်သေတို့ကိုလည်း မန္တလေးမြို့နှင့် ရန်ကုန်မြို့များတွင် နှုတ်ဖြင့် စစ်ဆေး မေးမြန်းလိမ့်မည်။

ကော်မတီတွင် ပါဝင် ဆောင်ရွက်ရန် သဘောတူညီကြသည့် ပုဂ္ဂိုလ်တို့အား မြန်မာနိုင်ငံတော် အစိုးရမင်းတို့ ပညာရေးဝန်ကြီးချုပ်ဆိုင်ရာက များစွာ ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

**အမိန့်** ။ ။ ယခု ပြဋ္ဌာန်းချက်တစ်စောင်ကို ကော်မတီဝင်သည့် ပုဂ္ဂိုလ်များအားလုံးနှင့်တကွ မြန်မာနိုင်ငံတော် ပညာရေးဌာနဝန်ကြီး၊ ပညာဝန်တို့ထံ ပေးပို့စေ။

**နောက်ထပ်အမိန့်** ။ ။ ဤပြဋ္ဌာန်းချက်ကို အများသိစေရန် မြန်မာနိုင်ငံတော် အမိန့်တော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာစေ။

**အမိန့်အရ**

**ကျော်ခင်**

**မြန်မာနိုင်ငံတော် အစိုးရမင်းတို့**

**ဒုတိယ အတွင်းဝန် ပညာရေးဌာန။**

ပထမပြန် စုံစမ်းရေးကော်မတီ အစည်းအဝေးကို ၁၉၃၇ (၁၂၉၉) ခု မေလ ၂၅ ရက်နေ့တွင် ရန်ကုန်မြို့ အစိုးရအထက်တန်းကျောင်း၌ စတင်ကျင်းပခဲ့သည်။ ထိုအစည်းအဝေးတွင် အမှုဆောင်လူကြီးနှင့် စက္ကရီတေရီက ပထမပြန်စာမေးပွဲဆိုင်ရာ အမေးပုစ္ဆာ ၉၅ ချက်ကို တင်သွင်းသည်။ မေ ၂၇ ရက်နေ့၌ ထပ်မံ အစည်းအဝေးထိုင်ပြီးလျှင် ထိုအမေးပုစ္ဆာ ၉၅ ချက်ကို စိစစ်ပြင်ဆင်၍ အတည်ပြုကြသည်။ အမေးပုစ္ဆာ စာတွဲ ငါးထောင် ရိုက်နှိပ်၍ မြန်မာပြည်ရှိ ပါဠိဆရာများ၊ ပထမပြန်စာမေးပွဲနှင့် ပတ်သက်သော အသင်းများ၊ ရဟန်းရှင်လူများထံ ပေးပို့ခဲ့လေသည်။

ပထမပြန် စုံစမ်းရေးကော်မတီသည် ရန်ကုန်တစ်လှည့်၊ မန္တလေးတစ်လှည့် ရက်ပေါင်း ၃၃ ရက် အကြိမ်ပေါင်း ၇ ကြိမ် အစည်းအဝေး ထိုင်သည်။ ရန်ကုန်တွင် အစိုးရ အထက်တန်းကျောင်းနှင့် မန္တလေးမြို့တွင် ဇမ္ဗူမိတ်ဆွေ

ပိဋကတ်တိုက် သူဋ္ဌေး ဦးဘကျော်ပိုင် အမတော်ဘုရားတိုက်၌ စည်းဝေးကြသည်။ ရန်ကုန်မြို့၌ အစည်းအဝေးထိုင်စဉ် ကိုယ်တိုင်တက်ရောက် အကြံဉာဏ်ပေးသော ပုဂ္ဂိုလ်ပေါင်း ၆၀၊ မန္တလေးမြို့၌ ၅၆ ဦး ရှိသည်။ အမေးပုစ္ဆာများကို စာဖြင့် ဖြေဆိုရေးသား၍ အကြံပေးသော ပုဂ္ဂိုလ်များမှာ ၁၂၅၀ ခန့် ရှိလေသည်။

ကိုယ်တိုင်တက်ရောက် အကြံပေးသော ပုဂ္ဂိုလ်များတွင် စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံဆရာတော် (အရှင်ဉာဏုတ္တရ) သည် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့လေသည်။ ကော်မတီအစည်းအဝေးသို့ အကြိမ်ပေါင်းများစွာ တက်ရောက် အကြံပေးခဲ့သည်။ စာချတန်း စာမေးပွဲ ကျမ်းစာနှင့် ဆုငွေများကို အောင်မြေဘုံစံ ဆရာတော်က စီစဉ်ရေးသား၍ ဒေါ်မာလာရီက ကော်မတီသို့ တင်သွင်းခဲ့သည်။ ဒေါ်မာလာရီ၏ တင်သွင်းချက်ကို ကော်မတီဝင် ဆရာတော်ကြီးများက လက်ခံ စဉ်းစားတော်မူကြသည်။

၁၂၉၉ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်နေ့တွင် "ပထမပြန်စုံစမ်းရေးကော်မတီ၏ ဩဝါဒကထာနှင့် အစီရင်ခံစာ" ကို အစိုးရထံ တင်သွင်းသည်။ ထိုကော်မတီ၏ အကြံပေးချက်အရ "မြန်မာပြည် ပါဠိဘာသာ ပညာရေးအဖွဲ့" ပေါ်လာခဲ့ပေသည်။ ပထမပြန်စာမေးပွဲများလည်း ယနေ့ ကျင်းပဆဲပုံစံသို့ ပြောင်းလဲလာသည်။ ထို့ပြင် စာချတန်းစာမေးပွဲဟု အမြင့်ဆုံး စာမေးပွဲတစ်ခုကိုလည်း တိုးချဲ့ ကျင်းပပေးခဲ့သည်။ ပါဠိ တက္ကသိုလ်များ ပေါ်ပေါက်လာခြင်းမှာလည်း ထိုကော်မတီ၏ အကြံပေးချက်အရပင်ဖြစ်သည်။

## ပဋိပတ္တိ သာသနာပြုပုံ

သာသနိက ပုဂ္ဂိုလ်တို့၏ တာဝန်နှစ်ရပ်မှာ ပရိယတ်နှင့် ပဋိပတ်ဖြစ်သည်။ ပရိယတ်တာဝန်ဟူသည် ပိဋကတ်စာပေကို သင်ယူလေ့ကျက်ခြင်း၊ တစ်ဆင့် ပို့ချပေးခြင်းပင်တည်း။ ပရိယတ်တာဝန်ကို ထမ်းဆောင်ရာ၌ ရည်ရွယ်ချက် မှန်ရသည်။ ဘုန်းကြီးရန် လာဘ်သပ်ပကာပေါများရန်၊ ထင်ပေါ်ကျော်ကြားရန်ဟူသော မမှန်ကန်သော ရည်ရွယ်ချက်မျိုးကို မထားရချေ။ စာပေက ညွှန်ပြသည့်အတိုင်း ရှောင်သင့်သည်ကို ရှောင်၊ ဆောင်သင့်သည်ကို ဆောင်ပြီးလျှင် ဘဝဒုက္ခမှ လွတ်မြောက်ရန်ဟူသော မှန်ကန်သည့် ရည်ရွယ်ချက်မျိုးကိုသာ ထားရပေသည်။

"အလိမ္မာ စာမှာရှိ" ဟူသည်နှင့်အညီ ပိဋကတ်စာပေ၌ အလိမ္မာတွေ များစွာ တွေ့ရှိရပေသည်။ စာရှိ အလိမ္မာများကို ကိုယ်မှာရှိအောင် လုပ်ယူနိုင်လျှင် "လူလိမ္မာ၊ ရှင်လိမ္မာ" ဖြစ်နိုင်လေသည်။ ပဋိပတ် တာဝန်ဟူသည် စာရှိ အလိမ္မာကို ကိုယ်မှာရှိအောင် လေ့ကျင့်ယူခြင်းပင်တည်။ ပဋိပတ်အလုပ်သည် "အပြောလွယ်လျက် အလုပ်ခက်" သော အရာမျိုးသာဖြစ်သည်။

ဒေါ်မာလာရီသည် စာရှိ အလိမ္မာကို ကိုယ်မှာရှိအောင် လုပ်ယူရေး၌ အမြဲ သတိချပ်လျက်ရှိသည်။ စာပေသင်ယူလျက် ရှိနေစဉ်ကပင် ပဋိပတ်အလုပ်ကို မမေ့ခဲ့ချေ။ အထူးသဖြင့် ကိုယ်ကျင့်သီလကို များစွာ ဂရုစိုက်သည်။ သီလရှင်ဝတ်သည်မှစ၍ ဆယ်ပါးသီလမြဲလျက်ရှိသည်။ သီလကျိုးမည် ပေါက်မည်ကို အလွန်ကြောက်သည်။

**မဟာဂန္ဓာရုံ တရား**

ဒေါ်မာလာရီသည် စစ်ကိုင်းတောင်သို့ ရောက်လာသည့်အချိန်မှစ၍ ပရိယတ် ပဋိပတ် တာဝန် ၂ ရပ်လုံး မျက်ခြည်အပြတ်မခံဘဲ ကြိုးစားအားထုတ်လေသည်။ သီလရှင်သာသနာ ပြန့်ပွားစေလိုသည့် ဆန္ဒကြောင့်လည်းကောင်း၊ သာသနာတော်ကြီး၏ မူလဘူတဖြစ်ခြင်းကြောင့်လည်းကောင်း ပရိယတ်အလုပ်ကို အချိန်များများ ပေးခဲ့လေသည်။ သို့ရာတွင် ပဋိပတ် အလုပ်ကို လုံးဝလက်လွှတ်ထားခြင်း မရှိပေ။ တစ်နှစ်တွင် တစ်လတန်သည် နှစ်လတန်သည် ပဋိပတ်အလုပ်ကို အချိန်ယူ အားထုတ်ခဲ့လေသည်။

"ဆိတ်၊ တင်၊ ဖြောင့်၊ ငါး၊

ရှေ့ မြဲ၊ ပွား-ကြိုးစား ဘာဝနာ"

ဟူသော မဟာဂန္ဓာရုံဆရာတော်၏ လမ်းစဉ်အတိုင်း ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ၇ နှစ် တိတိ အားထုတ်ခဲ့လေသည်။ (ဆိတ်ငြိမ်ရာကပ်၊ တင်ပျဉ်ခွေထိုင်( အမျိုးသမီးဖြစ်မူ ဒူးတုပ်ထိုင်) ခါးဆန့် ဖြောင့်ဖြောင့်ထား၊ ဒွါရငါးပေါက်ပိတ်၊ မိမိရှေ့၌ ဘုရားပင့်ထား၊ ဘုရားအာရုံ၌ သတိမြဲစေ၍ ဂုဏ်တော်ပွား) မဟာဂန္ဓာရုံဆရာတော်သည် ၁၂၈၀ ပြည့်နှစ်မတိုင်မီ ဗုဒ္ဓါနုဿတိ ပွားများခိုင်းလေ့ရှိသည်။ ၁၂၈၀ ပြည့်နှစ်တွင်မှ ဝိပဿနာအလုပ်ကိုပါ ပြသပေးတော်မူသည်။

ဒေါ်မာလာရီသည် မဟာဂန္ဓာရုံ ဆရာတော်ထံ ကမ္မဋ္ဌာန်းသွားယူသည်။ ထိုအခါ မဟာဂန္ဓာရုံ ဆရာတော်က ဝိပဿနာ စီးဖြန်းနည်းကို သင်ပြပေးတော်မူလိုက်၏။

"ဖောက်ပြန်လျှင် ရုပ်၊ ညွတ်လျှင် နာမ်၊
ရုပ်နာမ် ၂ ပါးမှတ်။
မသိလျှင် ရုပ်၊ သိလျှင် နာမ်၊
ရုပ်နာမ် ၂ ပါးမှတ်"

"ဒီအတိုင်း မိမိခန္ဓာမှာ ရုပ်နာမ်ကွဲအောင်ပွား၊ စာတတ်ပြီးသားပဲ၊ အကျယ်ပြောဖို့ မလိုပါဘူး"

ဒေါ်မာလာရီသည် ကမ္မဋ္ဌာန်းယူပြီးနောက် ကမ္မဋ္ဌာန်းကျောင်းကလေး တစ်ခုသို့ သွားရောက်၍ တရားအားထုတ်သည်။ ထိုစဉ် မဟာဂန္ဓာရုံချောင်၊ ဦးစံရီ၊ ဒေါ်မယ်တို့ တိုက်နေရာ၌ ကမ္မဋ္ဌာန်းကျောင်းကလေး ၁၀ လုံးခန့် ရှိသည်။ ဒေါ်မာလာရီသည် မဟာဂန္ဓာရုံဆရာတော် သင်ပြသည့်အတိုင်း -

"ဖောက်ပြန်လျှင် ရုပ်၊ ညွတ်လျှင် နာမ်၊
မသိလျှင် ရုပ်၊ သိလျှင် နာမ်"

ဟု အဖန်ဖန် စီးဖြန်းလျက်နေ၏။ အချိန်ကုန်သောအခါ ကပ္ပိယဒကာ ဦးပြားကြီး ဆိုသူကိုခေါ်၍ မဟာဂန္ဓာရုံ ဆရာတော်ထံ သွားရောက်ကန်တော့သည်။

"အင်း ကမ္မဋ္ဌာန်းထိုင်တော့ ဘာတွေထင်သလဲ"

"ရုပ်ကို ထင်ပါတယ်ဘုရား"

"ဘယ်လို ထင်သလဲ"

"ကမ္မဋ္ဌာန်းစီးဖြန်းရင်း ကျောင်းကလေးကို မော့ကြည့်ပြီး 'ဩော် သူလည်း ရုပ်ပဲ၊ ငါလည်း ရုပ်ပဲ' ဟု ထင်မြင် စဉ်းစားမိပါတယ် ဘုရား"

"ဟင် နင်စာတတ်တာ အလကားပဲ၊ ရုပ်ဆိုတာ ဒီလိုထင်ရတာ မဟုတ်ဘူး၊ သဘောလက္ခဏာထင်အောင် ရှုရတာ"

မဟာဂန္ဓာရုံ ဆရာတော်သည် ဒေါ်မာလာရီ၏ ကမ္မဋ္ဌာန်းရှုပုံ မှားကွက်ကို ချက်ချင်း ပြင်ဆင်ပေးတော်မူသည်။ နောက်တွင် ရှုမှတ်ပွားများပုံ မှန်ကန်လာသဖြင့် ရုပ်သဘာဝ နာမ်သဘာဝတွေ သဘောကျလာ၏။ "ငါတော့ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကို မှီခိုပြီး ဧကန် တရားထူး တရားမြတ်ရတော့မှာပဲ" ဟု စွဲမြဲစွာ

ယုံကြည်လျက်ရှိသည်။ သို့ရာတွင် ဒေါ်မာလာရီ၏ မျှော်လင့်ချက်သည် 'လော်ရင်းနစ်' ခဲ့ရလေပြီ။ ဝိပဿနာအလုပ်မှ စ,ကာရှိသေး အလွန်ယုံကြည် အားထားအပ်သော မဟာဂန္ဓာရုံ ဆရာတော် လွန်တော်မူသွားလေ၏။ ဒေါ်မာလာရီသည် သီလရှင် ကွန်ရွေ မဆည်နိုင်အောင်ပင် အပူမီးတောက်ခဲ့သည်။

"ပြီးရော။ ငါလည်း ဘာတရားထူးမှ မရသေးဘူး၊ ဆရာတော်ဘုရားလည်း မရှိတော့ဘူး၊ ငါတော့ ဒီဘဝမှာ တရားထူး တရားမြတ် ရတော့မှာ မဟုတ်ဘူး"

ဒေါ်မာလာရီသည် ချုံးချုံးချ၍ ငိုလေ၏။

"မဟာဂန္ဓာရုံ ဆရာတော်ဘုရား ပျံလွန်တော်မူတုန်းကလို ဘယ်တုန်းကမှ သောကမဖြစ်ဖူးဘူး။ အဲဒီတုန်းက သိပ်ပူတာပဲ။ မဟာဂန္ဓာရုံ ဆရာတော်ဘုရားက ပုလိပ်ကအပြန် နေမကောင်းပြီး ၈ ရက် အပြင်းအထန် ဖြစ်တယ်။ ပျံလွန်တော်မူခါနီးတော့ 'သုံးဆယ့်တစ်ဘုံကြီးသည် အလွန်ပူသော မီးပုံကြီးနှင့် တူပါတကား ... နိဗ္ဗာန်သည် အလွန်အေးမြပါတကား'လို့ နှုတ် ရွတ်နေတယ်"

ဒေါ်မာလာရီသည် မဟာဂန္ဓာရုံဆရာတော် မရှိသည့်နောက် ဝိပဿနာဆရာတော် (အရှင်ကန္တာသဘ) ထံ ကမ္မဋ္ဌာန်းယူပြီး အားထုတ်ခဲ့သည်။ ဝိပဿနာဆရာတော်ကား မဟာဂန္ဓာရုံ ဆရာတော်၏ လက်ရုံးတပည့်ကြီးတစ်ပါးဖြစ်၍ ဝိပဿနာချောင်ကြီးကို တည်ထောင်ခဲ့သော ဆရာတော်ဖြစ်သည်။ စစ်ကိုင်းမြို့နယ် စာရေးရွာဇာတိ ဖြစ်သည်။

ဒေါ်မာလာရီသည် တပည့်သီလရှင်အချို့ကိုခေါ်၍ တစ်နှစ်တွင် တစ်လတန်သည်၊ နှစ်လတန်သည် ဆိတ်ငြိမ်ရာ ချောင်များသို့ စားအိုးစားခွက်ပါ ယူဆောင်ပြီး ကမ္မဋ္ဌာန်းအားထုတ် သွားလေ့ရှိသည်။ လူသူဝေးသော ဥရုဝေဠချောင်၊ တောင်ဖီလာချောင်သို့လည်းကောင်း၊ ဆိတ်ငြိမ်သော အရှေ့ဂန္ဓာရုံချောင်၊ ပဲခိုးဂူချောင်သို့လည်းကောင်း သွားရောက် အားထုတ်ခဲ့သည်။

ထိုစဉ် အရိုးစုကမ္မဋ္ဌာန်းကို များစွာ အလေ့အလာပြုခဲ့သည်။ သမာဓိအရှိန်ရရှိပြီး အာရုံနိမိတ်တွေ ပီပီပြင်ပြင် ထင်လာသည်။ မည်သူ့ကိုကြည့်ကြည့် အရိုးစုသဏ္ဌာန်ကြီးကိုသာ မြင်နေတော့သည်။ ထိုအခါ ဒေါ်မာလာရီသည် အကျေနပ်ကြီး ကျေနပ်လျက် "တပည့်တော်တော့ ဟန်ကျပြီဘုရား၊ ကတိမြဲတော့မှာပဲ" ဟု ချမ်းအေး ဆရာတော်နှင့် ဦးဝိသုဒ္ဓိ (ဝိဇ္ဇာဒပ္ပဏ) တို့ကို လျှောက်သည်။ ဦးဝိသုဒ္ဓိက "ဒကာမကြီး ဆက်အားထုတ်ပါဦး" ဟု တိုက်တွန်းသည်။

ဒေါ်မာလာရီသည် အရိုးစု၊ ကာယဂတာသတိ စသည် မျိုးစုံအောင် အားထုတ်သည်။ သို့ရာတွင် သမာဓိဖြစ်ရုံမှအပ ဉာဏ်စဉ်မတက်ဘဲ ရှိလေသည်။

## မိုးညှင်း တရား

ထိုစဉ် မုံရွာမြို့နယ် မိုးညှင်းဆရာတော်သည် နာမည်ကြီးလျက်ရှိ၏။ ပရမတ် ပညတ် ကွဲအောင် ရုပ်သဘော နာမ်သဘောတွေပေါ်အောင် ဥပမာအမျိုးမျိုးဖြင့် ဟောပြောသည်။ မိုးညှင်းဆရာတော်၏တပည့် ဓမ္မကထိက ဆရာတော်များကလည်း အဟောအပြော ကောင်းကြသည်။ မန္တပညာပုဂ္ဂိုလ်များပင် ပရမတ် ပညတ် ကွဲကြသည်။ ရုပ်သဘော နာမ်သဘောတွေ နစ်နစ်နောနော သဘောပေါက်ကြသည်။ အဟောတရားတွင် မိုးညှင်းသည် အကောင်းဆုံးဖြစ်လျက် ရှိသည်။

၁၂၉၂ ခုနှစ် ဖြစ်သည်။

ရန်ကုန်မြို့ လမ်းမတော် သက်န်းကုမ္ပဏီ ဦးစံဦး၊ ဒေါ်အိ တို့က ဒေါ်မာလာရီအတွက် သမိန္ဒေါချောင်အတွင်း တိုက်ဆောက် လှူဒါန်းကြသည်။ မူလ ဇရပ်ဟောင်းကို ဖျက်၍ ၎င်းနေရာ၌ ၅ ခန်း၊ ၃ ခန်း နှစ်ထပ်တိုက် တည်သည်။ လက်သမား ပန်းရံများ နေ့စဉ် အလုပ်ဝင်လျက်ရှိသည်။ ထိုစဉ် ဒေါ်မာလာရီသည် မိုးညှင်းသို့ တရားနာသွားရန် စီစဉ်သည်။ ထိုအခါ အများက ဝိုင်းပြောကြသည်။

"တိုက်မှ မပြီးသေးဘဲ ဒီအတိုင်း ပစ်ထားခဲ့လို့ ဖြစ်ပါ့မလား"

"အို ဖြစ်ဖြစ် မဖြစ်ဖြစ်၊ တိုက်ပြီးအောင် စောင့်မနေနိုင်ပါဘူး၊ တရားထက် အရေးကြီးတာ ဘာရှိဦးမလဲ"

ဒေါ်မာလာရီသည် သမိန်ထောနေသူ ညီမ မသုဓမ္မစာရီကို စာပေးခေါ်ယူ၍ တိုက်တည်နေစဉ်ပင် မိုးညှင်းသို့ သွားခဲ့လေသည်။ မိုးညှင်း၌ ၁၅ ရက်ခန့် နေထိုင်၍ နေ့စဉ် တရားနာသည်။

"မိုးညှင်းက ခေတ် ၄ ပါး သိပ်အဟောကောင်းတာပဲ၊ ပရမတ်ပညတ် သိပ်ပြီးကွဲတယ်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ အပြောသိပ်ပိုင်တယ်" ဟု ဒေါ်မာလာရီက ပြောသည်။

မိုးညှင်းတရားကို ၁၅ ရက်ခန့် နာယူ၍ စစ်ကိုင်းသို့ ပြန်လာသည်။ ညီမဖြစ်သူ မသုဓမ္မစာရီလည်း မိုးညှင်းသို့သွား၍ တရားနာသည်။ မိုးညှင်းတိုက်

အတွင်း၌ ဇရပ်တစ်ဆောင် ဆောက်လုပ်ပြီး အတော်ကြာအောင် နေခဲ့သည်။ ဒေါ်သုခမ္မစာရီ၏ ဇရပ်ကို 'သမိဒ္ဓေါဒယဇရပ်' ဟု ခေါ်ကြသည်။

https://thitsarparami.org

## ရွှေမင်းဝံ တရား

ဒေါ်မာလာရီ မိုးညှင်းတရားနာ၍ ပြန်လာသောအခါ မဂ္ဂင်ချောင်နေ ဝန်ထောက် ဦးဖိုးဝင်းသည် ဒေါ်မာလာရီထံလာ၍ မိုးညှင်းသတင်းကို စုံစမ်းလေသည်။

"ဘယ့်နှဲ့လဲ ဆရာ၊ မိုးညှင်းတရား ကောင်းရဲ့လား၊ ဟောစမ်းပါဦး"

ဒေါ်မာလာရီသည် မိုးညှင်းက ခတ် ၄ ပါး အဟောကောင်းပုံ၊ ကဠီ ဝိတရဏဝိသုဒ္ဓိ အပြောပိုင်ပုံတို့ကို ဦးဖိုးဝင်းအား စုံစုံစေ့စေ့ ပြောပြသည်။

"ဟာ ကြိုက်ပြီဆရာ၊ သိပ်ကောင်းတာပဲ၊ သဘောကျတယ်၊ ဒီတရား မျိုး စစ်ကိုင်းရောက်ရင် ကောင်းမှာပဲ"

"ဒီကိစ္စ ဒကာကြီးဆောင်ရွက်ရန် ခက်မယ်မဟုတ်ဘူး၊ ဖြစ်နိုင်ပါ တယ်"

ဦးဖိုးဝင်းသည် မိုးညှင်းသို့ သူကိုယ်တိုင်သွား၍ တရားနာပြီးလျှင် စစ်ကိုင်းတောင်၌ မိုးညှင်းတိုက်ခွဲတစ်ခု ထားပါရန် ဆရာတော်ကြီးအား လျှောက် ထားလေသည်။ ထိုအခါ မိုးညှင်းဆရာတော်ကြီးက "စစ်ကိုင်းမှာဆိုရင် သမိဒ္ဓေါ ချောင်ဆရာပါမှ ပိုကောင်းမယ်၊ တိုင်ပင်ကြည့်ဦးပေါ့" ဟု အမိန့်ရှိလိုက်သည်။

ဦးဖိုးဝင်းသည် စစ်ကိုင်းပြန်လာပြီး ဒေါ်မာလာရီနှင့်လည်းကောင်း၊ စစ်ကိုင်း ဒေါ်အမာ၏ဖခင် ဦးစံဖူးတို့နှင့်လည်းကောင်း တိုင်ပင်၍ ရွှေမင်းဝံတောင် မိုးညှင်းချောင်ကို တည်ထောင်ကြသည်။ စစ်ကိုင်းမြို့ဦးစံဖူးနှင့် စစ်ကိုင်း မင်းတိုင် ပင်အမတ် ဦးမောင်မောင်၊ ဒေါ်အမာတို့က မြေနေရာဝယ်၍ ကျောင်းကန် ဇရပ် များကို ဆောက်လုပ် လှူဒါန်းကြ၏။ ဒေါ်မာလာရီကလည်း သမိဒ္ဓေါဒယချောင် အတွင်းရှိ ကမ္မဋ္ဌာန်းကျောင်း ၄ လုံးကို ရွှေမင်းဝံသို့ ရွှေ့ပြောင်းဆောက်လုပ်စေ သည်။ တစ်ကျောင်းလျှင် လှည်းတိုက်ခ ငါးမူးနှင့် လက်သမားခ ငါးကျပ်သာ ကုန်သည်ဆို၏။ ရွှေမင်းဝံသို့ မိုးညှင်း ဓမ္မကထိက ဆရာတော် ဦးကောသလ္လ ကြွရောက် သီတင်းသုံးတော်မူသည်။ ထိုအခါမှစ၍ မိုးညှင်းတရားသည် စစ်ကိုင်း သို့ ရောက်ရှိ ပျံ့နှံ့ ထွန်းကားလေ၏။

ဒေါ်မာလာရီသည် ၁၂၉၃ ခုနှစ်မှစ၍ ရွှေမင်းဝံသို့ သွားချီပြန်လုည့် တရားအားထုတ်နေခဲ့ပေသည်။ ၁၃၀၃ ခုနှစ်၌မူ "ဒီတစ်ခါ တရားထူး တရားမြတ် မရရင် မပြန်တော့ဘူး" ဟု ဆုံးဖြတ်၍ ရွှေမင်းဝံသို့ ရွှေ့ပြောင်းလာခဲ့သည်။

ရွှေမင်းဝံ ဆရာတော်က "ဒကာမကြီး ဟိုကို ဒီအတိုင်းပစ်ထားခဲ့လို့ ဖြစ်ပါ့မလား၊ တပည့်တပန်းတွေနဲ့" ဟု အမိန့်ရှိရာ "အရှင်ဘုရား ကိုယ့်အရေးထက် ဘယ်က ပိုအရေးကြီးဦးမှာလဲ၊ ဘယ့်နှယ်နေကြနေကြ၊ ကိုယ် တရားထူး ရဖို့သာ အရေးကြီးပါတယ်" ဟု လျှောက်ထားသည်။ ဒေါ်မာလာရီသည် ထိုနှစ် ဝါခေါင်လမှ တပေါင်းလအထိ ၈ လခန့်မျှ တကယ့်ဇွဲ တကယ့်သတ္တိဖြင့် မရမနေ ကြိုးစားအားထုတ်ခဲ့ပေသည်။ ရွှေမင်းဝံ ဆရာတော်ကလည်း "ဒီမှာက နိဗ္ဗာန် လိုချင်သူတွေချည်း စုနေတာပဲ၊ တခြားစကား မပြောကြနဲ့၊ ကိုယ့်တရား ကိုယ် ကြိုးစားကြပါ" ဟု တရားဟောရင်း သတိပေးသည်။

ဒေါ်မာလာရီသည် ညညတွင် တရားနာ၍ နေ့နေ့တွင် တရားအားထုတ်သည်။

"ဦးခေါင်းသည် တစ်လုံးတစ်ခဲတည်းမဟုတ်၊ အစိတ်စိတ် အမွှာမွှာ သေးငယ်လှစွာသော ရုပ်ကလာပ်တို့ဖြင့် မွမွကျဲ၍ နေကုန်ပါတကား" ဟူသော သုတမယဉာဏ်အသိဖြင့် မိမိ၏ဦးခေါင်းကို ရှုကြည့်သည်။ ဘာဝနာမယဉာဏ် ဖြစ်အောင် ကြိုးစားသည်။ သို့ရာတွင် သမာဓိမျှပင် မရမူ၍ ရှုစရာအာရုံတွေ ပျောက်ပျောက်ကုန်သည်။ ထိုအခါ လယ်တီဆရာတော်ကြီး၏ "အနတ္တဒီပနီ" စာအုပ်ကို ကောက်ကြည့်ပြီး သဘောကျသည်ကို မှတ်ထား၍ ကမ္မဋ္ဌာန်းထိုင်ပြန်သည်။ သမာဓိမရချေ။ ထိုအကြောင်းကို ရွှေမင်းဝံဆရာတော်အား လျှောက်ထားရာ "အေး ... ဟယ် ငါ့မလဲ ဒီလိုပဲ၊ ပျောက်တောက်တောက် ဖြစ်နေတယ်" ဟု အမိန့်ရှိသည်။ ရွှေမင်းဝံဆရာတော်ကား အလွန်ဖြောင့်မတ်သော စိတ်ရှိတော်မူသည်။ ရိုးသားပွင့်လင်းတော်မူသည်။

ဒေါ်မာလာရီသည် ကမ္မဋ္ဌာန်း အမျိုးမျိုးပြောင်း၍ အားထုတ်ကြည့်သည်။ သို့ရာတွင် 'နာမရူပ ပရိစ္ဆေဒဉာဏ်' မပိုင်သဖြင့် အသားမတက်ဘဲရှိသည်။ "ဘာဖြစ်ဖြစ် အခြေခံကောင်းမှ အထက်တက်နိုင်တာ၊ အဲဒီတုန်းက နာမရူပ ပရိစ္ဆေဒဉာဏ် မပိုင်လို့ အထက်မတက်နိုင်ခဲ့ဘူး၊ လန်လန်ကျတယ်" ဟု ဒေါ်မာလာရီက နောက်တွင် ပြန်လည် မှတ်ချက်ချပြလေသည်။

၁၃၀၃ ခုနှစ် ကုန်ခါနီးတွင် ဒုတိယကမ္ဘာစစ်ကြီးကြောင့် တိုင်းပြည် မငြိမ်သက် ဖြစ်လာသည်။ ထိုနှစ် တပေါင်းလမှာ မန္တလေးနန်းတွင်း ဗုံးကြဲခံရလေသည်။ ထိုအခါ တပည့်သီလရှင်များက ဒေါ်မာလာရီကို လာရောက်ခေါ်ကြသည်။ ဒေါ်မာလာရီက "ငါမလိုက်ချင်ဘူး" ဟု နှစ်ကြိမ်တိုင်တိုင် ငြင်းပယ်လိုက်သည်။ တတိယအကြိမ် လာခေါ်ပြန်သောအခါ အခါသမယက မကောင်းသဖြင့် မလိုက်ချင် လိုက်ချင်နှင့် ပြန်လိုက်ခဲ့ရလေသည်။

ထိုနှစ် နှောင်းတန်ခူးလဆုတ် ၄ ရက်နေ့၌ မန္တလေးတစ်မြို့လုံးကို ဗုံးကြဲခံရလေသည်။ ဒေါ်မာလာရီသည် စစ်ကိုင်းအောင်မြေဘုံစံ ဆရာတော် (အရှင်ဉာဏုတ္တရ) ၏ အကြံပေးချက်အရ တံတားဦးမြို့နယ် ပေါက်တော-ပေါက်မြို့သို့ စစ်ဘေးတိမ်းရှောင်ရန် ထွက်ခွာသွားခဲ့လေသည်။ အောင်မြေဘုံစံဆရာတော်က မြေပုံကြည့်ပြီး ဂျပန်စစ်လမ်းလွတ်ရာသို့ သွားရောက်နေထိုင်ရန် အကြံပေးခြင်းဖြစ်သည်။ သို့ရာတွင် ဒေါ်မာလာရီတို့ သွားရောက်နေထိုင်ရာအရပ်ကို လေယာဉ်ပျံမှ ဗုံးများကြဲချသဖြင့် ပါသွားသော ပစ္စည်းအားလုံး မီးလောင်ကုန်ဆုံးခဲ့လေသည်။

သမိဒ္ဓေါဒယချောင်၌ ဆရာကြီး ဒေါ်ကဥ္စနာနှင့် သီလရှင် လေးငါးဆယ်ပါးခန့်သာ ကျန်ရစ်သည်။ သီလရှင် အများစုမှာ မိမိတို့ ဆွေမျိုးမိဘများ ရှိရာသို့ ပြန်ကြသည်။ "သမိဒ္ဓေါဒယချောင်၌ လေးငါးလခန့်မျှ ဂျပန် ကင်ပေတိုင်ဌာန ဖွင့်ထားသည်။ ချောင်အဝင်ဝ၌ ဂျပန်စာတမ်းကြီး ချိတ်ဆွဲထားသည်။ ကင်ပေတိုင်ဗိုလ်မှာ "ရှီဗာဒါ" ဆိုသူဖြစ်သည်။ ချောင်ဆရာကြီး တိုက်ပေါ်၌ နေသည်။ နောက်တွင် ကင်ပေတိုင်ဌာနကို စစ်ကိုင်းမြို့ အိုးတန်းလေးရပ်သို့ ပြောင်းဖွင့်သည်။ ကင်ပေတိုင် ပြောင်းသွားပြီးနောက် သမိဒ္ဓေါဒယချောင် ဗုံးချခံရသည်။ ချောင်ဆရာကြီးတိုက် အလယ်တည့်တည့် ဗုံးကျသဖြင့် ပြိုကျသွားပြီး အခြား ဇရပ်များ မီးလောင်ခံရသည်။ ဂျပန်စစ်သားများသည် လူသူမရှိသော ဇရပ်တံခါးများကို ဖျက်ယူပြီး မီးဆိုက်ကြသည်။ သမိဒ္ဓေါဒယ ဓမ္မာရုံကြီးကို ဖျက်ယူမည် လာသောအခါ မဖျက်ရန် တောင်းပန်ရသည်" ဟု ဆရာကြီး ဒေါ်ကဥ္စနာက ပြောပြသည်။

စစ်ပြီးသောအခါ ဒေါ်မာလာရီတို့သည် စစ်ကိုင်းသို့ ပြန်လာခဲ့ကြသည်။ သမိဒ္ဓေါဒယချောင်၏ အပျက်အစီးများသည် ဒေါ်မာလာရီတို့ကို ကြိုဆိုနေပေ

သည်။ ပါသွားသော ပစ္စည်းတွေလည်းကုန်၊ ချောင် အဆောက်အအုံတွေလည်း ပျက်နှင့် စစ်၏ ရက်စက်မှုမှာ ခံနိုင်ဖွယ်ပင် မရှိတော့ချေ။ ဒေါ်မာလာရီသည် အသင့်အတင့် နှလုံးသွင်း၍ ဖြေ၏။ "ခေတ်ပျက်ထဲမှာ အားထုတ်လာခဲ့တဲ့ သမာဓိတွေ အကုန်ပျက်၊ ဘာမှမကျန်တော့ဘူး၊ 'သုညာဂါရံ ပဝိဋ္ဌဿ' ဆိုတဲ့ တစ်ဂါထာပဲ ကျန်တော့တယ်" ဟု ဒေါ်မာလာရီက ပြောသည်။

ဒေါ်မာလာရီသည် ခေတ်ပျက်တွင် ပစ္စည်းဥစ္စာတွေ ပျက်သည်ထက် သမာဓိပျက်သည်ကို ပို၍ နှမြောသည်။ ပို၍ ဝမ်းနည်းသည်။ "ငါ ဒီလိုနဲ့များ သေသွားရင်တော့ ကိုယ်ကျိုးနည်းတော့မှာပဲ" ဟု သောကရောက်နေသည်။ ဗုံးဒဏ်ကြောင့် ပြိုကျသွားသောတိုက်ကို ပြင်ဆင်ရန် သီလရှင်တစ်ဦးအား တာဝန်ပေး၍ နေ့အချိန်တွင် ပဲခူးဂူချောင်သို့တက်ပြီး တရားအားထုတ်သည်။ "ဓာတ် ၄ ပါး ပေါင်းစပ်ပြုပြင်ထားလို့ လူတွေဖြစ်နေတာပါလား" ဟု နှလုံးသွင်းပြီး သမာဓိရအောင် ကြိုးစားကြည့်၏။ လေးငါးရက် ကြာသော်လည်း သမာဓိ မရနိုင်ဘဲ ရှိလေ၏။ တစ်ဖန် လယ်တီဆရာတော်ကြီးနည်းအတိုင်း စိတ်ကူးဖြင့် တစ်ကိုယ်လုံး ဓာတ်မှုန့်တွေဖြစ်အောင် လုပ်ပြီး ရှုကြည့်ပြန်သည်။ သမာဓိမရချေ။ "ဆရာမပြ နည်းမကျဆိုသည့်အတိုင်း ဆရာမရှိဘဲ အလုပ်လုပ်ရင်မဖြစ်ဘူး၊ မအောင်မြင်ဘူး" ဟု ဒေါ်မာလာရီက ပဲခူးဂူချောင်သို့ သွား၍ တရားအားထုတ်ခဲ့ပုံကို ပြောရင်း မှတ်ချက်ချခဲ့လေသည်။

ဒေါ်မာလာရီသည် ခေတ်ပျက်သည်နှင့်အတူ ပျက်စီးသွားသော မိမိ၏ သမာဓိကို ပြန်လည်ထူထောင်ရေးလုပ်ရင်း တရားထူး တရားမြတ်ရအောင် ဟောပြနိုင်မည့် ဆရာကို မျှော်လင့်နေမိသည်။

## ဆိပ်ခွန်တရား

"ဆိပ်ခွန်တရား ကောင်းလှသတဲ့၊ အဟောတရားမဟုတ်၊ လက်တွေ့ တရား ဖြစ်သတဲ့"

ဤသတင်းသည် အနယ်နယ် အရပ်ရပ်သို့ ပျံ့နှံ့လာခဲ့လေသည်။ မြန်မာပြည် လွတ်လပ်ရေးသတင်းနှင့်အတူ ပဋိပတ္တိနယ်သို့ ထိုးဖောက်ဝင်ရောက် လာခဲ့လေသည်။

ဒေါ်မာလာရီသည် ဆိပ်ခွန်သတင်းကြားရ၍ လွန်စွာ စိတ်ဝင်စားလျက် ရှိသည်။ ဆိပ်ခွန် တရား အကြောင်းကို သေချာစွာ သိချင်နေ၏။ သို့ဖြစ်၍ သီလရှင်တစ်ပါးကို ဆိပ်ခွန်သို့ အစုံစမ်း လွှတ်လိုက်လေသည်။

၁၃၀၉ ခုနှစ် ဝါခေါင်လဖြစ်သည်။

ရန်ကုန်မြို့မှ သူဌေးကြီး ဆာဦးသွင်သည် သမီးဖြစ်သူ ဒေါ်ခင်ခင်ကြီး ရှိရာ စစ်ကိုင်းမြို့သို့ ရောက်လာသည်။ စစ်ကိုင်းရောက်ခိုက် စစ်ကိုင်းတောင်ရိုးသို့ အလည်အပတ်သွားရင်း သမိဒ္ဓေါဒယကျောင်းသို့ ဝင်ရောက်လာသည်။ ဆာဦးသွင်သည် သမိဒ္ဓေါဒယကျောင်းဆရာကြီး ဒေါ်မာလာရီနှင့်တွေ့၍ စကားလက်ဆုံကျခဲ့သည်။

"ဆရာတို့ စစ်ကိုင်းတောင်က သိပ်ကျော်တာပဲနော်"

"ဟုတ်တယ်၊ ကျော်ပါတယ်"

"ကမ္မဋ္ဌာန်းဆရာတွေလည်း ပေါ်မှာပါ"

"ဟာ ပေါ်ပါတယ် ဒကာကြီး"

"ဒါဖြင့် လိုက်ပို့ပေးစမ်းပါ"

ဒေါ်မာလာရီသည် သီလရှင်တစ်ဦးထည့်လိုက်ပြီး ဆာဦးသွင် သွားလိုသော ကမ္မဋ္ဌာန်းတိုက်များသို့ လိုက်ပို့စေသည်။ ဆာဦးသွင်သည် ကမ္မဋ္ဌာနာစရိယ ဆရာတော်များကို လိုက်လံဆည်းကပ်စုံစမ်းပြီး ပြန်လာသည်။ သမိဒ္ဓေါဒယသို့ ပြန်ရောက်သောအခါ "ဆရာတို့ စစ်ကိုင်းတောင်က သိပ်ကျော်တယ်၊ ဒါပေမယ့် ကျုပ်တော့အမြင့် ကမ္မဋ္ဌာန်းဘက်က သင့်ရုံပဲရှိတယ်" ဟု ပြောသည်။ ပဋိပတ္တိ သာသာနပြုပုဂ္ဂိုလ်ကို ဆာဦးသွင်ရှာနေမှန်း ထိုစဉ်က ဒေါ်မာလာရီ မသိခဲ့ချေ။ 'ဆာဦးသွင် စုံစမ်းနေတာ တရားနာချင်လို့ ထင်ပါရဲ့ တရားအားထုတ်ချင်လို့ ထင်ပါရဲ့' ဟုသာ ထင်မှတ်ခဲ့လေသည်။

ဆာဦးသွင်သည် ချပ်သင်းကျောင်းသို့လည်း အလည်အပတ် သွားရောက်ခဲ့လေသည်။ ထိုအခါ ချပ်သင်းကျောင်းသို့ ရောက်ရှိနေသူ ရေဦးမြို့မှ စက်ပိုင်သူဌေး ဦးဘသင်နှင့် ဆုံမိကြသည်။ ဆာဦးသွင်သည် ဦးဘသင်နှင့် စကားလက်ဆုံကြရင်း ပဋိပတ္တိ သာသနာပြု ဆရာတော်တစ်ပါး အလိုရှိ၍ စုံစမ်းနေကြောင်း ပြောပြသည်။ ဦးဘသင်က "ဆိပ်ခွန်မဟာစည် ကိုယ်တော်ဟာ ဦးလိုချင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံပါတယ်" ဟု ပြောပြသည်။ ထိုအခါ ဆာဦးသွင်က မဟာစည်

ကိုယ်တော်ကို ကိုယ်တိုင်ဖူးမြော်၍ တရားနာလိုသဖြင့် ပင့်ပေးရန် ဦးဘသင်အား ပြောပြသည်။ ဦးဘသင်က "ပင့်တော့ ပင့်ပေးပါ့မယ်၊ ဝါတွင်းဖြစ်နေလို့ ကြွ,မကြွ တော့ အတိအကျ မပြောနိုင်ဘူး" ဟု ဆို၍ သွားရောက်ပင့်သည်။

မဟာစည်ဆရာတော်သည် တရားနာလို၍ ပင့်သဖြင့် တရားကို အလေးဂရုပြုပြီး လက်ခံတော်မူသည်။ "ဓမ္မဿ သောတုံ"နှင့် အညီ တရားနာ လို၍ ပင့်လျှင် ဝါတွင်း၌ သတ္တာဟကိစ္စဖြင့် သွားခွင့်ရှိသည်။ မဟာစည်ဆရာ တော်ထံမှ ခွင့်ပြုချက်ရသောအခါ စစ်ကိုင်းသို့ပြန်လာပြီး ဆာဦးသွင်အား အကျိုး အကြောင်း ပြောပြသည်။ ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့တွင် မဟာစည် ဆရာ တော်ကို သွားရောက်ပင့်ကြသည်။

ဒေါ်မာလာရီသည် နေ့အခါ ခေမေသကချောင် အထက်ထပ်သို့တက်၍ တရားထိုင်သည်။ ထိုစဉ် ချုပ်သင်းချောင် ဆရာသည် ဒေါ်မာလာရီထံ လာရောက် တွေ့ဆုံသည်။ ဒေါ်မာလာရီက ကမ္မဋ္ဌာန်းကျောင်းမှ ထွက်၍ မေးသည်။

"ဘာကိစ္စလဲ ဆရာ"

"ဪ အခြားကိစ္စတော့ မဟုတ်ပါဘူး၊ ဆိပ်ခွန် မဟာစည် ဆရာတော် ကလေးတရားပွဲ ဆရာ့ချောင်မှာ လုပ်ချင်ပါတယ်၊ အဲဒါ လာပြောတာပဲ"

"လုပ်ပါ၊ လုပ်ပါ၊ ခွင့်ပြုပါတယ်၊ ခွင့်ပြုရုံတင်မကပါဘူးလေ၊ ဘုန်းကြီး လည်း ဆွမ်းကပ်ဦးမယ်၊ တရားနာလည်း ဖိတ်ပေးဦးမယ်၊ ဓမ္မာရုံလည်း ရှင်းပေး ဦးမယ်"

ဒေါ်မာလာရီသည် ဝန်ခံသည့်အတိုင်း အားတက်သရော ဆောင်ရွက် ပေးလေ၏။ ဝိပဿနာချောင် စသော သီလရှင်များသော ချောင်များသို့လည်း ကောင်း၊ ရွှေမင်းဝံသို့လည်းကောင်း သွားရောက်ပြီး တရားနာဖိတ်သည်။

မဟာစည်ဆရာတော်သည် ဝါခေါင်လပြည့်ကျော် ၂ ရက်နေ့တွင် စစ်ကိုင်းသို့ ကြွလာသည်။ ဝါခေါင်လပြည့်ကျော် ၃ ရက်နေ့ ၂ နာရီအချိန် သမိဒ္ဓေါဒယ ဓမ္မာရုံ၌ 'မာလုကျပုတ္တသုတ်' ကို လက်တွေ့နှင့်ညှိပြီး ဟောပြော တော်မူသည်။ ဓမ္မာရုံ၌ တရားနာပရိသတ် ပြည့်လျက်ရှိသည်။ ဆာဦးသွင်၊ စက်ပိုင် ဦးဘသင် တို့အပြင် စစ်ကိုင်းမြို့ ဆန်စက်ပိုင် ဦးမြကြီးနှင့် ဦးဘကြွယ်၊ ဒေါ်သိန်းတင်တို့လည်း တရားနာကြသည်။

တရားပွဲပြီးသောအခါ ဒေါ်မာလာရီက နောက် ၂ ရက်ဆက်ပြီး တရား ချီးမြှင့်ရန်နှင့် သင်္ခါရုပေက္ခာဉာဏ်ဖြစ်ပုံ ထည့်သွင်း ဟောကြားတော်မူရန်

လျှောက်ထားတောင်းပန်လေ၏။ ထိုအခါ မဟာစည်ဆရာတော်က သင်္ခါရုပေက္ခာ ဉာဏ် ဖြစ်ပုံကို အလုပ်လုပ်ပြီးမှသာ ဟောလေ့ရှိကြောင်း၊ ဒကာမကြီး နာချင်သည်ဆိုက ထည့်သွင်းဟောပေးမည်ဖြစ်ကြောင်း အမိန့်ရှိပြီး နောက်ရက်များတွင် ထည့်သွင်း ဟောကြားတော်မူသည်။

မဟာစည်ဆရာတော် ဟောတော်မူသော တရားမှာ အလုပ်တရား၊ လက်တွေ့တရားဖြစ်၍ စစ်ကိုင်းသီလရှင် ပရိသတ်မှာ နားမယဉ်ဘဲ ရှိနေကြသည်။ သို့ဖြစ်၍ နောက် ၂ ရက် တရားပွဲ၌ တရားနာပရိသတ်မှာ သမိဒ္ဓေါဒယချောင်မှ သီလရှင် ၂၀ ခန့်သာ ရှိလေသည်။ ဒေါ်မာလာရီကား စာပေတတ်မြောက်ပြီး ဖြစ်သည့်အပြင် ကမ္မဋ္ဌာန်းအလုပ် ကြိုးစားအားထုတ်နေသူဖြစ်သဖြင့် မဟာစည်ဆရာတော်၏ အလုပ်တရား၊ လက်တွေ့တရားကို များစွာ သဘောကျလျက်ရှိသည်။

"တပည့်တော် မကြာမီ ဆရာတော့်ခြေရင်း အရောက်လာပါ့မယ်ဘုရား"

"အင်း ... ကောင်းပါတယ်၊ ဒါပေမယ့် တရားအားထုတ်ရတာ ဆင်းရဲလိမ့်မယ်"

"ဆင်းရဲပါစေဘုရား၊ တပည့်တော် ဒီမှာလည်း ချမ်းသာအောင် မနေပါဘူး"

မဟာစည်ဆရာတော်သည် ၃ ရက်ပတ်လုံး တရားချီးမြှင့်ပြီးနောက် ဆိပ်ခွန်သို့ ပြန်လည် ကြွသွားတော်မူ၏။

ဒေါ်မာလာရီသည် ဆိပ်ခွန်သို့ တရားအားထုတ်သွားရန် ညီမဖြစ်သူ ဒေါ်သုဓမ္မစာရီသို့ စာပေးမှာလိုက်၏။ ဒေါ်သုဓမ္မစာရီသည် ထိုစဉ်က သမိန်ထော၌ နေသည်။ သီတင်းကျွတ်လဆန်း ၁ ရက်နေ့ စစ်ကိုင်းသို့ ရောက်လာသည်။ လဆန်း ၈ ရက်နေ့၌ ဒေါ်မာလာရီတို့ ညီအစ်မနှစ်ဦးသည် မထေရီ၊ မစန္ဒာရီတို့နှင့် အတူ ဆိပ်ခွန်သို့ သွားကြသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်၊ သုံးလပတ်လုံး မပြတ်မလပ် ကြိုးစားရှုမှတ်ရာ ကျေနပ်လောက်သော အဆင့်ကဲ့သို့ ရောက်ခဲ့လေသည်။ ထိုအခါ ကမ္မဋ္ဌာနာစရိယ ဆရာကြီးက ဒေါ်မာလာရီကို မေးသည်။

"ဘယ့်နှဲ့လဲဆရာ သဘောကျရဲ့လား"

"ဟာ၊ သဘောကျပါတယ်"

"သဘောကျရင် ဆာဦးသွင်ထံ စာရေးပါ"

"ရေးမယ် ... ရေးမယ်"

ဒေါ်မာလာရီသည် ကိုယ်တွေ့ဆိပ်ခွန်တရားအကြောင်းကို ဆာဦးသွင်ထံ စာရေးလိုက်သည်။ စာရေးရာတွင် တရားအားထုတ်ရသည်ကို ကျေနပ်လွန်းလှသဖြင့် "သူဌေးကြီး၊ သူဌေးကြီးရဲ့ကျေးဇူးကြောင့် ကျွန်မတို့ အပါယ်ဘေးနှင့် ဆင်းရဲမှ လွတ်ကင်းပါပြီ" ဟု ထည့်သွင်းဖော်ပြခဲ့လေသည်။

ဆာဦးသွင်က များစွာ သဘောကျ၍ ဆရာတော်ကို သူကိုယ်တိုင် လာပင့်မည် ဖြစ်ကြောင်း ချက်ချင်း စာပြန်လိုက်သည်။ ဒေါ်မာလာရီသည် ကိုယ်တွေ့ခံစားရသော တရားအရသာကို တပည့်များလည်း ခံစားစေလိုသော စေတနာဖြင့် တရားအားထုတ်လာကြရန် စာပေးမှာသည်။

ဒေါ်သုမေ့စာရီသည် ပြာသိုလဆန်းတွင် သမိန်ထောသို့ ပြန်သွားသည်။ ဒေါ်မာလာရီလည်း စစ်ကိုင်းတောင်သို့ ပြန်လာခဲ့၏။ ထိုစဉ် စစ်ကိုင်းတောင်ရိုး၌ ဆိပ်ခွန်တရားကို ဘဝင်မကျသူ များစွာရှိနေသည်။ အချို့က ဆိပ်ခွန်တရားကို "ပိန်ဖောင်းတရား" ဟု နာခေါင်းရှုံ့ကြသည်။ ဆိပ်ခွန်တရား အားထုတ်သူကို လည်း "ပေါ်ပင်လိုက်သူ" ဟု အပြစ်တင်ကြ၏။ မည်သို့ပင်ရှိစေ ဒေါ်မာလာရီကား ဆိပ်ခွန်တရားကို ကျေနပ်စွာ လက်ခံလျက်ရှိသည်။ ဒေါ်မာလာရီသည် လက်တွေ့လုပ်ကြည့်ပြီး စာတွေ့နှင့် ညှိကြည့်သည်။ စာတွေ့နှင့် လက်တွေ့ညီညွတ်သည်ကို တွေ့ရသဖြင့် အမှန်တရားကို လက်ခံထားလေသည်။

ဒေါ်မာလာရီသည် မိမိ၏ တပည့်သီလရှင်များကိုလည်းကောင်း၊ ရင်းနှီးသော အခြားသီလရှင်များနှင့် ဒကာ ဒကာမများကိုလည်းကောင်း၊ ရင်းနှီးသော ဆရာတော် သံဃာတော်များကိုလည်းကောင်း၊ ဆိပ်ခွန်တရား အားထုတ်ကြည့်ရန် တိုက်တွန်း လျှောက်ထားခဲ့လေသည်။

ဒေါ်မာလာရီသည် ဆိပ်ခွန်မှ ပြန်လာသောအခါ ရွှေမင်းဝံသို့ မသွားရဲသေးချေ။ ရွှေမင်းဝံ ဆရာတော်ကို အားနာသလို ဖြစ်နေသည်။ ရွှေမင်းဝံ ဆရာတော်ကမူ ဒေါ်မာလာရီ ဆိပ်ခွန်မှ ပြန်ရောက်လာကြောင်း သတင်းကြား၍ ဒေါ်မာလာရီနှင့် တွေ့ချင်နေသည်။ ထိုအခါ ရွှေမင်းဝံနေ ဦးဘအိုသည် ဒေါ်မာလာရီကို လာခေါ်သည်။

ဒေါ်မာလာရီသည် ထိုနှစ် တပေါင်းလဆန်း ၇ ရက်နေ့တွင် သီလရှင် တစ်ပါး အဖော်ခေါ်၍ မုန့်ဟင်းခါးနှင့် မဟာစည်ဆရာတော်၏ ဝိပဿနာရှုနည်း စာအုပ် ၂ အုပ်ကို ယူဆောင်ပြီး ရွှေမင်းဝံသို့ သွားသည်။ ရွှေမင်းဝံ ဆရာတော် က ကျန်းမာချမ်းသာကြောင်း မေးမြန်းပြောဆိုပြီးနောက် ဆိပ်ခွန်အကြောင်း စကားစသည်။

"ဒကာမကြီးဟာ သဒ္ဓါတရားလည်း ကောင်းတယ်၊ စာလည်း တတ်တယ်၊ မဟုတ်တာလည်း မလုပ်ဘူးဆိုတာ ဘုန်းကြီးယုံကြည်တယ်၊ ဘာပဲဖြစ်ဖြစ် တရား အားထုတ်ခဲ့တဲ့အကြောင်း ပြောစမ်းပါဦး"

ထိုအခါ ဒေါ်မာလာရီက ကိုယ်တွေ့သိမြင်ခဲ့သော 'သင်္ခါရုပေက္ခာဉာဏ်' ဖြစ်ပုံကို လျှောက်ထားလေသည်။

"ဟာ ဒါမှ တရားစစ် တရားမှန်ပဲ၊ ဒီလိုတရားမှ အားမထုတ်ရင် လွဲတော့မှာပေါ့၊ သျှောင်တစ်လုံး အဆုံးခံပြီး သာသနာဝင်လာတာ ဒီလိုနဲ့ အချိန် ကုန်နေလို့ ဘာ အကျိုးရှိမှာတုံး၊ နက်ဖြန်သွားမယ်"

"ဘုန်းကြီး နက်ဖြန်ကြွလို့ မဖြစ်သေးဘူး ဘုရား"

"ဘာလို့လဲ"

"ဘာလို့လဲဆိုတော့ ခု တန်ခူးလ ရောက်တော့မယ်၊ တန်ခူးလကျရင် ဟိုမှာ သိပ်ပူတယ်၊ တရားကလည်း အပင်ပန်းခံပြီး အားထုတ်ရတာ ဘုန်းကြီး မခံနိုင်ပေဘူး"

"ဒါဖြင့် ဘယ်တော့သွားရမလဲ"

"တပည့်တော် ဆိပ်ခွန်ကို စာရေးလိုက်ပါ့မယ်၊ မိုးကျရင် လာပင့်ပါလိမ့် မယ်၊ အဲဒီကျမှ ကြွတာပေါ့ ဘုရား"

"အင်း ဒီလိုဆိုလဲ ကောင်းသားပဲ"

## ဒေါ်သုဓမ္မစာရီ၏ နောက်ဆုံးနေ့

"ဆရာဘုရားနှင့် ဖွားလေးကတော့ တစ်ဘာသာစီပါပဲ"

တစ်အူထုံ့ဆင်း ညီအစ်မရင်း ဖြစ်ကြသော သမိဒ္ဓေါဒယချောင် ဆရာ ကြီး ဒေါ်မာလာရီနှင့် ညီမ ဒေါ်သုဓမ္မစာရီတို့အကြောင်းကို ရင်းနှီးသူတိုင်းက မှတ်ချက်ချလေ့ရှိကြသည်။

ဒေါ်မာလာရီသည် အလုပ်လုပ်ရာ၌ ပြတ်ပြတ်သားသား လုပ်လေ့ရှိသော်လည်း တပည့် ဒကာမများနှင့် ဆက်ဆံရာတွင် သိမ်မွေ့သည်။ သာယာနာပျော်ဖွယ်ရှိအောင် စိတ်ချမ်းသာအောင်၊ လိုက်နာချင်အောင် ဟောပြောတတ်သည်။ အပြောအဟော ကောင်းသည်။ ဒေါ်မာလာရီ၏ စိတ်ဓာတ်နှင့် ပြောဟန်ဆိုဟန်တို့မှာ ယဉ်ကျေးဖွယ်ရာ၍ အဆွဲဓာတ်ရှိသည်။

ဒေါ်သုဓမ္မစာရီကမူ စိတ်ထက်သည်။ ပြောစရာရှိလျှင်လည်း ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်သည်။ မဟုတ်သည်ကို မိမိလည်းမလုပ်၊ သူတစ်ပါးလုပ်လျှင်လည်း မခံတတ်၊ မဟုတ်မခံ ဆတ်ဆတ်ကြဲဖြစ်သည်။ သို့ဖြစ်၍ ဒေါ်သုဓမ္မစာရီကို မည်သူကမျှ ပြန်မပြောဝံ့ကြချေ။ သူ့ရှေ့တွင်လည်း မဟုတ်သည်ကို မလုပ်ဝံ့ကြပေ။ သူကိုယ်တိုင်ကလည်း မဟုတ်သည်ကို မလုပ်တတ်သဖြင့် လေးစားကြလေသည်။

ဒေါ်သုဓမ္မစာရီသည် အစ်မဖြစ်သူ ဒေါ်မာလာရီကို အလွန်ချစ်သည်။ ဒေါ်မာလာရီ သီလရှင်ဝတ်သွားသောအခါ "မမနဲ့ မခွဲနိုင်ဘူး" ဟုဆိုကာ လိုက်ပြီး သီလရှင်ဝတ်လေသည်။ ဒေါ်မာလာရီတို့ ညီအစ်မနှစ်ယောက်သည် သမိန်ထော တောင်ကျောင်း ဘုန်းတော်ကြီးအထံ၌လည်းကောင်း၊ အစ်ကိုဝမ်းကွဲဖြစ်သူ စိန်ဇနိခေါ် ဆရာခင်အထံ၌လည်းကောင်း၊ သရိုင်ရွာ ထရံကာဆရာကြီးအထံ၌လည်းကောင်း စာအတူ သင်ခဲ့ကြသည်။

၁၂၆၉ ခုနှစ် သရိုင်ရွာ၌ စာသင်နေစဉ် စစ်ကိုင်းတောင်ရိုးသို့ အလည်အပတ်ရောက်ခိုက် မဟာဂန္ဓာရုံဆရာတော်၏ တရားကို နာယူကြရသည်။ ထိုအခါမှစ၍ ဒေါ်သုဓမ္မစာရီသည် ပဋိပတ္တိအလုပ်ကိုသာ စိတ်ဝင်စားခဲ့လေသည်။ သမိဒ္ဓေါဒယချောင် တည်ပြီးနောက် စာပေပို့ချခဲ့သေးသော်လည်း ပဋိပတ်အလုပ်ကိုသာ များများလုပ်ခဲ့ပေသည်။ ဦးစက်ဖော်သည် နှစ်စဉ် သမိန်ထောသို့ ပြန်၍ စပါးများကို သိမ်းယူရောင်းချသည်။ ဒေါ်သုဓမ္မစာရီသည် ဖခင်ကြီးနှင့် အတူ သမိန်ထောသို့ လိုက်ပါသွားလေ့ရှိပြီး သမိန်ထော၌ပင် အနေများသည်။

စစ်ကိုင်းတောင်ရိုး လာသောအခါလည်း သမိဒ္ဓေါဒယချောင်၌ ကြာကြာမနေမူ၍ ပီတိသုခချောင် ဒေါ်ယုံတို့၊ ဒေါ်ဂွမ်းတို့ထံသွားပြီး တရားအားထုတ်နေလေ့ရှိသည်။ "ညည်းတို့ဆရာသာ န္တားကျောင်းသားလုပ်နေ၊ တို့တော့ န္တားကျောင်းသား မလုပ်နိုင်ပေါင်" ဟု သမိဒ္ဓေါဒယချောင်မှ သီလရှင်ကလေးများအား ဒေါ်သုဓမ္မစာရီက ပြောလေ့ရှိသည်။

၁၂၈၁ ခုနှစ် ဖခင်ကြီး ကွယ်လွန်၍ ဈာပနကိစ္စ ပြီးစီးသောအခါ ဒေါ်မာလာရီသည် စိတ်ပြေလက်ပျောက်ရှိစေရန် တပည့်များအား စာပြန်ချသည်။ သီလရှင်ကလေးများသည် ဒေါ်မာလာရီထံ "မာတိကာ ဓာတုကထာ" လာရောက်ဆိုကြသည်။ ထိုအခါ ဒေါ်သုမေ့ဓာရီသည် ဖခင်ကြီးအပေါ် လွမ်းဆွတ် ကြေကွဲသော စိတ်က မပြေနိုင်သေးသဖြင့် အစ်မဖြစ်သူ စာချနေသည်ကို မကြားနိုင် မကြည့်နိုင် ဖြစ်လာသည်။ စာချနေရာသို့လာ၍ "မမကတော့ တပည့်တွေ စာချပြီး ဖြေနိုင်တာပေါ့" ဟု ပြောပြောဆိုဆို ငိုလေ၏။ စာတက်လာသူ သီလရှင်ကလေးများလည်း စိတ်မထိန်းနိုင်ကြတော့သဖြင့် ငိုယိုကာ ထ,ပြန်သွားကြရလေသည်။ ဒေါ်မာလာရီသည် ညီမဖြစ်သူအား ချော့မော့ဖြောင့်ဖျ တရားချရသည်။

ဒေါ်သုမေ့ဓာရီသည် ၁၂၈၂ ခုနှစ်တွင် အစ်မဖြစ်သူ ဒေါ်မာလာရီနှင့်အတူ သီဟိုဠ်နှင့် အိန္ဒိယသို့ ဘုရားဖူး သွားခဲ့လေသည်။ ၁၂၉၂ ခုနှစ်တွင် မုံရွာမြို့နယ် မိုးညှင်းတိုက်သို့ သွားရောက် နေထိုင်ခဲ့သည်။ မိုးညှင်းတိုက်တွင်းရှိ သမိဒ္ဓေါဒယ ဇရပ်သည် ဒေါ်သုမေ့ဓာရီ၏ ဇရပ်ဖြစ်သည်။ ၁၃၀၉ ခုနှစ်တွင် အစ်မဖြစ်သူ ဒေါ်မာလာရီနှင့်အတူ ဆိပ်ခွန်သို့သွား၍ တရားအားထုတ်ခဲ့သည်။ ဆိပ်ခွန်မှအပြန် သမိန်ထောသို့ သွားရောက်နေထိုင်သည်။

၁၃၁၁ ခုနှစ်တွင် ရန်ကုန် သာသနာ့ရိပ်သာသို့ မဟာစည်ဆရာတော်ကြွရောက် သီတင်းသုံးသောအခါ ဒေါ်သုမေ့ဓာရီသည် သမိန်ထောမှ ရန်ကုန်သို့ ပြောင်းရွှေ့လာခဲ့သည်။ ရန်ကုန် သာသနာ့ရိပ်သာတွင် အမျိုးသမီး ယောဂီများကို အုပ်ချုပ်လျက် ကိုယ်တိုင်လည်း ကမ္မဋ္ဌာန်းအားထုတ်ကာ နေထိုင်ခဲ့လေသည်။

ဒေါ်သုမေ့ဓာရီသည် သာသနာ့ရိပ်သာ၌ အနှစ် ၂၀ တိတိ နေထိုင်၍ ပဋိပတ္တိသာသနာကို ဝိုင်းဝန်းပြုခဲ့လေသည်။ အမျိုးသမီး ယောဂီများအား နေနည်း၊ ထိုင်နည်း၊ စားသောက်နည်းမှအစ အချိုးကျအောင် သွန်သင်ပြသပေးသည်။ ကမ္မဋ္ဌာနာစရိယထံ တရားအစစ်ခံ သွားသောအခါ ကိုယ်တိုင်ရှေ့မှလိုက်ပြီး အစစ်ခံစေသည်။

ဒေါ်သုမေ့ဓာရီသည် တရားအားထုတ်လာသူ ယောဂီများကို တကယ်ကြိုးကြိုးပမ်းပမ်းလုပ်မှ ကြိုက်သည်။ ပေါ့တော့တော့ ရော့ရဲရဲဆိုလျှင် မကြိုက်။ ပေါ့တော့တော့ ရော့ရဲရဲ နေသည်ကိုတွေ့လျှင် ဒိုးဒိုးဒေါက်ဒေါက် မညှာမတာ ပြောပစ်တတ်သည်။ တစ်ခါ မင်းကြီးကတော်တစ်ဦး တရား အားထုတ်စဉ်

ဆေးလိပ်သောက်နေသဖြင့် "ဆေးလိပ်သောက်ချင် အိမ်ပြန်" ဟု ခပ်ပြတ်ပြတ် ပြောချလိုက်သည်။ ထိုသို့ ပြတ်ပြတ်လုပ် ပြတ်ပြတ်ပြောတတ်သဖြင့် ဒေါ်သုဓမ္မစာရီကို အားလုံးက ကြောက်ရွံ့လေးစားကြသည်။ ကြောက်ရွံ့လေးစားကြ၍ ပေါ့ပေါ့မနေရဲဘဲ ကြိုးစားအားထုတ်ကြသဖြင့် မိမိတို့ ရည်မှန်းသည့် ပန်းတိုင်သို့ ရောက်ကြရသည်။ ထိုအခါ ဒေါ်သုဓမ္မစာရီကိုပင် များစွာ ကျေးဇူးတင်ကာ ချစ်ခင်ကြည်ညိုကြသည်။

ဒေါ်သုဓမ္မစာရီသည် အနှစ် ၂၀ တိတိ ကိုယ်နှင့်အသက်ကို မငဲ့ကွက်ဘဲ ပဋိပတ္တိသာသနာအတွက် ကြိုးစားခဲ့လေသည်။ "ညည်းတို့ ဒီလိုနဲ့ အသေခံကြမှာလား၊ စာတတ်ရုံလေးနဲ့ ကျေနပ်မနေကြနဲ့တော့၊ တရားအားထုတ်လှည့်ကြဦး" ဟု စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယ သီလရှင်များ မိမိထံ ရောက်သောအခါ တိုက်တွန်းလေ့ရှိသည်။

၁၃၃၀ ပြည့်နှစ်တွင် ဒေါ်သုဓမ္မစာရီသည် ၈၆ နှစ်တွင်းသို့ ရောက်ခဲ့လေသည်။ အသက်ကြီးလာသည်နှင့်အမျှ ကျန်းမာရေးလည်း ယိုယွင်းလာသည်။ မဟာစည်ဆရာတော်က ဒေါ်သုဓမ္မစာရီအား ပြုစုစောင့်ရှောက်ရန် ယောဂီများကို ညွှန်ကြားထားလေသည်။ ယောဂီများလည်း မငြိုမငြင် ပြုစုကြသည်။

ထိုအခါ သမိဒ္ဓေါဒယချောင် ဆရာကြီး ဒေါ်မာလာရီသည် ညီမဖြစ်သူ မကျန်းမာကြောင်း သိရသဖြင့် တပည့်ကြီးဖြစ်သူ ဒေါ်ကဥ္စနာနှင့် တူမဒေါ်ဟေမာတို့ကို ရန်ကုန်သို့ စေလွှတ်လိုက်သည်။ ဒေါ်မာလာရီက ငွေတစ်ထောင် လက်ထဲထည့်ပြီး -

"ရော့ ငါ့ညီမလေး အခြေအနေဆိုးလို့ မတော်တဆဖြစ်သွားရင် အဲဒီမှာပဲ သင်္ဂြိုဟ်ခဲ့ကြ၊ ဖြစ်နိုင်သေးရင်တော့ စစ်ကိုင်း အရောက်ခေါ်ခဲ့ကြ" ဟု မှာလိုက်သည်။

ဆရာကြီး ဒေါ်ကဥ္စနာနှင့် ဒေါ်ဟေမာရီတို့သည် ရန်ကုန်ရောက်သောအခါ ဒေါ်သုဓမ္မစာရီထံသွား၍ အကျိုးအကြောင်း လျှောက်ထားကြသည်။

"ဒီမှာလဲ ငါ့ပြုစုမယ့်သူတွေရှိတယ်၊ မလိုက်နိုင်ဘူး" ဟု ခပ်ပြတ်ပြတ် ပြောလိုက်သည်။ ထိုအခါ ဒေါ်ကဥ္စနာတို့သည် ကြံရာမရဖြစ်၍ မဟာစည်ဆရာတော်ထံ အကျိုးအကြောင်း လျှောက်ကြသည်။ မဟာစည်ဆရာတော်က ...

"ဒေါ်သုဓမ္မစာရီဟာ ရိပ်သာတည်ကတည်းက အတူတူ သာသနာပြု ခဲ့တာဖြစ်လို့ 'လိုက်သွားပါ' လို့ ဘုန်းကြီးနှုတ်က မပြောရက်ပါဘူး၊ မပြောနိုင်ပါ ဘူး" စသည်ဖြင့် အမိန့်ရှိတော်မူသည်။

ဘူးဆိုလျှင် ဖရုံမသီးသော ဒေါ်သုဓမ္မစာရီ၏ အကြောင်းကို သိထားပြီး ဖြစ်၍ ဒေါ်ကဥ္စနာတို့သည် ဆရာတော် ဦးဉာဏုတ္တရနှင့် အခြားပုဂ္ဂိုလ်များထံ ဝိုင်းဝန်းပြောပေးဖို့ အကူအညီ တောင်းကြရလေသည်။ သို့ရာတွင် 'လိုက်သွား ပါ' ဟု မည်သူကမျှ မပြောရက်ကြပေ။

ထိုအခါ ဒေါ်ကဥ္စနာသည် ဒေါ်သုဓမ္မစာရီနေသည့် ဇရပ်သို့ ရိပ်သာမှ ဆရာတော်များကို ပင့်ပြီး ဒေါ်သုဓမ္မစာရီ ကြားအောင် အကျိုးအကြောင်း လျှောက်ထားသည်။

"တပည့်တော်များမှာ အမိန့် ၂ ခုနဲ့ လာရတာပါဘုရား၊ ဖွားဘုရားက 'ငါ့ညီမ မတော်တဆဖြစ်သွားရင် ရန်ကုန်မှာပဲ သင်္ဂြိုဟ်ခဲ့ကြရမယ်ဆိုတဲ့ အမိန့်နဲ့၊ ဖြစ်နိုင်သေးရင်တော့ ငါ့ဆီ အရောက်ခေါ်ခဲ့ရမယ်ဆိုတဲ့အမိန့်၊ ဒီအမိန့်နှစ်ခုနဲ့ လာရပါတယ်၊ ခုလို ဖွားလေးက မလိုက်ဘူးငြင်းနေတော့ တပည့်တော်တို့လဲ မတတ်နိုင်ဘူး၊ ဒီမှာလဲ ကြာကြာမနေနိုင်ဘူး၊ ပြန်ရမှာပါပဲ ဘုရား"

ဆရာတော်များသည် ပြန်ကြွသွားသည့်တိုင်အောင် မည်သို့မျှ အမိန့် မရှိဘဲ နေကြသည်။ ဒေါ်သုဓမ္မစာရီလည်း ဒေါ်ကဥ္စနာ လျှောက်ထားသည်ကို နားထောင်ရင်း စဉ်းစားနေဟန်ရှိသည်။ ထို့နောက် ဒေါ်ကဥ္စနာတို့က "ဖွားလေး သဘော ဘယ်လိုပါလဲဘုရား" မေးသောအခါ "ညည်းပြောသလိုဆို ငါ လိုက်ရ တော့မှာပေါ့" ဟု ဖြေသည်။

"ဟုတ်တာပေါ့ ဖွားလေးရဲ့ ဟိုမှာဆိုရင် ဖွားလေးအတွက် ပြုစုမယ့် ပုဂ္ဂိုလ်တွေ အများကြီးရှိတယ်၊ ဒီမှာဆိုတော့ ယောဂီတွေ အားနာစရာ၊ သူတို့ခမျာ တရားအားထုတ်ဖို့ လာနေတာ၊ သူနာပြုဖို့ လာနေကြတာ မဟုတ်ဘူး၊ ဖွားလေး လည်း စဉ်းစားပါဘုရား"

"ဒါဖြင့် မနက်ဖြန်သွားမယ်"

"ဟင် ဖွားလေးကလည်း သွားမယ့်သွားတော့လည်း မြန်လိုက်တာ၊ နက်ဖြန်တော့ မဖြစ်နိုင်ပါဘူး၊ ရထားရဇတ် လုပ်ရဦးမယ်၊ ကြိုဖို့ဆိုဖို့ စစ်ကိုင်း ကို သံကြိုးရိုက်ရဦးမယ်"

"ဒါဖြင့် သန်ဘက်ခါသွားမယ်အေ"

ဒေါ်ကဥ္စနာနှင့် ဒေါ်ဟေမာရီတို့သည် တစ်ရက်တည်းဖြင့် ပစ္စည်းတွေသိမ်း၊ ရထား ရဇတ်လုပ်၊ သံကြိုးရိုက်၊ နှုတ်ဆက်သင့်သူတွေကို နှုတ်ဆက်ကာ အားချင်းလုပ်ကြရသည်။ နောက်ရက်တွင် ရိပ်သာမှ ဒေါ်သုမမ္မစာရီကို မီးရထားသို့ လိုက်ပို့ကြသည်။

၁၃၃၀ ပြည့်နှစ် တော်သလင်းလဆန်း ၅ ရက်နေ့တွင် ဒေါ်သုမမ္မစာရီသည် သမိဒ္ဓေါဒယချောင်သို့ ရောက်လာသည်။ ဒေါ်မာလာရီသည် ညီမရောက်သောအခါ ချမ်းသာအောင်ထားပြီး ပြုစုစေသည်။ ဒေါ်သုမမ္မစာရီသည် အဓိဝါသနခန္တီတရား အလွန်ပြည့်ဝလေသည်။ မည်မျှပင် ရောဂါခံနေရသော်လည်း တစ်ချက်မှ မညည်းခဲ့ပေ။ အစာ စားချင်လှသော်လည်း လည်ချောင်းမှ မျိုမရသဖြင့် မစားရှာရပေ။

ပြုစုသူ သီလရှင် ဆရာကြီး၊ ဆရာလေးတို့အား "ညည်းတို့ ကိုယ့်အလုပ်ကိုယ်လုပ်ကြ၊ ငါခေါ်မှလာ၊ ငါလည်း ငါ့အလုပ် ငါလုပ်မယ်" ဟု ပြောဆိုကာ ခြင်ထောင်ချပြီး တရားနှလုံးသွင်းနေသည်။ အနိုပ်သည် 'ဘု' ဖြင့် ကြမ်းခေါက်ခေါ်သောအခါမှ အနားသို့သွား၍ ခိုင်းသည်ကို ပြုလုပ်ပေးရသည်။

မိမိ အနီးအပါး စကားထိုင်ပြောပြီး အချိန်ဖြုန်းနေသည်ကိုမြင်လျှင် မကြိုက်ပေ။ "ညည်းတို့ တရားအားမထုတ်ဘဲ အလကား စကားပြောနေ" ဟု လှမ်းပြီး မာန်မဲလေ့ရှိသည်။ နေထိုင်မကောင်းချိန်တွင် သူ့အနီးအပါး စာလာရွတ်မည်ဆိုလျှင်လည်း ခွင့်မပြုချေ။ "ဘာစာမှ ရွတ်ဖို့မလိုဘူး၊ ကိုယ့်တရားကိုယ် နှလုံးသွင်းနေကာ" ဟု ပြောသည်။

မဆုံးမီ ၁၅ ရက်ခန့် အလိုတွင် ဒေါ်မာလာရီသည် ညီမထံသွား၍ ရောဂါ အခြေအနေကို မေးမြန်းရင်း -

"ညည်း သေရမှာ ကြောက်သလား"

"မကြောက်ပေါင်၊ ဘာလို့ ကြောက်ရမှာလဲ"

"ဒါဖြင့် တုသိတာဘုံ စိတ်ညွှတ်ပါလား၊ တုသိတာဘုံက ကောင်းတယ်ထင်တယ်"

"အို မမကလဲ၊ ဒီ 'ဘဝစကား' လာပြောနေပြန်ပါပြီ၊ ဘဝဆိုတာ ဘာလုပ်စရာလဲ"

ဒေါ်မာလာရီသည် ညီမ၏စကားကို ကြားရသောအခါ အနည်းငယ် တုန်လှုပ်သွားသည်။ "ဟင် ငါမှားသွားပါလား၊ ငါ့ညီမက ငါ့ထက်သာနေပြီ၊ သူက ဘဝကို မလိုချင်တော့ဘူး၊ ငါကတော့ သေရင် တုသိတာဖြစ်ရကောင်းမလား စဉ်းစားမိနေတာ၊ ငါညံ့နေပါသေးလား" ဟု တွေးတောကာ ငေးမောနေမိသည်။

"အေးဟယ်၊ ငါက တုသိတာများ ကောင်းမလားလို့ ပြောမိတာ၊ ငါ မှားသွားတယ်၊ ဟုတ်တယ်ဟေ့ ဘဝဆိုတာ ဘယ်ဘဝမှ မကောင်းဘူး၊ ညည်းက တော်ပါပေတယ်"

ဒေါ်သုဓမ္မစာရီသည် သမိဒ္ဓေါဒယချောင်ရောက်၍ ၂ လတိတိ ရှိသော အခါ နာကြည်းဖွယ်ကောင်းလှသော အပြင်းထန်ဆုံး ဘဝဒုက္ခကို ခံသွားရရှာ လေသည်။ သူမြတ်နိုးသော ပဋ္ဌိပတ္တိသာသနာတော်နှင့် ခွဲခွာ၍ စုတိကမ္မဇရုပ် ချုပ်ငြိမ်းပြီး တစ်ဘဝ ရုပ်သိမ်းခဲ့လေပြီ။ သူစွန့်လွှတ်လိုက်သော ဘဝသည် သူ့ အဖို့ နောက်ဆုံးဘဝဖြစ်မည် မဖြစ်မည်ကိုကား သူကလွဲ၍ မည်သူမျှ မသိလိုက် ကြပါ။ ဘဝကို လွန်စွာပင် ရွံရှာမုန်းတီးကြောင်းကိုသာလျှင် သိလိုက်ကြရပေ သည်။

ဒေါ်သုဓမ္မစာရီ၏ နောက်ဆုံးနေ့ကား ... "၁၃၃၀ ပြည့်နှစ် တန်ဆောင် မုန်းလဆန်း ၅ ရက်နေ့" ပေတည်း။

## ဘုရားကြည်ညိုပုံ

ပင်ကိုယ်သဒ္ဓါဓာတ်ခံရှိသော သူတို့သည် ဘုရားကို ကြည်ညိုရာ၌ လိုက်လိုက်လဲ့လဲ့ ရှိကြ၏။ သို့ရာတွင် သဒ္ဓါဓာတ်ခံ အားကောင်းသလောက် ပညာ စွမ်းအား နည်းပါးပျော့ညံ့နေပါမူ ထိုသူတို့၏ ကြည်ညိုမှုသည် ခိုင်မြဲခြင်း မရှိတတ် ပေ။ "မုဓပ္ပသန္န" ခေါ် 'အချည်းနှီးကြည်ညိုမှု' မျက်ကန်းကြည်ညိုမှုမျိုးလည်း ဖြစ်နေတတ်ပေသည်။

ဆရာကြီး ဒေါ်မာလာရီကား ပင်ကို သဒ္ဓါဓာတ်ခံ အားကောင်းသည့် ပြင် စာပေတတ်မြောက်ထားသဖြင့် ပညာရည်စွမ်းအားကလည်း ကြီးမားလျက် ပင် ရှိသည်။ သို့ဖြစ်၍ ဆရာကြီး ဒေါ်မာလာရီ၏ ဘုရားကြည်ညိုပုံမှာ ခိုင်မာ လေးနက်လှပေသည်။

ဆရာကြီး ဒေါ်မာလာရီသည် စာပေ ပရိယတ်ကို နှစ်ပေါင်းများစွာ လေ့လာသင်ယူ ပို့ချခဲ့၏။ ထိုစာပေများမှ ဘုရား၏ဂုဏ်တို့ကို ခြေခြေမြစ်မြစ်

နားလည်ခွင့်ရခဲ့သည်။ တရားတော်၏ မှန်ကန်သော တရားဖြစ်မှုကိုလည်း အကဲခတ်မိခဲ့၏။ ဤအကြောင်းများသည် ဆရာကြီး ဒေါ်မာလာရီ၏ ဘုရားကြည်ညိုရာတွင် လေးနက်ခိုင်မြဲစေသော အကြောင်းများ ဖြစ်ပေသည်။

တစ်ဖန် နှစ်ပေါင်းများစွာ မဟာဂန္ဓာရုံ ဆရာတော်သည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများ အားထုတ်ခဲ့သည်။ မဟာစည်ဆရာတော်၏ ဝိပဿနာလုပ်ငန်းကို ခရီးရောက်အောင် ကြိုးစားခဲ့၏။ ထက်မြက်သော ဝိပဿနာဉာဏ်များကို ကိုယ်တိုင် သိမြင်ရရှိခဲ့၏။ ထိုဉာဏ်ကို ရရှိခြင်းဖြင့် တရားတော်၏ မှန်ကန်မှုကို ဆုံးဖြတ်နိုင်ခဲ့သည်။ ထိုဆုံးဖြတ်ချက်နှင့်အတူ 'တရားရှင်' ဖြစ်တော်မူသော မြတ်စွာဘုရားကိုလည်း 'သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ' ထိုမြတ်စွာဘုရားသည် 'သမ္မာသမ္ဗုဒ္ဓ အစစ် ဖြစ်တော် မူပေသည်တကား' ဟု အခိုင်အမာယုံကြည်ခဲ့သည်။

သမိဒ္ဓေါဒယချောင် ဓမ္မာရုံ ဘုရားကျောင်းကြီး အပေါ်တွင် အလွန်သပ္ပာယ်သော ရုပ်ပွားတော်တစ်ဆူကို ပူဇော်ထားသည်။ ဘုရားအမမှာ နမ္မတူမြို့ ဒေါ်သွယ်ဖြစ်သည်။ သမိဒ္ဓေါဒယချောင်မှ သီလရှင်ဆရာကြီး၊ ဆရာလေးများသည် ထိုရုပ်ပွားတော်ရှေ့တွင် နေ့စဉ် ဆွမ်းတော်၊ ပန်းတော်၊ ရေချမ်းတော်များ ကပ်လှူကြရသည်။ တစ်နေ့ နှစ်ကြိမ် ဘုရားဝတ်ပြုကြရသည်။

ဆရာကြီး ဒေါ်မာလာရီသည် အသက် ၉၀ ပြည့်သည့်တိုင်အောင် မပျက်မကွက် နေ့စဉ် ဘုရားဝတ်တက်လိုက်ပါလျက်ရှိသည်။ တပည့် သီလရှင်များကိုလည်း အကြောင်းမဲ့ ဘုရားဝတ်တက်မပျက်စေရန် ဆုံးမသည်။

> "နံနက် နေ့ ည ဝတ်တက်ဝတ်ကပ် မပျက်စေဘဲ မြင့်မြတ်သော စိတ်ဓာတ် မြတ်သောသဒ္ဓါတို့ဖြင့် ကောင်းမွန်စွာ အာရုံပြု၍ ဘုရားရှိခိုးကျောင်းသို့သွားပြီး ဘုရားရှိခိုးကြရမည်"

ဆရာကြီး ဒေါ်မာလာရီသည် အနည်းဆုံး တစ်နေ့ နှစ်ကြိမ် သုံးကြိမ် ဘုရားရှိခိုးရမှ ကျေနပ်လေ့ရှိသည်။ အဋ္ဌကထာ၊ ဋီကာ "ကျမ်းဦးပဏာမများ" ဖြင့်လည်းကောင်း၊ အဋ္ဌသာလိနီ ကျမ်းဦးလာ ဂါထာနှစ်ဆယ်ဖြင့်လည်းကောင်း၊ ဂုဏ်တော် ၉ ပါး ပါဠိအနက်ဖြင့်လည်းကောင်း၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ရေးသားတော်မူအပ်သော "ရောင်ခြည်တော်ဖွင့် ဂါထာပါဠိအနက်" အနက်ဖြင့်လည်းကောင်း ဘုရားရှိခိုး ပူဇော်လေ့ရှိသည်။

ဆရာကြီး ဒေါ်မာလာရီသည် ဘုရားရှိခိုးရာ၌လည်းကောင်း၊ ဆွမ်းရေချမ်း ပန်းတို့ဖြင့် လှူဒါန်းပူဇော်ရာ၌လည်းကောင်း သက္ကစ္စဂါရဝ များစွာထားပြီး ပြုလုပ်လေ့ရှိသည်။ မွေးနေ့ဖြစ်သည့် နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့တိုင်း၌လည်းကောင်း၊ တန်ခူးလ ဝါဆိုလတို့၌လည်းကောင်း တပည့် သီလရှင်များနှင့်အတူ ဆွမ်းတော်ကြီးပွဲ ၃၀ ကျော် ၄၀ ခန့် ဘုရားရှင်အား ကပ်လှူပူဇော်သည်။ နှစ်စဉ် သီတင်းကျွတ် လပြည့်နေ့တိုင်း၌လည်း ဆွမ်းတော်ကြီးကပ်ပွဲ၊ ဆီမီးပူဇော်ပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပသည်။ ဆွမ်းတော်ကြီးပွဲပေါင်း နှစ်ရာကျော် သုံးရာနီးပါးခန့် ပြင်ဆင်ကပ်လှူသည်။

သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီးကပ်လှူပွဲသည် အမြိုင်ဆိုင်ဆုံးဖြစ်သည်။ "ဝါကျွတ်မီးထွန်းပွဲ" လည်း ဖြစ်သဖြင့် ရောင်စုံမီးပုံးများ ညှိထွန်းပူဇော်သည်။ ဘုရားကျောင်းဆောင်ကြီးတစ်ဆောင်လုံး ရောင်စုံမီးပုံးတို့ဖြင့် ရှုမဆုံးအောင် လှပနေပေသည်။ ထိုနေ့၌ သီလရှင် ဆရာကလေးများသည် ဘုရားပူဇော်ရန် ဆီမီးပန်းတို့ကို အဆန်းတကြယ် ဖွယ်ဖွယ်ရာရာဖြစ်အောင် ပြုလုပ်ကြသည်။ စိတ်ကူးကောင်းကောင်းဖြင့် သပ်သပ်ရပ်ရပ် ပြုလုပ်တတ်သော သက္ကစ္စ စေတနာသည် အနုပညာလက်ရာမြောက်လှသော ပူဇော်ဖွယ်ပစ္စည်းဝတ္ထုတို့ကို ထုတ်လုပ်နိုင်ခဲ့သည်။ ပန်းပွင့်ကလေးများကို ပုလဲနဖူးစီးသဏ္ဌာန် စီကုံး၍လည်းကောင်း၊ ဇာကွန်ရက်သဖွယ် စီခြယ်၍လည်းကောင်း၊ လက်စွမ်းပြ လှူဒါန်းထားကြသည်မှာ ရင်သပ်ရှုမော အံ့သြလောက်အောင် လှပပါပေသည်။ အုန်းသီးအလုံးမပျက် အုန်းမှုတ်ကို ခွာပြီးလျှင် အုန်းသီးဆံအလုံးကို သေးငယ်လှစွာ စိတ်ဖြာ၍ ပတ်လည်ဖြန့်ထားရာ ပန်းပွားလုံးကြီးပမာ အလွန်ကြည့်၍ လှပေသည်။ သဘော်သီး၊ ကမ္ဘလာသီး စသော အခြားသစ်သီးများကိုလည်း လှပအောင် ပြုပြင်၍ လှူဒါန်းကြသည်။ သမိဒ္ဓေါဒယချောင်၌ သီတင်းကျွတ်လပြည့်နေ့တိုင်း ခမ်းနားသိုက်မြိုက်စွာ ဆွမ်းတော်ကြီးပွဲ ကပ်လှူခဲ့သည်မှာ နှစ်ပေါင်း ၄၀ ကျော်ခဲ့လေပြီ။

ဆရာကြီး ဒေါ်မာလာရီသည် အသက် ၉၅ နှစ်ပြည့်သည့် ယနေ့တိုင်ပင် ဆွမ်းတော်ကြီးကပ်လှူရာတွင် ကိုယ်တိုင်ပါဝင် ပူဇော်လျက်ရှိသည်။

## ကိုယ်ကျင့်တရား လေးစားပုံ

"သီလံ ယာဝ ဇရာ သာဓု"

"သီလသည် အိုသည်အထိ ကောင်း၏"

"လူမှာအဝတ်"ဟု ဆိုကြ၏။ လူသည် အဝတ် ဝတ်ဆင်တတ်မှ တင့်တယ်သည်။ ကိုယ့်အရွယ်နှင့်ကိုယ် သင့်လျော်မည့် အဝတ်မျိုး ရွေးချယ်ဝတ်ဆင်ရသည်။ အရွယ်နှင့်လိုက်အောင် အဆင်ရွေးရသည်။ အသွေးရှာရသည်။ ကလေးအရွယ် အဘိုးကြီးအဆင် ဝတ်ထားလျှင် "ဒီကောင်ကလေးက ရှုးရှုးကြောင်ကြောင်ထင်ပါရဲ့" ဟု မှတ်ချက်ချပေလိမ့်မည်။ အဘိုးကြီးအရွယ် ကလေးဆင် ဝတ်ဆင်ထားပြန်လျှင်လည်း "သေခါနီးလို့ သူငယ်ပြန်နေတာ" ဟု မေးငေါ့ကြပေလိမ့်မည်။ သို့ဖြစ်၍ ငယ်စဉ်က အဝတ်အဆင်သည် အိုသည်အထိ ဝတ်ဆင်ရန် အသုံးမဝင်ချေ။ အကျင့်သီလသည်လည်း လူတို့၏ အဝတ်တန်ဆာတစ်မျိုးပင်ဖြစ်သည်။ လူသည် အဝတ် ဝတ်ဆင်ထားမှ လူရာဝင်သကဲ့သို့ အကျင့်သီလရှိမှ လူရာဝင်၏။ လူပီသ၏။ အကျင့်သီလမရှိလျှင် လူရာမဝင်၊ လူပင် မပီသချေ။ အကျင့်သီလတည်းဟူသော အဝတ်တန်ဆာကား ပကတိ အဝတ်တန်ဆာနှင့်မတူ၊ တစ်မူဆန်းလေ၏။ မည်သူပင်ဆင်ဆင် ယဉ်သည်သာဖြစ်၏။ ထို့ကြောင့် "သီလသည် အိုသည်အထိ ကောင်း၏" ဟု ဘုရားဟောတော်မူခြင်းဖြစ်သည်။

သီလရှင်တို့၏ သီလမှာ ၈ ပါးသီလ ဖြစ်သည်။ သို့ရာတွင် ဆရာကြီး ဒေါ်မာလာရီသည် သီလရှင်ဖြစ်သည်မှ စ၍ အစဉ်မပြတ် ၁၀ ပါး သီလ ထိန်းလျက်ရှိသည်။ ဆရာကြီး ဒေါ်မာလာရီသည် ကိုယ်ကျင့်သီလကို များစွာ အလေးဂရုပြုလျက်ရှိသည်။ မိမိသီလကို ကျိုး၊ ပေါက်၊ ပြောက်ကျားစေမည့် ဝေးစွ သီလညှိုးငယ်မည့် အလုပ်မျိုးကိုပင် ရှောင်ကြဉ်လေ့ရှိသည်။ 'အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ'နှင့်အညီ သေးငယ်သော အပြစ်များ၌ပင် ကြောက်ဖွယ် ဟု ရှုမြင်လေ့ရှိသည်။ အပြစ်ဟူသည် ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ မကောင်းကျိုး ပေးတတ်သဖြင့် ကြောက်စရာချည့်သာ ဖြစ်သည်။

ဝိကာလဘောဇန သီလ စောင့်ထိန်းသော ပုဂ္ဂိုလ်များမှာ ဝိကာလ အချိန်၌ အာဟာရအလို့ငှာ မည်သည့်အစာမှ မစားကောင်းချေ။ အဖျော်ယမကာပင် ဖြစ်စေဦးတော့ အကြောင်းရှိမှ သောက်ခွင့်ရှိ၏။ အကြောင်းရှိ၍ သောက်ပြန်လျှင်လည်း အဖတ် အနှစ် မပါအောင် စစ်ပြီးမှ အပ်၏။ အဖတ်အနှစ် ပါနေသည်

ကို သောက်မိလျှင် ဝိကာလဘောဇနေ ညှိုးနွမ်းရလေသည်။ ဆရာကြီး ဒေါ်မာလာရီကား အကြောင်းမရှိဘဲ ရောက်ရည်၊ သံပရာရည် စသည် သောက်လေ့မရှိပေ။ အကြောင်းရှိ၍ သောက်ခွင့်ကြုံပြန်လျှင်လည်း အဖတ်အနှစ် မပါရအောင် စစ်စေပြီးမှသာ သောက်သည်။ အကြောင်းရှိ၍ ထန်းလျက်ကျိုရလျှင် အိုးသန့်သန့်ဖြင့် ကျိုစေသည်။ မသင်္ကာလျှင် စစ်မေးသည်။ "ညည်းတို့ဟာ အိုးသန့်သန့်နဲ့ ကျိုတာဟုတ်ရဲ့လား၊ ဆွမ်းတွေ၊ ဟင်းတွေ ချက်တဲ့ အိုးနဲ့ဆိုရင် မကောင်းဘူး"ဟု ပြောသည်။

ဝိနည်းကို အလေးဂရုပြုသော ဆရာတော်များသည် မန်ကျည်းသီးမှည့် အနှစ်ပါသော 'တေဆေး' များကို ဝိကာလအချိန်၌ ဘုဉ်းပေးသုံးဆောင်ခြင်းမှ ရှောင်ကြဉ်တော်မူကြ၏။ ဆရာကြီး ဒေါ်မာလာရီသည် ဝိကာလအချိန်ဖြစ်မူ မည်သည့်အခါမှ တေဆေးကို သုံးဆောင်လေ့ မရှိချေ။ တပည့်များအားလည်း "ညည်းတို့ ညဘက်မှာ တေဆေးမစားကြနဲ့တော့၊ မအပ်ဘူး၊ သီလပျက်လိမ့်မယ်" ဟု သတိပေး ဆုံးမလေ့ရှိသည်။

ဒေါ်မာလာရီတို့သည် သရိုင်ရွာ၌ စာပေ သင်ယူနေကြစဉ် ထရံကာ ဆရာကြီးမှာ သားငယ်၊ သမီးငယ် ရှိနေသည်။ အချို့ သီလရှင် ဆရာလေးများသည် ထရံကာဆရာကြီးထံ စာလာတက်ရင်း သားအငယ်ဆုံး မောင်ဘရွှေကို ချီကြ၏။ ဆရာကြီး ဒေါ်မာလာရီကား မည်သည့်အခါမျှ မချီခဲ့ချေ။

"ဆရာကြီးက ချီစေချင်ပုံရတယ်၊ တပည့်တော်ကတော့ ဝိသဘာဂ ဖြစ်လို့ သီလပျက်မှာစိုးတာနဲ့ တစ်ခါမှ မချီခဲ့ဘူး" ဟု ပြောပြသည်။

ဆရာကြီး ဒေါ်မာလာရီသည် ငယ်စဉ်မှစ၍ ဝိသဘာဂကို များစွာ ရှောင်သည်။ ရင်းနှီးအောင် အကျွမ်းဝင်အောင် မည်သည့်အခါမှ မပြုချေ။ တပည့် သီလရှင်များအား မကြာခဏ ဩဝါဒ ပေးရာတွင် ဤသို့ ထည့်သွင်း သတိပေးလေ့ရှိသည်။

"ရဟန်းယောက်ျားနဲ့ဖြစ်စေ၊ လူယောက်ျားနဲ့ဖြစ်စေ ဝိသဘာဂအာရုံများနဲ့ ကူးလူးဆက်ဆံခြင်းကို များများကြီး ရှောင်ကြဉ်ရမယ်၊ သို့မှ သီလရှင်ဘဝ တာရှည်စွာ တည်နိုင်မည်"

ဆရာကြီး ဒေါ်မာလာရီသည် ဇာတရူပ သီလကိုလည်း များစွာ စောင့်ထိန်းခဲ့သည်။ ဒကာ၊ ဒကာမများက ဝတ္ထုကြေးငွေတို့ဖြင့် ကန်တော့သောအခါ မည်သည့်အခါမှ ထိကိုင်ခြင်း မပြုချေ။

"ဖွားဘုရားက ငွေလာလှူရင် ထိမှာစိုးလို့ နောက်တောင် ဆုတ်နေသေး" ဟု အနီးနေ တပည့်များက ကိုယ်တွေ့မျက်မြင်ကို ပြောပြကြသည်။

ဆရာကြီး ဒေါ်မာလာရီသည် ၁၇ နှစ် သမီးမှစ၍ ယနေ့ထိ နှစ်ပေါင်း ၈၀ နီးပါး ငွေကြေးနှင့် ကင်းကွာနေသဖြင့် ငါးကျပ်တန်၊ ဆယ်တန် စသည်ပင် မသိချေ။ သီဟိုဠ်နှင့် အိန္ဒိယသို့ ဘုရားဖူးသွားစဉ်ကလည်း ညီမဖြစ်သူ မသုဓမ္မစာရီက ငွေကြေးကိုင်တွယ်သည်။ ဝယ်စရာ ခြမ်းစရာ ရှိသောအခါ "မမ ဘာလိုချင်တယ်၊ ဝယ်ပေးစမ်းပါ" ဟု ခိုင်းလေ့ရှိသည်။ ထိုအခါ စိတ်မရှည်တတ်သော မသုဓမ္မစာရီက "မမကလည်းတော် ခရီးသွားတုန်း ၁၀ ပါးသီလ လုပ်နေ" ဟု အော်သည်။

"အေးဟယ် ငါကလည်း ညည်းပါနေလို့ ငါ့ကပ္ပိယ ရှိသားပဲဆိုပြီး နေတာပါ" ဟု ပြုံးရွှင်စွာ ပြန်ပြောခဲ့လေသည်။

ဆရာကြီး ဒေါ်မာလာရီသည် ကိုယ်ကျင့်တရားကို လွန်စွာ လေးစားသည်။ စင်ကြယ်သော အကျင့်သီလနှင့် ပြည့်စုံ၏။ သီလရှိသော သီလရှင်ဘဝကို များစွာ တန်ဘိုးထားသည်။

"သီလရှင်အဖြစ်သည် တန်ဖိုးမဖြတ်နိုင်သော ဘဝပဒေသာပင်ကြီး တစ်ခုဟု ဆိုလိုက်သည်။ အချို့က သူတစ်ပါးထံ မျက်နှာအောက်ချ တောင်းစား ရ၍ သီလရှင်မလုပ်ချင်ဟု ပြောလေ့ရှိသည်။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးသည် စကြာမင်းစည်းစိမ်ကို ခံစားနေလျှင် အဘယ်မှာ တောထွက်နိုင်ပါမည်နည်း" ဟု တပည့်သီလရှင်များအား ဩဝါဒပေးရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

ဆရာကြီး ဒေါ်မာလာရီ၏ ပစ္စုပ္ပန် သီလစင်ကြယ်မှုမှာ ကိုယ်တွေ့မျက်မြင်ဖြစ်၍ လူတိုင်း သိနိုင်၏။ ကြည်ညိုနိုင်ကြ၏။ ဆရာကြီးသည် အသက် ၉၅ နှစ်ရှိပြီဖြစ်သော်လည်း ပြောပလောက်အောင် မျက်စိမှုန်ဝါး နားပါးလေးလံခြင်းမရှိ၊ သွားများလည်း အကောင်းပကတိပင်ဖြစ်၏။ ဆရာကြီးနှင့်တွေ့သူတိုင်းက "သီလ ကောင်းလိုက်တာနော်" ဟု အံ့ဩချီးမွမ်းကြရ၏။ ယခု ပစ္စုပ္ပန်ဘဝ၌ အသက်ရှည်ခြင်း၊ မျက်စိ နား သွား ပျက်ပြားယုတ်လျော့မှု မရှိခြင်းကို မြင်ရ၍ 'ကျိုးမြင်ကြောင်းသိ၊ အနုမာနနည်း' ဖြင့် အတိတ်ဘဝ၌ သီလစင်ကြယ်ခဲ့ပုံကိုလည်း မှန်းဆ သိနိုင်ပေသည်။

## သာသနာရေး အားပေးပုံ

မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို “သာသနာ” ဟုခေါ်၏။ ထိုအဆုံးအမ ဩဝါဒများ ရှည်ကြာစွာ တည်တံ့ပြန့်ပွားအောင် ဆောင်ရွက်ရသည့်အရေးသည် “သာသနာရေး” ဖြစ်၏။ မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒများသည် သတိမူ မှတ်သား၍ လိုက်နာကျင့်သုံးကြသည့် ရှင်ရဟန်းတို့၌ များသောအားဖြင့် တည်ရှိနေပေသည်။ ထို ရှင်ရဟန်းတို့၏ ကြီးပွားတိုးတက်ရေး စသော အရေးများသည်လည်း “သာသနာရေး” ပင် ဖြစ်ပေသည်။

မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒများကို ကိုယ်တိုင်သင်ယူကျင့်သုံးခြင်း၊ စပ်ရာစပ်ရာ ပုဂ္ဂိုလ်တွေ ကျင့်သုံးလာအောင် ဆောင်ရွက်ခြင်းသည် သာသနာရေး အားပေးခြင်းဖြစ်သည်။ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ သီလရှင်ဆရာတွေ ကြီးပွားတိုးတက်အောင် ချမ်းချမ်းသာသာဖြစ်အောင် ထောက်ပံ့ခြင်းသည်လည်း သာသနာရေး အားပေးခြင်းပင်ဖြစ်သည်။

ဆရာကြီး ဒေါ်မာလာရီသည် စာပေ ပရိယတ်ကို နှစ်ပေါင်းများစွာ သင်ယူခဲ့သည်။ မိမိနည်းတူ စာပေ ပရိယတ် တတ်ကျွမ်းသည့် သီလရှင်ဆရာတွေ များစွာ ပေါ်ထွက်လာစေရန် သမိဒ္ဓေါဒယကျောင် တည်ထောင်၍ စာပေပို့ချပေးခဲ့သည်။ ကိုယ်ကျင့်တရားကောင်းအောင် သွန်သင်ဆုံးမ၏။

သာသနာရေးနှင့်စပ်လာလျှင် သီလရှင်ကိုဖြစ်စေ၊ ရဟန်းကိုဖြစ်စေ မိမိတတ်နိုင်သည့်ဘက်မှ ကူညီအားပေးသည်။ ဥပမာ - သာသနာတွင် အဖိုးတန်ပုဂ္ဂိုလ်တစ်ပါးဖြစ်သည့် အောင်မြေဘုံစံ ဆရာတော် (အရှင်ဉာဏုတ္တရ) အား ၁၂၉၇ ခုနှစ်တွင် အောင်မြေဘုံစံကျောင်းတိုက်ကို တည်ထောင်ပေးခြင်းဖြင့် အားပေးကူညီခဲ့သည်။ ပစ္စည်းလေးပါး မလိုရအောင် အစဉ်မပြတ် ထောက်ပံ့လှူဒါန်းခဲ့သည်။

အကျင့်ကောင်း အနေအထိုင်ကောင်းပြီး စာပေ ပရိယတ် ပို့ချပေးနေသည့် မည်သည့်ဆရာတော်ကိုမဆို ကြည်ညို၏။ အခွင့်အခါသင့်တိုင်း စွမ်းနိုင်သည့်ဘက်မှ ထောက်ပံ့ကူညီခဲ့သည်။ ဆွမ်းတန် ဆွမ်း၊ သင်္ကန်းတန် သင်္ကန်း မနွမ်းရ မပန်းရအောင် လှူဒါန်းလေ့ရှိသည်။

“ဘုရားသာသနာမှာ ခရီးရောက်မည့်သူကိုတော့ သိပ်ပြီး ချီးမြှောက်ချင်တဲ့စိတ်ရှိ၏။ သာသနာမှာ ခရီးရောက်မည့် သူကား အလွန်ရှား၏” ဟု တပည့်သီလရှင်များအား ဩဝါဒပေးရာတွင် ထည့်သွင်း ပြောကြားခဲ့၏။

ပစ္စည်း နွမ်းပါး၍ စာပေကြိုးစားသော ကိုရင်ငယ်ကလေးများအား တတ်နိုင်သမျှ လှူဒါန်းထောက်ပံ့သည်။ ဆွမ်းဒကာ ဆွမ်းအမ၊ ရဟန်းဒကာ ရဟန်းအမ ရှာပေးတန် ပေးသည်။ အကျင့်စာရိတ္တကောင်းဖို့ စာပေကြိုးစားဖို့ ရိုသေစွာ သတိပေး လျှောက်ထားလေ့ရှိသည်။ စာသင်သားဘဝ ပစ္စည်းလေးပါး မပြည့်စုံသော ရဟန်းတော်ကလေးများအားလည်း တတ်နိုင်သမျှ လှူဒါန်း ထောက်ပံ့ခဲ့သည်။

နေ့စဉ်လည်း ဆွမ်းခံကြွလာသော သံဃာတော်များအား ဆန်တစ်ပြည် ချက်နှင့် ဆွမ်းဟင်း ၁၅ ခွက် နိစ္စဘတ် လောင်းလှူစေသည်။ နှစ်သစ်ကူး၊ ဝါဦး၊ ဝါကျွတ်၊ အခါကြီး ရက်ကြီးများ၌လည်း သက်ကြီးဝါကြီး ဆရာတော်များကို တစ်ချောင်လုံး သွားရောက်ကန်တော့စေသည်။

## တပည့်များအား ချီးမြှောက်ပုံ

"အာစရိယေန ဘိက္ခဝေ အန္တေဝါသိကော သင်္ဂဟေတဗ္ဗော အနုဂ္ဂဟေ တဗ္ဗော ဥဒ္ဒေသေန ပရိပုစ္ဆာယ ဩဝါဒေန အနုသာနိယာ"

"ရဟန်းတို့ ဆရာဖြစ်သောသူသည် တပည့်ဖြစ်သူကို ပါဠိ သင်ပေး ခြင်း၊ အဋ္ဌကထာ သင်ပေးခြင်း၊ ဩဝါဒပေးခြင်း၊ ဆုံးမသွန်သင်ခြင်း ဖြင့် ချီးမြှောက် မ,စရမည်။

ဆရာကြီး ဒေါ်မာလာရီသည် ဆရာ့တာဝန်ကို ကျေပြွန်စွာ ထမ်းဆောင် လျက်ရှိ၏။ တပည့် သီလရှင်များအား နှစ်ပေါင်းများစွာ စာပေပို့ချပေးခြင်းဖြင့် လည်းကောင်း၊ နေ့စဉ် ဆုံးမဩဝါဒပေးခြင်းဖြင့်လည်းကောင်း ချီးမြှောက်ခဲ့ပေ သည်။ မိမိထံ ပညာသင်ရန် ရောက်ရှိလာသော သီလရှင်ကလေးများအား သဒ္ဒါ သင်္ဂြိုဟ် စသော အခြေခံစာများကို အထူးဂရုစိုက်ပြီး သင်ကြားပေးလေ့ရှိသည်။

"စာဆိုတာ ငယ်ငယ်က သင်မှ အခြေ ဖြစ်တယ်၊ အခြေခံစာတွေ ကျေစေရတယ်၊ စာအခြေရမှ အထက်တန်း တက်နိုင်တာ၊ ညည်းတို့ ငယ်တုန်း ကြိုးစားကြတော့"

ဟု ဒေါ်မာလာရီက မကြာခဏ ဆုံးမလေ့ရှိသည်။

သီလရှင်ကလေးများ စာအံနေချိန်တွင် မည်သည့်ကိစ္စမျှ စေခိုင်းသည် ကိုမှ မကြိုက်ချေ။ ကိုယ်တိုင်လည်း စေခိုင်းလေ့မရှိပေ။ စာပေကြိုးစားပြီး အနေ

အထိုင် ရိုးသားသော သီလရှင်ကလေးများကိုမူ အထူးဂရုစိုက်လေ့ရှိသည်။ အစားအသောက် အနေအထိုင်မှအစ မဆင်းရဲရအောင် စောင့်ရှောက်လေ့ရှိသည်။ ပညာရည် ထူးချွန်သူဖြစ်ခဲ့လျှင် ဉာဏ်စွမ်းရှိသလောက် ကြီးပွားတိုးတက်စေရန် သင့်လျော်မည့် ဆရာသမားများထံ ကိုယ်တိုင် အပ်နှံပေးလေ့ရှိသည်။ ထိုပုဂ္ဂိုလ်မျိုးကိုလည်း များစွာ မြှောက်စားလေ့ရှိသည်။

"တွင်ကျယ်မည့် ပုဂ္ဂိုလ်ကို မြှောက်စားမှ သီလရှင်သာသနာ ကြီးပွားနိုင်မည်။ တွင်ကျယ်မည့်သူကို နှိမ်လျှင် ဘယ်အခါမှ မကြီးပွားနိုင်"

ဆရာကြီး ဒေါ်မာလာရီက တပည့် သီလရှင်များအား ဩဝါဒပေးရာ၌ ထည့်သွင်းပြောကြားခဲ့ဖူးသည်။

ဆရာကြီး ဒေါ်မာလာရီသည် တပည့်များအား ပရိယတ်ဖြင့် ချီးမြှောက်သကဲ့သို့ ပဋိပတ်ဖြင့်လည်း ချီးမြှောက်လေ့ရှိသည်။ သင့်လျော်မည့် တပည့်များကို အထောက်အပံ့ပေး၍ တရားအားထုတ်ရန် ရိပ်သာများသို့ ပို့ပေးသည်။ တရားရှုမှတ်ပွားများနည်းကိုလည်း စနစ်တကျ သင်ပြပေးသည်။

မမာမကျန်းဖြစ်သော တပည့်များကိုလည်း ကိုယ်ဖိရင်ဖိ ပြုစုသည်။ သင့်လျော်မည့် ဆေးဝါးဓာတ်စာများကို ရှာဖွေပေးသည်။ နားလည်သော ဆေးဆရာများကို ပင့်ခေါ်ပေးသည်။ မကြာခဏလာရောက်ပြီး အားပေးစကား ပြောကြားသည်။ မကျန်းမမာ ဖြစ်နေသည့်အခါ ပိုပြီး တရားနှလုံးသွင်းနေရန် သတိပေးသည်။

ဆရာကြီး ဒေါ်မာလာရီသည် တပည့်များအပေါ် ဆရာလိုလည်း ချီးမြှောက်သည်။ မိခင်လိုလည်း စောင့်ရှောက်သည်။ ဆရာကြီး၏ ပြုစုစောင့်ရှောက်မှုကို ခံယူခဲ့ကြရသော တပည့်များသည် ဆရာကြီး၏ ဂုဏ်ကျေးဇူးကို ပြောမပြီးနိုင် ရှိကြသည်။

"ဆရာ ဘုရားကတော့ တပည့်များကို စောင့်ရှောက်တဲ့ နေရာမှာ လိုလေသေး မရှိပါဘူး၊ ဆရာဘုရားကျေးဇူးကို တစ်ဘဝမပြောနဲ့ ဆယ်ဘဝဆပ်တောင် ကုန်နိုင်မယ် မထင်ပါဘူး"

## ဒကာ ဒကာမများနှင့် ဆက်ဆံပုံ

သီလရှင်များသည် အလှူခံပုဂ္ဂိုလ်များဖြစ်၍ ဒကာ ဒကာမများကို မှီခိုအသက်မွေးကြရသည်။ ဒကာ ဒကာမနှင့် မကင်းနိုင်ကြသဖြင့် အစဉ်ထာဝရ

ဆက်ဆံနေကြရသည်။ ဒကာ ဒကာမများနှင့် ဆက်ဆံရာဝယ် ပြေပြစ်ချောမွေ့စေရန် အလှူခံတို့ဘက်မှ 'အလိုက်သိမှု'သည် အရေးကြီးဆုံးအချက် ဖြစ်ပေသည်။

အလိုက်သိမှု ဆိုသည်မှာ ဒကာ ဒကာမများ၏ အထာ၊ ပစ္စည်း၏ ပမာဏ၊ မိမိ၏ လိုအပ်ချက်တို့ကို နားလည်ခြင်းဖြစ်သည်။

(၁) ပစ္စည်းဝတ္ထုကား များပါ၏၊ ဒကာ ဒကာမက အများကြီး လှူချင်၏၊ ပစ္စည်းပမာဏကို ကြည့်၍ အနည်းငယ်သာ အလှူခံသင့်သည်။

(၂) ပစ္စည်းဝတ္ထုကား နည်း၏၊ ဒကာ ဒကာမက အများကြီး လှူချင်၏၊ ပစ္စည်းပမာဏကိုကြည့်၍ အနည်းငယ်သာ အလှူခံသင့်သည်။

(၃) ပစ္စည်းဝတ္ထုကလည်း များ၏၊ ဒကာ ဒကာမကလည်း အများကြီး လှူချင်၏၊ မိမိလိုအပ်ချက်နှင့်အညီ သင့်ရုံမျှ အလှူခံသင့်သည်။

ဤ ၃ ချက်နှင့်အညီ လိုက်နာကျင့်သုံးပါမူ 'အလှူရှင်၊ အလှူခံ' တို့အကြား ကွာဟခြားနားချက်မထင် အစဉ်ပြေပြစ်နေပေလိမ့်မည်။ လာဘ်ဟောင်းခိုင်မာ လာဘ်သစ်တွေလည်း ဝင်လာနိုင်ပေသည်။ မကြည်ညိုသေးသူများပင် ကြည်ညိုစိတ် ဝင်လာနိုင်သည်။ ကြည်ညိုပြီးသူများလည်း အကြည်ညို တိုးပွားလာနိုင်သည်။

ဤစကားရပ်များကို အင်္ဂုတ္တိုရ်အဋ္ဌကထာ (ပ၊နှာ-၃၇၃) တွင် ရေးသားဖော်ပြထားပေသည်။

ဆရာကြီး ဒေါ်မာလာရီ ငယ်စဉ်က သမိန်ထောသို့ ပြန်သောအခါ ရန်ကုန်မြို့ရှိ ဆွေမျိုးများအိမ်၌ တည်းခိုလေ့ရှိသည်။ လမ်းမတော်၌ အစ်ကိုဝမ်းကွဲတော်သူ ဦးဘချိုတို့ မိသားစုရှိ၏။ ထိုအိမ်သို့ အလည်အပတ်သွားသောအခါ လမ်းမတော် သင်္ကန်းကုန်သည် ဦးစံဦး၊ ဒေါ်အိတို့ နေအိမ်ရှေ့မှ ဖြတ်သွားရသည်။ ဦးစံဦး၊ ဒေါ်အိတို့က ဒေါ်မာလာရီကို လမ်းဖြတ်သွားစဉ် မြင်သောအခါ ကြည်ညိုစိတ် ဖြစ်မိကြသည်။

တစ်နေ့သ၌ ဦးစံဦးက ဦးဘချိုနှင့် ဆုံမိသောအခါ မေးကြည့်သည်။

"ခင်ဗျားအိမ် ကြွကြွလာတဲ့ ဆရာလေးက ခင်ဗျားနဲ့ ဘာတော်သလဲ"

"ဟာ ကျွန်တော့်နှမ တော်ပါတယ်"

"ဘယ်မှာနေလဲ"

"စစ်ကိုင်းတောင်မှာလေ၊ သမိဒ္ဓေါဒယချောင် ဆရာပေ့ါဗျာ"

"အဲဒီဆရာလေး နေပုံထိုင်ပုံကြည့်ရတာ ကြည်ညိုစရာပဲဗျာ၊ ကျွန်တော် ဒကာခံချင်တယ်"

ဦးစံဦးသည် ဦးဘချို့အား စကားအနည်းငယ် ပြောဆိုပြီး ပြန်သွားသည်။ နောက်တွင် ဒေါ်မာလာရီနှင့် တွေ့ဆုံသောအခါ ဦးဘချို့က ဦးစံဦး ပြောသွားသည်ကို ပြန်လည်ပြောပြသည်။

"အို နေပါစေ၊ သီလရှင်လုပ်တာ ကိုယ့်ဟာကိုယ် ကောင်းပါတယ်၊ ဒကာ ဒကာမတွေနဲ့ ဆက်ဆံရတာ ဒုက္ခများပါတယ်"

ဒေါ်မာလာရီက ငြင်းပယ်ခဲ့သည်။

ဦးစံဦး၊ ဒေါ်အိတို့သည် ဒေါ်မာလာရီကို ပိုကြည်ညိုလာကြသည်။ ဒေါ်မာလာရီအတွက် တိုက်ဆောက်လှူမည်ဟု ဝန်ခံကြသည်။ ဒေါ်မာလာရီ နေသည့် ဇရပ်ဟောင်းကိုဖျက်၍ တိုက်တည်ရန် စီမံကြသည်။

ထိုအခါ ဒေါ်မာလာရီက 'လက်ရှိဇရပ်က ကောင်းသေးလို့ နေပါဦး' ဟု ဆိုင်းငံ့ထားသည်။ နောက်နှစ်တွင် ဆောက်ရန်ပြောသောအခါလည်း 'ဒီနှစ် နေပါဦး' ဟု ပြောပြန်သည်။ ထိုအခါ ဦးစံဦးက 'ဆရာလေးက ဇရပ်ဟောင်းကို နှမြောလို့ ထင်ပါရဲ့' ဟု ရယ်မောပြောဆိုလေသည်။ ဒေါ်မာလာရီက 'တစ်နှစ်ဖြင့် နေပါဦး၊ တစ်နှစ်ဖြင့်နေပါဦး' ဟု ဆိုင်းငံ့ထားခဲ့ရာ သုံးနှစ်မျှ ကြာသွားလေသည်။

ထိုအခါ ဦးစံဦး၊ ဒေါ်အိတို့က 'ဆရာလေး ဒီနှစ်တော့ လုပ်ဖြစ်အောင် လုပ်ပါ၊ ပစ္စည်းသခ်ါရ လူသခ်ါရ ဘယ်သူမှ မသိနိုင်ပါဘူး' ဟု ပြောဆိုကြသည်။ ဒေါ်မာလာရီသည် 'လုပ်ပါ့မယ်' ဟု တာဝန်ယူခဲ့ရ၏။ ဇရပ်ဟောင်းကိုဖျက်ပြီး ထိုနေရာ၌ ၃ ခန်း၊ ၄ ခန်း ၂ ထပ်တိုက် တည်စေသည်။ တိုက် စတည်သည့်နှစ်မှာ ပဲခူးတွင် အကြီးအကျယ် ငလျင်လှုပ်သည့် ၁၂၉၂ ခုနှစ် ဖြစ်၏။

ဒေါ်မာလာရီသည် တိုက်တည်ရာ၌ ငလျင်ဒဏ်ခံနိုင်ရန်၊ ရာသီဥတု မျှတစေရန် ရှေ့မျက်နှာတွင် အုတ်နံရံ တည်စေ၍ နောက်ကျောဘက်တွင် ပျဉ်ထောင်ကာစေသည်။ တန်ဖိုးငွေ တစ်သောင်းကျော် ကုန်ကျလေသည်။

ဆရာကြီး ဒေါ်မာလာရီသည် ရင်းနှီးသော ဒကာ ဒကာမ များပင် ဖြစ်စေကာမူ ဦးစံဦး၊ ဒေါ်အိတို့ကို မည်သည့်ပစ္စည်းမျှ မတောင်းခဲ့ဘူးချေ။ ပေးလှူသမျှဖြင့်သာ ကျေနပ်ရောင့်ရဲခဲ့ပေသည်။ ဦးစံဦး၊ ဒေါ်အိတို့ကား အလွန် သဒ္ဓါတရား ကောင်းမွန်သူများ ဖြစ်ကြသည်။ သံသရာငြီးငွေ့ရာတွင် ဦးစံဦးထက် ဒေါ်အိက သာသည်။

"ဒေါ်အိက သိပ်တော်တာပဲ၊ သားတစ်ယောက် ရကတည်းက စိတ်ညစ်ပြီး သံသရာဆို သိပ်ကြောက်တယ်၊ ဒါန သီလ သိပ်အားထုတ်တာပဲ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဒီဘဝရရင်ရ မရရင် နောက်ဘဝ ရရမယ်ဟု ပြောပြီး ကြိုးစားရှာတယ်" ဟု ဒေါ်မာလာရီက ပြောပြသည်။

ဆရာကြီး ဒေါ်မာလာရီသည် မိမိထံရောက်လာသော ဒကာ ဒကာမ များအား သာသနာတော်ကြီးနှင့် ကြုံတွေ့ခိုက် သီလစောင့်ထိန်းကြရန် အပ္ပမာဒ တရား လက်ကိုင်ထားကြရန်၊ ဗြဟ္မစိုရ်တရား ပွားများကြရန် တိုက်တွန်းလေ့ ရှိသည်။ ရိပ်သာအသီးသီးသို့ သွားရောက်ပြီး သမထ ဝိပဿနာအလုပ် အားထုတ်ကြရန် သတိပေးလေ့ရှိသည်။

ဆရာကြီး ဒေါ်မာလာရီသည် ဒကာ ဒကာမများနှင့် ဆက်ဆံရာတွင် အလိုက်သိသဖြင့် ပြေပြစ်ချောမွေ့၏။ ကြည်ညိုမိသူများ အကြည်ညိုပွားကြ၏။ ချစ်ခင်လေးစားကြ၏။ ဆုံးမဩဝါဒကို ရိုသေစွာ လိုက်နာကြ၏။

> "သီလရှင်များဟာ ဒကာ ဒကာမတွေ မှီပြီး အသက်မွေးကြရတာ၊ ဒီတော့ကာ 'ယထာလာဘသန္တောသ' ဆိုတာတွေကို နှလုံးသွင်းပြီး သလ္လေခတရား များများကြီး ထားရမယ်၊ 'ရလေ လိုလေ အိုတလွေ'၊ 'သောက်လေငတ်လေ ဆားငန်ရေ' ဆိုသလို မဖြစ်စေကြရ၊ ဒကာ ဒကာမများထံ အလှူခံတယ်ဆိုတာ တော်ရုံကောင်းတယ်၊ လောဘကို ရှေ့မထားကြနဲ့"

ဆရာကြီး ဒေါ်မာလာရီက တပည့် သီလရှင်များအား ဆုံးမဩဝါဒပေးရာတွင် ဒကာ ဒကာမ ဆက်ဆံရေးကို အလေးအနက် သတိပေးခဲ့လေသည်။

THITSARPARAMI 2009

အခန်း (၄)

# သီလရှင်ဖွားဘုရားကြီးဘဝ

## တာဝန်တွေထမ်းဆဲ

၁၃၃၇ ခု နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့တွင် ဆရာကြီးသည် ၉၅ နှစ်တင်းတင်း ပြည့်ပေတော့မည်။ ၉၅ နှစ် သက်တမ်းဆိုသည်မှာ လူတိုင်း မျှော်မှန်းနိုင်သော အရာမဟုတ်ပေ။ ယနေ့ လူတို့၏သက်တမ်းကို ၇၅ နှစ်တန်းဟု ယူဆကြ၏။ ထိုအတိုင်းမှန်ခဲ့လျှင် ဆရာကြီးသည် လူ့သက်တမ်းကိုပင် ကျော်နေပေပြီ။

အသက်ကြီးသူများကို အိုမင်းမစွမ်းဟု ဆိုကြ၏။ ဆရာကြီးကား အိုပင် အိုမင်းနေပြီဖြစ်သော်လည်း စွမ်းနေပေသေးသည်။ ယနေ့ထက်ထိ အနား မယူသေး။ ပရိယတ် ပဋိပတ် သာသနာ့တာဝန်တွေ ထမ်းဆောင်ဆဲပင် ဖြစ်သည်။

ဆရာကြီးနှင့် အတူနေ သီလရှင်ဆရာလေးများ ၂၇ ပါးခန့် ရှိသည်။ ဓမ္မာစရိယ ဒေါ်ဣန္ဒဝတီနှင့် ဒေါ်ကုလပတိတို့က ကြပ်မတ်အုပ်ချုပ်ပြီး စာပေ သင်ပေးကြ၏။ ဆရာကြီးသည် "ဒေါ်ဣန္ဒဝတီတို့ ဒေါ်ကုလပတိတို့ ရှိသားပဲ" ဆိုပြီး ကြောင့်ကြမဲ့ မနေချေ။ သီလရှင်လေးများကို အနီးခေါ်ပြီး စာကျက်တန် ကျက်ခိုင်းသည်။ စာပြန်တန် ပြန်ခိုင်းသည်။ ဒေါ်ဣန္ဒဝတီ၊ ဒေါ်ကုလပတိ တစ်ပါးပါး ခရီးသွားနေသောအခါမူ ဆရာကြီးက အားလုံး တာဝန်ယူ၍ စာပေပို့ချပေးသည်။ သဒ္ဒါရုပ် တွက်ပေးသည်။ သင်္ဂြိုဟ် သရုပ် ခွဲပေးသည်။

"ဒကာမကြီး ငယ်ငယ်က သင်ထားတဲ့ သဒ္ဒါ သင်္ဂြိုဟ်တွေ မေ့မကုန်သေးဘူးလား" ဟု စာရေးသူက မေးကြည့်သောအခါ "သိပ်မမေ့ပါဘူး၊ သူတို့ဆိုတာ နားထောင်ရင် မှားတယ် မှန်တယ် ပြောနိုင်ပါတယ်" ဟု ဖြေသည်။

ဆရာကြီးသည် မည်သူ့ကိုမဆို စာသင်မှ ကြိုက်၏။ အသက်အရွယ်ကြီးမှ ဝတ်လာသော သီလရှင်ကြီးများကိုပင် "ညည်းတို့ အလကား မနေကြနဲ့တော့၊ တစ်လုံးတတ်တတ် စာသင်ကြဦး" ဟု တိုက်တွန်းပြီး ခေါ်၍ သင်ပေးသည်။ ပရိတ်ကြီးတို့၊ မဒ္ဒစကြာတို့ ချပေးသည်။ အချို့စာမဖတ်တတ်သေးသော သီလရှင်ကြီးများပင် စာဖတ်တတ်သွားကြ၏။

ဆရာကြီးသည် မိမိကိုယ်တိုင်လည်း အအားမနေတတ်၊ အချိန်ရသရွေ့ စာဖတ်သည်၊ တရားမှတ်သည်။ စာဖတ်ရာ၌ မဟာစည်ဆရာတော်၏ တရားစာအုပ်များနှင့် မိုးကုတ်ဆရာတော် ဦးဝိမလ၏ တရားစာအုပ်များကို အများအားဖြင့် ဖတ်လေ့ရှိသည်။ ရံခါ သီလရှင်လေးများကို ဖတ်ပြစေပြီး နားထောင်လေ့ရှိသည်။

နံနက် အရုဏ်မတက်မီ အိပ်ရာမှထသည်။ အရုဏ်တက်ချိန်တွင် ဟောလစ်သောက်၍ ဘုရားရှိခိုးသည်။ ပြီးလျှင် အိပ်ရာထက်တွင် ရှုမှတ်နေကျ ဝိပဿနာအလုပ်ကို အားထုတ်သည်။ နံနက် ၆ နာရီအချိန်တွင် အာဟာရ တစ်မျိုးမျိုး မှီဝဲပြီးနောက် တရားနှလုံးသွင်းလျက် နေပြန်သည်။ နေ့ ၁၀ နာရီ အချိန်တွင် "ဇိဃစ္ဆပဋိစ္စ ရသေစ ဥပ္ပဇ္ဇတိ ဇိဝှါ-ဝိညာဏံ တိဏ္ဏံ သင်္ဂတိဖဿော" စသော ပါဠိကို ရွတ်ဆိုဆင်ခြင်ပြီး ထမင်းသုံးဆောင်သည်။ ထို့နောက် အချိုအချဉ် ဆက်လက်မှီဝဲပြီး နေ့ ၁၂ နာရီအချိန်တွင် တရားမှတ်ရင်း ခဏအိပ်စက်သည်။

နေ့ ၂ နာရီမှစ၍ ကိုယ်တိုင်လည်း စာဖတ်သည်။ ရံခါ သီလရှင်လေးများကို ဖတ်ပြစေပြီး နားထောင်သည်။ ထို့နောက် အနီးအပါးခေါ်ပြီး စာပြန်ခိုင်းတန် ခိုင်းသည်။ စာချပေးတန် ချပေးသည်။ ဤနည်းဖြင့် တစ်နေ့တာအချိန်ကို ကုန်လွန်စေသည်။

ညအချိန်တွင် သီလရှင်လေးများက လာရောက် နှိပ်နယ်ပေးကြ၏။ ထိုအခါ ဆုံးမစရာရှိ ဆုံးမသည်။ စာရွတ်ခိုင်းတန် ခိုင်းသည်။ ညအိပ်ရာမဝင်မီ ဘုရားဝတ်ပြုပြီး ၉ နာရီခန့်တွင် တရားမှတ်ရင်း အိပ်စက်သည်။

ဆရာကြီးသည် တစ်နေ့တာအချိန်ကို အလဟဿ မကုန်စေဘဲ မိမိအကျိုး၊ သူတစ်ပါးအကျိုးတို့ကို စွမ်းအားရှိသလောက် ဆောင်ရွက်သည်။ သာသနာတော်၏ အကျိုးကို သည်ပိုးသည်။ ဆရာကြီးသည် ၉၅ နှစ် ရှိပြီဖြစ်၍ အသက်ကြီးလှပေပြီ။ သို့ရာတွင် အိုမင်းမစွမ်းကား မဟုတ်။ တာဝန်တွေ ထမ်းဆောင်ဆဲပင် ဖြစ်သည်။

## ဆရာကြီး၏ ကျန်းမာရေး

"ကိုးဆယ့်တစ်နှစ်က အသက်တစ်ရာတိုင်အောင် ဆယ်နှစ်သည် သယန ဒသက၊ အိပ်ရာ၌သာ အိပ်၍နေရသော အရွယ်ဖြစ်၏" (ဥတ္တရဓောဇနေ သင်္ဂဟ၊ နှာ-၁၈)

ဆရာကြီးသည် ၉၅ နှစ်ရှိပြီဖြစ်၍ သယန ဒသက အရွယ်မှာဖြစ်သည်။ သို့ရာတွင် အိပ်ရာ၌သာ အိပ်နေရသည်မဟုတ်၊ သွားနိုင်လာနိုင် စာဖတ်နိုင် စာရေးနိုင် ဖြစ်၏။ မိမိနေရာ တိုက် အပေါ်ထပ် အောက်ထပ် ဆင်းချည် တက်ချည်နေ၏။

ကျောင်းအစ်မကြီး ဝိသာခါသည် သားသမီး မြေးမြစ်များနှင့်အတူ ရောနှောပြီးနေလျှင် "ဝိသာခါ ဘယ်ဟာလဲ" ဟု မေးယူရလောက်အောင် အရွယ်တင်သည်။ ဆရာကြီးအား ဝိသာခါလောက် အရွယ်မတင်သော်လည်း အသက်နှင့်စာလျှင်ကား အရွယ်တင်သည်ဟုပင် ပြောနိုင်၏။

ဆရာကြီး၏ မျက်လုံးသည် ကြည်လင်နေ၏။ ပါဝါ နှစ်ရာ သုံးရာခန့်ရှိ စာကြည့်မျက်မှန်ကို တပ်လိုက်လျှင် စာဖတ်နိုင်၏။ သွားများလည်း အကောင်း ပကတိပင်ဖြစ်သည်။ ၉၅ နှစ်တွင် နား အနည်းငယ် လေးသွားသည်။ အနည်းငယ် အသံမြှင့်ပြောမှ ကြားသည်။

ဆရာကြီးမှာ မကြာခဏ နှိပ်စက်တတ်သော ဆီးရောဂါ ရှိသည်။ ဆီးတိုးသည်၊ ဆီးအောင့်သည်။ ဆီးပူထပြီး ဖျားတတ်သည်။ ဆေးဝါးခတ်စာများဖြင့်လည်းကောင်း၊ လက်နှိပ်ဆရာ၊ ဆရာဝန်များဖြင့်လည်းကောင်း ပြုပြင်ကုသနေရသည်။ သင့်လျော်မည့် ဆေးဝါးခတ်စာများကို အမြဲ မှီဝဲသည်။ မြန်မာနည်း၊ နိုင်ငံခြားနည်း မျိုးစုံဖြစ်သည်။

ဆရာကြီးသည် ဆေးဝါးဓာတ်စာ အနေအထိုင် အသွားအလာတို့ဖြင့် ကာယကျန်းမာရေးကို ပြုပြင်၏။ အကျင့်သီလ သမာထ ဝိပဿနာတို့ဖြင့် စိတ္တကျန်းမာရေးကို ပြုပြင်၏။ ကာယကျန်းမာရေးရှိမှ စိတ္တကျန်းမာရေးရှိမည်။ စိတ္တကျန်းမာရေး ရှိမှလည်း ကာယကျန်းမာရေး ရှိနိုင်၏။ အပြန်အလှန်သဘောဖြစ်သည်။ ဆရာကြီးသည် ကာယ စိတ္တ နှစ်မျိုးလုံး ကျန်းမာအောင် ကြိုးစားလျက်ရှိသည်။

## ကြိုတင်ပြင်ဆင်မှု

၁၃၃၂ ခုနှစ် နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့တွင် ဆရာကြီးသည် အနှစ် ၉၀ တင်းတင်း ပြည့်ခဲ့လေသည်။ ထိုနေ့တွင် သမိဒ္ဓေါဒယ အနာဂတ်ခရီးအတွက် ကြိုတင်ပြင်ဆင်သောအားဖြင့် တပည့်ကြီးများအား အထူးတာဝန်ရပ်များကို အပ်နှင်းရန် သဘောတူခဲ့လေသည်။

တူမလည်းဖြစ် တပည့်ကြီးလည်းဖြစ်သော သီလရှင်လောကတွင် ပထမဆုံး ဓမ္မာစရိယဘွဲ့ရသော သမိဒ္ဓေါဒယ စာချဆရာကြီး ဒေါ်ဟေမာရီကို 'သမိဒ္ဓေါဒယချောင်ဆရာ' အဖြစ် သဘောတူသည်။

သမိဒ္ဓေါဒယ၌ ကြီး၍ နှစ်ပေါင်းများစွာ သမိဒ္ဓေါဒယအကျိုးကို စွမ်းစွမ်းတမံ သည်ပိုးရွက်ဆောင်တတ်သော၊ အရာရာတွင် ချက်ချက်ချာချာရှိသော ပထမကျော် စာချဆရာကြီး ဒေါ်ကဥ္စနာနှင့် စာပေဘက်တွင် ထက်ထက်မြက်မြက်ရှိသလောက် နိဝါတ နိမာန ရှိလှသော နဝမ ရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သော ပထမကျော်စာချ၊ စံကင်းဆရာကြီး ဒေါ်ပါရမီတို့ကို 'သမိဒ္ဓေါဒယ နာယက'အဖြစ် သဘောတူသည်။

တက်တက်ကြွကြွ စာပေပို့ချပြီး သမိဒ္ဓေါဒယ ပညာရေးကို ရှေ့တန်းတင်ကာ ဆောင်ရွက်နေကြသည့်ပြင် ဆရာကြီးကို ကိုယ်ဖိရင်ဖိ ပြုစုနေကြသော ဓမ္မာစရိယဘွဲ့ရများဖြစ်သော ဒေါ်ဣန္ဒဝတီ၊ ဒေါ်ကုလပတိ၊ ဒေါ်စရဝတီတို့ကို 'သမိဒ္ဓေါဒယ အနုနာယက စာချဆရာများ' အဖြစ် သဘောတူသည်။

ထိုနေ့တွင် ဆရာတော်ကြီးများကို ပင့်၍ အသိအမှတ်ပြုစကားလျှောက်ကြားသည်။ တာဝန်ပေးရန် သဘောတူခြင်းခံရသော တပည့်ကြီးများအား ဆရာကြီးက "ညီညီညွတ်ညွတ် ဆောင်ရွက်ကြပါဟု' မှာသည်။ ထိုတပည့်

ကြီးများသည် ဆရာကြီး၏ 'အမှာစကားအတိုင်း' သမိဒ္ဓေါဒယ၏ အနာဂတ်တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သွားကြပေလိမ့်မည်။

## မွေးနေ့ကုသိုလ်

အများအားဖြင့် လူရော ရှင်ပါ မိမိတို့၏ မွေးနေ့၌ ကုသိုလ်ကောင်းမှု ပြုလေ့ရှိကြ၏။ ဆရာကြီးလည်း ၁၃၁၁ ခုနှစ်မှစ၍ 'မွေးနေ့ကုသိုလ်' ပြုခဲ့ပေသည်။

"ဒကာမကြီး မွေးနေ့ကုသိုလ်လုပ်တာ ဘာရည်ရွယ်ချက်နဲ့လဲ၊ အသက်ရှည်အောင်လား" ဟု စာရေးသူက မေးကြည့်သည်။

"အသက်ရှည်အောင်ရယ်လို့တော့ မဟုတ်ပါဘူး၊ နိဗ္ဗာန်ရဲ့အထောက်အပံ့ဖြစ်အောင်ဆိုပြီး လုပ်တာပါပဲ၊ နောက်တော့ သံဃာတော်တွေပင့်ပြီး ခဲဘွယ်ဘောဇဉ်ကပ်ရတာဟာ သာသနာတော်ကို ချီးမြှောက်ရတာ တစ်မျိုးပဲ ဆိုပြီး သာသနာတော်ကြီး ချီးမြှောက်ချင်တဲ့ ရည်ရွယ်ချက်နဲ့ လုပ်ပါတယ်" ဟု ဖြေသည်။

ထို့နောက် ဆရာကြီးက ဆက်ပြန်သည်။

"နောက်တော့ မွေးနေ့လုပ်ရတာ ပလိဗောဓများလို့ စိတ်တောင်ပျက်မိပါတယ်၊ ဒီပလိဗောဓကလည်း ဝိပဿနာကို ဖျက်ဆီးတာပါလားလို့ တွေးမိတယ်၊ ချက်ရပြုတ်ရ စီမံရနဲ့ဆိုတော့ ပလိဗောဓတွေ သိပ်များတာပဲ၊ ဝိပဿနာအလုပ် မလုပ်နိုင်တော့ဘူး၊ ဣမံ ဒါနဝတ္ထုံ ခယဓမ္မံ ဝယဓမ္မံ"လောက်သာ ဆင်ခြင်နိုင်တယ်။ ဝိပဿနာအစစ် မဖြစ်နိုင်ဘူး။ လှူတန်းနေတုန်းတော့ 'ပရမတ်အနိစ္စ' မထင်နိုင်ဘူး၊ 'ပညတ်အနိစ္စ' လောက်နဲ့ ပြီးနေရတယ်"

ဆရာကြီးက မဟာစည်ဆရာတော်၏ ကမ္မဋ္ဌာန်းသံပေါက်လေးကို ဆက်ပြီး ရွတ်ပြသည်။

"ပညတ်အနိစ္စ၊ သိကာမျှ၊ အနတ္တ ဉာဏ်မပိုင်။
ပရမတ်အနိစ္စ၊ သိမြင်မှ၊ အနတ္တဉာဏ်ပိုင်သည်။
ဉာဏ်ပိုင် အနတ္တ၊ ပြည့်စုံမှ အရိယမဂ်ဉာဏ် ဆိုက်ရောက်သည်"

## ရွှေကျင် မယ်သီလ

ရန်ကုန် ဒေါ်ဉာဏစာရီသည် နှစ်စဉ်လိုလို ဆရာကြီး၏ မွေးနေ့တွင် လာရောက် လှူတန်းလေ့ရှိသည်။ ကိုယ်တိုင် မလာနိုင်သော နှစ်များတွင်လည်း တစ်ဆင့် ပို့လှူစေသည်။ ဒေါ်ဉာဏစာရီသည် ဆရာကြီးကို များစွာ ချစ်သည်။ ဆရာကြီး၏ မွေးနေ့ကို ခမ်းခမ်းနားနား ဖြစ်စေချင်သည်။

ဒေါ်ဉာဏစာရီသည် ၁၃၃၄ ခုနှစ်က ဆရာကြီးမွေးနေ့တွင် ဧည့်ခံရန် မန္တလေး စည်တော်ကြီးကို ငှားလာသည်။ ဓမ္မာရုံကြီးပေါ်တွင် စည်တော်ရှမ်းပြီး သံဃာတော်များကို ဆွမ်းကပ်သည်။ သီလရှင်များကို ပင့်ဖိတ်ကျွေးမွေးသည်။ ဤသို့ စည်ကားသိုက်မြိုက်စွာ ကျင်းပရသည်ကို ဒေါ်ဉာဏစာရီသည် ပျော်မဆုံး အောင် ဖြစ်နေသည်။

ဆရာကြီးသည် စည်တော်ကြီးပါလာသည် ဆိုကတည်းက မျက်နှာ ပျက်နေသည်။ ပြောရအခက် မပြောရအခက် ဖြစ်နေ၏။ သူ့စေတနာပျက်မည် ကိုလည်း စိုးသည်။ အကြံခက်နေ၏။ "ဒုက္ခပါပဲ ဟံသာဝတီဆရာ ဘယ့်နှယ် လုပ်မှန်း မသိပါဘူး" ဟု ညည်းရှာသည်။ (ရန်ကုန် ဟံသာဝတီရပ်ကွက်ရှိ သီလရှင် တိုက်၌ နေသောကြောင့် ဒေါ်ဉာဏစာရီကို ဟံသာဝတီဆရာဟု ခေါ်သည်) ဆရာ ကြီးသည် ဘုရားရုပ်ပွားတော်၏ နောက်ဘက်အခန်းသို့ စိတ်ညစ်ညစ်ရှိသဖြင့် သွားနေသည်။

ထိုစဉ် အချို့သီလရှင်ဆရာများသည် စည်တော်ကြီးသံဖြင့် ပျော်ရွှင်ပုံ ရသည်။ စားကြသောက်ကြ ကျွေးမွေးဧည့်ခံကြဖြင့် ရွှင်ရွှင်ပျပျ ရှိနေကြ၏။ ဆရာ ကြီးသည် ထိုအခြင်းအရာကိုကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေသည်။ အနီးအပါး ရောက်လာသော သီလရှင်များကို ဆရာကြီးက မဲ့မဲ့ရွဲ့ရွဲ့ ပြောသည် ...

"ညည်းတို့ ဆိုင်းသံဗုံသံတွေ နားထောင်ပြီး ပျော်နေကြတယ်ပေါ့လေ၊ ကိုယ့်သီလပျက်တာတော့ မသိကြဘူး၊ တို့မယ် ရှိတာမှ ၁၀ ပါးရယ်၊ ခု ညည်း တို့မှာ သီလမှ ရှိကြသေးရဲ့လားတော့"

မွေးနေ့ပြီးသည့် နောက်ရက်တွင် ဆရာကြီးက ဒေါ်ဉာဏစာရီကို ပြော သည်။

"ညည်း နောက်နှစ်မလာနဲ့တော့"

"ဘာလို့တုံး ဆရာဘုရား"

"ညည်းက ဆိုင်း သိပ်ကြိုက်တယ်၊ ဘာလေးဖြစ်ဖြစ် ဆိုင်းပါမှ၊ ငါက ဆိုင်း ဆိုရင် သိပ်မုန်းတာ၊ တို့က 'ရွှေကျင် မယ်သီလ' မို့ ဆိုင်းဆို သိပ်ကန့်လန့် ကျတယ်၊ ရွှေကျင်နားနဲ့ မတည့်ဘူး၊ နားမထောင်ချင်ဘူး"

## ဘုရားမပြင်ပါ

တစ်ခါက ဆရာကြီးသည် နွေရာသီတွင် ရန်ကုန် ဒေါ်ဉာဏစာရီထံ သွားရောက် နွေခိုသည်။ ထိုစဉ် ဒေါ်ဉာဏစာရီက လိုက်ပို့သဖြင့် ဆေးဝက်ဘာ ဆရာတော်ထံ ရောက်သွားသည်။ ဆေးဝက်ဘာ ဆရာတော်က ဘုရားဟောင်း များကို ပြုပြင်ပြီး သာသနာပြုနေကြောင်း စသည် ပြောပြပြီးနောက် "ဒကာမ ကြီးရော ဘုရားမပြင်ဘူးလား" ဟု မေးသည်။

ထိုအခါ ဆရာကြီးက "တပည့်တော် ဘုရားမပြင်ပါဘူး၊ ပြင်နိုင် လောက်အောင်လည်း ငွေမရှိပါဘူး၊ ဘုရားဟောတော်မူတဲ့ တရားတော်ကိုဖတ်ပြီး သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ တရားတော်ကိုပဲ နေ့စဉ် နာနေရပါတယ်" ဟု လျှောက်သည်။

"ဟာ ဒကာမကြီးက ဘုန်းကြီးထက် သာပါပေတယ်၊ လိုရင်း အလုပ် လုပ်နေတာကိုး" ဟု ဝမ်းသာအားရ ပြောဆိုပြီး "ဒကာမကြီး လိုချင်တာပြော၊ ဘုန်းကြီးရအောင် ဆောင်ရွက်ပေးမယ်" ဟု ဖိတ်ကြားလေသည်။

## သန္ဒိဋ္ဌိကောနဲ့ လွဲနေပြီ

ရန်ကုန် ဒေါ်ဉာဏစာရီထံ ဆရာကြီး ရောက်ရှိ နေထိုင်ခိုက်ဖြစ်သည်။ ဒေါ်ဉာဏစာရီသည် အတွင်ကျယ်ဆုံး အမျိုးသမီးသာသနာပြု သီလရှင်ဆရာကြီး တစ်ဦးဖြစ်၍ အလုပ်များလှပေသည်။ လာရောက်တွေ့ဆုံကြသော ဧည့်ပရိသတ် လည်း နေ့စဉ်မပြတ် ရှိနေသည်။ မင်းပိုင်း စိုးပိုင်း အရာရှိပိုင်းမှအစ လူတန်းစား အလွှာစုံ လာရောက်ကြသည်။ ဒေါ်ဉာဏစာရီသည် နေ့စဉ်ပင် ဟောရ ပြောရ ဧည့်ခံရဖြင့် မအားရအောင် ရှိနေသည်။

ထိုအခါ ဆရာကြီးသည် ဒေါ်ဉာဏစာရီကိုကြည့်၍ အရေးမကြီးသော အလုပ်များဖြင့် အချိန်ကုန်နေသည်ဟု မြင်သည်။ "မယ်ဉာဏ စာရီကိုတော့ ငါ သတိပေးဦးမှပဲ" ဟု စဉ်းစားမိသည်။ မိမိထံ ဆည်းကပ်လာချိန်တွင် ဒေါ်ဉာဏ စာရီကို သတိပေးစကား ပြောသည်။

"ညည်းမှာ ပလိဗောဓတွေ များလွန်းတယ်၊ ကိုယ့်တရားပင် ကိုယ်အားထုတ်ခွင့် မရတော့ဘူး၊ ဒီတော့ ဘယ့်နှယ်လုပ်မတုံး၊ သေခြင်းတရားကို လက်ကိုင်ထားဦးတော့၊ ညည်း ဒီလိုနဲ့ချည်း နေလို့တော့မဖြစ်ဘူး ထင်တယ်"

"ဆရာ ဘုရား၊ တရားဟောရတာပဲ ဥစ္စာ"

"အေး ညည်းဟာက 'သန္နိဋ္ဌာနကော စမ္မော' နဲ့ လွဲနေပြီ၊ ညည်းလုပ်တာတွေက အသန္နိဋ္ဌာနကတွေ များနေတယ်"

ထိုစဉ် 'ပွဲ့နတန်ဆာ ဆရာကြီး ဒေါ်ဓမ္မစာရီ' လည်း ဆရာကြီးနှင့်အတူ ရန်ကုန်လာနေသည်။ ပွဲ့နတန်ဆာ ဆရာကြီးက "ဆရာဘုရား ဟံသာဝတီဆရာကို တင်းတင်းပြောပါဘုရား" ဟု တိုက်တွန်းသည်။

"အေးကွယ် သိပ်တင်းတင်းကြီး ပြောလို့လည်း မဖြစ်ဘူးထင်တယ်၊ ငါက သူ့ထမင်းစားနေရတာ"

## အချစ်ဆုံး တပည့်

ဆရာကြီး၏ တပည့်ဖြစ်သူ ရန်ကုန် ဟံသာဝတီဆရာကြီး ဒေါ်ဉာဏစာရီသည် ၁၃၃၇ ခုနှစ် တန်ခူးလပြည့်ကျော် ၂ ရက်နေ့ (၂၇-၄-၇၅) ည ၉ နာရီ ၁၀ မိနစ် အချိန်တွင် ရန်ကုန် သီလရှင်တိုက်၌ပင် ကွယ်လွန် အနိစ္စ ရောက်သွားလေသည်။

တန်ခူးလပြည့်ကျော် ၃ ရက်နေ့တွင် ဒေါ်ဉာဏစာရီအကြောင်း ဆရာကြီးထံ တယ်လီဖုန်းလာသည်။ သို့ရာတွင် ထိုအကြောင်းကို ဆရာကြီးအား ရုတ်တရက် အသိမပေးဝံ့ကြသေးချေ။

ဒေါ်ဉာဏစာရီ မမာမကျန်းဖြစ်နေကြောင်းကား ဆရာကြီးအသိပင်ဖြစ်သည်။ ဆရာကြီးက မကြာခဏ စာဖြင့် လှမ်းပြီး သတင်းမေးသည်။ ထိုအခါ ဒေါ်ဉာဏစာရီက "သူမှာ ဆေးဝါးခါတ်စာ အပြုအစု အားလုံးပြည့်စုံကြောင်း၊ မသေခင် ဆရာဘုရားကို တွေ့ချင်သည့် ဆန္ဒတစ်ခုသာ မပြည့်စုံသေးကြောင်း" စာပြန်လာသည်။

"ညည်းကလည်း ဇရာဒုဗ္ဗလ ငါကလည်း ဇရာ ဒုဗ္ဗလ၊ ဘယ်သူ ဘယ်သူဆီမှ မသွားနိုင် မလာနိုင်ကြတော့ဘူး၊ အဲဒီတော့ ကိုယ့်တရားကိုယ် နှလုံးသွင်းနေပါ" ဟု ဆရာကြီးက စာပြန်လိုက်သည်။

ဒေါ်ဉာဏစာရီ ဆုံးသွားကြောင်း တယ်လီဖုန်းလာသောအခါ ဒေါ်ကဥ္စနာ၊ ဒေါ်ဟေမာရီ စသော တပည့်ကြီးများသည် ဆရာကြီးအား အသိပေးသင့် မပေးသင့် စဉ်းစားနေကြသည်။ ဖွားဘုရားကြီး စိတ်များ ထိခိုက်သွားမလားဟု စိုးရိမ်မကင်း ဖြစ်နေကြ၏။ ဆရာကြီး တိုက်သို့ လာလိုက် ပြန်သွားလိုက်ဖြင့် ကျန်းမာရေးအခြေအနေကို အကဲခတ်ကြသည်။ 'မယ်ကဥ္စနာတို့ မယ်ဟေမာတို့ လူးလာခတ်နေတယ်၊ အကြောင်းတစ်ခုခုတော့ ရှိပုံရတယ်" ဟု ဆရာကြီးက စဉ်းစားနေသည်။

ဆရာကြီးကို ပြုစုနေသူ ဒေါ်ကုလပတိသည် လိမ္မာပါးနပ်စွာပင် ဆရာကြီး နေ့စာမသုံးဆောင်ရသေးမီ အသိမပေးဘဲ ထားသည်။ အစာအာဟာရ သုံးဆောင်ပြီးသောအခါ စိတ်အေးလက်အေးရှိချိန်မှ "ရန်ကုန်က ဖွားဘုရားတော့ မရှိတော့ဘူး၊ ဘယ်သူသေသေ ငတေမာပြီးရော မဟုတ်လား ဖွားဘုရား" ဟု ရယ်ဖွယ်နှော၍ ပြောသည်။

"ဘယ်အချိန်က ဆုံးသတဲ့လဲ"

"မနေ့ည ၉ နာရီက ဆုံးတာပါတဲ့ ဘုရား"

"ညီးတို့ ဘယ်အချိန်က သိကြတာလဲ"

"မနက်ကတည်းကပါ ဘုရား"

"ညီးတို့က ငါ စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောကြတာလား၊ ငါက နှလုံးသွင်းပြီးသားပါအေ၊ မတုန်လှုပ်ပါဘူး"

ထို့နောက် ဆရာကြီးက ဒေါ်ဉာဏစာရီ၏ ဂုဏ်ကျေးဇူးတွေကို ပြန်လည်သတိရပြီး ဤသို့ မှတ်ချက်ချခဲ့ပေသည်။

"အင်း ... မယ်ဉာဏစာရီဟာ ငါ့ရဲ့ အချစ်ဆုံးတပည့်၊ ဘာမဆို သိပ်တော်တယ်၊ ငါကသာ လုပ်ချင်တယ်ပြောလိုက်ရင် ချက်ချင်း မဖြစ်ဖြစ်အောင် လုပ်ပေးတယ်၊ ဘယ်တော့မှလဲ ပြန်မပြောဘူး၊ သူသေသွားတာ သိပ်နာတယ်၊ ငါ့မှာ လက်ရုံးပြုတ်သွားတာပဲ"

## လူ့အိုကို သည်းခံနိုင်ခဲ့တယ်

၁၃၃၇ ခု တန်ဆောင်မုန်းလဆန်း ၁၀ ရက်နေ့က ကျိုက်လတ်ချောင် ဆရာကြီး ဒေါ်သီလဝတီသည် ဝါးခယ်မမှ ဧည့်သည်နှစ်ယောက်နှင့်အတူ ဆရာ

ကြီးထံ လာရောက်ကန်တော့သည်။ ထိုအခါ ဆရာကြီးနှင့် စပ်မိစပ်ရာပြောရင်း ကျိုက်လတ်ချောင်ဆရာက "အသက်ကြီးလာတော့ ဒီပြင်ဟာ ကိစ္စမရှိပါဘူး၊ ရသ တဏှာက ခက်နေတယ်၊ ချိုချိုချဉ်ချဉ် စားချင်တဲ့ စိတ်ကလေးက ရှိနေတယ်၊ ကြိုးစားပြီး နှိမ်တော့ နှိမ်ပါတယ်" ဟု ပြောသည်။

ထိုအခါ ဆရာကြီးက ပြောသည်။

"အဟာရ ပဋိကူလသညာ ရှောင်လိုက်ရင် ဒုက္ခတွေ အတော်အေးသွားတယ်၊ ကျိုက်လတ်ဆရာပြောတာ ဟုတ်ပါရဲ့ ကိုယ်လဲ ငယ်စဉ်တုန်းက ဘာချက်ကျွေးကျွေး၊ သူများချက်ကျွေးတာ စားလိုက်တာပဲ၊ ခု အိုလာတော့ ဇီဇာကျယ်လာပြီ၊ မကုလတို့ ငါ ဘာစားချင်တယ်ဆိုရင် ခိုင်းထား၊ စားပြန်တဲ့အခါကျတော့ မဟုတ်ပြန်ဘူး၊ တခြားဟာ စားချင်ပြန်ရော၊ ဒါကြောင့်မို့ သူတို့ကို ပြောရတယ်၊ လူအိုကို သည်းခံနိုင်ခဲတယ်အေ့၊ ခုတစ်မျိုး ခုတစ်မျိုး ဇီဇာကျယ်တတ်တယ်၊ ညီးတို့ သည်းခံကြလို့"

## သံသရာခရီး တိုမှကောင်းတယ်

၁၃၃၇ ခု တန်ဆောင်မုန်းလဆန်း ၁၃ ရက်နေ့တွင် မန္တလေးမှ ဧည့်သည် ဒကာ ဒကာမအချို့ ဆရာကြီးထံ ရောက်လာကြသည်။ ဆရာကြီးနှင့် စကားစမြည်ပြောပြီး ပြန်ရန် ကန်တော့ကြသည်။

ထိုအခါ မိမိအား လာရောက်ကန်တော့ကြသော ဒကာများကို ဆရာကြီးက မေးသည်။

"မင်းတို့ တရားများ အားထုတ်ကြရဲ့လား"

"အားထုတ်ပါတယ် ဖွားဘုရား"

"ဘာတရားများ အားထုတ်သလဲ"

"ဗုဒ္ဓါနုဿတိပါပဲ"

"ဘယ်လိုအားထုတ်သလဲ"

"အရဟံ အရဟံနဲ့ ဘုရားကို အာရုံပြုပြီး ပုတီးစိပ်ပါတယ်"

"နို့ ပုတီးစိပ်တော့ ဘာတွေထင်သလဲ"

ထိုအခါ ဒကာတစ်ဦးက "ဘာတွေထင်တယ်တော့ မပြောပါရစေနဲ့ ဖွားဘုရား၊ ထင်တော့ ထင်ပါတယ်၊ ထင်တာတွေကို တပည့်တော် ပြောလေ့မရှိပါဘူး" ဟု ဖြေသည်။

ဆရာကြီးသည် ထိုဒကာကို ခဏ အကဲခတ်ပြီး သတိပေးစကား ပြောသည်။

"အင်း ဗုဒ္ဓါနုဿတိဆိုတော့ သမထပါပဲ၊ သမထ အခြေခံပိုင်ရင် ဝိပဿနာ လွယ်ပါတယ်၊ ဝိပဿနာလည်း လုပ်ဦးပေါ့၊ ဒို့တတွေဟာ သံသရာခရီး သွားနေတာပဲကွယ့်၊ သံသရာခရီးဆိုတာ တိုမှကောင်းတယ်၊ ရှည်နေရင် မကောင်းဘူး၊ ဒါတောင်မှ ဘုရားသာသနာနဲ့ တွေ့ရလို့ သံသရာခရီး တိုမှန်းရှည်မှန်း သိရတာ၊ ဘုရားသာသနာမရှိရင် တိုမှန်းရှည်မှန်းအောင် သိမယ်မထင်ဘူး"

## သံသရာမကြောက်သူ

စာရေးသူသည် ဆရာကြီးထံ မကြာခဏ ရောက်ပါသည်။ တစ်ခါက ဆရာကြီးနှင့် စကားစမြည်ပြောရင်း "ဒကာမကြီး ဘာဆုတောင်းလဲ" ဟု မေးကြည့်မိသည်။ ဆရာကြီးက ဖြေသည်။

"တပည့်တော် ဘာဆုမှမတောင်းဘူး၊ ဒီဘဝ နိဗ္ဗာန်ရချင်တာပဲ"

ထို့နောက် ဆရာကြီးက ငယ်စဉ် အတွေ့အကြုံတစ်ခုကို ဆက်ပြောသည်။

"ငယ်ငယ်တုန်းက အစ်ကို (စိန်ဇနီ) က ပြောတယ်၊ ငါ ဘုရားဆုတောင်းထားတယ်၊ ငါ့မှာ လက်ျာရံဆုတောင်းမယ့်သူ မရှိသေးဘူး၊ နင်ဆုတောင်းပါလားတဲ့၊ အမယ်လေး မတောင်းပါရစေနဲ့၊ သံသရာရှည်မှာ သိပ်ကြောက်တယ်၊ တော်ကြာ မတော်တဆများ အပါယ်လေးဘုံ ခြေချော်သွားရင် ကိုယ်ကျိုးနည်းရချည့်လို့ တပည့်တော်က ပြောရပါတယ်"

ဆရာကြီးက စကားဆက်ပြန်သည်။

"ဘုရားဆုတောင်းတယ်ဆိုတာ သိပ်သတ္တိကောင်းလို့ တောင်းနိုင်တာ၊ ဘုရားဆုတောင်းတဲ့သူက သံသရာမကြောက်ဘူး၊ ဘယ်ဘုံရောက်ရောက်ပဲ၊ ပါရမီပြည့်တဲ့ တစ်နေ့ကျ သူက ဘုရားဖြစ်မှာကိုး၊ တပည့်တော်ကတော့ သံသရာရှည်မှာ သိပ်ကြောက်တယ်၊ ဘုရားဆုတောင်းရလောက်အောင်လဲ ကိုယ့်မှာ သတ္တိမရှိဘူး"

## ဝိပဿနာ ပွဲပို့ကိုက်သေမယ်

ဆရာကြီးသည် သေခြင်းတရားကို စဉ်းစားဆင်ခြင်လေ့ရှိသည်။ အောက်မေ့လေ့ရှိသည်။ ၃၆ နှစ်အရွယ်က သမိန်ထောသို့ ခေတ္တရောက်နေစဉ် ညီမဖြစ်သူကို ပြောသည်။

"ငါ စစ်ကိုင်းပြန်မှုပဲ"

"ဘာလို့လဲ"

"ငါ ဒီနှစ် ၃၆ နှစ်တော့၊ ၃၆ နှစ်က သေတတ်တယ်၊ သေခြင်းသေ စစ်ကိုင်းပြန်သေမယ်"

ဆရာကြီးသည် ထိုစဉ်က စစ်ကိုင်းသို့ ပြန်လာခဲ့၏။ သို့ရာတွင် ဆရာကြီးထင်သလို မသေခဲ့ပါ။ အသက် ၈၆ နှစ်တွင် ရန်ကုန် ဒေါ်ဉာဏစာရီထံ သွားနေသည်။ ၆ လခန့်ကြာ၏။ ထိုစဉ်က ဒေါ်ဉာဏစာရီနှင့် စပ်မိစပ်ရာပြောရင်း "ငါ့ ဒီနှစ် ၈၆ နှစ်ထဲရောက်ပြီ၊ ၈၆ နှစ်မှာ သေတတ်တယ်၊ ငါသေရင် ဘယ်သေရမှန်း မသိဘူး" ဟု ဆိုသည်။

"ဆရာဘုရားသေရင် ရန်ကုန်မှာသေပေါ့"

"ဘာတုန်း ညီးနဲ့နီးလို့လား"

"တင်ပါ့ဘုရား"

သို့ရာတွင် ထိုစဉ်ကလည်း ဆရာကြီးထင်သလို မသေခဲ့ပါ။

ဆရာကြီးသည် ယခု အသက် ၉၅ နှစ်ထဲမှာ ဖြစ်၏။ ၁၃၃၇ ခု နတ်တော်လပြည့်ကျော် ၁၄ ရက်နေ့တွင် ၉၅ နှစ် တင်းတင်းပြည့်မည်။

"၉၆ နှစ်ထဲဆိုရင် သေမှာထင်ပါရဲ့ သေရင်တော့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာ တရား ၄ ခု လုပ်ထားတာပဲ၊ အဲ ဒီတရားထဲက ဝိပဿနာတရားကို ပွေ့ပိုက်သေရမှာပဲ"

ဆရာကြီးသည် သေခြင်းတရားနှင့် ရင်ဆိုင်ရန် အသင့်ပြင်ထားသည်။ အထူးသဖြင့် သေခါနီးတွင် ဝိပဿနာတရား နှလုံးသွင်းပြီး သေနိုင်ရန်အတွက် ကြိုးစားလျက်ရှိသည်။

ဝိပဿနာတရားသည် ဆရာကြီးအတွက် "အသေရဲဆေး'တစ်ခွက် ဖြစ်သည်။

ဆရာကြီးက ပြောသည်။

"သေရမှာ မကြောက်ပါဘူး၊ ကိုယ့်မှာ အားကိုးရာတွေ အများကြီးပဲ သူတော်ကောင်းဥစ္စာတွေ တစ်ပုံကြီးပဲဥစ္စာ၊ ငါ့မှာ စိတ်ကောင်းရှိတယ်၊ ငါသေရင် သုဂတိဘုံ ရောက်မှာပဲဆိုပြီး မကြောက်ဘူး၊ တစ်ခုတော့ စိုးရိမ်မိတယ်၊ သုဂတိဘုံ ရောက်ပြီး အယူမှား လွဲသွားလေမလားဆိုတာ"

ဆရာကြီးက စကားဆက်ပြန်သည်။

"တစ်နေ့က သေကြည့်တယ်၊ ကိုယ်မှန်းတဲ့ဘုံရောက်ရင် သစ္စာနုလောမိကဉာဏ် ရှိထားလို့ တစ်မဂ်တစ်ဖိုလ် မြန်မြန်ရမယ်လို့ ထင်တာပဲ"

"ခေတ်ပျက်ပြီးစတုန်းက သေရမှာ သိပ်ကြောက်တယ်၊ ဘာလို့လဲ ဆိုတော့ အဲဒီတုန်းက ကိုယ့်မှာ ဘာမှမရှိဘူး၊ ရထားတဲ့ သမာဓိတွေကလည်း အကုန်ပျက်၊ ဘာတရားမှ မိမိရရ လက်ကိုင်မရှိဘူး၊ ငါ ခုနေများသေရင် ကိုယ် ကျိုးနည်းရချည်ရဲ့လို့ သေရမှာ သိပ်ကြောက်သွားတယ်"

"သေခါနီးမှာ ဝေဒနာက ပြင်းထန်မှာ၊ သေလောက်အောင် ပြင်းထန်လို့ သေရတာကိုး၊ ကိုယ်က မိမိရရ တရားလက်ကိုင်ရှိထားမှ ဝေဒနာဖိတာ ခံနိုင်မှာ၊ မခံနိုင်လို့ ဒေါမနဿတွေဖြစ်ပြီး ဘုန်းကြီး မယ်သီလတွေ ဒီနေရာ ဂတိလွဲကုန်ကြတာပဲ၊ အဲဒီတော့ ဝေဒါနာဖိလာရင် သစ္စာနုလောမိက ဉာဏ်နဲ့ ထိန်းပေးရမယ်၊ "ဒုက္ခဝေဒနာပဲ ငါမဟုတ်ဘူး" လို့ ငါနဲ့ဝေဒနာခွဲမှ၊ ငါနဲ့ ဝေဒနာတွဲနေရင် သက္ကာယဒိဋ္ဌိဖြစ်ပြီး ဒုက္ခတွေ့ရော"

ဆရာကြီးသည် သေခြင်းတရားနှင့် အချိန်မရွေး ရင်ဆိုင်ရန် အသင့်ပြင်ထားသည်။ သစ္စာ နုလောမိကဉာဏ် ခိုင်မာအောင် ရင့်သန်အောင် ကြိုးစားနေ၏။ ဘယ်နေ့ ဘက်ရက် ဘယ်အချိန်သေသေ သေခါနီးဖြစ်လာမယ့် ဝေဒနာကို သစ္စာနုလောမိက ဉာဏ်ဖြင့် ထိန်းရန် အဆင်သင့်ဖြစ်နေသည်။

သို့ရာတွင် ဆရာကြီးကား သေခြင်းတရားကို တော်တော်နှင့် ရင်ဆိုင်ရဦးမည် မထင်ပါ။ အသက်ရာကျော် ရှည်လိမ့်ဦးမည် ထင်ပါသည်။ အသက်ရှည်နေသမျှ ကာလပတ်လုံးလည်း ဆရာကြီးသည် မိမိအကျိုး သူတစ်ပါးအကျိုး သာသနာတော်အကျိုးကို ဆောင်ရွက်နေမည်သာဖြစ်သည်။ မိမိ သူတစ်ပါး နှစ်ဦးသားလုံး အကျိုးရှိရာရှိကြောင်း သာသနာတော်ကြီး တိုးတက်ရာ တိုးတက်ကြောင်းကို ဆောင်ရွက်ကြိုးကုတ် အားထုတ်နေခြင်းပင် ဆရာကြီး၏ အလုပ်ဖြစ်ပေသည်။

## ဆရာကြီး၏လက်သို့

ဤတွင် "သမိဒ္ဓေါဒယဆရာကြီး ဒေါ်မာလာရီ နှစ် ၉၀ ကျော် ဘဝခရီး" အကြောင်း အထုပ္ပတ္တိကို ခေတ္တ ရပ်နားလိုက်ပါသည်။ ဆရာကြီး ဒေါ်မာလာရီ၏ ဘဝခရီးကား မဆုံးသေးပါ။ ရာကျော်ခရီးတိုင် လျှောက်သွားလိမ့်ဦးမည်ဟု မျှော်မှန်းမိပါသည်။

ဆရာကြီးနှင့် အကြိမ် ၃၀ ကျော် တွေ့ဆုံ၍ မှတ်တမ်းတင်အပ်သော ဤအထုပ္ပတ္တိစာမူကို ၁၃၃၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ ညနေ ၄ နာရီအချိန်တွင် ဆရာကြီး ဒေါ်မာလာရီ၏လက်သို့ အပ်နှင်းလိုက်ပါသည်။ ဆရာကြီးသည် တစ်လက်မခန့်ထူသော စာမူကြီးကိုကြည့်ပြီး "ဟင် စာအုပ်ကြီးကလဲ အထူကြီးပဲနော်၊ တပည့်တော်ရဲ့အကြောင်းတွေ အကုန်ရေးထားတာ ထင်ပါရဲ့" ဟု ပြုံးရွှင်စွာ ပြောဆိုလေ၏။

တရားရှင်ဖြစ်၍ ထာဝစဉ် ကြည်လင်နေသော ဆရာကြီး၏ မျက်နှာမှာ ထိုနေ့က ပိုပြီး လန်းဆန်းနေသည်ဟု ထင်ရပါသည်။ ထိုနေ့ကလို ကြည်လင်လန်းဆန်းသော ဆရာကြီး၏ မျက်နှာမျိုးကို နောင်အနှစ်တစ်ရာပတ်လုံး မြင်ရပါမူ ကောင်းလေစွဟု တောင့်တမိပါသတည်း။

**အရှင်နန္ဒမာလာဘိဝံသ**
**(၁၈-၁၁-၇၅)**

## နောက်ဆက်တွဲ မာတိကာ

(က) ဆရာကြီး ဒေါ်မာလာရီ၏ ဇာတာ။

(ခ) ထင်ရှားသော တပည့်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်း။

(၁၉၇၅ ခုနှစ်က ပြုစုခဲ့သော စာရင်းအတိုင်း ဖော်ပြထားပါသည်။)

ဒေါ်ပုညဝတီ။

ဒေါ်ဝဏ္ဏမာလီ။

ဒေါ်ခေမာစာရီ။

ဒေါ်သုနန္ဒီ။

ဒေါ်ဓမ္မစာရီ။

ဒေါ်ဉာဏစာရီ။

ဒေါ်မေစာရီ။

ဒေါ်ကဥ္စနာ။

ဒေါ်ပါရမီ။

ဒေါ်ဟေမာရီ။

ဒေါ်ပုဏ္ဏမီ။

(ဂ) ယခု သမိဒ္ဓေါဒယကျောင်းတွင် အုပ်ချုပ်နေသော ကျောင်းဆရာကြီးနှစ်ပါး


(၂၀၁၄ ခုနှစ်)

ဒေါ်ကုလပတိ။

ဒေါ်စရဝတီ။

THITSARPARAMI 2009

## သမိဒ္ဓေါဒယဆရာကြီး ဒေါ်မာလာရီ၏ဇာတာ




စဉ်
၁၇
၂
၃
၂၅
၄၂

ဇေယျတု သဗ္ဗမင်္ဂလံ။

သက္ကရာဇ် ၁၂၄၂ ခု၊ ဒီဃံ။ ကလိယုဂ်၊ ၄၉၈၁၊ ရဿ ၁၄၂၊ သုဒ္ဓဒိန် ၂၆၁၊ ကောလီခာတ် ၂၇ နှစ်ဆန်း၊ ဝေါဟာရမာသ နတ်တော်လပြည့်ကျော် ၁၄ ရက်၊ ၅-တေးနေ့၊ နံနက်၊ မြန်မာတစ်ချက်တီးကျော်၊ ၇ နာရီပါဒ်ပြည့်၊ ၁၄-ဗီဇနာ၊ ပြည့် ၉ခရာ၊ ပထမဟောရတ်၊ ၃-ဂိဏ်,တြင်း၊ ၄-ဟူးနဝင်း၊ ဓနုလက်၊ ဗြိဿာစန်း၊ လက်စီးနက္ခတ် ၁၈-လုံး၊ ၂ပတ်၊ ၆-ဃဋီ၊ ၃၅-ဝိဃဋီထက်၊ လက်စီးလျက် ထိုနာရီ၏ တည့်နက္ခတ်သော်ကား၊ စိတြနက္ခတ်၊ ပထမပတ် မွန်းတည့်မတ်သောအခါ မင်္ဂလာတွင် ရတနာသုံးပါး၊ ဦးထိပ်ထားလျက် ကြန်အင်လက္ခဏာနှင့် ပြည့်စုံသော သတို့သမီးကို မာတာမိခင် သန္ဓေစင်သည် မည်တွင်သညာ ခေါ်စရာကား မယ်မာလာရီ ဇာတာ။

https://thitsarparami.org

## ရန်ကုန်မြို့အလယ်တောရ
## သမိဒ္ဓေါဒယ မော်လမြိုင် စာသင်တိုက်
## ဒေါ်ပုညဝတီ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်ပုညဝတီသည် ညောင်ခြေထောက်မြို့ဟောင်း သိမ့်ဒါယကာကြီး ဦးရွှေဇက်၊ သိမ့်ဒါယိကာမကြီး ဒေါ်အောင်တို့၏ ရင်နှစ်သည်းချာ ဖြစ်သည်။ ၁၂၅၂ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သည့် သတ္တမမြောက် သမီးရတနာဖြစ်သည်။

တစ်ဆယ့်နှစ်နှစ် သမီးအရွယ်မှစ၍ ပရမတ္ထ သံခိပ်သဂြိုဟ်ကို ကျက်မှတ်သင်ယူခဲ့သည်။ ဓနုဖြူမြို့လယ်တီဆရာတော်ကြီး ကြီးမှူးကျင်းပအပ်သော အဘိဓမ္မာစာမေးပွဲ၌ (၁၄) နှစ်သမီးအရွယ်မှာ အောင်မြင်ခဲ့သည်။ သံသရာ ညွှတ်ကွင်း ဝဋ်အတွင်းမှ လွတ်မြောက်လိုသည့်ဆန္ဒ ပြင်းပြလှသဖြင့် ၁၂၇၅ ခု၊ ဝါဆိုလဆုတ် ၃ ရက်၊ (၂၃-နှစ်) သမီးအရွယ်အတွင်း မြင့်မြတ်သော သီလရှင် အဖြစ်သို့ ရောက်ရှိခဲ့သည်။ တောင်ငူမြို့ သိမ်တောင်တောရကျောင်းတိုက်ကြီး တွင် သိမ်တောင် ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူခဲ့သည်။

သီလရှင်အဖြစ်သို့ရောက်ပြီးနောက် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါချောင် ဆရာကြီးအထံ၌လည်းကောင်း၊ ညဝါအကျော် "ထရံကာဆရာကြီး ဦးအုန်းညွှန့်" အထံ၌လည်းကောင်း နေ့ဝါ၊ ညဝါများကို သင်ကြား အားထုတ်ခဲ့သည်။

သမိဒ္ဓေါချောင်ဆရာကြီးအထံ၌လည်းကောင်း၊ တောင်ငူမြို့ ရွှေဆံတော်

ဘုရားအနီး ဝန်ထောက်ကတော်ကြီးကျောင်းတိုက်၌လည်းကောင်း၊ ပရိယတ္တိစာပေများ ပို့ချလျက် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့သည်။

ယခုအခါ ရန်ကုန်မြို့ အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက်၌ "သာသနဟိတကာရီ သီလရှင်အသင်းကြီး စာမေးပွဲ" တွင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လျက်၊ တစ်ဖက်တစ်လမ်းမှလည်း ပဋိပတ္တိလုပ်ငန်းကို ကြိုးစားလျက်ရှိသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ပါဠိပထမပြန် စာမေးပွဲ၊ ပထမငယ်တန်း၊ ပထမလတ်တန်း၊ ပထမကြီးတန်းနှင့် စစ်ကိုင်းမြို့ ဝံသာနုစာမေးပွဲ အလတ်တန်းတို့ကို အောင်မြင်ခဲ့သည်။

## ရန်ကုန်မြို့ အလယ်တောရ
## သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက်
## ဒေါ်ဝဏ္ဏမာယီ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်ဝဏ္ဏမာယီသည် ပဲခူးမြို့အပိုင် တာဝရှာ ဘုရားဒကာကြီး ဦးထွန်း၊ ဘုရားဒကာမကြီး ဒေါ်ငြိမ်းအေးတို့၏ တစ်ဦးတည်းသော သမီးရတနာဖြစ်သည်။ ၁၂၅၃ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်မှ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သည်။ ဒေါ်ဝဏ္ဏမာယီသည် ငယ်ရွယ်စဉ်အခါကပင် အဘိဓမ္မာ စာပေများ သင်ကြားခွင့် ရရှိခဲ့သည်။

၁၂၇၄ ခုနှစ် (၂၁) နှစ် အရွယ်တွင် စစ်ကိုင်းတောင်ရိုး ဂူနီကျောင်းဆရာကြီး ဒေါ်ဓမ္မကို ဥပဇ္ဈာယ်ပြု၍ မိဘဖြစ်သူ ဦးထွန်း၊ ဒေါ်ငြိမ်းအေးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့သည်။ သီလရှင်အဖြစ်သို့ ရောက်ပြီးနောက် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယကျောင်းဆရာကြီး အထံ၌၎င်း၊ "ထရံကာဆရာကြီး ဦးအုန်းညွန့်"အထံ၌၎င်း၊ နေ့ဝါ ညဝါများကို အပတ်တကုတ် ကြိုးစားအားထုတ် သင်ယူခဲ့သည်။

ဇရပ်ဒကာ သူဌေး ဦးချစ်ခိုင်၊ သူဌေးကတော် ဒေါ်ဒေါ်သက်တို့၏ ပင့်ဖိတ်ချက်အရ မော်လမြိုင်မြို့ တောင်ပိုင်း ပဓာနိကာရုံကျောင်းတိုက်၌ ဆယ်နှစ်ဆယ်မိုး ပရိယတ္တိစာပေများ ဆင့်ပွား ပို့ချခဲ့သည်။ မော်လမြိုင်မှ ပြန်လာပြီးနောက်၌ အဂ္ဂမဟာပဏ္ဍိတ အလယ်တောရ ဆရာတော်ဘုရားကြီး ဦးကောသလ္လ

သည် "သမိဒ္ဓေါဒယ မော်လမြိုင် စာသင်တိုက်" အမည်ဖြင့် စာသင်တိုက် ဖွင့်စေသဖြင့် ဤစာသင်တိုက်မှာပင် ပရိယတ္တိစာပေများ သင်ကြား ပို့ချပေးခဲ့သည်။

၁၂၉၈ ခုနှစ်တွင် အလယ်တောရ ဆရာတော် ဘုရားကြီးကို အကြီးအမှူးပြု၍ "အမျိုးသမီး ပရိယတ္တိ အာဂုံ စာပြန်ပွဲ"ကို ပြုလုပ်ကျင်းပခဲ့သည်။ ဤအမျိုးသမီး ပရိယတ္တိ အာဂုံ စာပြန်ပွဲဌ်ရင်း၊ သာသနာ့ဟိတကာရီ သီလရှင်အသင်းကြီး စာမေးပွဲဌ်ရင်း၊ နာယကအဖြစ် ယနေ့တိုင် ထမ်းဆောင်လာခဲ့သည်။ ယခုအခါ အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင် စာသင်တိုက်တွင် ပဋိပတ္တိကျင့်စဉ်အလုပ်တို့ကို အားထုတ်လျက် ရှိသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ပါဠိ ပထမပြန် စာမေးပွဲ၊ ပထမငယ်တန်းနှင့် စစ်ကိုင်းမြို့ ဝံသာနုစာမေးပွဲ အလတ်တန်းတို့ကို အောင်မြင်ခဲ့သည်။

## မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း
## အိမ်တော်ရာကျောင်းတိုက် ဒေါ်ခေမာစာရီ၏
## အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်ခေမာစာရီသည် မအူပင်မြို့ လယ်ဝန်ကြီး-ဦးလွန်းမောင်၊ လယ်ဝန်ကတော် ဒေါ်ရွှေညွှန့်တို့မှ ၁၂၅၄ ခုနှစ်၊ တော်သလင်း လပြည့်ကျော် (၁၄) ရက် တနင်္လာနေ့တွင် ဖွားမြင်သည့် သမီးရတနာဖြစ်သည်။ ငယ်မည်မှာ 'မငွေစော' ဖြစ်သည်။ မငွေစောလေး ၄ နှစ် သမီး အရွယ်တွင် ဖခင်ကြီးမှာ အလုပ်ကိစ္စဖြင့် ဖျာပုံသို့ ပြောင်းရွှေ့ခဲ့ရသည်။ ဖျာပုံမြို့ ဆရာကြီး ဦးအောင်ထွန်းကား ကံ့ကူလက်လှည့် လက်ဦးဆရာပင် ဖြစ်သည်။ ဆရာကြီးကျောင်း၌ တစ်နှစ် တစ်တန်း တစ်ဂဏန်းမှ အောင်မြင်ခဲ့ရာ မငွေစောလေး ၁၀ နှစ်သမီး အရွယ်တွင် ငါးတန်း အထိ အောင်မြင်ပြီး ဖြစ်လေသည်။ အရွယ်နှင့် မလိုက်အောင် စာတော်လွန်းသဖြင့် ပညာဝန် ကိုယ်တိုင်ပင် "မငွေစော" လေး၏ အဖြေလွှာများကို အရေးတယူ ကြည့်ရှု ကိုင်တွယ်ပြီး ချီးမွမ်းစကား ပြောကြားသွားသည်။

မငွေစောလေး ၁၁ နှစ်အရွယ်သို့ ရောက်သောအခါ လယ်တီဆရာတော် ဘုရားကြီးသည် အောက်ပိုင်းနိုင်ငံသို့ ကြွရောက်တော်မူလာသည်။ နွားသားကျွဲသားများ မစားရန် အလှူခံတော်မူသည်။ "အသက်ထက်ဆုံး မစားပါ"ဟု အဓိဋ္ဌာန် ပါရမီ၊ သစ္စာ ပါရမီမြောက် လှူဒါန်းခဲ့သည်။ ၁၃ နှစ် အရွယ်သို့ ရောက်သောအခါ မိမိ ဖခင်ကြီး၏ နေအိမ်တွင် ဆရာတော် ဦးဓမ္မပိယနှင့် သီဟိုဠ်ကိုရင်လေး ၂၃ ပါးတို့ ကျောင်းအမှတ်ဖြင့် ခေတ္တ သီတင်းသုံးကြသည်။ ထိုစဉ်

အဘိဓမ္မာ (၇) ကျမ်း၏ နာမည်များကို မေးမြန်း ဖြေဆိုနေကြသည်ကို ကြားနာရသဖြင့် ထိုအဘိဓမ္မာကျမ်းများကို သိချင်၊ နားလည်ချင်စိတ် ပြင်းပြစွာ ဖြစ်ပေါ်ခဲ့သည်။

၁၈ နှစ်အရွယ်သို့ ရောက်သောအခါ သူငယ်ချင်းများ၏ ဃရာဝါသမှုကိစ္စကို မြင်ရ၍ အိပ်မပျော်လောက်အောင်ပင် "လူ့ဘောင်"ကို စက်ဆုတ်နေခိုက် ဖျာပုံမြို့သို့ သမိဒ္ဓေါဒယချောင် ဆရာကြီး ဒေါ်မာလာရီ ကြွရောက်လာသည်။ မငွေစောလေးအဖို့ "အချို ရှာသကာတွေ့"ဖြစ်ကာ အစာ အဟာရ မစား မသောက်ဘဲပင် ဖခင်ကြီးကို သီလရှင်ဝတ်ချင်ကြောင်း အတင်းပူဆာတော့သည်။ သို့ဖြင့် သမိဒ္ဓေါဒယဆရာကြီးထံ အပ်နှံလိုက်ရလေ၏။ "တခြားဆရာနှင့် ဆိုလျှင် သည်ဘဝ နိဗ္ဗာန်ရစေကာမူ ကျွန်တော့်သမီး အပျိုလေးကို မထည့်နိုင်ပါဘူး"ဟု ပြောဆို အပ်နှင်းကာ ဖခင်ကြီးခမျာ မျက်ရည်တွေတွေ ကျရှာလေ၏။ "တစ်ဝါမျှ စိတ်နိုင်အောင် ဥပေါသတသီလ စောင့်သုံးပြီး စိတ်နိုင်မှ သီလရှင်လုပ်ပါ" စသည်ဖြင့်လည်း မှာကြားလိုက်သေး၏။

၁၂၇၂ ခုနှစ် နယုန်လပြည့်ကျော် ၈ ရက်နေ့ နံနက်တွင် သင်္ဘောစီး၍ စစ်ကိုင်းတောင်ရိုးသို့ လိုက်ပါလာခဲ့သည်။ သင်္ဘောပေါ် ရောက်သည်နှင့် တစ်ပြိုင်နက် ဥသုပ် စတင်စောင့်သည်။ ဝါကျွတ်သည်နှင့် ဖခင်ကြီးထံ ထပ်မံခွင့်တောင်းပြီးလျှင် ၁၂၇၂ ခုနှစ် တန်ဆောင်မုန်း လဆန်း ၈ ရက်နေ့တွင် သမိဒ္ဓေါဒယ ဆရာကြီးကို ဥပဇ္ဈာယ်ပြု၍ "သီလရှင် မခေမာစာရီ" အဖြစ်သို့ ကူးပြောင်းလိုက်တော့သည်။

သမိဒ္ဓေါဒယချောင်ဆရာကြီး အထံတော်၌ဇင်း၊ ထရံကာဆရာကြီး အထံတော်၌ဇင်း အခြေခံ ကျမ်းစာများ သင်ကြားခဲ့သည်။ ဦးဇဝန (ဆရာစံ) အထံတော်၌လည်း ယမိုက် (၁၀) ကျမ်းနှင့် ပဋ္ဌာန်းလိုရင်း အချက်များ၊ ဝိဘင်း၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထုကျမ်းများ အပြီးအတိုင် ပေါက်ရောက်အောင် သင်ယူခဲ့သည်။ ထို့နောက်တွင် ရန်ကုန်မြို့ သာသနဇောတိက ပုံနှိပ်တိုက်မှ အယ်ဒီတာကြီး ဦးသိန်း အထံတော်၌လည်း သုတ် ၃ ကျမ်းနှင့် ဝိနည်း ၅ ကျမ်းကို အနားမပေးဘဲ ကိုယ်တိုင် 'ဆို'၍ ကျမ်းပေါက်ဖောက်ခဲ့သည်။

၁၂၈၄ ခုနှစ်တွင် မြန်မာဘုရင်မင်းလက်ထက်က "ပထမကျော်" အောင်မြင်ခဲ့သော အတိသုန္ဒရကျမ်းပြု "ဆရာကြီး ဦးနတ်သား"သည် မော်လမြိုင်သို့ အနားယူရန် ရောက်ရှိလာခဲ့သည်။ ထိုဆရာကြီး ဦးနတ်သား၏

အထံတွင်လည်း "နေတ္တိ ပါဠိတော် မဟာဝါအဋ္ဌကထာ"တို့ကို သင်ကြားခွင့် ရခဲ့သည်။ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်အနီး သီတင်းသုံးသည့် "ပရဘံဆီ ဆရာတော် အရှင်မဟိန္ဒ"အထံ၌ နာဂရီဘာသာကိုင်း၊ တောင်ပေါက် ဆရာတော်ကြီးအထံ၌ ကလာပ်ကျမ်းကိုင်း လေ့လာခွင့်ရခဲ့သည်။

၁၂၈၁ ခုနှစ် (၂၇ နှစ်အရွယ်)တွင် မော်လမြိုင်မြို့ ဝဇီရာရာမကျောင်း တိုက်၏ တိုက်အုပ် ဆရာတော်ကြီးများ ဖြစ်ကြသော ဦးဂုဏနှင့် ဦးတိက္ခတို့က စိန်တုန်းမိဖုရားကြီး၏ ဉယျာဉ်နှင့် အိမ်တော်များကို "ခေမာသီရိမ်ချောင်" အမည်သစ်နှင့်တကွ မြေဂရန်ကိုပါ တခါတည်း စာချုပ်စာတန်းနှင့် ချီးမြှောက် လှူအပ်တော်မူကြသည်။

ယခုအခါ အိမ်တော်ရာကျောင်းတိုက် "ခေမာသီရိမ်ချောင်"၏ နာယကကြီးတစ်ဆူဖြစ်သော "ဒေါ်ခေမာစာရီ"သည် ဝိပဿနာအလုပ်ကို ကိုယ်တိုင်လည်း အားထုတ်၊ သူတစ်ပါးတို့အားလည်း ညွှန်ကြားကျွန တရားပြ လျက် သာသနာပြုလုပ်ငန်း ကြိုးပမ်းလျက်ပင်ရှိသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ပါဠိပထမပြန်စာမေးပွဲ အငယ်တန်း၊ အလတ်တန်းနှင့် အကြီးတန်း တို့ကို အောင်မြင်ခဲ့သည်။ သုံးတန်းလုံး၌ နံပါတ် တစ်ကချည်း အောင်မြင်သဖြင့် စကောလားရှစ်ဆုများ ချီးမြှင့်ခံရသည်။ "မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာလုံး ဆိုင်ရာ သံဃ သာမဂ္ဂီအသင်းကြီး"က ကြီးမှူးကျင်းပသော စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရာ "ပရိယတ္တိသာသနာ လင်္ကာရ သဒ္ဒပါရဂူ အဘိဓမ္မာ၊ သုတ္တန္တ၊ ဝိနယကောဝိဒ" ဟူသော ဘွဲ့တံဆိပ်များဖြင့် ချီးမြှင့်ခြင်းခံရသည်။

# ရန်ကုန်မြို့အလယ်တောရ
# သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက်
# ဒေါ်သုနန္ဒီ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်သုနန္ဒီသည် နတ္တလင်းမြို့ အဘ ဦးဘိုးစီ၊ အမိ ဒေါ်သက်စုတို့၏ ဒုတိယမြောက် သမီးရတနာဖြစ်သည်။ ၁၂၅၅ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် သောကြာနေ့တွင် ဖွားမြင်သည်။ ငယ်ရွယ်စဉ်အခါကပင် အဘိဓမ္မာ စာပေများကို သင်ကြားခဲ့သည်။ ၁၂၇၅ ခုနှစ် အသက် ၂၀ အရွယ်တွင် အဂ္ဂမဟာပဏ္ဍိတ အလယ်တောရ ဆရာတော်ဘုရားကြီး ဦးကောသလ္လကို ဥပဇ္ဈာယ်ပြု၍ စပါးပွဲစားကြီး ဦးဘသွယ်၊ ဒေါ်သိန်းမြတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ သီလရှင်အဖြစ်သို့ ရောက်ရှိခဲ့သည်။

သီလရှင်အဖြစ်သို့ ရောက်ပြီးနောက် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယ ချောင် ဆရာကြီးအထံ၌ရင်း ညဝါ အကျော် ထရံကာဆရာကြီး ဦးအုန်းညွှန့် အထံ၌ရင်း၊ နေ့ဝါညဝါများကို သင်ကြားအားထုတ်ခဲ့သည်။

ဇရပ်တကာ သူဌေးဦးချစ်ခိုင် သူဌေးကတော် ဒေါ်ဒေါ်သက်တို့၏ ပင့်ဖိတ်ချက်အရ မော်လမြိုင်မြို့ တောင်ဝိုင်း ပဓာနိ ကာရံကျောင်းတိုက်၌ ၁၀ နှစ်တိုင်တိုင်ပင် ပရိယတ္တိ စာပေများ ပို့ချပေးခဲ့သည်။ မော်လမြိုင်မြို့မှ ပြန်လာပြီးနောက်၌ အဂ္ဂမဟာပဏ္ဍိတ အလယ်တောရ ဆရာတော်ဘုရားကြီး ဦးကောသလ္လသည် သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက် အမည်ဖြင့် စာသင်တိုက်

ဖွင့်စေသဖြင့် ဤစာသင်တိုက်မှာပင် ပရိယတ္တိ စာပေများ သင်ကြားပို့ချ ပေးခဲ့ပါသည်။

ဆရာကြီး ဒေါ်သုနန္ဒီသည် ၁၃၃၃ ခုနှစ် အသက် (၇၈) နှစ်အရတွင် ကွယ်လွန်သွားလေသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ပါဠိပထမပြန်စာမေးပွဲ ပထမငယ်တန်း၊ ပထမလတ်တန်း စစ်ကိုင်းမြို့ ဝံသာနုစာမေးပွဲ အလတ်တန်းတို့ကို အောင်မြင်ခဲ့သည်။

ပါဠိပထမပြန် စာမေးပွဲအကြီးတန်း၌ သီလရှင် အမျိုးသမီးတို့တွင် ပထမရသဖြင့် "သီလရှင် ပထမကျော်" အောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့သည်။

## ပြွန်တန်ဆာမြို့ သမိဒ္ဓေါဒယ ဓမ္မဇောတိကာရုံ သီလရှင် စာသင်တိုက် ဆရာကြီး ဒေါ်ဓမ္မစာရီ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်ဓမ္မစာရီသည် ပြွန်တန်ဆာမြို့ ကန်အနောက်လမ်း၊ အဘ ဦးခင်၊ အမိ ဒေါ်ညွန့်တို့၏ ဒုတိယမြောက် သမီးရတနာ ဖြစ်သည်။ ၁၂၅၇ ခုနှစ် နယုန်လဆုတ် (၂) ရက် စနေနေ့တွင် ဖွားမြင်သည်။ ငယ်နာမည်မှာ "မသင်းမြ" ဖြစ်၏။ မသင်းမြကလေး (၁၂) နှစ်သမီးအရွယ် လောကဓာတ်ကျောင်း၌ ပညာသင်ယူနေစဉ် အဒေါ် ဖြစ်သူ ဒေါ်စာဂဝတီသည် ရန်ကုန်မှ ရောက်ရှိလာခဲ့၏။ မသင်းမြကလေး၏ ရူပလက္ခဏာ ထက်မြက်သော ဉာဏ်ပညာကို တွေ့ရသဖြင့် ဒေါ်စာဂဝတီသည် ရန်ကုန်သို့ ခေါ်ယူခဲ့လေသည်။

ရန်ကုန်မြို့ ဗဟန်းတောရ ဗဟန်းကျောင်းတိုက်၌ပင် အဒေါ် ဒေါ်စာဂဝတီကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှုပ်ထွေးပွေလီ လူ့လောကီမှ ဖြူစင်ကောင်းမြတ် သီလရှင်ဇာတ်သို့ ကူးပြောင်းခဲ့သည်။ "မသင်းမြ" အဖြစ်မှ "မဓမ္မစာရီ" ဖြစ်လာလေသည်။ အဒေါ် ဖြစ်သူနှင့် မော်လမြိုင်မှ ဆရာပြိုင် အထံတို့တွင် အခြေခံစာပေများ သင်ကြားခွင့် ရခဲ့သည်။ နောက်တွင် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင် ဆရာကြီးထံ ပြောင်းရွှေ့၍ ချောင်ဆရာကြီးအထံတွင်၎င်း၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ရ "ထရံကာဆရာကြီး"အထံတွင်၎င်း၊ အထက်တန်း ကျမ်းစာတို့ကို ဆည်းပူး သင်ကြားခဲ့ပြန်လေသည်။

၁၂၉၂ ခုနှစ်တွင် မိမိနေရပ် ဇာတိဖြစ်သော ပွဲတန်ဆာမြို့ နင်းကျမ်းကျောင်းတိုက်သို့ ပြန်လည် ရောက်ရှိခဲ့သည်။ "ပရိယတ္တိယာ ခရမာ နာယ သာသနံ အန္တရဟိတံ နာမ န ဟောတိ" ဟူ၍၎င်း၊ "ပရိယတ္တိယာ အသတိ အရိယ မဂ္ဂပတိဝေဓော နာမန ဟောတိ" ဟူ၍၎င်း၊ အင်္ဂုတ္တရ နိကာယ အဋ္ဌကထာ မိန့်မှာသည်နှင့်အညီ ပရိယတ္တိ မပြည့်စုံ၍ ကွယ်ပခဲ့သော် သာသနာတော်၏ အနှစ်သာရဖြစ်သော မဂ်ဖိုလ်တရားမှ ကင်းဝေးနိုင်သည် ဖြစ်သောကြောင့် အခြေခံဖြစ်သော ပရိယတ္တိကျမ်းစာများကို အမျိုးသမီးငယ်တို့အား သင်ကြား ပေးလိုသည့် ဆန္ဒမှာ ပြင်းပြ ထက်သန်ခဲ့သည်။ ထို့ကြောင့် တပည့်ဖြစ်သူ ဒေါ်ကေလာသီနှင့်အတူ နင်းကျမ်း ကျောင်းတိုက်အတွင်းရှိ "ဒေါ် မြမေဇရပ်" တွင် အမျိုးသမီးစာသင်တိုက်ကို စတင် တည်ထောင်ခဲ့သည်။

စာသင်သား အမျိုးသမီး သီလရှင်များသည် တဖြည်းဖြည်း တိုးပွား လာရာ "အမျိုးသမီးစာသင်တိုက် သီးခြားရှိသင့်ပြီ"ဟု ယူဆကြသည့်အတိုင်း နင်းကျမ်း ကျောင်းတိုက်ကြီး အရှေ့ဘက်ရှိ မြေနှစ်ဧကကို စေတနာရှင်တို့က ဝယ်ယူ လှူဒါန်းကြသည်။ ၁၃၀၂ ခုနှစ်တွင် မိမိ၏ ကျေးဇူးရှင်ဖြစ်သော သမိဒ္ဓေါဒယ ချောင်ဆရာကြီးကို ဂုဏ်ပြုသောအားဖြင့် မြို့ပေါ်ရှိ စေတနာရှင်တို့ ဆောက်လုပ် လှူဒါန်းသည့် ကျောင်းတော်ကြီးတွင် "သမိဒ္ဓေါဒယ ဇောတိကာရုံ သီလရှင် စာသင်တိုက်"ဟူသော အမည်ကို ခံယူလျက် ပရိယတ္တိ စာပေများကို စွမ်းစွမ်းတမံ သင်ကြား ပို့ချခဲ့သည်။

ဆရာကြီး ဒေါ်ဓမ္မစာရီသည် ပရိယတ္တိအစွမ်းထက်သည့် ငယ်လတ် ကြီးကျော် ဓမ္မစရိယအောင် တပည့်ဆရာလေးများကိုလည်း မွေးထုတ်ပေးခဲ့ သည်။ နွမ်းပါးသည့် သီလရှင်ကလေးများကိုလည်း ကိုယ်ရုံ၊ ခါးဝတ်၊ အင်္ကျီ၊ ထီး၊ ဖိနပ် စသည်များကို မပြတ်မလပ် ထောက်ပံ့ ချီးမြှင့်ခဲ့သည်။ အထူးသဖြင့် ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်တို့အား သစ်သီးတစ်လုံး ဆွမ်း တစ်အုပ် စာမျှ မပေးလှူဘဲ မိမိကိုယ်တိုင် သုံးဆောင် စားသောက်ခြင်းကို အသက်ထက်ဆုံး မပြုခဲ့ပေ။

သမိဒ္ဓေါဒယ ဓမ္မဇောတိကာရုံ သီလရှင် စာသင်တိုက်ကြီးရှိ ဆရာလေး တို့ အားကိုးမှီခိုရာ မိခင်ကြီးသဖွယ်ဖြစ်သော နာယကဆရာကြီး ဒေါ်ဓမ္မစာရီ သည် ၁၃၃၆ ခု ပြာသို လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့၊ ည ၉ နာရီ ၅၀ မိနစ် အချိန် (သက်တော် ၈၀ အရတွင်) ကွယ်လွန်သွားရှာလေသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ပါဠိပထမပြန် စာမေးပွဲအငယ်တန်း၊ အလတ်တန်းနှင့် အကြီးတန်းတို့ကို ဖြေဆိုအောင်မြင်ခဲ့သည်။

THITSARPARAMI 2009

https://thitsarparami.org

## ရန်ကုန်မြို့ဟံသာဝတီရပ်ကွက် သမိဒ္ဓေါဒယ သုခိတာ ရာမ မြန်အောင် ကျောင်းတိုက် ဒေါ်ဉာဏစာရီ၏ အတ္ထုပ္ပတ္တိအကျဉ်း

သီလရှင်ဆရာကြီး ဒေါ်ဉာဏစာရီအား မြန်အောင်မြို့ တိုက်သူကြီး ဦးအင်ကြင်း - ဒေါ်ငွေယုံတို့မှ ၁၂၅၉ ခုနှစ် ကဆုန် လဆန်း (၁၁) ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ သားသမီး ၁၁ ယောက်အနက် အဋ္ဌမမြောက် သမီးရတနာ ဖြစ်သည်။

ငယ်စဉ်ကပင် ဆရာတော်ကြီးများ၏ စာပေများ အထူးအားဖြင့် သင်္ဂဇာဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီးများ၏ စာပေများကို ဖတ်ရှု ကျက်မှတ် နှုတ်ငုံဆောင်ခဲ့သည်။

၁၂၇၆ ခုနှစ် တပေါင်းလပြည့်ကျော် (၁၀)ရက် အင်္ဂါနေ့တွင် ဒေါ်ဉာဏ စာရီ အမည်ဖြင့် နိက္ခမဇောစိတ် ယိုဖိတ်ပြင်းစွာ ရောင်တစ်လုံး အဆုံးခံ၍ သီလရှင်ဘဝ ကူးပြောင်းခဲ့သည်။

အစိုးရစာမေးပွဲ ငယ်လတ်ကြီး၊ ဝံသာနုစာမေးပွဲနှင့် စစ်ကိုင်း သမိဒ္ဓေါ ဒယချောင်၌ ကျင်းပသော ပထမကြီးတန်း စာမေးပွဲကို နံပါတ် ၁ နေရာက အောင်မြင်ခဲ့သည်။

ဆရာတော်ကြီးများ အမှူးထား၍ ၁၈ ကြိမ်တိုင်တိုင် စာပြန်ပွဲ ကျင်းပ ပေးခဲ့သည်။ စာပြန်ပွဲအောင် ပုဂ္ဂလ ဝိသေသတို့အား ချီးမြှောက်ခဲ့သည်။

မြို့နယ်အသီးသီး၌ တပည့်များအား တိုက်ခွဲပြု၍ သာသနာပြုစေသည်။ ငယ်လတ်ကြီး ဓမ္မာစရိယတို့ကို အောင်မြင်ရန် ပို့ချ သင်ကြားပေးခဲ့သည်။

အမျိုးသမီး လောကအား မြန်မာ့ယဉ်ကျေးမှု၊ ရိုးရာယဉ်ကျေးမှု၊ သာသနာ့ယဉ်ကျေးမှုများ ရရှိအောင် သွန်သင် ပို့ချ ဆုံးမ ဩဝါဒပေးခဲ့သည်။ သာသနာတော်အား ပြုစု စောင့်ရှောက်နိုင်မည့် မြေနီကုန်း မစိုးရိမ်ဆရာတော်၊ ကျိုက်ထို ဘုရားကြီးတိုက် ဆရာတော်၊ မော်လမြိုင် ပတ္တမြားဆရာတော်၊ သိမ်ဖြူ ဆေးသိပ္ပံဆရာတော်၊ ဗဟန်း အောင်မြေဘုံစံ ဆရာတော်နှင့် တိုက်အုပ်ဆရာတော်၊ ဦးသီလာစာရ စသော ဓမ္မာစရိယဘွဲ့ရ အကျော်အမော် ဆရာတော်တို့အားလည်း ပြုစုချီးမြှောက် အထူးစောင့်ရှောက်ခဲ့လေသည်။

သာသနာတော်၏ မူလဘူတ အချက်အချာ ဖြစ်သော ပရိယတ္တိကို အသက်ထက်ဆုံး ကိုယ်တိုင်ကြည့်ရှု၍ လေ့လာပို့ချ သင်ကြားပေးသည့်ပြင် ပစ္စည်းလေးပါးဖြင့်လည်း နိဗဒ္ဓဝတ်ထား၍ ချီးမြှောက် အားပေးခဲ့သည်။ မိမိကိုယ်ကျိုးအတွက်မူ တရားသာ အထူးနှလုံးသွင်းလေသည်။ ဂါရဝ၊ နိမာန အရာတွင် သူမတူအောင် ရှိလှသည်။ ပြုသစ်စ သာမဏေငယ်ကိုပင် ရိုကျိုးစွာ ထိုင်ပြီး ရှိခိုး လျှောက်ထားလေ့ရှိသည်။

ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအစိုးရ၏ ပြည်တွင်း ရေကြောင်းနှင့် မီးရထားလမ်းခရီးတို့တွင် ဆရာကြီးသည် အခလွတ် စီးခွင့်ကို အလှူခံ ရရှိခဲ့သည်။

ရန်ကုန်မြို့ စမ်းချောင်းရပ် ကျွန်းတောလမ်းရှိ သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင် ကျောင်းတိုက်၏ ဦးစီး နာယက သီလရှင် ဆရာကြီး ဒေါ်ဉာဏစာရီသည် ၁၃၃၇ ခု၊ တန်ခူး လပြည့်ကျော် ၂ ရက် (၂၇-၄-၇၅) ရက်နေ့ ည ၉ နာရီ ၁၀ မိနစ်တွင် ကွယ်လွန် အနိစ္စရောက်သွားသည်။

## ရန်ကုန်မြို့ ဟံသာဝတီရပ်ကွက်
## သမိဒ္ဓေါဒယ သုစိတာရာမ မြန်အောင်ကျောင်းတိုက်
## ဒေါ်မေဓာရီ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်မေဓာရီသည် ဝါးခယ်မမြို့အပိုင် ကျွန်းကုန်းရွာ ဦးဘိုးသက်၊ ဒေါ်စိန်နုတို့၏ ရင်နှစ်သည်းချာ ဖြစ်သည်။ ၁၂၆၂ ခုနှစ် သီတင်းကျွတ်လဆန်း (၂) ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်သည့် သမီးရတနာ ဖြစ်သည်။ အသက် ၁၆ နှစ်အရွယ်တွင် အမဝမ်းကွဲတော်သူ တစ်ဦး၏ 'အိမ်ထောင်ရေးဒုက္ခ'ကို တွေ့မြင်ရသဖြင့် လူ့မှုကိစ္စတို့ကို ကျော်ခိုင်းလျက် ဝဋ်ဆင်းရဲအပေါင်းတို့မှ ကျွတ်လွတ်ရာ ကျွတ်လွတ်ကြောင်း တရားကောင်းတို့ကို ရှာမှီးတော့မည်ဟု သမ္မာဆန္ဒ ထက်သန်စွာ ဖြစ်ပေါ်၍ လာခဲ့သည်။

ထိုသို့ သံဝေဂ ဖြစ်ပွား၍ သီလရှင်ဝတ်လိုသည့် ဆန္ဒများ ဖြစ်ပေါ်လာပါသော်လည်း မိဘတို့က တစ်ဦးတည်းသော သမီးဖြစ်၍ ခွင့်မပြုလိုကြပေ။ လူဝတ်ကြောင်ဘဝ၌ ပျော်ပိုက်နေစေရန် အလိုလိုက် အကြိုက်ပေးလျက် အမျိုးမျိုး ဖျောင့်ဖြကြသည်။ မမေဓာရီသည် တစ်စ တစ်စနှင့် ခွင့်ပြုစေဖို့အရေး မျှော်တွေးလျက် စစ်ကိုင်းတောင်သို့ တစ်ဝါတစ်ချီ ဥပုသ်စောင့် သွားလိုပါကြောင်း ခွင့်တောင်း၍ သွားရောက်ခဲ့သည်။

သီတင်းကျွတ်လျှင် မိခင်ကြီးနှင့် ကြီးဒေါ်ကြီးကို စစ်ကိုင်းသို့ လိုက်လာကြသည်။ မိခင်ကြီးနှင့် ကြီးဒေါ်တို့ကို တရားဓမ္မ နာကြားရန်အတွက် မဟာဂန္ဓာရုံ ချောင် အတိသုခ ဆရာတော်ဘုရားကြီးထံ လိုက်ပို့သည်။ ထိုဆရာတော်ဘုရား

ကြီး၏ တရားဓမ္မနှင့် အဆုံးအမ ဩဝါဒကို နာယူရတော့မှပင် သီလရှင်ဝတ်ရန် ခွင့်ပြုချက်ရ၍ အောက်ပြည်သို့ ပြန်လာခဲ့ကြသည်။ ၁၂၈၁ ခုနှစ်၊ ကဆုန်လတွင် အတိသုခ ဆရာတော်ဘုရားကြီး၏ နှမတော်သူ ဆရာကြီး ဒေါ်ဣန္ဒသည် ကျွန်းကုန်းသို့ ရောက်ရှိလာခဲ့၏။ ဆရာတော်ကြီး တရားကို မိဘဖြစ်သူတို့ နာကြ ရပြန်သောအခါ အတိုင်းထက် အလွန် သဒ္ဓါတရားဖြစ်၍ သမီးဖြစ်သူကို စစ်ကိုင်း သို့ တစ်ပါတည်း ထည့်လိုက်ကြသည်။

၁၂၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့ (၁၉) နှစ်သမီး အရွယ်တွင် သမိဒ္ဓေါဒယချောင် ဆရာကြီးကို ဥပဇ္ဈာယ်ပြု၍ အမကြီး ဒေါ်ဖွားနု၏ ပစ္စယာ နုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော သီလရှင်အဖြစ်သို့ ရောက်ခဲ့သည်။ သမိဒ္ဓေါဒယ ချောင် ဆရာကြီးအထံတွင်၎င်း၊ ဒေါ်ပုညဝတီ၊ ဒေါ်ဉာဏစာရီတို့ အထံတွင်၎င်း စာလိုက်ခဲ့သည်။ ဆရာတော် အရှင်ဇနောကာဘိဝံသ အထံတော်၌လည်း အကြီးတန်း စာဝါများ သင်ယူခဲ့သည်။

သမိဒ္ဓေါဒယ ချောင်ဆရာကြီး အထံတော်တွင် (၁၄) နှစ်တိုင်တိုင် ပရိယတ္တိ ရင်နို့ သောက်စို့ခဲ့ပါသည်။ အသက် (၃၁) နှစ်အရွယ်တွင် ဆရာကြီး ဒေါ်ဉာဏစာရီ ဒေါ်သီလဝတီတို့နှင့်တကွ မြန်အောင်မြို့၌ "မြန်အောင် သမိဒ္ဓေါဒယ သုခိတာရာမ ဘာဝနာတိုက်သစ်"ကို တည်ထောင် ဖွင့်လှစ်ခဲ့သည်။ တပည့် သီလရှင် ဆရာလေးများ (၁၀၀)ကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ၁၈ နှစ်လုံးလုံး ပရိယတ္တိ ပထမပြန် စာမေးပွဲ အခြေခံများကို ပို့ချပေးခဲ့သည်။

၁၃၀၉ ခုနှစ်တွင် ယခုနေထိုင်လျက်ရှိသော ရန်ကုန်မြို့ ဟံသာဝတီ ရပ်ကွက်၌ 'သမိဒ္ဓေါဒယ မြန်အောင် ကျောင်းတိုက်ကို ဆရာကြီး ဒေါ်ဉာဏစာရီ၊ ဒေါ်သီလဝတီတို့နှင့်အတူ ထပ်မံ တည်ထောင်ခဲ့သည်။ တည်ထောင်စ၌ တပည့် သီလရှင်ကလေးများ (၃၀) ခန့်မျှ ရှိ၏။ ယခုအခါတွင်ကား တစ်ရာ့ လေးငါးဆယ် မျှ ရှိပေသည်။

ဆရာကြီး ဒေါ်ဉာဏစာရီနှင့် အတူ သာသနာ ၂၅၁၀ မတိုင်မီ (၃) နှစ်ခန့် (၁၃၁၅) ခုနှစ်မှစ၍ နွေရာသီ ကျောင်းပိတ်ရက်များတွင် အမျိုးသမီးငယ် ကလေးများကို ဒုလ္လဘ သီလရှင်လေးတွေအဖြစ် ပြုလုပ်ပေးခဲ့သည်။ အမျိုးသမီး ငယ်တို့၏ စိတ်ကို နူးညံ့ပျော့ပြောင်းစေလျက် သာသနာ၏ ယဉ်ကျေးမှု အမွေ အနှစ်များကို လိုက်နာ ထိန်းသိမ်းတတ်ရန် သင်ပြပေးလာသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

၁၃၂၄ ခုနှစ် တိုက်အုပ်ဆရာ ဒေါ်သီလဝတီ ကွယ်လွန်သဖြင့် တိုက်အုပ်အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၃၃၇ ခု၊ ဆရာကြီး ဒေါ်ဉာဏစာရီ အနိစ္စရောက်ပြန်သဖြင့် "သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်"ကြီး၏ ဦးစီး နာယကအဖြစ် တင်မြှောက်ခြင်း ခံရသည်။ စာချဆရာများနှင့်အတူ တလုံးတစည်းတည်း ညီညီညွတ်ညွတ်ဖြင့် တပည့် (၁၅၀)တို့၏ စားဝတ်နေရေး၊ ကျန်းမာရေးကို စောင့်ရှောက်ပြုစု ပျိုးထောင်ပေးလျက်ရှိသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

အစိုးရ ပထမပြန်စာမေးပွဲ ပထမငယ်တန်းနှင့် ပထမလတ်တန်းတို့ကို အောင်မြင်ခဲ့သည်။

# စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင် နာယကဆရာကြီး ဒေါ်ကဥ္စနာ (ပထမကျော်)၏ အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်ကဥ္စနာသည် မေမြို့ ဈေးခေါင်းကြီး ဦးကျော် ဒေါ်ဒေါ်အုံတို့၏ ရင်နှစ်သည်းခြာ ဖြစ်သည်။ ၁၂၆၄ ခု၊ တော်သလင်းလဆန်း (၁၁) ရက်၊ တနင်္လာနေ့တွင် မေမြို့၌ ဖွားမြင်သည်။ သားသမီး (၈) ယောက်အနက် သတ္တမမြောက် သမီးရတနာ ဖြစ်သည်။

၁၂၇၂ ခုနှစ် (၉)နှစ်သမီးအရွယ်တွင် သီလရှင် ဝတ်ခဲ့သည်။ မေမြို့ ရွှေကျောင်းကျောင်း ဆရာတော်ကြီး ဦးသုန္ဒရ အထံတော်တွင် သာသနာရေး အခြေခံ စာပေများကို သင်ယူခဲ့သည်။ "ကစ္စာယနသံခိပ်"ကိုလည်း အာဂုံ နှုတ်တက် ကျက်မှတ်သင်ယူခဲ့သည်။

ခြောက်လခန့် ကြာသောအခါ "ဒီအဝတ်နှင့် တစ်သက်လုံး ပျော်သွားရင် တော်ပါရဲ့ မပျော်၍ လူထွက်ခဲ့သော် စကောစက နေတော့မည်"ဟူသော ပူပန် ချက်ဖြင့် အစ်ကို အစ်မများက အမျိုးမျိုး ချော့မော့ကြပြီး သီလရှင်အဝတ်ကို ချွတ်စေခဲ့ကြသည်။

ထို့နောက် မေမြို့ (အေ ဘီ အမ်) အင်္ဂလိပ် သာသနာပြုကျောင်းတွင် အပ်နှံသဖြင့် အတန်းစာများ သင်ယူခဲ့ပြန်သည်။ ၁၂၇၅ ခုနှစ်၊ ၁၂ နှစ်အရွယ်တွင် စတုတ္ထတန်းကို အောင်မြင်သည်။ ထိုနှစ်တွင်ပင် ခရစ်ယန်ဖြစ်သွားမည် စိုးရိမ်သဖြင့် မိခင်ကြီး၏ ဆန္ဒအရ ထိုကျောင်းမှ နှုတ်ခဲ့ကြပြန်သည်။

ကျေးဇူးရှင် ဖြစ်တော်မူသော ရန်ကင်းချောင် ဆရာတော် စည်ရှင် ဆရာတော်တို့က "ဝိသုဒ္ဓါရုံ ကလျာဏ ပုထုဇဉ်လုပ်နည်း" စသည်တို့ကို ကျက်စေသဖြင့်၎င်း၊ သာသနာတော်နှင့် စပ်သမျှ လိမ္မာရေးခြားရှိအောင် သွန်သင် ဆုံးမ ဟောပြောပေးတော်မူကြသဖြင့်၎င်း၊ သီလရှင်ဝတ်လိုသည့် ဆန္ဒမှာ ဖြေဖျောက်မရအောင် ရှိခဲ့ပါသည်။ ထို့ကြောင့် ၁၂၇၈ ခု၊ တန်ဆောင်မုန်း လဆန်း (၁၀) ရက်နေ့၊ (၁၅)နှစ်သမီး အရွယ် မိဘများ အသိမပေးဘဲ သီလရှင်ဘောင် ဝင်ရောက်ခဲ့သည်။ မေမြို့မှ သစ်တောဝန်ထောက် ဦးသင်-ဒေါ်တင့်တို့၏ သမီးလေး မအဥ္စနာနှင့်အတူ သူ့ဆံပင် ကိုယ်ဖြတ်၊ ကိုယ့်ဆံပင် သူဖြတ်၍ သီလရှင် ဝတ်လိုက်ကြပါသည်။ ပြန်ထွက်ရန် မိဘများက အကြိမ်ကြိမ် ချော့မော့ ကြသော်လည်း မရသည့်အဆုံးတွင် ကျေးဇူးရှင် ဆရာတော်များ ဆန္ဒအရ သမိဒ္ဓေါဒယချောင် ဆရာကြီးထံ အပ်နှံခဲ့ကြသည်။ သမိဒ္ဓေါဒယတွင် နေလာသည်မှာ ထိုစဉ် (၁၅)နှစ်သမီး အရွယ်မှစ၍ ယခု (၇၄) နှစ် အရွယ်တိုင်အောင် ဖြစ်ပါသည်။

ဤသို့ နေခဲ့သည့်နှစ်များတွင် သမိဒ္ဓေါဒယ ဆရာကြီး၏ အကျိုး၊ သမိဒ္ဓေါဒယချောင်ကြီး၏ ကိစ္စတို့ကို အားသွန် ကြိုးပမ်း ထမ်းရွက်ခဲ့သည်။ "ဘုန်းကံ ပါရမီထူး ရှိသူမည်သည် ကိုယ်ကျိုးကိုသာ မကြည့်သင့်၊ အများအကျိုး၊ သာသနာ့အကျိုးကိုလည်း ဆောင်ရွက်သင့်သည်"ဟူသော ယုံကြည်ချက်ဖြင့် သမိဒ္ဓေါဒယချောင်၏ ရှေးတိုက်အုပ်ကြီးများ ဖြစ်ကြသော ညောင်တုန်း ဒေါ်သုမာလာ၊ တိုက်ကြပ်ကြီး သရိုင်ဒေါ်ဇောတရ၊ အထွေထွေအကျိုးဆောင် အသက်ထင်ရှား ရှိသေးသော ခနုဖြူ ဒေါ်ပုညဝတီတို့နှင့် ရင်ပေါင်တန်းကာ "သမိဒ္ဓေါဒယ ပရိယတ္တိအာဂုမ် စာမေးပွဲကြီး" ဖြစ်မြောက်ရေးကို ၁၂၈၉ ခုနှစ်မှ စတင်၍ ပါဝင်ဆောင်ရွက်ခဲ့သည်။

ယခုအခါ စစ်ကိုင်းတောင်ရိုးလုံးရှိ သီလရှင် သာသနာထွန်းသစ် ပြောင်မြောက်ရေးအတွက် သီလရှင်ဆရာများ စုပေါင်း ပါဝင်သော "သာသနောဒယ အသင်းကြီး"ကို တိုးချဲ့ တည်ထောင်ပြီးလျှင် "မင်္ဂလာတံခွန် ပရိယတ္တိ သာသနာ့တံခွန်" စာပြန်ပွဲများကို ဆက်လက် ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

၁၉၂၇ ခု အောက်တိုဘာ ၃၀ ရက်နေ့တွင် အစိုးရ ပထမငယ်တန်းကို အောင်မြင်သည်။

၁၉၃၀ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် အစိုးရ ပထမလတ်တန်းကို အောင်မြင်သည်။

၁၉၃၁ ခုနှစ် စက်တင်ဘာ ၁၄ ရက်နေ့တွင် အစိုးရ ပထမကြီးတန်း၌ သီလရှင်အမျိုးသမီးတို့တွင် ပထမရသဖြင့် "သီလရှင် ပထမကျော်" အောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့သည်။

၁၂၈၆ ခုနှစ်တွင် မန္တလေးမြို့ သံဃသာမဂ္ဂီအဖွဲ့မှ ဦးဆောင်ကျင်းပအပ်သော အမျိုးသမီး ပရိယတ္တိ စာပြန်ပွဲကြီး၌ ပထမငယ်တန်း၊ ပထမလတ်တန်းတို့ကို အောင်မြင်ခဲ့သည်။

၁၂၉၁ ခုနှစ်တွင် ၎င်းစာမေးပွဲကြီး၌ ပထမကြီးတန်းကို အောင်မြင်ခဲ့သည်။

# စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယကျောင်း
# နာယကဆရာကြီး ဒေါ်ပါရမီ (ပထမကျော်)
# အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်ပါရမီသည် ဓနုဖြူမြို့နယ် စံကင်းရွာ ဦးဘိုးရွှန်း၊ ဒေါ်သာမယ်တို့၏ သမီးရတနာ ဖြစ်သည်။ ၁၂၆၃ ခုနှစ် သီတင်းကျွတ် လဆန်း ၁၂ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။

၁၂၇၁ ခု အစ်ကိုများ ရှင်ပြုပွဲတွင် ဒုလ္လဘ သီလရှင်ကလေးအဖြစ် ပါဝင်ဝတ်ဆင်ခဲ့သည်။ မိဘများက ခဏ ဝတ်ပေးသော်လည်း သီလရှင်ဘဝတွင် ပျော်ရွှင်သဖြင့် ဆက်နေခဲ့သည်။ စံကင်းဆရာတော် (နောက်တွင် ရွှေကျင်သာသနာပိုင်) ထံ သဒ္ဒါကြီး၊ သဒ္ဒါငယ်၊ သင်္ဂြိုဟ်၊ ဓမ္မပဒ၊ မာတိကာ ဓာတုကထာ စသော ကျမ်းများကို သင်ယူခဲ့သည်။

၁၂၇၇ ခုနှစ်တွင် ဒေါ်ပုညဝတီ၊ ဒေါ်သုနန္ဒာ၊ ဒေါ်ဣန္ဒစာရီနှင့် အရီးဖြစ်သူ ဒေါ်ဝံသီတို့က အပ်နှံပေးသဖြင့် စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယကျောင်းသို့ ရောက်လာခဲ့ပေသည်။ သမိဒ္ဓေါဒယကျောင်း ဆရာကြီးထံ စာပေကျမ်းဂန်များကို ဆက်လက်သင်ယူခဲ့သည်။ စာပေတတ်မြောက်၍ စာမေးပွဲများ အောင်မြင်ပြီးသောအခါ သမိဒ္ဓေါဒယကျောင်း၌ စာပေပို့ချပြီး သီလရှင် သာသနာကြီးပွားရေးကို အားကြိုးမာန်တက် ဆောင်ရွက်သည်။

မော်လမြိုင် ခေမာရာသီ သီလရှင်တိုက် ဆရာကြီး ဒေါ်ခေမာဝတီ ကွယ်လွန်သဖြင့် ၂၈ နှစ်အရွယ်တွင် ခေမာရာမ သီလရှင်တိုက်သို့ သွားရောက်၍ ၆ နှစ်ခန့် ကြီးမှူး အုပ်ချုပ်ရသည်။

ထို့နောက် မော်လမြိုင်တွင် မပျော်ပိုက်သဖြင့် စစ်ကိုင်းတောင်သို့ ပြန်လာပြီး သမိဒ္ဓေါဒယချောင်၌ပင် ပြန်လည်နေထိုင်ရင်း စာပေပို့ချခဲ့သည်။ ၁၃၃၂ ခုနှစ်တွင်ဒေါ်ကဥ္စနာ၊ ဒေါ်ဟေမာရီတို့နှင့်အတူ သမိဒ္ဓေါဒယ နာယက ဆရာကြီးအဖြစ် တင်မြှောက်ခံရလေသည်။ ယနေ့တိုင်အောင် သီလရှင် သာသနာ့အကျိုး သည်ပိုးဆောင်ရွက်လျက် ရှိပေသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

၁၇ နှစ်အရွယ် အစိုးရ ပထမငယ်။

၁၈ နှစ်အရွယ် အစိုးရ ပထမလတ်။

၁၉ နှစ်အရွယ် အစိုးရပထမကြီးတန်းကို အောင်မြင်၍ သီလရှင်များတွင် ပထမရသဖြင့် "သီလရှင် ပထမကျော်" အောင်ပန်းကို ဆွတ်လှမ်းနိုင်ခဲ့သည်။ ဝံသာနု စာမေးပွဲများကို အတန်းကုန်သည်အထိ အောင်မြင်ခဲ့သည်။

## စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယချောင်
## ဆရာကြီး ဒေါ်ဟေမာရီ၏ အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်ဟေမာရီသည် ဖျာပုံမြို့နယ် သမိန်ထောရွာ ဦးဘဆင်၊ ဒေါ်စုတို့၏ တစ်ဦးတည်းသော သမီးရတနာဖြစ်သည်။ ၁၂၆၅ ခုနှစ် တော်သလင်းလဆန်း ၂ ရက် သောကြာနေ့ နံနက် ၉ နာရီအချိန်တွင် ဖွားမြင်သည်။ ညီအစ်ကို မောင်နှမ ၆ ယောက်တွင် အငယ်ဆုံးဖြစ်သည်။

၁၀ နှစ်သမီးအရွယ် အဒေါ် ဖြစ်သူ သမိဒ္ဓေါဒယချောင် ဆရာကြီး ဒေါ်မာလာရီနှင့်အတူ စစ်ကိုင်းတောင်ရိုးသို့ လိုက်ပါလာခဲ့သည်။ ချောင်ဆရာကြီးသည် ပီတိသုခချောင်သို့ တရားအားထုတ်စဉ် တူမလေးကို ခေါ်ဆောင်သွားသည်။

၁၂ နှစ်သမီးအရွယ်တွင် မစိုးရိမ်ဆရာတော် (အရှင်နန္ဒဝံသ) ကို ဥပဇ္ဈာယ်ပြု၍ သီလရှင်ဝတ်ခဲ့သည်။ မစိုးရိမ်ဆရာတော်က "ဟေမာရီ"ဟု ဘွဲ့ပေးပြီး "ငါ့တပည့် အသက်လဲရှည်မယ်၊ ဘုန်းလဲကြီးမယ်"ဟု အားပေးစကား မိန့်ကြားခဲ့သည်။ ဘဒ္ဒေးဖြစ်သူ အရေးပိုင်မင်း ဦးအုန်းခိုင်၊ ဒေါ်မမကြီးတို့က သီလရှင်ဒကာအဖြစ် ခံကြသည်။

သီလရှင် ဝတ်ပြီးသောအခါ သမိဒ္ဓေါဒယချောင် ဒေါ်ခေမာဝတီ (နောက်တွင် မော်လမြိုင် ခေမာရာမဆရာ) ထံ သဒ္ဒါကျမ်း၊ ဒေါ်သုနန္ဒီထံ သင်္ဂြိုဟ်ကျမ်း၊ ထရံကာ ဆရာကြီးထံ ရူပသိဒ္ဓိ၊ ဝါစ္စဝါစက၊ မာတိကာ စသော ကျမ်းများကို သင်ရသည်။ ချောင်ဆရာကြီး ဒေါ်မာလာရီထံ အဋ္ဌသာလိနီ၊ သမ္မောဟဝိနောဒနီ၊ သီလက္ခန် စသော အဋ္ဌကထာ ကျမ်းကြီးများကို တက်ခဲ့ရသည်။

သီလရှင်ဖြစ်သည်မှ စ၍ သမိဒ္ဓေါဒယကျောင်း၌သာ စွဲမြဲစွာ နေထိုင်လျက် စာပေ သင်ယူ ပို့ချခဲ့သည်။ ၁၃၀၂ ခုနှစ်တွင် သမိဒ္ဓေါဒယ ပရိယတ္တိစာပြန်ပွဲ၌ ထူးချွန်စွာ အောင်မြင်သဖြင့် "ရွှေတံဆိပ်ဆု" ချီးမြှင့်ခြင်းကို ခံရသည်။

ဒေါ်ဟေမာရီသည် နှစ်ပေါင်းများစွာ သမိဒ္ဓေါဒယကျောင်း၌ စာပေများ ပို့ချခဲ့သည်။ ၁၃၃၂ ခုနှစ်တွင် ကျောင်းဆရာအဖြစ် တင်မြှောက်ခြင်းကို ခံရသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

၁၅ နှစ်တွင် ပထမငယ်၊ ၁၇ နှစ်တွင် ပထမလတ်၊ ၂၀ နှစ်တွင် ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့သည်။ ထို့ပြင် ဝံသာနုစာမေးပွဲများကိုလည်း အောင်မြင်ခဲ့သည်။

ထို့နောက် ဓမ္မာစရိယ စာချတန်း စာမေးပွဲများ ပေါ်ပေါက်လာသောအခါ ဝင်ရောက်ဖြေဆိုရန် စည်ရှင်ဆရာတော်က တိုက်တွန်းသည်။ "တပည့်တော်စာချ စာချပါပဲ။ ဝင်ဖြေဖို့ လိုမယ်မထင်ပါဘူး"ဟု လျှောက်ထားပြီး မဖြေဘဲနေသည်။ နောက်တွင် အောင်မြေဘုံစံ ဆရာတော် (အရှင် ဉာဏုတ္တရ) က "ဘွဲ့ထူးဂုဏ်ထူးရှိရင် သာသနာမှာ အလုပ်လုပ်ရတာ လွယ်တယ်" စသည်ဖြင့် ရှင်းပြ၍ တိုက်တွန်းသောအခါမှ ဖြေပါမည်ဟု ဝန်ခံလိုက်၏။

၁၃၀၉ ခုနှစ်တွင် စာချတန်းကို ဝင်ရောက်ဖြေဆိုရာ သုံးကျမ်းလုံး အောင်မြင်ခဲ့သဖြင့် သီလရှင်လောကတွင် အဦးဆုံး "ဓမ္မာစရိယဘွဲ့ထူး"ကို ဆွတ်ခူးခဲ့လေသည်။ ဓမ္မာစရိယဘွဲ့ကို ရန်ကုန်သို့ သွားရောက်ယူရသည်။ ရန်ကုန်မြို့ ပုညကုသလ အသင်းက ဘိဒိုနှင့် စာအုပ်စာတန်းများကို လှူဒါန်းပူဇော်ခဲ့သည်။

## စစ်ကိုင်းတောင်ရိုး
## ဧေယျသီဂီဂီချောင်ဆရာ ဒေါ်ပုဏ္ဏာမိ၏
## အတ္ထုပ္ပတ္တိအကျဉ်း

ဒေါ်ပုဏ္ဏာမိသည် ၁၂၈၁ ခုနှစ်တွင် ဝက်လက်မြို့နယ် ထန်းဂေါင့်ဒေါင့် ရွာ၌ ဖွားမြင်သည်။ အဘ ဦးလူမြင့်၊ အမိ ဒေါ်ခင်တို့၏ သမီးထွေးရတနာ ဖြစ်သည်။ ၁၂၉၀ ပြည့်နှစ်တွင် မိုးညှင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော သီလရှင်ဘဝသို့ ရောက်ခဲ့သည်။ မုံရွာမြို့ လယ်တီ မေမွှေသကတိုက် ဒေါ်မမကြီးအထံ၌ တစ်နှစ်မျှ စာပေ သင်ကြားပြီးနောက် ၁၂၉၂ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓေါဒယချောင် ဆရာကြီး ခြေတော်ရင်းသို့ ပညာရင်နို့ သောက်စို့ ခိုလှုံခဲ့ပေသည်။

သမိဒ္ဓေါဒယ ချောင်ဆရာကြီးနှင့် တူမဖြစ်သူ 'ဒေါ်ဟေမာရီ' (ဓမ္မာ စရိယ) တို့ အထံ၌ အခြေခံ စာပေများ အထက်တန်း ကျမ်းစာများကို လေ့လာ သင်ကြားခဲ့သည်။ ၂၂ နှစ်တိုင်တိုင် နည်းနာ နိဿယများကို ခံယူခဲ့ပြီးနောက် ၁၃၁၄ ခုနှစ်တွင် "အရှေ့ဇက္ကုစ္ဆာသယ၊ဧေယျသီဂီဂီချောင်"ဟု သီးခြားချောင် တည်လျက် တပည့် သီလရှင်ငယ်ကလေးတို့အား ပရိယတ္တိစာပေများ သင်ကြား ပို့ချလျက်ရှိသည်။

အမျိုးသမီး တပည့်ငယ်ပေါင်း ၅၀ ကျော်မျှ ရှိရာ စစ်ကိုင်းတောင်ရိုးမှ ပရိယတ္တိအရာ လွန်စွာ ထင်ရှားကြသော အမျိုးသမီး စာသင်တိုက်တို့တွင် တစ်ခု အပါအဝင်ဖြစ်သည်။ နှစ်စဉ် ငယ်လတ် ကြီးကျော်နှင့် ဓမ္မာစရိယအောင်

အမျိုးသမီး သီလရှင်များကို မွေးထုတ်ပေးလျက်ရှိသည်။ ယနေ့တိုင် သမိဒ္ဓေါဒယ ချောင်ဆရာကြီး၏ ဩဝါဒကို ခံယူ၍ အမျိုးသမီး သာသနာပြုလျက် ရှိပါသည်။

## အောင်မြင်ခဲ့သော စာမေးပွဲများ

ပါဠိ ပထမပြန် စာမေးပွဲ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်းနှင့် ဓမ္မာစရိယတန်းတို့ကို ဖြေစွမ်းအောင်မြင်ခဲ့သည်။ ဓမ္မာစရိယတန်းတွင် ကျမ်းရင်း သုံးကျမ်းနှင့်တကွ ဂုဏ်ထူးဆောင် လေးကျမ်းကိုပါ ဖြေစွမ်းနိုင်သဖြင့် 'သာသနဓဇ သီရိပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်ကို ရရှိခဲ့သည်။

THITSARPARAMI
2009

https://thitsarparami.org



**ဒေါ်ပုညဝတီ (၈၅ နှစ်)**

၁၂၅၂ ခုနှစ်တွင် ဖွားမြင်၍
၁၂၇၅ ခုနှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
ရန်ကုန်မြို့ "သာသနဟိတကာရီ သီလရှင်အသင်းကြီးစာမေးပွဲ"တွင်
ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍
အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက်၌
နေထိုင်လျက်ရှိသည်။

**(ဤဆရာကြီး အပါအဝင် နောက်စာမျက်နှာများရှိ**
**သီလရှင်ဆရာကြီး (၁၁)ပါး၏ စာရင်းသည်**
**၁၉၇၅ ခုနှစ်က ပြုစုခဲ့ခြင်း ဖြစ်သည်။)**

https://thitsarparami.org



**ဒေါ်ဝဏ္ဏမာယီ (၈၄ နှစ်)**

၁၂၅၃ ခုနှစ်တွင် ဖွားမြင်၍
၁၂၇၄ ခုနှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
ရန်ကုန်မြို့ "အမျိုးသမီး ပရိယတ္တိ အာဂုမ်စာပြန်ပွဲ" နှင့်
"သာသနဟိတကာရီ သီလရှင်အသင်းကြီး စာမေးပွဲ" တို့၏
နာယက အဖြစ် ဆောင်ရွက်၍
အလယ်တောရ သမိဒ္ဓေါဒယ မော်လမြိုင်စာသင်တိုက်၌
နေထိုင်လျက် ရှိသည်။

https://thitsarparami.org



**ဒေါ်ခေမာစာရီ (၈၃ နှစ်)**

၁၂၅၄ ခုနှစ်တွင် ဖွားမြင်၍
၁၂၇၂ ခုနှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း
အိမ်တော်ရာကျောင်းတိုက် ခေမာသီရိမ်ချောင်၏
နာယကကြီးအဖြစ်
အုပ်ချုပ်နေထိုင်လျက်ရှိသည်။



**ဒေါ်သုနန္ဒီ(ကွယ်လွန်)**

၁၂၅၅ ခုနှစ်တွင် ဖွားမြင်၍
၁၂၇၅ ခုနှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
ရန်ကုန်မြို့အလယ်တောရ မော်လမြိုင် စာသင်တိုက်၌
ပရိယတ္တိ စာပေများ သင်ကြားပို့ချရင်း
၁၃၃၃ ခုနှစ်တွင် ကွယ်လွန်သည်။



**ဒေါ်ဓမ္မစာရီ(ကွယ်လွန်)**

၁၂၅၇ ခုနှစ်တွင် ဖွားမြင်၍
၁၂၆၉ ခုနှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
ပြွန်တန်ဆာမြို့ သမိဒ္ဓေါဒယ ဓမ္မဇောတိကာရုံ
သီလရှင်စာသင်တိုက်ကြီး တည်ထောင် အုပ်ချုပ်၍ နေစဉ်
၁၃၃၆ ခုနှစ်တွင် ကွယ်လွန်သည်။



**ဒေါ်ဉာဏစာရီ(ကွယ်လွန်)**

၁၂၅၉ ခုနှစ်တွင် ဖွားမြင်၍
၁၂၇၆ ခုနှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
ရန်ကုန်မြို့ စမ်းချောင်းရပ် ကျွန်းတောလမ်းရှိ
သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်ကြီး၏
ဦးစီးနာယကအဖြစ် အုပ်ချုပ်နေစဉ်
၁၃၃၇ ခုနှစ်တွင် ကွယ်လွန်သည်။



**ဒေါ်မေဓာရီ(၇၅ နှစ်)**

၁၂၆၂ ခုနှစ်တွင် ဖွားမြင်၍
၁၂၇၈ ခုနှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
ရန်ကုန်မြို့ စမ်းချောင်းရပ် ကျွန်းတောလမ်းရှိ
သမိဒ္ဓေါဒယ သုခိတာရာမ မြန်အောင်ကျောင်းတိုက်ကြီး၏
ဦးစီးနာယကအဖြစ် အုပ်ချုပ်လျက်ရှိသည်။



**ဒေါ်ကဥ္စနာ (၇၄ နှစ်)**

၁၂၆၃ ခုနှစ်တွင် ဖွားမြင်၍
၁၂၇၈ ခုနှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး
"သာသနောဒယ အသင်းကြီး"၏ ဥက္ကဋ္ဌနှင့်
သမိဒ္ဓေါဒယကျောင်း နာယက ဆရာကြီးအဖြစ်
ဆောင်ရွက်လျက်ရှိသည်။



**ဒေါ်ပါရမီ (၇၄ နှစ်)**

၁၂၆၃ ခုနှစ်တွင် ဖွားမြင်၍
၁၂၇၁ ခုနှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
မော်လမြိုင်မြို့ ခေမာရာမ သီလရှင်စာသင်တိုက်၌
၆ နှစ်ခန့် ကြီးမှူးအုပ်ချုပ်ခဲ့ပြီး
ယခုအခါ
စစ်ကိုင်းတောင်ရိုး သမိဒ္ဓေါဒယကျောင်း
နာယကဆရာကြီးအဖြစ် ဆောင်ရွက်လျက် ရှိသည်။



**ဒေါ်ဟေမာရီ(၇၂နှစ်)**

၁၂၆၅ ခုနှစ်တွင် ဖွားမြင်၍
၁၂၇၇ ခုနှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
၁၃၃၂ ခုနှစ်တွင် ချောင်ဆရာကြီး၏ သဘောတူညီချက်အရ
စစ်ကိုင်းတောင်ရိုး "သမိဒ္ဓေါဒယချောင်ဆရာ"အဖြစ်
တင်မြှောက်ခံရသည်။




**ဒေါ်ပုဏ္ဏာမိ (၅၆ နှစ်)**

၁၂၈၁ ခုနှစ်တွင် ဖွားမြင်၍
၁၂၉၀ ပြည့်နှစ်တွင် သီလရှင်အဖြစ်သို့ ရောက်သည်။
၁၃၁၄ ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး
အရှေ့ဣဋ္ဌာသယ ဇေယျသိင်္ဂီကျောင်းကို
တည်ထောင် အုပ်ချုပ်လျက်ရှိသည်။



**ဒေါ်ကုလပတိ (၉၄) နှစ်**
ယခုအခါ စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓေါဒယချောင်
နာယက ဆရာကြီးအဖြစ် ဆောင်ရွက်လျက်ရှိသည်။
**(၂၀၁၄ ခုနှစ်)**



**ဒေါ်စရဝတီ (၈၁ နှစ်)**
ယခုအခါ စစ်ကိုင်းတောင်ရိုး၊ သမိဒ္ဓေါဒယချောင်
နာယက ဆရာကြီး (စစ်ကိုင်းမြို့ သီလရှင်ဥက္ကဋ္ဌ) အဖြစ်
ဆောင်ရွက်လျက်ရှိသည်။
**(၂၀၁၄ ခုနှစ်)**



**ဖွားဆရာ၏ ၉၃ နှစ်မြောက် မွေးနေ့မင်္ဂလာ အခမ်းအနား**

(၁၃၃၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်)



သီတဂူဆရာတော်နှင့် ဖွားဆရာကြီး ဒေါ်မာလာရီ





မွေးနေ့အမှတ်တရ ဓာတ်ပုံများ





မွေးနေ့အမှတ်တရ ဓာတ်ပုံများ





သက်တော် ၁၀၀ ရောက် မွေးနေ့အမှတ်တရ ဓာတ်ပုံများ






သက်တော် ၁၀၀ ရောက် မွေးနေ့အမှတ်တရ ဓာတ်ပုံများ

(၁၇.၁၂.၇၉)





မွေးနေ့အမှတ်တရ ဓာတ်ပုံများ





**သက်တော် ၁၀၀ ပြည့် မွေးနေ့အမှတ်တရ ဓာတ်ပုံများ**

(၁၃၄၂ ခု၊ နတ်တော်လပြည့်ကျော် ၁၄ ရက်)





မွေးနေ့အမှတ်တရ ဓာတ်ပုံများ

https://thitsarparami.org

## ဖွားဘုရားဘဝ အသွင်လို

"နှစ်ကိုးဆယ်ကျော် ဘဝခရီး"တဲ့၊ ဖတ်မငြီးစာပါ၊
ဖေါ်မမှီးဇကစာ၊ ဝတ်ဖန်ဝါဆင်မြန်း။
ဖွားဘုရား'ဖွားမာလာ'၊ ဘဝဟာ လှမ်းခဲ့ရှင်လန်း။
မြတ်ဓမ္မ ကျမ်းအစုံ၊ သင်ယူပုံအခန်း၊
ဖတ်ရသူ စိတ်မှန်းနှင့် ဘဝင်ချမ်းမြေ့ပေ။
ကာမဂုဏ် ရမက်ဇော, မမက်မော ကျင့်ခဲ့ပုံတွေ၊
ဖတ်စမ်းတော့ သဟာဆွေ၊ မကြာလေဖတ်ပြီးလို့,
ထပ်မငြီး ဖတ်ချင်ချင် ဖိုးထိုက်စာစဉ်။
ဖွားဘုရားဘဝအသွင်လို၊ တခဏပင်ကူးချင်ပေါ့လေး။
ဖတ်သူတိုင်း စိတ်တူညီမည်၊ ဘိက္ခုနီ လုပ်ချင်လိမ့်လေး။

**(ညွန့်ညွန့်-ရန်ကုန်)**



**ဖွားဘုရား၏ နောက်ဆုံးခရီး**
**(သက်တော် တစ်ရာပြည့်ပြီး တစ်လနှင့် ၆ ရက်)**
(၁၃၄၂ ခု၊ တပို့တွဲလဆန်း ၆ ရက်၊ နေ့ ၂ နာရီ ၃၀ မိနစ်အချိန်တွင်
ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်။)